မန္တလေးတိုင်း

ရမည်းသင်းမြို့နယ်၊ နဘူးကျောင်းရွာ၊ ရန်ကင်းတောရ နှင့်

လယ်ဝေးမြို့နယ်၊ ထန်းတပင်တောရကျောင်းနေ

သာသနဓဇသိရိပဝရဓမ္မာစရိယ၊ ဂဏဝါစက

ဝိနယဂရုက၊ ဓုတင်္ဂဓရ၊ ဂန္ထကာရက

အရှင်တိဿရထေရ်

ပါဠိ-မြန်မာနှစ်ဘာသာဖြင့်စီစဉ်ရေးသားအပ်သော

အရုဏုဂ္ဂကာလဝိနိစ္ဆယ

(ခေါ်)

အရုဏ်တက်ချိန်အဆုံးအဖြတ်ကျမ်း

သာသနာ ၂၅၄၃ ကောဇာ ၁၃၆၁ ခရစ် ၁၉၉၉

မန္တလေးတိုင်း

ရမည်းသင်းမြို့နယ်၊ နဘူးကျောင်းရွာ၊ ရန်ကင်းတောရ နှင့်

လယ်ဝေးမြို့နယ်၊ ထန်းတပင်တောရကျောင်းနေ

သာသနဓဇသိရိပဝရဓမ္မာစရိယ၊ ဂဏဝါစက

ဝိနယဂရုက၊ ဓုတင်္ဂဓရ၊ ဂန္ထကာရက

အရှင်တိဿရထေရ်

ပါဠိ-မြန်မာနှစ်ဘာသာဖြင့်စီစဉ်ရေးသားအပ်သော

အရုဏုဂ္ဂကာလဝိနိစ္ဆယ

(ခေါ်)

အရုဏ်တက်ချိန်အဆုံးအဖြတ်ကျမ်း

သာသနာ ၂၅၄၃ ကောဇာ ၁၃၆၁ ခရစ် ၁၉၉၉

အကြိမ်	-	တတိယအကြိမ်
အုပ်ရေ	-	၁၀၀၀
တန်ဖိုး	-	ဓမ္မဒါန

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင်
ညွှန်ကြားရေးမှူး ဦးညွန့်မောင်
(မှတ်ပုံတင်အမှတ်-၀၂၄၀၅/၀၂၅၂၇) က
ပုံနှိပ်ထုတ်ဝေသည်။



ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ်၊

နဘူ့ကျင်းရွာ၊ ရန်ကင်းတောရကျောင်းဆရာတော်

အရှင်တိဿရ

သာသနဓဇသိရီပဝရဓမ္မာစရိယ၊ ဂဏဝါစက၊ အရညဝါသီ

မာတိကာ

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၁။	ကျမ်းပြုဆရာတော်၏ နိဒါန်း	ဂ
၂။	ဆရာတော်အရှင်ဇာဂရိယ (ဓမ္မာစရိယ) ၏နိဒါန်း	င/စ
၃။	ပါဠိဘာသာဝိနိစ္ဆယကျမ်း	၁/၉၇
၄။	ပဏ္ဏာမစသည်ကိုပြခြင်း	၉၉
၅။	ဝေါဟာရစသည်တို့ကို ပြသောအပိုင်း	၁၀၃
၆။	အရုဏ်စသည်ကို ဆိုသောအပိုင်း	၁၁၉
၇။	သန်းခေါင်ကျော်လျှင် အရုဏ်တက်သည်ဟု ဆိုသော ပထမဝါဒ	၁၃၃
၈။	ခရီးသွား၍ ရောက်သောအချိန်ဖြင့် မှတ်သား တိုင်းတာသော ဒုတိယဝါဒ	၁၃၃
၉။	ယနေ့ ဖြစ်စအချိန်၌ အရုဏ်တက်သည်ဟု ဆိုသော တတိယဝါဒ	၁၃၅
၁၀။	တညဥ့်လုံး၌ ၄–ပုံ ပုံ၍ ၃–ပုံအဆုံး၌ အရုဏ် တက်၏ဟုဆိုသော စတုတ္ထဝါဒ	၁၃၆
၁၀။	အရုဏ်ရောင် (၄)မျိုး ရှိသည်ဟု ဆိုသောပဉ္စမဝါဒ	၁၄၁
၁၂။	အနီရောင်တက်ချိန်ကို အရုဏ်တက်ချိန်ဟု ဆိုသော ဆဋ္ဌဝါဒ	၁၅၀
၁၃။	စိစစ်ဝေဘန်သောအပိုင်း	၁၅၃
၁၄။	စက်နာရီအားဖြင့် သန်းခေါင် ၁၂–နာရီ ကျော်၌ အရုဏ်တက်သော ပထမဝါဒကို စိစစ်ခြင်း	၁၅၃
၁၅။	သန်းခေါင်ကျော် ညဥ့် ၄–နာရီ အချိန်၌ အရုဏ်တက်သော ဒုတိယဝါဒကို စိစစ်ခြင်း	၁၅၇

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၁၆။	ညဥ့် ၂–နာရီကျော်အချိန်၌ အရုဏ်တက်သော တတိယဝါဒကိုစိစစ်ခြင်း	၁၆၃
၁၇။	ညဥ့် ၃–နာရီအချိန်၌ အရုဏ်တက်သည်ဟု ဆိုသော စတုတ္ထဝါဒကို စိစစ်ခြင်း	၁၆၇
၁၈။	အရုဏ်ရောင် (၄) မျိုးတို့တွင် အဖြူရောင် တက်ချိန်ဟု ဆိုသော ပဉ္စမဝါဒကို စိစစ်ခြင်း	၁၇၀
၁၉။	အနီရောင် တက်ချိန်ကို အရုဏ်တက်ချိန်ဟု ဆိုသော ဆဋ္ဌဝါဒကို ထောက်ခံခြင်း	၁၇၃
၂၀။	အဆုံးအဖြတ်နှင့် သာဓကပိုင်း	၁၇၇
၂၁။	နေမထွက်သေးခင် ၂၄–မိနစ်အလို၌ အရုဏ်တက်သည်ဟု ဆုံးဖြတ်ချက်ချခြင်း	၁၈၁
၂၂။	မိုးသောက်မိုးလင်းပြီးမှ အရုဏ်တက်သည်ဟု ဆိုသော သာဓကများကိုပြခြင်း	၁၈၅
၂၃။	အမေးအဖြေကို ပြသောအပိုင်း	၂၃၀
၂၄။	အရုဏ်ဆိုတာ မိုးမလင်းသေးခင် တက်သလော, မိုးလင်းပြီးမှ တက်သလော	၂၃၅
၂၅။	မိုးလင်းချိန်သည် ဘယ်နှစ်မျိုး ရှိပါသနည်း	၂၃၆
၂၆။	အရုဏ်တက်ချိန်သည် အင်္ဂါဘယ်မျှရှိပါသနည်း	၂၃၇
၂၇။	တိုက်တွန်းခြင်း	၂၄၅
၂၈။	နိဂုမ်းစသည်ကို ပြခြင်း	၂၄၈
၂၉။	ကျမ်းပြီးစီးသော နှစ်စသည်ကိုပြခြင်း	၂၅၁
၃၀။	မှီရာကျမ်းများ	၂၅၃
၃၁။	အရုဏ်တက်ချိန် ညွှန်ပြချက်	၂၅၅

ကျမ်းပြုတောရဆရာတော်၏

နိဒါန်း

ဤအဆုံးအဖြတ်ကျမ်း ဖြစ်ပေါ်လာခြင်း၏ အကြောင်း ရင်းမှာ မချွတ်မယွင်း မှန်ကန်သော အရုဏ်တက်ချိန်ကို မသိကြ၍ အရုဏ် မတက်သေးဘဲလျက် "အရုဏ်တက်ပြီ"ဟု ထင်မှတ်ကြပြီးလျှင် ချွတ်ယွင်းသောဝိနည်းကမ်, အမှုကိစ္စ တို့ကို ပြုလုပ်မိကြကုန်သော ရဟန်း ရှင်, လူ ပြည်သူ (ဗာဟိရနိဒါန်း)တို့ကို အာရုံပြု၍ ထိုရဟန်း, ရှင်, လူ ပြည်သူ တို့အား မချွတ်မယွင်း မှန်ကန်သော အရုဏ်တက်ချိန်ကို သိကြပါစေရန် ထက်သန်သော အလိုဆန္ဒ (အဇ္ဈတ္တိကနိဒါန်း) ပြင်းထန်သော စိတ်ဓာတ်ဖြစ်ပေါ်လာခြင်းသည် ဤအဆုံးအဖြတ် ကျမ်းဖြစ်ပေါ်လာခြင်း၏ အကြောင်းရင်းဖြစ်ပေ၏။

ထို့ပြင် ထိုဆန္ဒအားလျော်စွာ မသိသေးသော သူတို့ကို သိစေရန်ရေးသားသော အဆုံးအဖြတ်ကျမ်း၌ အနက်အဓိပ္ပါယ် သိရန် ခက်ခဲသော အချို့ သန္ဓိစပ်, သမာသ်စပ်, ဒွေးဘော်, သံယုဂ်နှင့်တကွ ရေးနောက် ပြန်လှန်၍နေသော ပုဒ်ဝါကျ အနေအထားတို့ကို ရှောင်ကြဉ်နိုင်သမျှ ရှောင်ကြဉ်၍ သိလွယ်သော သန္ဓိစပ်, သမာသ်စပ်, ဒွေးဘော်, သံယုဂ်နှင့် တကွ သိလွယ်သော အက္ခရာ, ပုဒ်, ဝါကျ အနေအထား တို့ဖြင့်သာ စီစဉ်ရေးသားရန် ထက်သန်သော အလိုဆန္ဒ (အဇ္ဈတ္တိကနိဒါန်း)ဖြစ်ပေါ်လာခြင်းသည်လည်း ဤ အဆုံး အဖြတ်ကျမ်း ဖြစ်ပေါ်လာခြင်း၏ အကြောင်းရင်းတစ်မျိုးပင် ဖြစ်ပေ၏။

ထိုအကြောင်းများကြောင့် သိလွယ်သော ပုဒ်ဝါကျ တို့ဖြင့်သာ စီစဉ်ရေးသားအပ်သော ဤအရုဏ်တက်ချိန် အဆုံးအဖြတ်ကျမ်းသည် ရဟန်း,ရှင်,လူ ပြည်သူတို့၏ အကျိုးငှာ ဖြစ်ပေါ်လာရပေသည်-ဟူ၍ စာရှုသူ ပညာရှိတို့က သိကြပါစေကုန်သတည်း။ **အရှင်တိဿရ**

အရှင်ဇာဂရိယ (ဓမ္မာစရိယ၊ ဂဏဝါစက၊ အရညဝါသီ) ၏ နိဒါန်းစကား

နမော ဗုဒ္ဓဿ ဝိနယဓေသကဿ။

ဤကျမ်းကို ရေးသားရခြင်းအကြောင်း

ဤ " အရုဏုဂ္ဂကာလဝိနိစ္ဆယ" (အရုဏ်တက်အဆုံးအဖြတ်) ကျမ်းကို သာသနာတော်နှစ် ၂၅၀၉-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၂၇-ခုနှစ်၊ တပို့တွဲလဆန်း ၅-ရက်နေ့တွင် မင်းဘူးခရိုင်၊ စကုမြို့နယ်၊ မြောင်းဦးရွာ၊ ရန်ကင်းတောရ၌ ရေးသားပြီးစီးပါသည်။ ယခုအချိန်တွင် ကာလအားဖြင့် ၃၄-နှစ် သက်တမ်းရှိပြီဖြစ်သည်။ ဤကျမ်းကို ရေးသားပြီးစီးချိန်သည် တောရဆရာတော်အာရညကင် တောသို့ ဝင်ပြီးနောက် တတိယမြောက်နှစ်ဖြစ်ပြီး သက်တော် ၄၅-နှစ်၊ ဝါတော် ၂၅-ဝါရရှိပြီဖြစ်သော တောရဆရာတော်၏ နှလုံးအိမ်ဝယ် ပညာမီးရှိန် တထိန်ထိန် တောက်ပနေသည့် "ပညာဒသက အရွယ်" ပင်ဖြစ်ပါသည်။

တောရဆရာတော်သည် အရညဝါသီ တောရမှီပြီးနောက် မင်းဘူးခရိုင်၊ ရွှေစက်တော် ပါဒစေတီတော်အနီး တောင်တစ်တောင်ရှိ အုတ်ဂူတွင် ပထမ ဝါကပ်တော်မူပါသည်။

နှစ်စဉ်နှစ်တိုင်း တပို့တွဲလ တပေါင်းလများတွင် ကျင်းပသော ရွှေစက်တော် ဘုရားပွဲသို့ အနယ်နယ် အရပ်ရပ်မှ ရဟန်းရှင်လူ ပြည်သူအများ လာရောက်ကြည်ညိုပူဇော်ကြပါသည်။

လာရောက်ကြသည့် ဘုရားဖူး ဗုဒ္ဓဘာသာဝင် ဒါယကာ ဒါယိကာမများသည် အရုဏ်မတက်မီ သုံးနာရီလောက်ကပင် ပါဒစေတီတော်မြတ်အားဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ် စသည်တို့ကို ဆက်ကပ်လှူဒါန်းကြပါသည်။ ဆွမ်းတော်ကပ်လှူပြီးနောက် ရဟန်းသာမဏေတို့အားလည်း လောင်းလှူကြပါသည်။ ဘုရားပွဲတော်သို့ ကြွရောက်လာသော ရဟန်းသာမဏေတို့သည်လည်း ထိုအရုဏ်မတက်မီအချိန်၌ပင် ဒါယကာ ဒါယိကာမများ လောင်းလှူသော ဆွမ်း၊ ခဲဖွယ်၊ ယာဝကာလိကများကို ခံယူကာ ဘုဉ်းပေးသုံးဆောင်ကြလေသည်။

ဤမြင်ကွင်းကို ထိုစဉ်က တောရဆရာတော် တွေ့မြင်ကြားသိခဲ့ပေလိမ့်မည်။ သည့်မျှသာမကသေး၊ တောရဆရာတော်သည် တောမထွက်မီက မြို့တော်ရန်ကုန်တွင် သောတုဇနစာသင်သားအဖြစ်ဖြင့် (၅) ဝါ၊ ဂဏဝါစက စာချအဖြစ် (၉)ဝါ၊ စုစုပေါင်း (၁၄)ဝါ၊ သီတင်းသုံးခဲ့ဖူးပါသည်။ ထိုစဉ်က ရန်ကုန်မြို့ရှိ ဆွမ်းလောင်း အသင်းများသည် အရုဏ်မတက်မီ ဆွမ်း၊ ဆွမ်းဟင်းများကို လောင်းလှူနေကြ သကဲ့သို့ အလှူခံသည့် ရဟန်းသာမဏေများကလည်း အရုဏ်မတက်မီကပင် အလှူခံ၍ ဘုဉ်းပေးသုံးဆောင်နေကြသည်ကိုလည်း တွေ့မြင်ကြားသိခဲ့ရ ပေလိမ့်မည်။

ထိုသို့တွေ့မြင်ကြားသိရသည့်အတွက် တောရဆရာတော်၏ အဇ္ဈတ္တသန္တာန်ဝယ် ဓမ္မသံဝေဂတရား ဖြစ်ပွားတော်မူခဲ့ပါလိမ့်မည်။ ယင်း ဓမ္မသံဝေဂကို အခြေခံ၍ ထိုရဟန်းရှင်လူ ပြည်သူတို့

အား အရုဏ်တက်ချိန်ကို မှန်ကန်စွာ သိစေလိုသော ထက်သန် သည့် အလိုဆန္ဒများ တဖွားဖွား ဖြစ်ပေါ်လာခဲ့ပေလိမ့်မည်။ ထိုစဉ်ကြိုက်ဝယ် စကုမြို့နယ်၊ မြောင်းဦးကျောင်းဆရာတော် အရှင်ဝိမလကလည်း အရုဏ်တက်ချိန် အဆုံးအဖြတ် ကျမ်းစာ တစ်စောင် ရေးသားပါရန် အဘိယာစနအမှု ပြုလာသည်။

မူလက ဖြစ်ပေါ်နေခဲ့သည့် အလိုဆန္ဒနှင့် မြောင်းဦး ဆရာ တော် အရှင်ဝိမလတို့၏ တောင်းပန်မှုတို့သည် ဤ "အရုဏုဂ္ဂ ကာလဝိနိစ္ဆယ" ကျမ်းကို ရေးသားရခြင်း၏ အကြောင်းအရင်း အမြွတ္တိက နိဒါန်းဖြစ်ပေသည်။

မှန်၏၊ ဤအကြောင်းကို ကျမ်းဆရာကိုယ်တိုင် ကျမ်း၏ နိဒါန်းနှင့် ပဏာမတွင် ရေးသားဖော်ပြခဲ့ပါသည်။

ပထမအကြိမ်ရိုက်နှိပ် ထုတ်ဝေ လှူဒါန်းခြင်း

ဤကျမ်းစာအုပ်ကို ၁၃၂၇-ခုနှစ်တွင် ရေးသားပြီးစီးခဲ့ပြီး သော်လည်း ၁၃၂၉-ခုနှစ်၊ သီတင်းကျွတ်လ (၂၇-၁၀-၆၇)ရောက်မှ ပုံနှိပ်စာအုပ်အဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ ဤကျမ်းစာအုပ်ကို ရန်ကုန်မြို့၊ ကမ္ဘာအေး၊ ပြည်ထောင်စုမြန်မာနိုင်ငံ ဗုဒ္ဓသာသနအဖွဲ့ ပုံနှိပ်တိုက် (ယခု- သာသနာရေးဦးစီးဌာန) ၌ အတွင်းရေးမှူး (နောင်- သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်) ဦးလှမောင် **(M. A, M.S,B. L)**က ပုံနှိပ်ပြီး၊ တောရဆရာတော်၏ ဒုတိယ ရဟန်း ဒါယကာကြီး ဦးသာကြွယ်က ထုတ်ဝေကာ၊ ဦးသာကြွယ်၊ ဒေါ်အေး မိသားစုတို့က ဓမ္မဒါနအဖြစ် မြန်မာပြည်အရပ်ရပ်သို့ ပေးပို့လှူဒါန်းခဲ့ပါသည်။

ထိုစဉ်က (၁၆-၇-၆၈) နေ့ထုတ် ရန်ကုန်သတင်းစာ စာအုပ်ဝေဖန်ချက် အခန်း၌ 'အရုဏ်တက်ချိန်အဆုံးအဖြတ်ကျမ်း' အကြောင်းပါရှိခဲ့ပြီး ဤစာအုပ်အလိုရှိက စာတိုက်မှ တောင်းခံနိုင်ကြောင်းကိုလည်း အောက်ပါအတိုင်းရေးသားခဲ့သည်။

" ၎င်းစာအုပ်ကို သာသနာပြုအသင်းအဖွဲ့များ၊ ဝိနယဂရုကပုဂ္ဂိုလ်များက အလိုရှိပါက လိပ်စာအပြည့်အစုံနှင့် စာအုပ်အတွက် တကျပ်တန် တံဆိပ်ခေါင်းပါ ပူးတွဲ၍ ဦးသာကြွယ် (အငြိမ်းစား)၊ အိမ်နံပါတ်(၁)၊ အောင်မင်္ဂလာလမ်း၊ ညောင်တန်း၊ စက်ာပူရပ်၊ ပုဇွန်တောင်၊ ရန်ကုန်မြို့တွင်ရရှိနိုင်ပါသည်။

ကျမ်းစာရေးသားပုံနှင့် ကျမ်းဆရာ၏ရပ်တည်ချက်

နိဒါန်းတွင် ကျမ်းဆရာ ရေးသားထားသည့်အတိုင်း ရဟန်းရှင်လူ ပြည်သူအားလုံးအတွက် ရည်ရွယ်၍ ဤကျမ်းကို ရေးသားခဲ့ခြင်းဖြစ်ရာ ပါဠိပညာရှင်များအတွက် ပါဠိဘာသာဖြင့်လည်းကောင်း၊ ပါဠိဘာသာကို လက်လှမ်းမမီသူ ရဟန်းရှင်လူများအတွက် မြန်မာဘာသာဖြင့်လည်းကောင်း အပိုင်း(၂)ပိုင်း ခွဲ၍ ရေးသားခဲ့ပါ သည်။

ဤကျမ်း၏ အဓိကမှီရာမှာ 'ဝိနယာလင်္ကာရဋီကာ' ပင်ဖြစ်သည်။ ဝိနယာလင်္ကာရဋီကာ ပထမတွဲ(စာမျက်နှာ ၂၃ မှ ၃၁) ၌အရုဏ်နှင့် ပတ်သက်သော 'အရုဏကထာ' ကို ဝါဒ (၆) ရပ်ဖြင့် ရှင်းလင်းပြဆိုထားပါသည်။ ထိုဝါဒ (၆)ရပ်အနက် ဆဋ္ဌဝါဒသည်သာ ဝိနယာလင်္ကာဋီကာဆရာ နှစ်သက်သော

ဝါဒဖြစ်ပါသည်။ ပါဠိ အဋ္ဌကထာ ဋီကာ အကိုးအထောက်တို့ဖြင့် ခိုင်မာသော ဝါဒလည်း ဖြစ်ပါသည်။ ထိုဝိနယာလင်္ကာရဋီကာ ဆရာနှစ်သက်သော ပါဠိ အဋ္ဌကထာ ဋီကာ သာဓကယုတ္တိ ခိုင်မာလှသော ဆဋ္ဌဝါဒကိုပင် ဝိနယာလင်္ကာရဋီကာ၌ မပါဝင်သေးသော ပါဠိ အဋ္ဌကထာ ဋီကာ အာဂမ သာဓကယုတ္တိ(၂၈)ချက်တို့ဖြင့် ခိုင်သည်ထက်ခိုင် ခံ့သည်ထက်ခံ့အောင် အလှတွင်အယဉ်ဆင့်၍ ရွှေဖလား အနားကွပ်ကာ မြရာသံပတ် သဘောမျိုး ထောက်ခံရေးသားသည့် ဝိနိစ္ဆယသာ ဖြစ်ပါသည်။

သို့ဖြစ်ရကား ဤ'အရုဏုဂ္ဂကာလဝိနိစ္ဆယ' ကျမ်းသည် ဝိနယာလင်္ကာရဋီကာဆရာ၏ 'အရုဏကထာ' ကို ဖြည့်စွက် ပံ့ပိုး ထပ်ဆင့်ဖွင့်ဆိုသည့် 'အနုဒီပနီ' ဟု ဆိုခဲ့သော် လွန်အံ့မထင်ပါ။ မိမိကိုယ်ပိုင် အယူအဆ ဝါဒအဆုံးအဖြတ် မဟုတ်ကြောင်းကို လည်း " န ဟိ အညံ အဘိနဝံ ဝါဒံ ဝါ လဒ္ဒိ ဝါ အရုဏုဂ္ဂတကာလံ ဝါ ဝိနိစ္ဆယံ ဝါ ကရောမိ-ဟု (နှာ-၅၂)၌ ကျမ်းဆရာက ရိုးသားစွာ ဝန်ခံထားပါသည်။

ဤကျမ်းကို ပညာရှင်တို့ အလေးထား

ဤ 'အရုဏုဂ္ဂကာလဝိနိစ္ဆယ' ကျမ်းသည် မြန်မာနိုင်ငံ သာသနိက စာပေသမိုင်းတွင် ဝိနယာလင်္ကာရဋီကာ နောက်ပိုင်း တွင် အရုဏ်နှင့် ပတ်သက်၍ တစ်ကျမ်းတစ်ဖွဲ့ တစ်စုတစ်စည်း တည်း ရေးသားဖော်ပြသော တည်ငြိမ်ခန့်ညား ကျွန့်ကြီးမားလှသည့် ပါဠိဘာသာကျမ်းစာဟု ဆိုသော်သင့်တန်ရာပါ၏။

မှန်၏၊ အရုဏ်နှင့် ပတ်သက်၍ ဆုံးဖြတ်ထားသော အဆုံးအဖြတ် စာရွက်စာတမ်းများ၊ ဝိနိစ္ဆယများ ရှိကောင်းရှိမည် ဖြစ်သော်လည်း ပါဠိဘာသာကျမ်းစာတစ်စောင်အနေဖြင့်ကား ရှိခဲ့ဟန်မတူပါ။ အကယ်၍ရှိခဲ့လျှင် ထိုထိုပညာရှင်များ၏ အရုဏ်နှင့် ပတ်သက်သော အဆုံးအဖြတ်တို့၌ အကိုး အထောက်ဖြင့် ညွှန်ပြ ကိုးကားခဲ့ကြရာ၏။ အများအားဖြင့် အရုဏ်နှင့် ပတ်သက်လာလျှင် ဝိနယာလင်္ကာရဋီကာ၌လာသော 'အရုဏကထာ' ကိုသာ အားပြုခဲ့ကြပါသည်။

သို့ဖြစ်၍လည်း အရုဏ်နှင့်ပတ်သက်၍ နောက်ထပ် ပေါ်ပေါက်လာခဲ့သော ဤ 'အရုဏုဂ္ဂကာလဝိနိစ္ဆယ' ကျမ်းကို ပိဋကပညာရှင်များ အလေးထားတော်မူခဲ့ကြပါသည်။

(က) ၁၃၃၇-ခုနှစ်၊ နတ်တော်လဆုတ် ၄ ရက်၊ (၂၆) ကြိမ်မြောက် နှစ်ပတ်လည် အကြိုနေ့၌ မဟာစည် ဆရာတော် ဘုရားကြီးက ဒိုကြောင့် မင်းဘူးမှဆရာတော် တစ်ပါးရေးသားစီရင်တဲ့ 'အရုဏ်တက်ချိန်အဆုံးအဖြတ်' စာအုပ်မှာ နေမထွက်မီ ၂၄-မိနစ် မှစ၍ အရုဏ်တက် ကြောင်း ဆုံးဖြတ်ထားပါတယ် ဟု မိန့်ကြားတော်မူခဲ့ပါသည်။ (ဝိနယဝိနိစ္ဆယသင်္ဂဟ၊ နှာ-၂၁၂။)

(ခ) ၁၃၄၀-ခုနှစ်၊ ကဆုန်လ (၁၉၇၈-ခုနှစ်၊ မေလ) ထုတ်ဝေသော သံလျှင်မြို့၊ သုတေသန ဆရာတော်များ စုပေါင်း ရေးသားသည့် အရုဏတ္ထပဒ္ဒီပကာဋီကာ တွင်လည်း "ရန်ကင်းတောရ ဆရာတော်၏ အရုဏ်တက်ချိန်မှန်ကို

ယူဆရာမှာ ပစ္စုပ္ပန်သချိန် အရုဏ်တက်ချိန်ကို ယှဉ်တွဲညှိနိုင်း ဖေါ်ပြ ထားသဖြင့် သဘာဝလမ်း စဉ်ထဲဝင်ခဲ့၍ ဤ 'အရုဏ်ဏဋ္ဌပဋ္ဌိကာဋီကာ' စာစောင်ကို စိစစ် ထုတ်ဝေကြသော သံလျှင်မြို့ သုတေသန ဆရာတော်များ အယူအဆနှင့် နီးကပ်ပေ၍ နှစ်ခြိုက်ဖွယ်တရပ်ဟု ယူဆကြသည်"ဟု မှတ်ချက်ပြုထားပါသည်။ (နှာ-၁၇။)

(ဂ) ကောဇာသက္ကရာဇ် ၁၃၄၄-ခုနှစ်၊ သာသနာတော်နှစ် ၂၅၂၆-ခုနှစ် ထုတ်ဝေသည့် မန္တလေးမြို့၊ မြင်းဝန်တိုက်၊ ပတ္တမြားကျောင်း ဆရာတော် (အဂ္ဂမဟာပဏ္ဍိတ) ဘဒ္ဒန္တ ဥက္ကံသာဘိဝံသ ရေးသားသည့် 'အရုဏောဒယဝိနိစ္ဆယ' နိဒါန်း၌ " ထိုကဲ့သို့သော ဇဝေဇဝါ အရုဏ်တက်များစွာကို တိတိကျကျ အသေအချာ ဖော်ထုတ်နိုင်ရန် အတွက် မန္တလေးမြို့၊ မြင်းဝန်ကြီးကျောင်းတိုက် ပတ္တမြားဆရာတော်သည် ဝိနယာလင်္ကာရဋီကာ၊ အဘိဓာန်ဋီကာ၊ ပါထိကဝဂ္ဂ အဖွင့်ဆိုင်ရာ စသောကျမ်းဂန်များကို လက်ကိုင်ပြုလျက်လည်းကောင်း၊ ပညာရှင် အသီးသီးတို့၏ တင်ပြခဲ့ပြီးသော (ဦးတိဿရမူ၊သံလျင်မူ) ဝန္တန္တရအရပ်ရပ်ကို အဖန်ဖန် သုံးသပ်လျက် လည်းကောင်း" ဟု နိဒါန်းသွယ်ခဲ့ပါသည်။ (နှာ-၃။)

ဤမျှဖြင့်ပင် ဤ " အရုဏဂ္ဂကာလဝိနိစ္ဆယ" ကျမ်း၏ အရည်အသွေးကို ခန့်မှန်းနိုင်လောက်ပြီဟု ယူဆပါသည်။

နိဒါန်း

ဒုတိယအကြိမ် ရိုက်နှိပ်ထုတ်ဝေ လှူဒါန်းခြင်း

ပဌမအကြိမ် ပုံနှိပ်ထုတ်ဝေပြီးနောက် ၂၇-နှစ်အကြာ ၁၃၅၆ -ခုနှစ်တွင် ရန်ကုန်မြို့၊ လမ်း-၃၀၊ အမှတ်-၅၂၊ စိန်ရတနာသန်း ပုံနှိပ်တိုက်၌ ဦးအေးမောင်က ပုံနှိပ်ပြီး သာသနာတော်ထွန်းကား ပြန့်ပွားရေး ဦးစီးဌာန၊ လက်ထောက် ညွှန်ကြားရေးမှူး ဦးမင်းကြည် (ဓမ္မာစရိယ၊ ဘီ-အေ) က ဒုတိယအကြိမ် ထုတ်ဝေခဲ့ပါသည်။ နိဒါန်းကိုလည်း ဦးမင်းကြည် (ဓမ္မာစရိယ၊ ဘီ-အေ) ပင် ရေးသား ခဲ့ပါသည်။ ဒုတိယအကြိမ် ရိုက်နှိပ်ကျမ်းစာအုပ်ရေ (၁၀၀၀) ကိုလည်း ပြည်ထောင်စု မြန်မာနိုင်ငံအတွင်းရှိ ပရိယတ္တိစာသင်တိုက် ကြီးများ၊ ပရိယတ္တိသာသနတက္ကသိုလ်များ၊ ကမ္မဋ္ဌာန်းတိုက်များ၊ ဘာသာရေး၊ သာသနာရေး အသင်းအဖွဲ့များနှင့် မြို့နယ်အသီးသီးရှိ ဆရာတော်များထံသို့ တောရဆရာတော်ကြီး၏ တပည့်ဒကာ၊ ဒကာမများ စုပေါင်း၍ ဓမ္မဒါနအဖြစ် ပေးပို့ လှူဒါန်းခဲ့ကြပါသည်။

ဒုတိယအကြိမ် ပြန်လည်ပုံနှိပ်ရာတွင် တောရဆရာတော်ကြီး၏ အလိုဆန္ဒအတိုင်း အဌကထာ၊ ဋီကာတို့၌လာသော သာဓကေ ပါဠိအမှတ် (၁၀ မှ ၂၈) အထိ သာဓကေပါဠိ (၁၉)ရပ်ကို ထပ်မံ ဖြည့်စွက်ရိုက်နှိပ်ခဲ့ပါသည်။ ထိုဖြည့်စွက်ချက် သာဓကေပါဠိများကိုလည်း ရမည်းသင်းမြို့နယ်၊ နဘူးကျောင်းရွာ၊ ရန်ကင်းတောရ၌ သီတင်းသုံးစဉ် ရေးသားတော် မူခဲ့ပါသည်။

နိဒါန်း (၃)

တတိယအကြိမ် ရိုက်နှိပ်ထုတ်ဝေလှူဒါန်းခြင်း

ဒုတိယအကြိမ် ရိုက်နှိပ်သည့် " အရုဏုဂ္ဂကာလဝိနိစ္ဆယ" စာအုပ် (၁၀၀၀)ကို လှူသင့် လှူထိုက်သည့် နေရာနှင့် ပုဂ္ဂိုလ်များထံ ပေးပို့ လှူဒါန်းခြင်း၊ လာရောက်အလှူခံသူများအား လှူဒါန်းခြင်း တို့ဖြင့် လှူဒါန်းခဲ့ကြရာ ၁၃၆၀-ပြည့်နှစ်တွင် လက်ကျန်မရှိ ကုန်သွားခဲ့ပါသည်။

အမှန်စင်စစ် ပြည်ထောင်စု မြန်မာနိုင်ငံ၏ ဗုဒ္ဓဘာသာ လူဦးရေနှင့် သံဃာတော်များ၏ အရေအတွက်ကို ထောက်ဆလျှင် အုပ်ရေ (၁၀၀၀) ဆိုသည်မှာ " ဆင့်ပါးစပ် နှမ်းပက်' သကဲ့သို့ ဖြစ်နေသည်ဟုပင် ဆိုရချိမ့်မည်။

သို့ဖြစ်၍ တောရဆရာတော်၏ တပည့်တကာ တကာမ များက တတိယအကြိမ် ရိုက်နှိပ် ထုတ်ဝေလှူဒါန်းကြရန် စီစဉ် ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

ထို့ပြင် အရုဏ်တက်ချိန်ပြဇယား၏ နောက်တွင်လည်း ကျက်မှတ် ဆောင်ထားလိုသူများအတွက် အရုဏ်တက်ချိန် လင်္ကာကို ဖြည့်စွက်ထည့်ပေးတော်မူပါသည်။

နိဒါန်း

ဝိနယဂရုက၊ မူတက်ရေ ဂန္ထကာရက၊ အရှင်တိဿရ၏ ထေရုပ္ပတ္တိ

ဤကျမ်း၏ အရည်အသွေးကို အထက်တွင် ရေးသား တင်ပြခဲ့ပြီးဖြစ်ရာကျမ်းပြုသူ တောရဆရာတော်ကြီး၏ ဖြစ်တော်စဉ် ထေရုပ္ပတ္တိကိုလည်း သိရှိကြည်ညိုလိုကြပါလိမ့်မည်။ သို့ဖြစ်၍ တောရဆရာတော်ကြီး၏ ဘဝပန်းချီကားချပ်ကို အသေးစိတ် ပီပီပြင်ပြင် မဟုတ်သည့်တိုင် စုတ်ချက်ကြဲကြဲဖြင့် ခြယ်မှုန်းတင်ပြ လိုက်ပါသည်။

၁။ ဇာတိချက်ကြွေ မွေးရပ်မြေ

တောရဆရာတော်သည် မန္တလေးတိုင်း၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ်၊ နဘူးကျောင်းရွာနေ ခမည်းတော်ဦးဘ၊ မယ်တော် ဒေါ်အေးမှန်တို့မှ ၁၂၈၃-ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆-ရက်၊ (၂၂-၁၀-၂၁) စနေနေ့ ညနေ ၂-နာရီ ၃၀-မိနစ်အချိန်တွင် ဖွားမြင်တော်မူသော အတိဇာတ သားဦးရတနာဖြစ်ပါသည်။

၂။ သာမဏေရပဗ္ဗဇ္ဇမင်္ဂလာ

အသက် (၉)နှစ်အရွယ်တွင် ရမည်းသင်းမြို့နယ်၊ သရက် ကန်ကျောင်းဆရာတော် အရှင်ဥက္ကံသ (ဝိနယဂရုက)ထံ၌ ဘုန်းကြီးကျောင်းသားဘဝဖြင့် အခြေခံပညာများကို သင်ကြား၍

၁၂၉၇-ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃-ရက်၊ တနင်္ဂနွေနေ့တွင် သရက်ကန်ကျောင်းဆရာတော် အရှင်ဥက္ကံသ (ဝိနယဂရုက) ကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ ဘွဲ့တော်ကား **"ရှင်တိဿရ"** ပါတည်း။

၃။ ဥပသမ္ပဒမင်္ဂလာ

၁၃၀၂-ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂-ရက်၊ တနင်္ဂနွေနေ့၊ နံနက် ၇-နာရီ ၅၅-မိနစ်အချိန်တွင် ရမည်းသင်းမြို့နယ်၊ ကြာပင်အင်းရွာကျောင်း သက်တော်ရှည်ဆရာတော်ကြီး အရှင်စက္ကိန္ဒကိုဥပဇ္ဈာယ်ပြု၍ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကိုပင် ခံယူကာ သရက်ကန်ကျောင်း ခဏ္ဍသိမ်၌ မြင့်မြတ်သော အထက်တန်း ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူပါသည်။

ဂဏဝါစက စာချအဖြစ်သို့ ရောက်ရှိသောအခါ၌ ရန်ကုန်မြို့ ပုဇွန်တောင်၊ ညောင်တန်းစက်ဘူရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အိမ်အမှတ် (၁) နေ၊ ရန်ကုန်စာတိုက် စာရေးကြီး ဦးသာကြွယ်+ ဒေါ်အေးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ဘုရားဖြူဆရာတော် ဘဒ္ဒန္တ ပညာဝံသ (အဂ္ဂမဟာပဏ္ဍိတ)ကို ဥပဇ္ဈာယ်ပြုလျက် ဘုရားဖြူ ခဏ္ဍသိမ်၌ ဒုတိယအကြိမ် သိက္ခာထပ်တော်မူပါသည်။

၄။ ပညာဆက်လက် သင်ကြားခြင်း

တောရဆရာတော် လောင်းလျာ အရှင်တိဿရသည် သာမဏေဘဝမှ ရဟန်း (၂)ဝါရသည့်တိုင်အောင် သရက်ကန်

ကျောင်း ဆရာတော် အရှင်ဥက္ကံသ၊ ကံကြီးကျောင်းဆရာတော် အရှင်ဝိမလ (ဦးရှင်)၊ သဏ္ဍာယ်ကျောင်းကျောင်း ဆရာတော် အရှင်သီဟတို့ထံ၌ ဘိဓမ္မာပါဠိမောက်၊ ကစ္စည်းသဒ္ဒါကြီး၊ အဘိဓမ္မတ္ထသင်္ဂဟကျမ်းများကို နေ့ဝါအဖြစ်ဖြင့် လည်းကောင်း၊ မာတိကာအရကောက်ကျမ်းကို ညဝါအဖြစ်ဖြင့် လည်းကောင်း (၂)ခေါက်စီ ပြီးဆုံးအောင် သင်ယူဆည်းပူးခဲ့ပါသည်။

၁၃၀၅-ခုနှစ်၊ ဝါဆိုဦးမှ စ၍ ကံကြီးကျောင်းဆရာတော် အရှင်ဝိမလ (ဦးရှင်) လိုက်လံအပ်နှံပေးသည့်အတွက် ရမည်းသင်း မြို့နယ်၊ ဇီးကုန်းရွာ၊ ဂန္ထဓုရတိုက်ကျောင်းသစ် ရိပ်သာဆရာတော် အရှင်ဥက္ကံသ (ဝိနယဂရုက)၏ ခြေတော်ရင်းသို့ ရောက်ရှိပြီး ပါဠိ၊ အဋ္ဌကထာကျမ်းစာများကို ရဟန်း (၃)ဝါမှ (၇)ဝါရသည်အထိ (၅)နှစ်တိုင်တိုင် သင်ယူခဲ့ပါသည်။

ရဟန်း (၈)ဝါမြောက်တွင် ရန်ကုန်မြို့၊ အင်းစိန်၊ မင်္ဂလာ ကျောင်း၌ ဝါကပ်ခဲ့ပြီး တပ်ကုန်းမြို့နယ် (ယခင်-ရမည်းသင်း မြို့နယ်) ကြီးကြာအင်းရွာ ဇာတိဖြစ်သော ဘီ-စီ စာရေးကြီး ဦးသာကြွယ်က လျှောက်ထားအပ်နှံပေးသဖြင့် ၁၃၁၁-ခုနှစ်၊ ပြာသို လဆန်း ၁၀ ရက်နေ့တွင် ရန်ကုန်မြို့ ပုဇွန်တောင် ဘုရားဖြူ ကျောင်းတိုက်သို့ ရောက်ရှိခဲ့ပါသည်။

၅။ စာမေးပွဲများ ဖြေဆိုအောင်မြင်ခြင်း

(က) ရဟန်း (၉)ဝါမှစ၍ ရန်ကုန်မြို့၊ ဘုရားဖြူကျောင်း တိုက် ပဓာနနာယက ဆရာတော် (အဂ္ဂမဟာပဏ္ဍိတ) ဘဒ္ဒန္တ

ပညာဝံသ မထေရ်မြတ်ကြီးထံ၌ ပါဠိ အဋ္ဌကထာ ဋီကာ ကျမ်းစာများကို သင်ယူနေစဉ် သီတင်းသုံးဖေါ်တို့၏ တိုက်တွန်းချက်အရ အစိုးရ ပါဠိပထမပြန်စာမေးပွဲကို ဝင်ရောက်ဖြေဆိုရာ ၁၃၁၁-ခုနှစ်၌ ပထမငယ်တန်း၊ ၁၃၁၂- ခုနှစ်၌ ပထမလတ်တန်း၊ ၁၃၁၄-ခုနှစ်၌ ပထမကြီးတန်းတို့ကို အောင်မြင်တော်မူပါသည်။

(ခ) ၁၃၁၅-ခုနှစ်၊ နယုန်လတွင်ကျင်းပသော အစိုးရဓမ္မာစရိယစာမေးပွဲ၌ ပါရာဇိကဏ်၊ သီလက္ခန်ကျမ်းရင်း(၂)ကျမ်းနှင့် ဂုဏ်ထူးဆောင်(၆)ကျမ်းကို အောင်မြင်ပြီး တပေါင်းလတွင် ကျင်းပသော အစိုးရဓမ္မာစရိယ စာမေးပွဲ၌ မဟာဝဂ်ဏ် ပါဠိ အဋ္ဌကထာကျမ်းရင်း (၁)ကျမ်းကို ထပ်မံအောင်မြင်တော်မူသောကြောင့် "သာသနဓဇသိရိပဝရ ဓမ္မာစရိယ"ဘွဲ့ကို ရရှိတော်မူပါသည်။

(ဂ) ရန်ကုန်မြို့လုံးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်းစာမေးပွဲကို ဝင်ရောက်ဖြေဆိုရာတွင်လည်း ဝိနယကောသလ္လတန်း (၁၃၁၁-ခု)၊ ဝိနယဆေကတန်း (၁၃၁၂-ခု) တို့ကို အောင်မြင်ပြီး ၁၃၁၃-ခုနှစ်တွင် ဝိနယဝိသာရဒတန်း၌ အမှတ်အများဆုံးဖြင့် ပထမရရှိ အောင်မြင်တော်မူသောကြောင့် **"ဝိနယာနုဂ္ဂဟ ပထမကျော်"** ဘွဲ့ကို ရရှိတော်မူခဲ့ပါသည်။

၆။ နည်းယူခြင်း

၁၃၁၄-ခုနှစ်တွင် မန္တလေးမြို့ အနောက်ပြင် ဝိသုဒ္ဓါရုံ တိုက်သစ် သံတော်ဆင့်ကျောင်း၌ ဝါကပ်သီတင်းသုံးနေထိုင်လျက် တောင်ပြင် ဘုရားကြီးတိုက် ဘဒ္ဒန္တနာရဒ (အဂ္ဂမဟာပဏ္ဍိတ)၊ ဘဒ္ဒန္တ အရိယ စသော စာချအကျော် ဆရာတော်တို့ထံ၌ စာချတန်း

စာဝါများကို လိုက်နာသင်ယူပြီး နယန္တရအလိုငှါ မန္တလေးစာချနည်းကိုလည်း လေ့လာတော်မူခဲ့ပါသည်။

၇။ ဂဏဝါစက စာချတာဝန်

၁၃၁၆-ခုနှစ်၊ သီတင်းကျွတ်လတွင် ဘုရားဖြူကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ပညာဝံသ (အဂ္ဂမဟာပဏ္ဍိတ) က အရှင်တိဿရ (သာသနဓဇ သိရိပဝရ ဓမ္မာစရိယ) အား ဘုရားဖြူကျောင်းတိုက်၏ ဂဏဝါစက စာချအဖြစ် ခန့်အပ် ချီးမြှောက်တော်မူရာ တစ်နေ့လျှင် စာဝါ (၅)ကြိမ် ပို့ချတော်မူပါသည်။

စာဝါအားလပ်သည့် အချိန်တွင် သင်ရိုး ပိဋကတ်မှတစ်ပါးသော နိကာယ်ကျမ်းအိပ်ကြီးများကို ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ တွဲဖက်၍ နေ့စဉ် ကြည့်ရှုလေ့လာခဲ့ရာ (၃)နှစ်ကြာသောအခါ ပြီးဆုံးခြင်းသို့ ရောက်ခဲ့ပါသည်။

၈။ တောသို့မပြတ် စိတ်ကညွတ်လျှက်

ဂဏဝါစက စာချ အရှင်တိဿရ (သာသနဓဇ သိရိပဝရ ဓမ္မာစရိယ) သည် နေ့စဉ် စာဝါ (၅)ကြိမ် ပို့ချလျက် ပရိယတ္တိတာဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်နေရသော်လည်း ကြည့်ရှုထားသည့် ကျမ်းဂန်များထဲမှ “ တော ” နှင့် ပတ်သက်သည့် အဆိုအမိန့်များကို အဖန်ဖန် သတိရလျက် ရှိနေပါသည်။

မြတ်စွာဘုရားသည် တောကို ချီးမွမ်းတော်မူသည်။ အဋ္ဌကထာဆရာ အရှင်မဟာဗုဒ္ဓဃောသ ကလည်း-

နိဒါန်း (ဓ)

(က) ရွာကျောင်း မြို့ကျောင်းမှာနေမှ တရားသိမည့် ပုဂ္ဂိုလ်ဖြစ်လျှင် ရွာကျောင်း မြို့ကျောင်းမှာ နေရမည်။
(ခ) တောကျောင်းမှာနေမှ တရားသိမည့် ပုဂ္ဂိုလ်ဖြစ်လျှင် တောရကျောင်းမှာ နေရမည်။
(ဂ) မည်သည့် နေရာ၌ နေသည်ဖြစ်စေ၊ တရားသိမည့် ပုဂ္ဂိုလ်ဖြစ်လျှင် တောရကျောင်းမှာ နေရမည်။
(ဃ) မည်သည့် နေရာ၌ နေရသည်ဖြစ်စေ၊ တရား သိမည့် ပုဂ္ဂိုလ်မဟုတ်ခဲ့လျှင် တောရကျောင်းမှာ နေရမည်-

ဟု လမ်းညွှန်မိန့်ဆိုထားရာ အချက် (၄)ချက်တွင် (၃)ချက် မှာ တောရကျောင်း၌ နေရေးကို တိုက်တွန်း ထားသဖြင့် သာမဏေ ဘဝက စိတ်ကူးခဲ့သော "ဂါမဝါသီ၊ ဝိနယဂရုက ဖြစ်လိုသော စိတ်သဘောထားမှ အရညဝါသီ၊ ဝိနယဂရုက ဖြစ်လိုသော စိတ် သဘောထားသို့ တဆင့်မြင့်မား ပြောင်းလဲ သွားခဲ့လေပြီ။

အမှန်စင်စစ် ဂဏဝါစက အရှင်တိသာရသည် -

" စာပို့စာချ၊ မြန်နိစ္စဖြင့်၊ လုံ့လဇွဲခတ်၊ ကြိုးစားလတ်လည်း၊ စိတ်ဓာတ်ကလျှင်၊ သမ္ဗေဇ်ဖြင့်၊ နေ့စဉ်မပြတ်၊ တောသို့ ညွှတ်ခဲ့"။

၉။ အာရညကင် တောသို့ဝင်ပြီ

ဤသို့လျှင် ၁၃၁၆-ခုနှစ်မှ ၁၃၂၄-ခုနှစ်အထိ (၉)နှစ် တိုင်တိုင် ဂဏဝါစက စာချတာဝန်ဖြင့် သောတုဇနတို့အား စာပေ ပို့ချပြီး ဘဝများစွာ သံသရာက မကွာဆည်းပူး နိက္ခမပါရ မိထူး သည် နှိုးဆော် တိုက်တွန်းရကား သာသနာတော်နှစ် ၂၅၀၇-

ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၂၅-ခုနှစ်၊ နယုန်လဆန်း ၅-ရက် နေ့တွင် အာရညကင် တောသို့ဝင်ရန်အတွက် ဘုရားဖြူကျောင်း တိုက်မှ သင်္ဘောဆိပ်သို့ သပိတ်တစ်လုံး သက်န်းသုံးထည်ဖြင့် ကြွတော်မူသည်။ အရှင်တိဿရကို ကြည်ညိုရင်း စွဲရှိကြကုန်သော သံဃာတော် အပါး (၃၀)တို့က သေခိယသိက္ခာပုဒ်နှင့်အညီ သင်္ကန်းရုံလျက် သင်္ဘောဆိပ်သို့ လိုက်ပို့ နှုတ်ဆက်တော်မူကြပါ သည်။ သင်္ဘောပေါ်တွင် လိုအပ်သည့် ကိစ္စများ ပြည့်စုံစေရန် အတွက် ရဟန်းဒါယကာကြီး ဦးသာကြွယ်က ဝိနည်းတော်နှင့်အညီ စီစဉ်ဆောင်ရွက်ပေးလိုက်ပါသည်။

တောရဆရာတော်လောင်းလျာ စီးနင်းလိုက်ပါလာသော အဆန်သင်္ဘောသည် နယုန်လဆန်း ၉-ရက်နေ့၊ ည ၁၁-နာရီ ခန့်တွင် မင်းဘူးဆိပ်ကမ်းသို့ ဆိုက်ရောက်ပါသည်။ မင်းဘူးတွင် (၃)ရက်ခန့် နေပြီး နယုန်လဆန်း (၁၂)ရက်နေ့တွင် ငဖဲသို့ ရောက်ရှိ ကာ ဆေးရုံအနီး ကုန်းကျောင်းတွင် (၃)ရက်ခန့်တည်းခိုရင်း ရွှေစက်တော်သို့ လိုက်ပို့မည့်လမ်းပြကို စောင့်နေရပါသည်။

၁၃၂၅-ခုနှစ်၊ နယုန်လပြည့် မဟာသမယနေ့၊ နံနက်တွင် ငဖဲကုန်းကျောင်း ဆရာတော်၏ စီစဉ်ပေးချက်အရ လမ်းပြ တစ်ယောက် လိုက်ပို့သဖြင့် နံနက် ၉-နာရီ ခန့်အချိန်တွင် ရွှေစက် တော်ဘုရားအနီးရှိ အုတ်ဂူတစ်ခုသို့ ရောက်ရှိရာ ထိုဂူ၌ပင် ဝါကပ်တော်မူပါသည်။ ဓုတင် (၁၃)ပါးကိုလည်း ရနိုင်ရာရာကို ဆောက်တည်တော်မူပါသည်။ အရှင်တိဿရ မျှော်မှန်းတောင့်တ ခဲ့သော " ဝိနယဂရုက၊ အရညဝါသီ" ဖြစ်လိုသည့် ဆန္ဒကား သော်တာပရွှန်း လပြည့်ဝန်းကဲ့သို့ ယခုအခါ ပြည့်ဝခဲ့လေပြီ။

အော် - "တောတောင်စိမ်းလန်း၊ ချောင်းရေမန်းဖြင့် ၊
အေးချမ်းဘိတောင်း၊ အုတ်ဂူကျောင်းဝယ်၊
ကိန်းအောင်းမွေ့လျော်၊ တစ်ကိုယ်တော်လျှင်၊
အပဟောသုခံ၊ ပီတိလျှံ၍၊ တန်တန်ဥဒါန်း
ကျူးလိမ့်လေမလား? "

၁၀။ သီတင်းသုံးခဲ့သည့် တောရကျောင်းများ

ဝိနယဂရုက၊ အရညဝါသီ ဖြစ်တော်မူသော တောရဆရာတော်သည် အရညဝါသီ တောရမှီသည့် နေ့မှစ၍ သက်တော် (၇၈)နှစ်သို့ ရောက်ရှိလာသော ယနေ့တိုင်အောင် တောရကျောင်းများတွင်သာ သီတင်းသုံးလျက် ဝိဝေကဖြင့် မွေ့လျော်တော်မူခဲ့ပါသည်။ တောရဆရာတော်သီတင်းသုံးခဲ့သည့် တောရကျောင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၁။ မင်းဘူးခရိုင်၊ ရွှေစက်တော်တောရ ၁-ဝါ
၂။ မင်းဘူးခရိုင်၊ စကုမြို့နယ်၊ မြောင်းဦးကျေးရွာ၊ ရန်ကင်းတောရ ၈-ဝါ
၃။ သရက်ခရိုင်၊ မင်းတုန်းမြို့နယ်၊ တောင်လတ်တောရ ၁-ဝါ
၄။ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ်၊ နဘူးကွင်းကျေးရွာ၊ ရန်ကင်းတောရ ၁၇-ဝါ
၅။ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ်၊ ညောင်ကုန်းရွာ သုသာန် ၁-ဝါ

၆။ ရမည်းသင်းခရိုင်၊ လယ်ဝေးမြို့နယ်၊
ထန်းပိုင်တောရ ၈-ဝါ
၇။ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ်၊
ရွှေအားရွှေမင်းဝံတောရ ၁-ဝါ

စုစုပေါင်း ၃၇-ဝါ

၁၃၄၃-ခုနှစ်မှစ၍ ရမည်းသင်းမြို့နယ်၊ နဘူးကျေးရွာ၊ ရန်ကင်းတောရနှင့်-လယ်ဝေးမြို့နယ်၊-ထန်းတပင်တောရတို့၌သာ အလျဉ်းသင့်သလို ဝါကပ်၍ သီတင်းသုံးတော်မူလေ့ရှိရာ ယခု ၁၃၆၁-ခုနှစ်တွင် ထန်းတပင်တောရ၌ ဝါကပ်၍ သီတင်းသုံးလျက်ရှိပါသည်။

၁၁။ နိဿယည်းခံ ရဟန်းတော်များနှင့် တောရကျောင်းများ

တောရဆရာတော်ကြီး၏ နိဿယည်းနှင့် ဩဝါဒကို ခံယူကာ စေတာရီကျင့်သုံးနေထိုင်ကြသဖြင့် ယခုအခါ တောရကျောင်းများ တိုးပွားလျက်ရှိပါသည်။ တောရသာသနာအတွက် အားတက်ဖွယ်ဟု ဆိုရပါမည်။ တောရဆရာတော်ကြီး၏ ဩဝါဒခံ တောရကျောင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၁။ ရန်ကင်းတောရ	နဘူးကျောင်းရွာ၊ ရမည်းသင်းမြို့နယ်၊
၂။ အင်ကြင်းမြိုင်တောရ	နဘူးကျောင်းအုပ်စု၊ ရမည်းသင်းမြို့နယ်၊

၃။ တမာတောင်တောရ	နဘူးကျောင်းအုပ်စု၊ ရမည်းသင်း မြို့နယ်၊
၄။ သစ္စာဂုဏ်တောရ	အလယ်ကုန်းအုပ်စု၊ ရမည်းသင်း မြို့နယ်၊
၅။ ချောင်းဆုံတောရ	သရက်ပင်ရွာ၊ တပ်ကုန်း မြို့နယ်၊
၆။ လုံး မပုတောရ	သစ်ဆိမ့်ပင်ရွာ၊ တပ်ကုန်း မြို့နယ်
၇။ ကျားတက်တောင်တောရ	ချင်းစုရွာ၊ တပ်ကုန်းမြို့နယ်၊
၈။ ရေငံတောင်တောရ	ဆည်တိုရွာ၊ တပ်ကုန်းမြို့နယ်၊
၉။ ကြို့ပင်တောရ	သရက်ကွင်းရွာ၊ တပ်ကုန်း မြို့နယ်၊
၁၀။ ရေနီစမ်းတောရ	ငွေ့ကြီးရွာ၊ တပ်ကုန်းမြို့နယ်။
၁၁။ ထန်းတပင်တောရ	ထန်းတပင်ရွာ၊ လယ်ဝေး မြို့နယ်။
၁၂။ ဆုတောင်းပြည့်တောရ	ထန်းတပင်ရွာ၊ လယ်ဝေး မြို့နယ်။
၁၃။ မဟာမြိုင်တောရ	လယ်ဝေးမြို့နယ်။
၁၄။ ရွှေစေတီတောရ	လယ်ဝေးမြို့နယ်။
၁၅။ ညီအမကောင်းမှုတောရ	ကျွန်းတက်ပုံချိုင်းရွာ၊လယ်ဝေး မြို့နယ်။

၁၆။ မှန်တောင်တောရ — သာဂရမြို့၊ ရေတာရှည်မြို့နယ်၊
၁၇။ နတ်ကန်ချောင်းတောရ — ပလဝါကျေးရွာအုပ်စု၊ ဝမ်းတွင်းမြို့နယ်။
၁၈။ ရန်ကင်းတောရ — မြောင်းဦးရွာ၊ စကုမြို့နယ်။
၁၉။ လဲဘူးတောရ — လဲဘူးရွာ၊ နတ်မောက်မြို့နယ်။

ထိုတောရကျောင်းများတွင် မုတင်ဆောင် တောရ သံဃာ အပါး(၅၀) သီတင်းသုံးလျက်ရှိပါသည်။

၁၂။ ကြည်ညိုဖွယ်ရာ ဂုဏ်များစွာ

တောရဆရာတော်ကြီးသည် ကြည်ညိုဖွယ်ရာ ဂုဏ်များ စွာနှင့် ပြည့်စုံတော်မူပါသည်။ ထိုဂုဏ်များကို ရေးသားရန် နိဒါန်းပါ စာမျက်နှာလောက်ဖြင့် လုံလောက်မည်မဟုတ်ပါ။ သို့ဖြစ်၍ အကျဉ်းချုပ်အားဖြင့် တောရဆရာတော်ကြီး၏ သီလ၊ သမာဓိ၊ ပညာဂုဏ်ကျေးဇူးများသည် “ဝိနယဂရုကဂုဏ်၊ မုတင်္ဂရေဂုဏ်၊ ဂန္ထကာရကဂုဏ်” တို့၌ အကျုံးဝင်လျက်ရှိကြောင်း အာရုံပြုကြည်ညို နိုင်ရန် ညွှန်းဆိုအပ်ပါသည်။

၁၃။ သာသနာရေးဆောင်ရွက်ချက်

တောရဆရာတော်ကြီးသည် “ ဝိနည်းတော်နှင့်အညီ အောင်မြင်သော သမ္မုတ္တိသိမ်ဖြစ်မှသာ ထိုသိမ်တွင် ရဟန်းဖြစ် ကြသည့် ရဟန်းများသည်လည်း ရဟန်းစစ်များ ဖြစ်ကြလိမ့်” ဟု ကြောင့်ကြမကင်း နှလုံးသွင်း ရှိသည့်အလျောက် သိမာသမ္မုတိ

(သိမ်သမုတ်ခြင်း) ကိစ္စကိုသာ အလေးထား၍ အားပေးချီးမြှောက်တော်မူပါသည်။ အခြားနဝကမ္မများကို လက်ခံတော်မူလေ့မရှိပါ။

ပင့်လျှောက်ချက်များကိုလက်ခံ၍ ဦးစီးပဓာန၊ နာယကပြုလုပ်ကာ သိမ်များကိုသမုတ်တော်မူခဲ့ရာ ၁၃၆၁-ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၂-ရက်(၉-၇-၉၉)သောကြာနေ့ ညအချိန်တွင် သမုတ်ပြီးစီးခဲ့သော တပ်ကုန်းမြို့၊ ဘုရင့်နောင်ရပ်ကွက်၊ ဗုဒ္ဓသာသနာပြု ဓမ္မရိပ်သာ သိမ်တော်ကြီးမှာ အရေအတွက် တစ်ရာပြည့်မြောက် “ ရာပြည့်သိမ်” ဖြစ်ပါသည်။

၁၃၆၁-ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၄-ရက်နေ့အထိ သမုတ်ပြီးစီးခဲ့သည့် သိမ်အရေအတွက်မှာ (၁၀၄) လုံး ရှိခဲ့ပြီး ဖြစ်ပါသည်။ တောရဆရာတော်ကြီးကိုယ်တိုင် ရေးသားမှတ်တမ်းတင်ထားသော သိမ်မှတ်တမ်းများကိုလည်း စာအုပ်အဖြစ် ရိုက်နှိပ်ထုတ်ဝေရန် စီစဉ်လျက် ရှိရာ မကြာမီ ပေါ်ထွက်လာလိမ့်မည် ဖြစ်ပါသည်။

၁၄။ နိဂုံး

ဤမျှလောက်ဆိုလျှင် တောရဆရာတော်ကြီး၏ ဘဝပန်းချီကားချပ်ကို ခပ်ရေးရေး မြင်တန်လောက်ပြီဟု ယူဆပါသည်။ သို့ပါ၍ အောက်ပါ ပဋ္ဌာနဂါထာဖြင့် နိဂုံးချုပ်လိုပါသည်။

တတ္ထေတံ ဝုစ္စတိ-

ပိယသီလာနမတ္ထာယ၊ လိခိတော တေန နိဿယော၊
တာဝ သော စိရံ တိဋ္ဌတု၊ ယာဝ ဇနာ သုပေသလာ။ ။

နိဒါန်း

ပိယသီလာနံ၊ ပါပဝဇ္ဇ ဘီရုကဟု၊ သီလချစ်ခင်၊ သူတော်စင်တို့၏။ အတ္တာယ၊ မျက်မှောက်တမလွန်၊ နှစ်တန်တိုးပွား၊ အကျိုးများစေခြင်းငှါ။ တေန၊ မြို့ရမည်းသင်း၊ နဘူးကျောင်းရွာ၊ ရန်ကင်းတောရ အရည်နှင့်၊ ဌာနတစ်ခွင်၊ ထန်းတပင်၌၊ ကြည်လင်ရွှင်ပြုံး၊ သီတင်းသုံးသည့်၊ မြတ်ဘုန်းမဟော၊ ထိုမထေရ်သည်၊ ဝါ။ ဂုဏ်ဝိနယ၊ ဂရုကနှင့်၊ မုတအင်္ဂ၊ မာရဏ်တည့်၊ ဂန္ထကာရ ဂုဏ်ပေါင်းခသည့်၊ တောရစံပျော်၊ ထိုဆရာတော်ကြီးသည်။ နိဿ-ယော၊ အရုဏုဂ္ဂ၊ ကာလသတ်မှတ်၊ ဆုံးအဖြတ်ကို။ ဝါ။ အရုဏ်နှင့်စပ်၊ များသိမှတ်ဖို့၊ ဆုံးဖြတ်ဖော်ညွှန်း၊ ရှုဖွယ်ကျမ်းကို။ လိခိတော၊ တစ်ထောင့်သုံးရာ၊ နှစ်ဆယ်သာ၌၊ သချ်ာခုနစ် (၇)၊ ရောက်သည့်နှစ်ဝယ်၊ စိစစ်မယုတ်။ အတ္တုက္ကံသန၊ ပရဝမ္ဘနာ၊ ရှင်းရှင်းကွာလျက်၊ သဒ္ဓါစသား၊ ဗလငါးဖြင့်၊ ကြိုးစားမသွေ၊ ရေးသားအပ်ပေပြီ။

သော နိဿယော၊ ထိုအရုဏုဂ္ဂ၊ ကာလသတ်မှတ်၊ ဆုံးအဖြတ်သည်။ ဝါ။ အရုဏ်နှင့်စပ်၊ များသိမှတ်ဖို့၊ ဆုံးဖြတ်ဖော်ညွှန်း၊ ထိုရှုဖွယ်ကျမ်းသည်။ ယာဝ ယတ္တကံ ကာလံ၊ ရာသီ, လ, နှစ်၊ ဖန်ဖန်သစ်၍၊ လွန်ရစ်ကုန်ဆုံး၊ အကြင်မျှလောက်ကာလပတ်လုံး။ သုပေသလာ၊ သန့်ရှင်းဖြူစွ၊ မြတ်သီလကို၊ သက်မျှတူညီ၊ စာမရှိသို့၊ ရွှင်ကြည်သဒ္ဓါ၊ ပြဓာန်းကာဖြင့်၊ လွန်စွာမြတ်နိုးကြကုန်သော။ ဇနာ၊ ရဟန်းရှင်လူ၊ များပြည်သူဟု၊ မည်သူမဆို၊ လူထိုထိုတို့သည်။ သန္တိ မိဿာမေ့၊ ဝိသမနှင့်၊ ရာဂဝိတက်၊ မငြိယှက်ပဲ၊ မပျက်မှန်စွာ၊ ရှိကြပါကုန်၏။

နိဒါန်း (ဈ)

တာဝ တတ္တက် ကာလ၊ သုပေသလ၊ သီလချစ်ခင်၊ သူတော်စင်တို့၊ ပြည်ခွင်တဝန်း၊ ကြည်ရွှင်လန်းလျက်၊ ကြိုးပမ်းမွေ့၊ ထိုမျှလောက်သော ကာလပတ်လုံး။ စိရံ၊ နှစ်ပေါင်းရာထောင်၊ မကဆောင်လျက်၊ များပြောင်ချိန်ခါ၊ ရှည်မြင့်ကြာအောင်၊ တိဋ္ဌတု၊ နှောင့်ယှက်ပိတ်ပင်၊ ရန်မထင်သား၊ ပြည်ခွင့်အနှံ့၊ သိညာဏ်ဖြန့်လျက်၊ ပျံ့ကာနှံ့ကာ၊ တည်တံ့ပါစေသတည်း။

အရှင်ဇာဂရိယ
(မဟာစရိယ၊ ဂဏဝါစက၊ အရညဝါသီ)
ရန်ကင်းတောရ
နဘူးကျောင်းရွာ၊ ရမည်းသင်းမြို့နယ်။

ရက်စွဲ။ ၁၃၆၁-ခုနှစ်၊ ဝါခေါင်လဆန်း ၁၀-ရက်။
(၂၁-၈-၉၉) စနေနေ့

အရုဏုဂ္ဂကာလဝိနိစ္ဆယ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ပဏာမာဒိဒီပန

၁။ အရုဏုဂ္ဂပုရာသန္နေ၊ ယော ဗုဒ္ဓတ္တဉ္စ သမ္ပတ္တော။
ပရိနိဗ္ဗာနဓာတုံ စ၊ တံ’ဟံ ဝန္ဒာမိ သတ္ထုကံ။

၂။ သတ္တာနံ နိမ္မလတ္တာယ၊ သွာက္ခာတံ ယေန ဓမ္မဉ္စ။
သံဃဉ္စ သုပ္ပဋိပန္နံ၊ အဟံ ဝန္ဒာမိ သတ္ထုကံ။

၃။ ဣဒါနိ ဗဟဝေါ ဘိက္ခူ၊ အရုဏံ နာမ ဝဏ္ဏဉ္စ။
အရုဏုဂ္ဂတကာလဉ္စ၊ ယထာဘူတံ န ဇာနန္တိ။

၄။ တသ္မာ သေတာဒိဝဏ္ဏံပိ-ရုဏဝဏ္ဏန္တိ မညန္တိ။
ဝိနယာဒီသု ဝဏ္ဏေသု၊ အနာဂတံ အယုတ္တဉ္စ။

၅။ အရုဏုဂ္ဂတကာလမ္ပိ၊ ဓာဝေန္တိ အတ္တဆန္ဒေန။
ကသ္မာ’တေသ္မာဂတံ ကာလံ၊ သမ္မာ တေသံ
အညာဏတ္တာ။

၆။ တေသံ ဝိညာပနတ္ထာယ၊ အရုဏုဂ္ဂတကာလိကံ။
ဝိနိစ္ဆယံ ကရောဟီတိ၊ ပိယသီလေန သာဓုနာ။

၇။ မဟာထေရေန ဘဒ္ဒန္တ-ဝိမလေနာဘိယာစိတော။
အဟံ ဝိနယအာဒီသု၊ အာဂတဉာဏယုတ္တိကံ။

၈။ အရုဏုဂ္ဂတကာလံဝ၊ ဉာဏေန ဥပနိဿာယ။
လဒ္ဓိမေသလာဘိက္ခူနံ၊ ထမ္ဘုလကောဟိ ဗွေဟိ။

၄။ မုတ္တဿဿ ဝိသုဒ္ဓတ္ထံ၊ ဘဒ္ဒံ ပကရဏံ ဣမံ။
ကရိဿံ အရုဏုဂ္ဂကာ-လဝိနိစ္ဆယနာမကံ။

၁-ဝေါဟာရာဒိဒီပနကထာ

ဣမသ္မိံ ပန ဝိနိစ္ဆယဂန္ထေ သင်္ခိပင်္ခိသံယုတ္တေသု ဌာနေသု ဝေါဟာရာဒီနံ သုခညာနတ္ထာယ အာဝိဘာဝတ္ထာယ စ ပုရေ-တရံ ဝေါဟာရဝိညာပနံ ဃဋီနံ ပမာဏပရိစ္ဆေဒေါ ဂဏန-ပရိစ္ဆေဒေါ စ ဒီပေတဗ္ဗော။အထောပိ အရုဏပင်္ခိသံယုတ္တာနိ ဝိရုဒ္ဓကမ္မာနိ စ ဒီပေတဗ္ဗာနိ။

တတြိဒံ ဝေါဟာရဝိညာပနံ—

ဧတရဟိ သဗ္ဗေသံ မြမ္မရဋ္ဌိကာနံ နာရီ’တိ မြမ္မဝေါဟာ-ရော ဣမဂန္ထေ ‘ဃဋီ’တိ အဘိနဝပါဠိံ ကတွာ ဝုတ္တော၊ကဒါစိ အပ္ပကေ ဌာနေ ‘ဃဋိကာ’တိပိ။ တထာ “မိနစ်”တိ မြမ္မဝေါ-ဟာရော မိနံ-တိ။ ‘စက္ကန့်’တိ မြမ္မဝေါဟာရော ‘စက္ကန္တော’တိ ဝုတ္တော။ အယံ ပန ဝစနတ္ထော-ဃဋတိ ဃဋနံ ကရောတီတိ ဃဋီ၊ ဃဋတိ သဒ္ဒံ ကရောတီတိ ဝါ ဃဋီ၊ဃဋီယေဝ ဃဋိကာ။ မိနာတိ ပမာဏံ ကရောတိ ဧတေနာတိ မိနံ။စက္ကေသု အန္တော စက္ကာနံ ဝါ အန္တော စက္ကန္တောတိ ဝစနတ္ထော ဝေဒိတဗ္ဗော။ ဧတရဟိ ပန ‘စက်နာရီ’တိ မြမ္မဝေါဟာရော ‘စက္ကဃဋီ’တိ ဝုတ္တော။ စက္ကေနေဝ ဟိ ဃဋနသဒ္ဒံ ကရောတိ၊ န ဟတ္ထေန၊ တသ္မာ‘စက္ကဃဋီ’တိ ဝုတ္တော။ ဗဟူ ပန မြမ္မရဋ္ဌိကာ မနုဿာ ပေါရာဏာနံ မြမ္မရာဇကုလာနံ ဝဍ္ဎနဃဋီယာ ပဝတ္တတ္တာ ‘မြမ္မနာရီ’တိ ဝဒန္တိ။ ဧဝံ ပုဗ္ဗေ မြမ္မရဋ္ဌိကာနံ ‘မြမ္မနာရီ’တိ ဝေါဟာရော ဣဓ ‘ပေါရာဏဃဋီ’တိ စ, ‘ပုဗ္ဗဃဋီ’တိ စ ယထာရဟံ ဝုတ္တော။ ဧဝံ ဝေါဟာရဝိညာပနံ ဝေဒိတဗ္ဗံ။

တတြိဒံ ဝုစ္စတိ—

၁၀။ ‘နာရီ’တိ မြမ္မဝေါဟာရော၊ ‘ဃဋီ’တိ ဣဓ ဝုစ္စတေ။
ကဒါစိ အပ္ပကေ ဌာနေ၊ ‘ဃဋိကာ’တိပိ ဝုစ္စတေ။

၁၁။ ‘မိနစ်’တိ မြမ္မဝေါဟာရော၊ ‘မိနံ’တိ ဣဓ ဝုစ္စတေ။
‘စက္ကန့်’တိ မြမ္မဝေါဟာရော၊ ‘စက္ကန္တော’ဣတိ ဝုစ္စတေ။

၁၂။ ‘စက်နာရီ’ဣတိ ဝေါဟာရော၊ ‘စက္ကယန္တ[၁]ဃဋီ’တိ ဝုစ္စတေ။
‘မြမ္မနာရီ’တိ ဝေါဟာရော၊ ‘ပုဗ္ဗယန္တ[၂]ဃဋီ’တိ ဝုစ္စတေ။

အယံ ပန စက္ကဃဋီနံ ပမာဏပရိစ္ဆေဒေါ—

စက္ကန္တာနံ သဋ္ဌိ ဧကံမိနံ, မိနာနံ သဋ္ဌိ ဧကဃဋီ, ဃဋီနံ စတုဝီသတိ ဒိဝသရတ္တိယုဂသင်္ခါတံ ဧကာဟံ[၃]ဟောတိ။ ဧဝံ စက္ကဃဋီနံ ပမာဏပရိစ္ဆေဒေါ ဝေဒိတဗ္ဗော။

အယံ ပန စက္ကဃဋီနံ ဂဏနပရိစ္ဆေဒေါ—

ဒိဝသရတ္တိသမဘာဂေသု မာသေသု ဆဃဋိကာလေ သူရိယဿ အတ္ထင်္ဂမော ဟောတိ၊ တတော ကာလတော ပဋ္ဌာယ သတ္တဃဋီ အဋ္ဌဃဋီ နဝဃဋီ ဒသဃဋီ ဧကာဒသဃဋီ ဒွါဒသဃဋီ ဧကဃဋီ ဒွိဃဋီ တိဃဋီ စတုဃဋီ ပဉ္စဃဋီ ဆဃဋီ စာတိ ဒွါဒသဝိဓာ ဃဋိယော ဟောန္တိ။ ဧတ္ထ စ **သတ္တဃဋီ**တိ တသ္မိံ ကာလေ သတ္တက္ခတ္တုံ ဃဋနသဒ္ဒံ ကရောတိ၊ တသ္မာ သတ္တဃဋီတိ ဝုစ္စတိ၊ န သတ္တမဃဋီတိ။ ကသ္မာ? သင်္ချာပူရဏတ္တဿ အပဋ္ဌာနတ္တာ။ **အဋ္ဌဃဋီအာဒီ**-သုပိ ဧသ နယော ယထာရဟံ ဝေဒိတဗ္ဗော။ ဧဝံ ဣတော

၁-၂-ဣမေသု ဝေါဟာရေသု ဆန္ဒာနုရက္ခဏတ္ထာယ ဗိန္ဒုံ ကတံ။

၃-အဟသဒ္ဒေါ ပုမနပုံသကဝသေန ဒွိလိင်္ဂေါ။

ပရေသုပိ။ တာသု ဃဋီသု ဒွါဒသဃဋိကာလော အနုရတ္တိ ဟောတိ၊ ဆဃဋိကာလော သူရိယုဂ္ဂမနကာလော ဟောတိ။ ဧဝံ ရတ္တိယံ စက္ကဃဋီနံ ဒွါဒသဝိမော ဂဏနပရိစ္ဆေဒေါ ဟောတိ။ ယထာ ရတ္တိယံ၊ တထာ ဒိဝသေပိ။ ရတ္တိယံ ဒွါဒသဃဋီယော စ ဒိဝသေ ဒွါဒသဃဋီယော စာတိ သဗ္ဗ-ဃဋီနံ သမ္ပိဏ္ဍနဝသေန ဒိဝသရတ္တိယုဂဿိတေ ကောဟေ စတုဝီသတိ ဃဋီယော ဟောန္တိ။ ဣမိနာ နယေန အညေသု ဒိဝသရတ္တီနံ ဝိသမဘာဂေသု မာသေသုပိ ရတ္တိယဥ္စ ဒိဝသေ စ ဃဋီနံ ဦနာဓိကော ဂဏနပရိစ္ဆေဒေါ ယထာရဟံ ဝေဒိတဗ္ဗော။ ဧဝံ စက္ကဃဋီနံ ဂဏနပရိစ္ဆေဒေါ ဝေဒိတဗ္ဗော။

ပေါရာဏဃဋီနံ ပန ပမာဏပရိစ္ဆေဒေါ ဂဏနပရိစ္ဆေ-ဒေါ စ ဝေဒိတဗ္ဗော။ တတြာယံ ပမာဏပရိစ္ဆေဒေါ—

ခယာနံ သဋ္ဌိ ကေဗိဇနာ, ဗိဇနာနံ သဋ္ဌိ ကေဃဋီ, ဃဋီနံ သဋ္ဌိ ဒိဝသရတ္တိယုဂဿဓိတော ကောဟော[၁] ဟောတိ။ ဧဝံ ပမာဏပရိစ္ဆေဒေါ ဝေဒိတဗ္ဗော။

အယံ ပန ဂဏနပရိစ္ဆေဒေါ—

ဒိဝသရတ္တီနံ သမဘာဂေသု မာသေသု စတုပဟာရ-ကာလေ သူရိယဿ အတ္ထင်္ဂမော ဟောတိ။ တသ္မိံ ကာလေ ဘေရိံ စတုက္ခတ္တုံ ဟနေ္တွန ပဟရတိ၊ တဿာ စတုပဟာ-ရောတိ နာမံ။ တတော ကာလတော ပဉ္စာ ဧကဃဋီ ဒွိဃဋီ တိဃဋီ စတုဃဋီ ပဉ္စဃဋီ ဆဃဋီ သတ္တဃဋီ တိံသမိနေ-သမိတော အဋ္ဌဃဋီ စာတိ အဋ္ဌမိကာ သဏ္ဌာ ဃဋီယော

၁။ ဧယသာဒ္ဒါ ပုဗ္ဗန္ဟပ္ပကာဝသေန ဗွိသိဂီယော။

ဟောန္တိ။ တသ္မိံ ကာလေ ဘေရိံ ကေက္ခတ္တုံ ပဟရတိ၊ တသ္မာ ကေပဟာရောတိ ဝဒန္တိ။

တတော ကာလတော ပဋ္ဌာ ကေဃဋီ ဒွိဃဋီ တိဃဋီ စတုဃဋီ ပဉ္စဃဋီ ဆဃဋီ သတ္တဃဋီ အဋ္ဌဃဋီ စာတိ အဋ္ဌာမိကာ သတ္တမာ ဃဋိယော ဟောန္တိ။ တသ္မိံ ကာလေ ဘေရိံ ဒွိက္ခတ္တုံ ပဟရတိ၊ တသ္မာ ဒွိပဟာရောတိ ဝဒန္တိ၊ ဒုတိယပဟာရောတိပိ ဝတ္တုံ ယုဇ္ဇတိ၊ အဍ္ဎရတ္တိကာလော စ ဟောတိ။

တတော ပဋ္ဌာ ကေဃဋီ ဒွိဃဋီ တိဃဋီ စတုဃဋီ ပဉ္စဃဋီ ဆဃဋီ သတ္တဃဋီ အဋ္ဌဃဋီ စာတိ အဋ္ဌာမိကာ သတ္တမာ ဃဋိယော ဟောန္တိ။ တသ္မိံ ကာလေ ဘေရိံ တိက္ခတ္တုံ ပဟရတိ၊ တသ္မာ တိပဟာရောတိ ဝဒန္တိ၊ တတိယပဟာရောတိပိ ဝတ္တုံ ယုဇ္ဇတိ။

တတော ပဋ္ဌာ ကေဃဋီ ဒွိဃဋီ တိဃဋီ စတုဃဋီ ပဉ္စဃဋီ ဆဃဋီ သတ္တဃဋီ အဋ္ဌဃဋီ စာတိ အဋ္ဌာမိကာ သတ္တမာ ဃဋိယော ဟောန္တိ။ တသ္မိံ ကာလေ ဘေရိံ စတုက္ခတ္တုံ ပဟရတိ၊ တသ္မာ စတုပဟာရောတိ ဝဒန္တိ၊ စတုတ္ထပဟာရောတိပိ ဝတ္တုံ ယုဇ္ဇတိ၊ သော ကာလော သူရိယုဂ္ဂမနကာလော စ ဟောတိ။

ဧတ္ထ စ ပဟာရာနံ အန္တရေသု ဃဋီသု ထဝေသညာဘံ ကံသပါတိံ ဟတ္ထေန ဃဋ္ဋေတိ ပဟရတိ သဒ္ဒံ ကရောတိ။ ဧဝံ ယထာဝုတ္တာနံ ပဟာရာနံ အန္တရေသု ဃဋီနံ သမ္ဗဟာဝသေန ရတ္တိယံ ဃဋီနံ တိံသဝိဓော ဂဏနပရိစ္ဆေဒေါ ဟောတိ။ ယထာ ရတ္တိယံ၊ တထာ ဒိဝသေပိ။ ရတ္တိယံ တိံသ,

ဒိဝသေ တိံသ စာတိ သမ္ဗဃဋီနံ သမ္ပိဏ္ဍနဝသေန ဒိဝသရတ္တိယုဂသဋ္ဌိတေ ကောဟေ သဋ္ဌိ ဃဋိယော ဟောန္တိ။ ဣမိနာ နယေန အဍ္ဎေသု ဒိဝသရတ္တီနံ ဝိသမဘာဂေသု မာသေသုပိ ရတ္တိယဉ္စေဝ ဒိဝသေ စ ပဟာရာနံ အန္တရေသု ဃဋီနံ ဦနာဓိကော ဂဏနပရိစ္ဆေဒေါ ယထာရဟံ ဝေဒိတဗ္ဗော။ ဧဝံ ဂဏနပရိစ္ဆေဒေါ ဝေဒိတဗ္ဗော။

အထောပိ ဝိနယဂရုကသိက္ခာကာမလဇ္ဇီပေသလာနံ ဘိက္ခူနံ အရုဏပဋိသံယုတ္တေသု ဗဟူသု ဝိနယကမ္မေသု သတိဋ္ဌပနတ္ထာယ အရုဏပဋိသံယုတ္တာနိ ဗဟူနိ ဝိရုဒ္ဓကမ္မာနိ ဒီပေတဗ္ဗာနိ။

အယံ ပန ဝိရုဒ္ဓကမ္မဒီပနာ—

တေရဟိ ဗဟူ ဘိက္ခူ အရုဏသညိတံ ဝဏ္ဏဉ္စေဝ အရုဏုဂ္ဂတကာလဉ္စ ဝိနယာဒီသု အာဂတဝစနံ ဥပနိဿာယ ဥပနိဓာယ ဒဠှသာဓကံ လဘိတွာ သာဓကာနုရူပတော ယထာဘူတံ နဇာနန္တိ၊ တသ္မာ ကေစိ ဘိက္ခူ အဍ္ဎရတ္တိတော အတိက္ကန္တေ အရုဏော ဥဂ္ဂတောတိ မညိတွာ ဣဿိတကာလေ ပိဏ္ဍစာရိကာဒီနိ ကမ္မာနိ ကရောန္တိ။ တာနိ ဝိရုဒ္ဓကမ္မာနိ ဟောန္တိ။ ကသ္မာ? အရုဏဿ အနုဂ္ဂတတ္တာ။

ကေစိ ပန ဘိက္ခူ အန္တောဝဿေ ယထာဝုတ္တေ ကာလေ ဥပစာရသီမတော နိက္ခမိတွာ ပိဏ္ဍစာရိကာဒီနိ ကတွာ သူရိယုဂ္ဂမနကာလေ ဥပစာရသီမသညိတံ အတ္တနော အတ္တနော အာရာမံ အာဂစ္ဆန္တိ၊ ဝဿံဝုတ္ထကာလေ ပန ကထိနတ္ထာရာဒီနိ ယာနိ ကမ္မာနိ ကရောန္တိ၊ တာနိပိ ဝိရုဒ္ဓကမ္မာနိယေဝ ဟောန္တိ။

ကေစိ ပန ဘိက္ခူ အနုရတ္တိတော အတိက္ကန္တေ စက္ကဃဋိဝသေန တိဃဋိကာလေ အရုဏော ဥဂ္ဂတောတိ မညိတွာ တသ္မိံ ကာလေယေဝ ပိဏ္ဍာစာရိကာဒီနိ တာနိ တာနိ ကမ္မာနိ ကရောန္တိ။ ဣဓ ဟိ မြမ္မရဋ္ဌေ အတိပါကဋာနိ အဋ္ဌသတစက္ကလက္ခဏောဟိ သမ္ဗန္ဓာနိ ဘဂဝတော ဒွေ ပါဒစေတိယာနိ သံဝိဇ္ဇန္တိ။ တေသံ သမီပေ ဝသန္တာ ဘိက္ခူ သာမဏေရာ ဥပါသကာ ဥပါသိကာယော စ တာနိ စေတိယာနိ ဒိဝသေ ဒိဝသေ ပူဇံ ကရောန္တိ၊ ဝိသေသတော ပန အနုဝဿံ မာဃမာသေ ဖဂ္ဂုဏမာသေ စ ဥပါသကာဒယော ဂရုံ ကတွာ မဟုဿဝံ ကတွာ အဘိပူဇံ ကရောန္တိ၊ တသ္မိံ ကာလေ စတုဒ္ဒိသတောပိ ဗဟူ ဘိက္ခူ သာမဏေရာ ဥပါသကာ ဥပါသိကာယော စ ပူဇတ္ထာယ အာဂစ္ဆန္တိ။ တသ္မိံ ပူဇုဿဝေ ကေစိ ဥပါသကာ ကေစိ ဥပါသိကာယော စ အနုရတ္တိတော အတိက္ကန္တေ သတိ ဥဋ္ဌာယ ပိဏ္ဍပါတပစနာဒီနိ ကတွာ ယထာဝုတ္တေ တိဃဋိကာလေ ဒွိန္နံ ပါဒစေတိယာနံ ပိဏ္ဍပါတာဒီနိ ဒတွာ သက္ကာရံ ဂရုံ မာနံ ပူဇံ ဝန္ဒနဉ္စ ကရောန္တိ။ တသ္မိံ ကာလေ ကေစိ ဥပါသိကာယော ဘိက္ခူနမ္ပိ ဒေန္တိ၊ ကေစိ ဘိက္ခူပိ တသ္မိံ တိဃဋိကာလေ အရုဏော ဥဂ္ဂတောတိ မညိတွာ တေသံ သန္တိကေ ပိဏ္ဍစာရိကာနိ ပရိဘုဉ္ဇနာနိ စ ကရောန္တိ။ ဧဝံ ဝေဠုပါနိ အနေကာနိ ဝိရုဒ္ဓကမ္မာနိ ကရောန္တိ။

ကေစိ ပန ဘိက္ခူ သေတောဘာသံ အရုဏဝဏ္ဏန္တိ မညန္တိ၊ သေတောဘာသဿ ဥဂ္ဂတကာလမ္ပိ အရုဏုဂ္ဂတကာလန္တိ မညန္တိ။ တသ္မာ သေတောဘာသဿ ပါတုဘူတေ စက္ကဃဋိဝသေန စတုဃဋိကာလေ ဝါ တတော အပ္ပကေ

ဦနကာလေ ဝါ အဓိကကာလေ ဝါ ပိဏ္ဍစာရိကာဒီနိ ဝိရုဒ္ဓကမ္မာနိ ကရောန္တိ။ ကေစ္စေသု ဟိ မဟာနဂရေသု အန္တောဝသေ ဥပါသကာ ဥပါသိကာယော စ ဘတ္တဒါနပူဂဝသေန ပုညာနိ ကရောန္တိ၊ တေ ဥပါသကာဒယော အာဂတာဂတာနံ ဘိက္ခူနံ သာမဏေရာနဉ္စ ပိဏ္ဍပါတာဒီနိ ဒဒန္တိ၊ တေသံ သန္တိကေ ဗဟူ ဘိက္ခူ သာမဏေရာ စ ယထာဝုဍ္ဎကာလေ ပိဏ္ဍစာရိကာဒီနိ ကရောန္တိ၊ အန္တောဝသေပိ ဧကစ္စေ ဥပါသကာဒယော အတ္တနော အတ္တနော ဆန္ဒဝသေန ဘိက္ခူ နိမန္တေတွာ ပိဏ္ဍပါတာဒီနိ ပုညာနိ ကရောန္တိ၊ နိမန္တိတာ ဘိက္ခူ ယထာဝုဍ္ဎကာလေ အရုဏော ဥဂ္ဂတောတိ မညိတွာ အတ္တနော အတ္တနော ဥပစာရသီမတော နိက္ခမိတွာ ဃရာဒီသု ပိဏ္ဍပါတပရိဘုဉ္ဇနံ ကရောန္တိ၊ ဘုဉ္ဇိတွာ သူရိယုဂ္ဂမနကာလေ ဥပစာရသီမသင်္ခါတံ အတ္တနော အတ္တနော အာရာမံ အာဂစ္ဆန္တိ၊ ဣမိနာ နယေန ဝဿစ္ဆေဒံ ပါပုဏိတွာ ဝဿံဝုတ္ထကာလေ ကထိနတ္ထာရာဒီနိ ကမ္မာနိ ကရောန္တိ၊ တာနိ ကမ္မာနိ ဒုက္ကဋကမ္မာနိ အသမ္ဘုတ္တိကမ္မာနိ ဝိပတ္တိကမ္မာနိ စ ဟောန္တိ။ ကသ္မာ? ဝဿစ္ဆေဒါနံ ဘိက္ခူနံ ကထိနတ္ထာရဿ အနနုညာတတ္တာ။ ဘဂဝါ ဟိ ဝဿစ္ဆေဒံ အကရောန္တာနံ ပုရိမဝဿံဝုတ္ထာနံ ဘိက္ခူနံယေဝ ကထိနတ္ထာရံ အနုဇာနာတိ၊ တသ္မာ တာနိ ဝိပတ္တိကမ္မာနိ ဟောန္တိ။ ဧဝံ ဝေရူပါနိ ဗဟူနိပိ ဝိရုဒ္ဓကမ္မာနိ ကရောန္တိ။

ကေစ္စေ ပန အတိဗဟူ ဘိက္ခူ ပစ္စူသကာလတော ပုဗ္ဗေယေဝ အရုဏော ဥဂ္ဂတောတိ မညိတွာ တသ္မိံ ကာလေယေဝ ယထာဝုဍ္ဎာနိ ပိဏ္ဍစာရိကာဒီနိ လဟုကကမ္မာနိ ဝတ္တံ သမာဒိယိတွာ ဝတ္တနိက္ခမနာဒီနိ ဂရုက-

တမ္မာနိ စ ကရောန္တိ၊ တာနိ ဝိရဒ္ဓကမ္မာနိယေဝ ဟောန္တိ။ သစေ ဟိ ဘိက္ခူ ဝတ္ထုံ သမာဒိယိတွာ ယထာဝုတ္တကာလေ ဝတ္တနိက္ခေပနံ ကရောန္တိ၊ ဧဝံ ကရောန္တေသု ဂဏနူပဂရတ္တိယော န လဘန္တိ၊ ဧဝံ အလဘန္တေသု ပရိဝါသရတ္တိယော န ပရိပူရေန္တိ၊ ဧဝံ အပရိပူရေန္တေသု မာနတ္တရဟာ န ဟောန္တိ။ သစေ ပန မာနတ္တစရန္တာ ဘိက္ခူပိ ယထာဝုတ္တကာလေ ဝတ္တနိက္ခေပနံ ကရောန္တိ၊ တထေဝ ဂဏနူပဂရတ္တိယော န လဘန္တိ၊ ဧဝံ အလဘန္တေသု မာနတ္တရတ္တိယော န ပရိပူရေန္တိ၊ ဧဝံ အပရိပူရေန္တေသု အဗ္ဘာနရဟာ န ဟောန္တိ။ သစေ ပန သံဃော တာဒိသံ တံ တံ ဘိက္ခုံ တံ တံ အဗ္ဘာနကမ္မံ ကရေယျ၊ တံ တံ ကမ္မံ အကတံ ကမ္မံ,ဒုက္ကဋံ ကမ္မံ,ပုန ကာတဗ္ဗံ ကမ္မံ,ဝိပတ္တိကမ္မဉ္စ ဟောတိ။ ဣမိနာ နယေန ကရောန္တာနံ တေသံ ဘိက္ခူနံ တာနိ မောဃကမ္မာနိ အသမ္ပတ္တိကမ္မာနိ ဝိပတ္တိကမ္မာနိ စ ဟောန္တိ။ ဧဝံ တေရဟိ ဗဟူနိ ဝိရဒ္ဓကမ္မာနိယေဝ ကရောန္တိ။

ယထာ တေရဟိ၊ ဧဝမေဝ ပုဗ္ဗေပိ ဧဝရူပါနိ ဗဟူနိ ဝိရဒ္ဓကမ္မာနိ အဟေသုံ။ ဝိနယာလင်္ကာရဋီကာနာမကေ ဟိ ဂန္ထေ အနုပုဗ္ဗေ ပုဗ္ဗေ ဗဟူ ဘိက္ခူ အတ္တနော အတ္တနော အဇ္ဈာသယဝသေန ဒဠှသာမဏေရိကတာနိ အယုတ္တိကာနိ အရုဏပဋိသံယုတ္တာနိ နာနာဝစနာနိ ဝဒိံသု။ တာနိ နာနာဝစနာနိ နိဿာယ ဗဟူ နာနာဝါဒါ နာနာလဒ္ဓိယော ဥပ္ပဇ္ဇိံသု။ တေ ဘိက္ခူ အတ္တနော အတ္တနော ဝါဒါနုရူပံ ဥဋ္ဌိတကာလံ အရုဏုဂ္ဂတကာလန္တိ မညိတွာ ဧကန္တေန အရုဏဿ အနုဂ္ဂတကာလေ ပိဏ္ဍပါတဘုဉ္ဇနာဒီနိ လဟုကကမ္မာနိ၊ ဝတ္တနိက္ခေပနာဒီနိ ဂရုကကမ္မာနိ စ အကံသု၊

ဧဝံ ကတာနိ တာနိ ဝိရဒ္ဓကမ္မာနိယေဝ အဟေသုံ။ ကသ္မာ? ဧကန္တတော စေဝ အဝိရဒ္ဓတော စ သဗ္ဗတော စ အရုဏဿ အနုဂ္ဂတတ္တာ။ ဧဝရူပံ ပန ဝိရဒ္ဓံ အရုဏုဂ္ဂတကာလဒ္ဓေဝ ဧဝရူပါနိ ဝိရဒ္ဓကမ္မာနိ စ ပစ္ဆာကာလေ အနုဿရန္တာနံ ဗဟူနံ ဝိနယဂရုကသိက္ခာကာမလဇ္ဇီပိယသီလာနံ ဘိက္ခူနံ ဗဟူနိ ကုက္ကုစ္စာနိ ဥပ္ပဇ္ဇိံသု။

ယဒါ ဥပ္ပဇ္ဇိံသု၊ တဒါ သမ္မာသမ္ဗုဒ္ဓဿ ပရိနိဗ္ဗာနတော ပဋ္ဌာယ ဂဏိတဗ္ဗေန ဝဿေန ဒွိသဟဿေကသတတော ဧကနဝုတိအဓိကေ ဒဿေ မနုဿာနံ သင်္ကေတပဝတ္တေန ကောဇာသကရဇ္ဇသင်္ခါတေန ဝဿေန ဧကသဟဿတော နဝါဓိကေ ဝဿေ မြမ္မရဋ္ဌေ “သာလွန်”နာမကဿ ရညော ဣဿရိယကာလေ ဝိနယာလင်္ကာရဋီကာနာမိကော ဂန္ထော ဥပ္ပန္နော အဟောသိ။ တတ္ထ ဂန္ထကာရကာစရိယော တာနိ ဝိရဒ္ဓကမ္မာနိ ဝိသောဓေတုံ ပဋိက္ခိပိတုံ ဗဟူနိ ဒဠှသာဓကဝစနာနိ ဥဒ္ဓရိတွာ ဒဿေန္တော အတိယုတ္တံ အဝိရဒ္ဓံ အရုဏုဂ္ဂတကာလံ မဟုဿာဟေန ပကာသယိ။ ဧဝံ ပကာသန္တေပိ တေရဟိ ဧကစ္စေ ဘိက္ခူ ဂန္ထာစရိယဿ “ကေဆဋ္ဌိကာမဂ္ဂေန ဝါ”တိ ဝစနံ ဝိရဒ္ဓေန ဂဏှန္တိ၊ တသ္မာ ဂန္ထာစရိယေန ဣစ္ဆိတော အရုဏုဂ္ဂတကာလော န ဟောတိ၊ အညော သဗ္ဗေါ အညော အရုဏော ဟောတိ။ ဂန္ထာစရိယေန ဟိ ပုဗ္ဗေ မြမ္မရဋ္ဌိကာနံ ရာဇကုလာနံ ပေါရာဏဆဋ္ဌိဝသေန “ကေဆဋ္ဌိကာမဂ္ဂေန ဝါ”တိ ဝစနံ ဝုတ္တံ။ တဿ ဝစနဿ အတ္ထသဘာဝံ ဂဏှန္တေဟိ ကေစ္စေဟိ ဘိက္ခူဟိ တေရဟိ စက္ကဆဋ္ဌိဝသေန ကေဆဋ္ဌိကာတိ အညော ဂဟိတော။ ဧဝံ အညော သဗ္ဗေါ အညော အရုဏောယေဝ

ဟောတိ၊ တသ္မာ ဂန္ထာစရိယေန အနိန္ဒိတော အဗ္ဘုဂ္ဂတကာလော၀ ဟောတိ၊ နေ၀ ဒူသိတော၊ န သုဂ္ဂဟိတော၊ ကေနစိ ပန ဒုဂ္ဂဟိတော ဝိရုဒ္ဓေါ အဗ္ဘုဂ္ဂတကာလော၀ ဟောတိ။ သုနိယုဂ္ဂမနတော ဟိ ပုဗ္ဗေ ပေါရာဏသင်္ဃ၀သေန ကေသင်္ဂိမဇ္ဈေ ကာလေ အဗ္ဘုဏော ဥဂ္ဂတောတိ အာစရိယေန ဒူသိတော ကာလော န ဟောတိ၊ သုနိယုဂ္ဂမနတော ပုဗ္ဗေ ဝဏ္ဏသင်္ဃ၀သေန ကေသင်္ဂိမဇ္ဈေ ကာလေ အဗ္ဘုဏော ဥဂ္ဂတောတိ အာစရိယေန အနိန္ဒိတော ကာလော၀ ဟောတိ။ ဇ၀ံ ဒုဂ္ဂဟိတော ဝိရုဒ္ဓေါ အဗ္ဘုဂ္ဂတကာလောယေ၀ ဟောတိ။ တသ္မာ တေရဟိပိ ဝိရုဒ္ဓံ တံ အဗ္ဘုဂ္ဂတကာလံ နိဿာယ ကတာနိ ကမ္မာနိ ဝိရုဒ္ဓကမ္မာနိ ဟောန္တိယေ၀။

အညောပိ ဝိနယဂရုကာဒီနံ ဘိက္ခူနံ ကုက္ကုစ္စာနိ ဟောန္တိယေ၀။ ကေစ္စာနံ ဟိ ဘိက္ခူနံ “ကိံ နု ခေါ ပုဗ္ဗေ အမှေဟိ ကတာနိ ပရိဝါသသမာဒါနာနိ မာနတ္တသမာဒါနာနိ စာတိ ဒွေ ဝတ္တသမာဒါနကိစ္စာနိ သမ္ပတ္တိကမ္မာနိ ဘဝေယျု”န္တိ ဝါ၊ “ဥဒါဟု န ဘဝေယျု”န္တိ ဝါ ဧဝမာဒီနိ ဗဟူနိ ကုက္ကုစ္စာနိ ဟောန္တိယေ၀၊ ဧဝံ ယထာဝုတ္တာနိ ဝိရုဒ္ဓကမ္မာနိ ကုက္ကုစ္စာနိ စ အဗ္ဘာဝဏ္ဏမူလကာနိ ဟောန္တိ၊ အဗ္ဘာသ အနုဂ္ဂတကာရဏာနိပိ ဟောန္တိ။ တသ္မာ ဝိနယဂရုကေဟိ သိက္ခာကာမေဟိ လဇ္ဇီဟိ ပိယသီလေဟိ ဘိက္ခူဟိ အဝိရုဒ္ဓေါ အဗ္ဘာဝဏ္ဏော အဝိရုဒ္ဓေါ အဗ္ဘုဂ္ဂတကာလဝိနိစ္ဆယော စ ဇာနိတဗ္ဗော စေ၀ ဓာရိတဗ္ဗော စ၊ တသ္မာ တံ ဝတ္တုံ တံ ဝိနိစ္ဆယံ ဇာနန္တာနံ ဓာရိတုကာမာနံ ဝိနယဂရုကာဒီနံ ဘိက္ခူနံ ဒုဋ္ဌာပုရဏတ္ထာယ ဓာရဏတ္ထာယ

ကုက္ကုစ္စဝိနောဒနတ္ထာယ အရညာမူလကေဟိ အာပတ္တီဟိ ဝိမုတ္တတ္ထာယ သီလဝိသုဒ္ဓတ္ထာယ စ အဝိရုဒ္ဓံ အရညကင်္ဂ-ကာလဝိနိစ္ဆယံ ကာတုံ ဘဗ္ဗော။ တသ္မာ အဝိရုဒ္ဓေါ အရ-ညကင်္ဂကာလဝိနိစ္ဆယော ပရတော အာဝိ ဘဝိဿတိ။

ဝေါဟာရာဒိဒီပနကဏ္ဍော သမတ္တော။

၂-အရညကထာကဏ္ဍ

ယထာဝုတ္တံ ဝိနိစ္ဆယံ ကာတုကာမေန ပုဗ္ဗကိစ္စပဝတ္တံ ဒဠှသာဓကဝစနံ လဘိတုံ ဂဝေသနကိစ္စံ ကာတဗ္ဗံ။ ဂဝေ-သနကိစ္စေ ကတေ ယေဘုယျေန ဝိနယအဋ္ဌကထာသု စေဝ ဝိနယာလင်္ကာရဋီကာယ စ အာဂတာနိ ဗဟူနိ သာဓက-ဝစနာနိ လဒ္ဓါနိ။ ဣဒါနိ တေသု သာဓကဝစနေသု ပဌမံ ဝိနယာလင်္ကာရဋီကာယံ အာဂတာ အရညကင်္ဂကာလပဋိ-သံယုတ္တာ အရညကထာ ဝတ္တဗ္ဗာ။

တတြိဒံ ဝုစ္စတိ—

ကော သေ အရညော နာမ၊
ကေန သော အရညော ဘဝေ။
ကီဒိသော တဿ ဝဏ္ဏော တု၊
သဏ္ဌာနံ ကီဒိသံ ဘဝေ။

ကိသ္မိံ ကာလေ စ ဒေသေ စ၊
အရညော သမုဂစ္ဆတိ။

ဣမေ ဒသံတပဉှကာ၊ ဆဋ္ဌသင်္ဂီတိပေါတ္ထကေ။
သံဝိဇ္ဇန္တိ ဝေဒနေယျုံ၊ ပိဋကတ္တယပုဂ္ဂလာ။

ကိံ ပစ္စက္ခသိဒ္ဓေါ ဧသော၊
ဥဒါဟု အနုမာနတောတိ။

တတ္ထ ကော ဧသ အရုဏော နာမာတိ ဧတ္ထ ဧသ အရုဏော နာမ သူရိယဿ ပဘာဝိသေသော။ ဝုတ္တဉှေတံ အဘိဓာနပ္ပဒီပိကာယံ—

“သူရဿောဒယတော ပုဗ္ဗု-ဋ္ဌိတရံသိ သိယာ’-
ရုဏော”တိ။

တဋ္ဋီကာယဉ္စ—

“သူရဿ ဥဒယတော ပုဗ္ဗေ ဥဋ္ဌိတရံသိ[1] အရု-
ဏော နာမ သိယာ”တိ။

ဝိမတိဝိနောဒနီနာမိကာယံ ဝိနယဋီကာယဉ္စ[2]—

“အရုဏော[3]တိ စေတ္ထ သူရိယုဂ္ဂမနဿ ပုရေ-
စရော ဝဓုနဃန[4]ရတ္တော ပဘာဝိသေသောတိ
ဒဋ္ဌဗ္ဗော”တိ—

ဝုတ္တံ။ တသ္မာ သူရိယပ္ပဘာယေဝ အရုဏော နာမ၊ န အညောတိ ဒဋ္ဌဗ္ဗံ။

ကေန သော အရုဏော ဘဝေတိ ဧတ္ထ အရုဏော ဝဏ္ဏော အဿာတိ အရုဏော၊ ကိဉ္စိရတ္တဝဏ္ဏသမန္နာ-ဂတောတိ အတ္ထော။ အထ ဝါ အရတိ ဂစ္ဆတိ ရတ္တဝဏ္ဏ-

၁-ဥဂ္ဂတရံသီတိ ကတ္ထစိ ပေါတ္ထကေ ဒိဿတိ။
၂-ဝိမတိ-ဋီ (ပ) ၃၁၁-ပိဋ္ဌေ အတ္ထိ။ ၃-အရုဏောတိ ကတ္ထစိ ဒိဿတိ။
၄-ဃနသဒ္ဒေါ ကတ္ထစိ န ဒိဿတိ။

ဘာဝေန ပဝတ္တတီတိ အရုဏော။ ဝုတ္တဉ္စေတံ အဘိဓာနပ္ပ-ဒီပိကာဋီကာယံ—

"အရုဏဝဏ္ဏတာယ အရတိ ဂစ္ဆတီတိ ဝါ[၁] အရုဏော"တိ။

ကီဒိသော တဿ ဝဏ္ဏောတိ စေ အဗျတ္တရတ္တဝဏ္ဏော တဿ ဝဏ္ဏော ဘာဝေ။ ဝုတ္တဉှိ အဘိဓာနပ္ပဒီပိကာယံ—

"အရုဏော ကိဉ္စိရတ္တောထာ"တိ။

တဋ္ဋီကာယဉ္စ—

"ကိဉ္စိရတ္တော အဗျတ္တရတ္တဝဏ္ဏော အရုဏော နာမ၊ ယထာ မဉ္စဿ အင်္ဂီ"တိ။

ဝိမတိဝိနောဒနိယဉ္စ[၂]—

"ဝဓူနဃန[၃] ရတ္တော ပဘာဝိသေသော"တိ။

တသ္မာ သူရိယဿ ရတ္တပ္ပဘာယေဝ အရုဏော နာမ၊ န သေတပ္ပဘာဒယောတိ ဒဋ္ဌဗ္ဗံ။ ယဒိ ဧဝံ ပါတိမောက္ခ-ဋ္ဌပနက္ခန္ဓကဝဏ္ဏနာယ ဝိမတိဝိနောဒနိယံ[၄] "ပါဠိယံ ပန[၅] နန္ဒိမုခိယာတိ ဩဒါတဒိသာမုခတာယ တုဋ္ဌမုခိယာ" တိ ဝုတ္တံ၊ တံ ကထံ ယုဇ္ဇေယျာတိ? နော န ယုဇ္ဇေယျ။ တတ္ထ ဟိ အရုဏုဂ္ဂတကာလေ အရုဏောဘာသေန ဩဒါတ-ဒိသာမုခဘာဝေါ ဝုတ္တော၊ န အရုဏောဘာသဿ ဩဒါ-တဘာဝေါ။ ဝုတ္တဉ္စေတံ ဥဒါနဋ္ဌကထာယံ[၆]—

၁-ဝါသဒ္ဒေါ ကတ္ထစိ နတ္ထိ။

၂-ဝိမတိ ဋီ(ပ)၃၁၁-ပိဋ္ဌေ အတ္ထိ။

၃-ဃနသဒ္ဒေါ ကတ္ထစိ နတ္ထိ။

၄-ဝိမတိဋီ(ဒု)၂၆၁-ပိဋ္ဌေ။

၅-ပနသဒ္ဒေါ ကတ္ထစိ နတ္ထိ။

၆-ဥဒါန-ဋ္ဌ-၁၆၈-ပိဋ္ဌေ။

“နန္ဒိမုခိယာ ရတ္တိယာ”[၁]တိ အရုဏာယ ဥဂ္ဂတတ္တာ ဧဝ အရုဏောဘာသာယ[၂] သူရိယာလောကူပဇီဝိနော သတ္တေ နန္ဒာပနမုခိယာ ဝိယ[၃] ရတ္တိယာ ဇာတာယ၊ ဝိဘာယမာနာယာတိ အတ္ထော”တိ။

ဇာတကဋ္ဌကထာယဉ္စ[၄]—

“ဒီဃဉ္စရတ္တိံ အရုဏသ္မိမူဟတေ[၅]၊

ယာ ဒိဿတိ ဥတ္တမရူပဝဏ္ဏိနီ။

တထူပမာ မံ ပဋိဘာသိ ဒေဝတေ၊

အာစိက္ခ မေ တွံ[၆] ကတမာသိ အစ္ဆရာ”တိ—

ဣမိဿာ ဂါထာယ အတ္ထဝဏ္ဏနာယံ—

“တဿ ဒီဃဉ္စရတ္တိန္တိ ပစ္ဆိမရတ္တိံ၊ ရတ္တိပရိယောသာနေ-တိ အတ္ထော။ ဥဟတေ[၇]တိ အရုဏေ ဥဂ္ဂတေ။ ယာတိ ယာ ပုရတ္ထိမဒိသာ ရတ္တဝဏ္ဏတာယ ဥတ္တမရူပဓရာ ဟုတွာ ဒိဿတီ”တိ။

ဧဝံ အရုဏုဂ္ဂတသမယေ ပုရတ္ထိမဒိသာယ ရတ္တဝဏ္ဏတာ ဝုတ္တာ။ တသ္မာ တသ္မိံ သမယေ အရုဏာယ ဥဋ္ဌိတတ္တာ ပုရတ္ထိမဒိသာယ ရတ္တာဘာဝေါ သူရိယာလောကဿ ပတ္ထ-ဋတ္တာ သေသဒိသာနံ ဩဒါတဘာဝေါ ဝိညာယတိ။

သဏ္ဌာနံ ကီဒိသံ ဘဝေတိ စေ အရုဏာယ ပါဋေက္ကံ သဏ္ဌာနံ နာမ နတ္ထိ၊ ရသ္မိမတ္တတ္တာ။ ယတ္တကံ ပဒေသံ ဖရတိ၊

၁-ရတ္တိယာသဒ္ဒေါ ကတ္ထစိ နတ္ထိ။
၂-အရုဏပ္ပဘာယာတိ ကတ္ထစိ အတ္ထိ။
၃-ဝိယသဒ္ဒေါ ကတ္ထစိ နတ္ထိ။
၄-ဇာတက-ဋ္ဌ-(ပဉ္စ)၄၃၀-ပိဋ္ဌေ။
၅-မူဟတေတိ ကတ္ထစိ အတ္ထိ။
၆-တံတိ ကတ္ထစိ အတ္ထိ။
၇-ဦဟတေတိ ကတ္ထစိ အတ္ထိ။

ဓေတ္တုတံ တသ္မာ သဏ္ဌာနန္တိ ဒဋ္ဌဗ္ဗံ။ အထ ဝါ ပုရတ္ထိမဒိသာ-သဏ္ဌာနံ။ ဝုတ္တဉှိ ဇာတကဋ္ဌကထာယံ[1]—

“ပုရတ္ထိမဒိသာ ရတ္တဝဏ္ဏတာယ ဥတ္တမရူပဓရော ဟုတွာ ဒိသတိ”တိ။

ကိသ္မိံ ကာလေ စ ဒေသေ စ၊ အရုဏော သမုဂ္ဂစ္ဆတီတိ ဧတ္ထ သော အရုဏော သူရိယုဂ္ဂမနသ္မာ ပုရေ ကာလေ ပုရတ္ထိမဒိသာယံ ဥဂ္ဂစ္ဆတိ။ ဝုတ္တဉှေတံ ဥဒါနဋ္ဌကထာယံ[2]—

“ဥဒ္ဓသ္တေ အရုဏေတိ ဥဂ္ဂတေ အရုဏေ၊ အရုဏော နာမ ပုရတ္ထိမဒိသာယံ[3] သူရိယောဒယတော ပုရေ-တရမေဝ ဥဋ္ဌိတောဘာသော”တိ။

အဘိဓာနပ္ပဒီပိကာယဉ္စ—

“သူရိယောဒယတော ပုဗ္ဗုဋ္ဌိတရံသီ”တိ။

ကိံ ပစ္စက္ခသိဒ္ဓေါ စေသော၊ ဥဒါဟု အနုမာနတောတိ ဧတ္ထ အယံ အရုဏော နာမ ပစ္စက္ခသိဒ္ဓေါ စေဝ အနုမာန-သိဒ္ဓေါ စ။ ကသ္မာ ဝိညာယတီတိ စေ? စက္ခုဝိညာဏဂေါစရ-ဝဏ္ဏာယတနဘာဝတော။ အက္ခဿ ပတိ ပစ္စက္ခံ၊ စက္ခု-ရူပါနံ အဘိမုခဘာဝေန အာပါထဂတတ္တာ စက္ခုဝိညာဏံ ဟောတိ။ ဝုတ္တဉှေတံ ဘဂဝတာ—

“စက္ခုံ စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ”တိ[4]။

၁-ဇာတက-ဋ္ဌ(ပဉ္စ)၄၃၀-၄၃၁-ပိဋ္ဌေသု အတ္ထိ။

၂-ဥဒါန-ဋ္ဌ-၁၆၈-ပိဋ္ဌေ။ ၃-ပုရတ္ထိမဒိသာယာတိ ကတ္ထစိ အတ္ထိ။

၄-မဇ္ဈိ (ပ) ၁၅၈-၃၂၆။ (ဥ) ၃၂၈-၃၃၂၊ ၃၃၃။ သံ (ပ) ၃၀၁-၃၀၂၊ (၅) ၂၆၁။ အဘိ(၀)၂၄၈-၂၄၉-ပိဋ္ဌေသု။

တသ္မာ အယံ အရုဏဝဏ္ဏော စက္ခုနာ ဒိသွာ ဇာနိတဗ္ဗတော ပစ္စက္ခသိဒ္ဓေါယေဝ ဟောတိ၊ န “ဧဝံ သတိ ဧဝံ ဘဝေယျာ”တိ အနုမာနေန ပုနပ္ပုနံ စိန္တနေန သိဒ္ဓေါတိ။ ဣမံ ပဋိဝိသဇ္ဇနံ သာဓုကံ မနသိ ကရိတွာ ပဏ္ဍိတေဟိ ရတ္တောဘာသောယေဝ အရုဏောတိ ပစ္စေတဗ္ဗော သလ္လက္ခေတဗ္ဗောတိ။

ကသ္မာ ပန ဣမသ္မိံ ဌာနေ အရုဏကထာ ဝုတ္တာတိ? ဣမိဿာ အရုဏကထာယ မဟာဝိသယဘာဝဒဿနတော။ ကထံ? ဥပေါသထိကာ ဥပါသကာ စ ဥပါသိကာယော စ အရုဏုဂ္ဂမနံ တထတော အဇာနန္တာ အနုဂ္ဂတေယေဝ အရုဏေ ဥဂ္ဂတသညာယ ခါဒနီယံ ဝါ ခါဒန္တိ, ဘောဇနီယံ ဝါ ဘုဉ္ဇန္တိ, မာလာဂန္ဓာဒီနိ ဝါ ဓာရေန္တိ။ တတော တေသံ သီလံ ဘိဇ္ဇတိ။ သာမဏေရာ တထေဝ ဝိကာလဘောဇနံ ဘုဉ္ဇိတွာ သီလဝိနာသံ ပါပုဏန္တိ။ နိဿယပဋိပန္နကာ ဘိက္ခူ အာစရိယုပဇ္ဈာယေဟိ ဝိနာ ဗဟိသီမေ စရန္တာ နိဿယပ္ပဿမ္ဘနံ ပါပုဏန္တိ၊ အန္တောဝဿေ ဘိက္ခူ ဥပစာရသီမတော ဗဟိ ဂန္တွာ ဝဿစ္ဆေဒံ။ တေစီဝရိကာ ဘိက္ခူ အဗဒ္ဓသီမာယံ စီဝရေန ဝိပ္ပဝသန္တာ နိဿဂ္ဂိယပါစိတ္တိယံ၊ တထာ သတ္တဗ္ဘန္တရသီမာယံ၊ သဟသေယျပ္ပဟောနကဋ္ဌာနေ အနုပသမ္ပန္နမာတုဂါမေဟိ သဟ သယန္တာ ပါစိတ္တိယံ။ တထာ ယာဝကာလိကံ ဘုဉ္ဇန္တာ ဘိက္ခူ။ ပါရိဝါသိကာဒယော ဝတ္တံ နိက္ခိပန္တာ ရတ္တိစ္ဆေဒံ၊ ဝေမာဒိအနေကာဒီနဝသမ္ဘဝတော လဇ္ဇီပေသလာနံ ဘိက္ခူနံ တထတော အရုဏုဂ္ဂမနဿ ဇာနနတ္ထံ ဝုတ္တာတိ ဒဋ္ဌဗ္ဗာ။

ပဌမဝါဒ ကေစိ ပန ဘိက္ခူ အစ္စုရတ္တိသမယေ ဃဋိသုညတ္တာ အစ္စုရတ္တိကာလံ အတိက္ကမ္မ အညဒိဝသော ဟောတိ။ တသ္မာ တသ္မိံ ကာလေ အရုဏံ ဥဂ္ဂတံ နာမ ဟောတီတိ မညမာနာ အစ္စုရတ္တိံ အတိက္ကမ္မ ခါဒနီယဘောဇနီယာဒီနိ ဘုဉ္ဇန္တိ။ တေ ပန ဗုဒ္ဓသမယံ အဇာနန္တာ ဝေဒသမယမေဝ မနသိကရောန္တာ ဧဝံ ကရောန္တိ။ တသ္မာ တေသံ တံ ကရဏံ ပမာဏံ န ဟောတိ။

ဒုတိယဝါဒ မဟာဝေါ ပန ဘိက္ခူ အရုဏဿ ပစ္စက္ခဘာဝံ အဇာနန္တာ အနုမာနဝသေန စိန္တိတုံ စ အသက္ကောန္တာ အနုဿဝဝသေနေဝ ပရဝစနံ သဒ္ဒဟန္တာ အမှာကံ အာစရိယာ အရုဏုဂ္ဂမနဝေလာယံ ဥဋ္ဌာယ ဂစ္ဆန္တာ သူရိယုဂ္ဂမနဝေလာယံ ဒွိသဟဿဒဏ္ဍပ္ပမာဏံ ဌာနံ ပါပုဏန္တိ၊ တိသဟဿဒဏ္ဍပ္ပမာဏံ ဌာနံ ပါပုဏန္တီတိ စ ဝဒန္တိ။ ဣမမှာ ဝိဟာရာ အသုကံ နာမ ဝိဟာရံ အသုကံ နာမ စေတိယံ အသုကံ နာမ ဂါမံ ပါပုဏန္တီတိအာဒီနိ စ ဝဒန္တီတိ ဧဝံ အနုဿဝဝစနံ ဝဒန္တိ။ တမ္ပိ အပ္ပမာဏံ။ ကသ္မာ? အဒ္ဓါနံ နာမ ဗလဝန္တဿ ဇဝသမ္ပန္နဿ စ ရဿံ ဟောတိ။ ဒုဗ္ဗလဿ သန္တဿ စ ဒီဃံ ဟောတိ။ ဝုတ္တဉှိ ဘဂဝတာ—

"ဒီဃာ ဇာဂရတော ရတ္တိ၊
ဒီဃံ သန္တဿ ယောဇနံ။
ဒီဃော ဗာလာန သံသာရော၊
သဒ္ဓမ္မံ အဝိဇာနတ"န္တိ[၁]။

၁-ခု ဓမ္မပဒ-ပါ ၂၂-ပိဋ္ဌေ အတ္ထိ။

တသ္မာ အဒ္ဓါနံ နာမ သဗ္ဗသံ ကေသဒိသံ န ဟောတီတိ အရုဏုဂ္ဂမနဿ လက္ခဏံ ဘဝိတုံ န သက္ကာ။ န စ တေ အာယသ္မန္တော ပိဋကတ္တယတော ကိဉ္စိ သာဓကဘူတံ ဝစနံ အာဟရန္တိ။ အသက္ခိကံ အဍ္ဍံ ကရောန္တာ ဝိယ ယထာဇ္ဈာသယမေဝ ဝဒန္တီတိ ပမာဏံ န ဟောတိ။

တတိယဝါဒ အညေ ပန—

"အတီတရတ္တိယာ ယာမော၊
ပစ္ဆိမောနုမမုဿ ဝါ။
ဘာဝိနိယာဒိပ္ပဟာရော၊
တဒနုံ ဝါဠ တေဟျဟော"တိ—

ကစ္စာယနသာရပ္ပကရဏာဂတံ ဂါထံ ဝတွာ အတီတရတ္တိယာ ပစ္ဆိမော ယာမော အရုဏပရိယာပန္နော။ တသ္မာ ပစ္ဆိမယာမဿ အာဒိတော ပဋ္ဌာယ အရုဏံ ဥဂ္ဂစ္ဆတီတိ ဝဒန္တိ။ အယံ ဝါဒေါ သကာရဏသညာပကတ္တာ ပုရိမေဟိ ဗလဝါ ဟောတိ၊ ဧဝံ သန္တေပိ အယုတ္တောယေဝ။ ကသ္မာ? အယဉှိ ဂါထာ ဗဟိရသဒ္ဒသတ္ထေ ဇဂ်ဒါသပ္ပကရဏေ ဝုတ္တနယေန "အဇ္ဇ ဘဝါ အဇ္ဇတနီ"တိ ဝုတ္တအဇ္ဇဝေါဟာရဿ ပဝတ္တနကာလံ ဒဿေတုံ ဝုတ္တာ၊ န ပိဋကတ္တယေ ဝုတ္တဿ အရုဏုဂ္ဂမနဿ ကာလံ ဒဿေတုံ။ တသ္မာ အညသာဓျဿ အညသာဓကေန သာဓိတတ္တာ အယုတ္တောယေဝ။

စတုတ္ထဝါဒ အပရေ ပန "ပဟာရော ယာမသညိတော"တိ အဘိဓာနပ္ပဒီပိကာယံ ဝုတ္တတ္တာ, ပဟာရယာမသဒ္ဒါနံ ဧကတ္ထတ္တာ, တထေဝ "တိယာမာ သံဝရီ ဘဝေ"တိ ဝုတ္တတ္တာ,ရတ္တိယာ စ တိယာမဘာဝတော,

ပါဠိယဉ္စ[1] "အတိက္ကန္တာ ဘန္တေ ရတ္တိ၊ နိက္ခန္တော ပဌမော ယာမော၊ ဥဒ္ဓသ္တော အရုဏော"တိ အာဂတတ္တာ, ဣဒါနိ ရတ္တိယာ စတူသု ပဟာရေသု တတိယပ္ပဟာရဿ အဝသာနေ အရုဏော ဥဂ္ဂတော။ တသ္မာ အဝသေသကေပ္ပဟာရမတ္တော ကာလော ဒိဝသဘာဂံ ဘဇတီတိ ဝဒေယျုံ။ အယံ ဝါဒေါ တတိယဝါဒေါတိ ဗလဝတရော။ ကသ္မာ? ဉာပကဉာပျာနံ အနုရူပဘာဝတော။ တထာ ဟိ "ပဟာရော-ယာမသညိတော"တိ အယံ ဉာပကော ပဟာရယာမာနံ ကေတ္တဘာဝဿ အနုရူပေါ၊ "တိယာမာ သံဝရီ ဘဝေ"တိ အယံ ရတ္တိယာ တိယာမဘာဝဿ၊ "ပါဠိယဉ္စာ"တိအာဒိ တတိယပ္ပဟာရဿ အဝသာနေ အရုဏုဂ္ဂမနဿ၊ တထာပိ အယုတ္တောယေဝ ဟောတိ။ ကသ္မာ? "အဝသေသကေပ္ပဟာရမတ္တော ကာလော ဒိဝသဘာဂံ ဘဇတီ"တိ ဝစနဿ ဝိရုဒ္ဓတ္တာ။ မဇ္ဈိမဒေသေ ဟိ ဒသဃဋိကာပမာဏဿ ကာလဿ ကေပဟာရတ္တာ သဗ္ဗာရတ္တိ တိယာမာဝ ဟောတိ၊ န စတုယာမာ။ ဣဒါနိ ပန ပစ္စန္တဝိသယေသု သတ္တဋ္ဌဃဋိကာမတ္တဿ ကာလဿ ကေပဟာရကတ္တာ စတုပဟာရာ ဘဝတိ။ တသ္မာ မဇ္ဈိမဒေသဝေါဟာရံ ဂဟေတွာ အဘိဓာနပ္ပဒီပိကာယဉ္စ "တိယာမာ သံဝရီ ဘဝေ"တိ ဝုတ္တံ။ ပါဠိယဉ္စ[2] "နိက္ခန္တော ပဌမော ယာမော ဥဒ္ဓသ္တော အရုဏော"တိ။ တသ္မာ ရတ္တိပရိယောသာနေယေဝ အရုဏော ဥဂ္ဂတောတိ ဒဋ္ဌဗ္ဗော။ တထာ ဟိ ဝုတ္တံ ဝိမတိဝိနောဒနိယံ[3]-

---

၁-ရ ဥဒါန ပါ-၁၃၀-ပိဋ္ဌေ အဋ္ဌီ။

၂-ရ ဥဒါန ပါ-၁၃၀၊ဝိ(စ)ဋ္ဌာဂ-ပိဋ္ဌေသု။

၃-ဝိမတိ-ဋီ(ရ)၁၂၇-ပိဋ္ဌေ။

"တထာ ပါရိဝါသိကာဒီနမ္ပိ အရုဏံ အနုဋ္ဌာပေတွာ ဝတ္တံ နိက္ခိပန္တာနံ ရတ္တိစ္ဆေဒေါ[၁] ဝုတ္တော။ 'ဥဂ္ဂတေ အရုဏေ နိက္ခိပိတဗ္ဗ'န္တိ[၂] ဟိ ဝုတ္တံ။ သဟသေယျ-သိက္ခာပဒေပိ[၂] အနုပသမ္ပန္နေဟိ သဟ နိဝုတ္ထဘာဝ-မောစနတ္ထံ 'ပုရာရုဏာ နိက္ခမိတွာ'တိအာဒိ ဝုတ္တံ။ ဧဝံ စီဝရဝိပ္ပဝါသာဒီသု စ သဗ္ဗတ္ထ ရတ္တိပရိယော-သာနေ အာဂါမိနုဝသေန အရုဏုဂ္ဂမနံ[၃] ဒဿိတံ၊ န အတီတာရုဏဝသေနာ"တိ။

ဓာတကဋ္ဌကထာယမ္ပိ[၄]—

"ရတ္တိပရိယောသာနေတိ အစ္ဆော"တိ။

န ကေဝလံ မဇ္ဈိမဒေသေသု ရတ္တိယာယေဝ တိပ္ပဟာရ-ဘာဝေါ ဟောတိ၊ အထ ခေါ ဒိဝသဿပိ။ တထာ ဟိ ဝုတ္တံ အဋ္ဌသာလိနိယံ[၅]—

"သမ္မာသမ္ဗုဒ္ဓဿ အဘိဓမ္မဒေသနာပရိယော-သာနဉ္စ တေသံ ဘိက္ခူနံ သတ္တပ္ပကရဏုဂ္ဂဟဏဉ္စ ကေပ္ပဟာရေနေဝ ဟောတီ"တိ။

မူလဋီကာယဉ္စ[၆]—

"ကေပ္ပဟာရေနာတိ ဧကပဟာရေနာတိ ဒိဝသဿ တတိယဘာဂေါ ဝုစ္စတီ"တိ။

၁-နိက္ခိပိတွာ ဝတ္တမ္ပိ ကတ္ထစိ အတ္ထိ။ ၂-ဝိ(၃)၂၈-ပိဋ္ဌေ။
၃-အာဂါမိအရုဏဝသေနေဝ အရုဏုဋ္ဌာပနံ ကတ္ထစိ အတ္ထိ။
၄-ဓာ-ဋ္ဌ ၄(ပ၃)၄၃၀-ပိဋ္ဌေ။ ၅-အဘိ-ဋ္ဌ(၁)၁၇-၁၈-ပိဋ္ဌေသု အတ္ထိ။
၆-မူလ-ဋီ(၁)၁၈-ပိဋ္ဌေ အတ္ထိ။

တသ္မာ ဧကော ရတ္တိဒိဝေါ ဆပ္ပဟာရော ဟောတီတိ ဝိညာယတိ။ ဧဝံ မဇ္ဈိမဒေသဝေါဟာရေန တိယာမသင်္ခါတဿ တိပ္ပဟာရဿ အဝသာနေ သဗ္ဗရတ္တိပရိယောသာနေ ဥဋ္ဌိတံ အရုဏံ ပစ္စန္တဒေသဝေါဟာရေန တိပ္ပဟာရဿ အဝသာနေတိ ဂဟေတွာ ကေပ္ပဟာရာဝသေသကာလေ အရုဏော ဥဂ္ဂတောတိ ဝုတ္တတ္တာ အယမ္ပိ ဝါဒေါ အယုတ္တောယေဝ ဟောတီတိ ဒဋ္ဌဗ္ဗော။

ပဌမဝါဒ ဗဟဝေါ ပန ပဏ္ဍိတာ ခုဒ္ဒသိက္ခာနိဿယေ ဝုတ္တံ—

“သေတာရုဏဉ္စ ပဌမံ၊ ဒုတိယံ နန္ဒိယာဝဋ္ဋံ။
တတိယံ တမ္ဗဝဏ္ဏဉ္စ၊ စတုတ္ထံ ဂဒြဘံမုခ”န္တိ-

ဣမံ ဂါထံ နိဿာယ ကေရတ္တိယံ အရုဏော စတုက္ခတ္တုံ ဥဋ္ဌဟတိ။ တတ္ထ ပဌမံ သေတဝဏ္ဏံ ဟောတိ၊ ဒုတိယံ နန္ဒိယာဝဋ္ဋပုပ္ဖဝဏ္ဏံ ဟောတိ၊ တတိယံ တမ္ဗဝဏ္ဏံ ဟောတိ၊ စတုတ္ထံ ဂဒြဘမုခဝဏ္ဏံ ဟောတီတိ ဝတွာ ရတ္တောဘာသတော ပုရေတရံ အတီတရတ္တိကာလေယေဝ ဝတ္တနိကျေပနာဒိကမ္မံ ကရောန္တိ။ တေသံ တံ ကရဏံ အနိသမ္မကာရိတံ အာပဇ္ဇတိ။ အယဉှိ ဂါထာ နေဝ ပါဠိယံ ဒိဿတိ၊ န အဋ္ဌကထာယံ, န ဋီကာသု၊ ကေဝလံ နိဿယေ ဧဝ။ နိဿယေသု စ ဧတသ္မိံယေဝ ခုဒ္ဒသိက္ခာနိဿယေ ဒိဿတိ၊ န အညနိဿယေသု။ တတ္ထာပိ နေဝ ပုဗ္ဗာပရသမ္ဗန္ဓော ဒိဿတိ၊ န ဟေတုဖလာဒီဘာဝေါ၊ န စ လိင်္ဂနိယမောတိ န နိဿယကာရာစရိယေန ဌပိတာ ဘဝေယျ၊ အထ ခေါ ပစ္ဆာ အညေဟိ လေခကေဟိ ဝါ အဇ္ဈေနော ဣစ္ဆာနုရူပံ ဌပိတာ ဘဝေယျ။ တသ္မာ အယံ ဂါထာ ကုတော အာဂတ-

တာ ပါဠိတော ဝါ အဋ္ဌကထာတော ဝါ ဋီကာတော ဝါ ဝိန-ယတော ဝါ သုတ္တန္တတော ဝါ အဘိဓမ္မတော ဝါတိ ပဘာဝံ အပရိယေသိတွာ နိဿယေ ဒိဋ္ဌမတ္တမေဝ သာရတော ဂဟေတွာ ပါဠိယဋ္ဌကထာဋီကာသု ဝုတ္တဝစနံ အနိသာ-မေတွာ ကတတ္တာ အနိသမ္မကာရိတံ အာပဇ္ဇတိ။

တတြာယံ ပါဠိ—

“တေန ခေါ ပန သမယေန ဗုဒ္ဓေါ ဘဂဝါ သီတာသု ဟေမန္တိကာသု ရတ္တီသု အန္တရဋ္ဌကာသု ဟိမပါတသမယေ ရတ္တိံ အဗ္ဘောကာသေ ဧကစီ-ဝရော နိသီဒိ၊ န ဘဂဝန္တံ သီတံ အဟောသိ။ နိက္ခန္တေ ပဌမေ ယာမေ သီတံ ဘဂဝန္တံ အဟောသိ။ ဒုတိယံ ဘဂဝါ စီဝရံ ပါရုပိ၊ န ဘဂဝန္တံ သီတံ အဟောသိ။ နိက္ခန္တေ မဇ္ဈိမေ ယာမေ သီတံ ဘဂဝန္တံ အဟောသိ။ တတိယံ ဘဂဝါ စီဝရံ ပါရုပိ၊ န ဘဂဝန္တံ သီတံ အဟောသိ။ နိက္ခန္တေ ပစ္ဆိမေ ယာမေ ဥဒ္ဓသ္တေ အရုဏေ နန္ဒိမုခိယာ ရတ္တိယာ သီတံ ဘဂဝန္တံ အဟောသိ။ စတုတ္ထံ ဘဂဝါ စီဝရံ ပါရုပိ၊ န ဘဂဝန္တံ သီတံ အဟောသီ”တိ။

အယံ မဟာဝဂ္ဂေ စီဝရက္ခန္ဓကာဂတာ ဝိနယပါဠိ[1]။

“ပါဠိယံ နန္ဒိမုခိယာတိ တုဋ္ဌိမုခိယာ၊ ပသန္န-ဒိသာမုခါယာတိ အတ္ထော”တိ—

အယံ တံသံဝဏ္ဏနာယ ဝိမတိဝိနောဒနီပါဌော[2]။

၁-ဝိ (တ) ၄၀၁-ပိဋ္ဌေ ဆဋ္ဌ။ ၂-ဝိမတိ-ဋီ (၃) ၁၉၈-ပိဋ္ဌေ။

၁။ ကင်္ခါ ဝိနိစ္ဆယေ-၂၉-ပိဋ္ဌေ၊ ၂။ ဇာတက-၄-၇-၃၅၀-ပိဋ္ဌေ၊

“သာ ပုဗ္ဗသောဏေန ဖုဋ္ဌာ ပုဗ္ဗေ ဥပဓာရေန္တိ တတိယမ္ပိ တာနိ တာနိ ဌာနာနိ ဝါတဝေဂေန ဝိစရိ တာယ ဧကရတ္တိံ ဝိစရိတဋ္ဌာနံ ပရိဂ္ဂယှမာနံ ပန္နရသ-ယောဇနမတ္တံ အဟောသိ၊ အထ ရတ္တိ ဝိဘာယိ၊ အရုဏောဒယော ဇာတော” တိ ဝုတ္တံ။

ကိဉ္စာပိ ဝုတ္တနယေန ဗလဝပစ္စူသသဒိသ-ဝိဘာယန ကာလတော ပဋ္ဌာယ နာတိဒူရကာလေယေဝ ရတ္တဝဏ္ဏသင်္ခါတဿ အရုဏဿ ဥဂ္ဂတဘာဝံ ဒီပေတီတိ ဝိညာယတိ။ တသ္မာ ဣဓာဂတဝစနသမူဟော ဒဠှ-သာဓကော ဟောတိ။

၂၅။ အထောပိ အညံ သာဓကံ ဒီပေတဗ္ဗံ၊ အယံ ပန ပဉ္စဝီသတိမသာဓကဒီပနာ။

ခုဒ္ဒကနိကာယေ ဝိနယပိဋကေ သာရတ္ထဒီပနိဋီကာယံ[1]-

“ပစ္ဆိမေ ယာမေ ဗလဝပစ္စူသေ ပန အသိတ ပီတ သာယိတေ သမ္မာ ပရိဏာမဂတေ ကာယသ္မိံ ဩဇာယ ပတိဋ္ဌိတာယ အရုဏေ ဥဂ္ဂစ္ဆမာနေ ဒိဋ္ဌသုပိနော သမေတိ။

၁။ သာရတ္ထ-ဋီ-၂-၃၀၃-ဝိဓွေ။

ကုဋ္ဌနိမိတ္တံ သုပိနံ ပဿန္တော ကုဋ္ဌံ ပဋိလဘတိ၊ အနိဋ္ဌနိမိတ္တံ ပဿန္တော အနိဋ္ဌံ” တိ ဝုတ္တံ။

ဧတ္ထပိ ပုဗ္ဗေ ဗလဝပစ္စူသေတိ ဝတွာ ပစ္ဆာ အရုဏေ ဥဂ္ဂစ္ဆမာနေတိ ဝုတ္တံ ပုဗ္ဗာပရဝစနံ ဥပနိဓာယ ဗလဝပစ္စူသတောပိ ပစ္ဆာ နာတိဒူရေ အာသန္နကာလေ ယေဝ လောဟိတဝဏ္ဏသဏ္ဌိတာယ အရုဏာယ ဥဂ္ဂတဘာဝံ ဒီပေတီတိ ဝိညာယတိ။ တသ္မာ က္ကမာဂတဝစနသမူဟော အတိဒဠှသာမကော ဟောတိ။

၂၆။ အထာပိ အညံ သာမကံ ဒီပေတဗ္ဗံ၊ အယံ ပန ဆဗ္ဗီသတိမသာမကေဒီပနာ။

အင်္ဂုတ္တရနိကာယေ သုတ္တန္တပိဋကေ အင်္ဂုတ္တရ အဋ္ဌကထာယံ[1]

“ဗလဝပစ္စူသေ ပန အသိတပီတခါယိတေ သမ္မာ ပရိဏာမဂတေ ကာယသ္မိံ ဩဇာယ ပတိဋ္ဌိတာယ အရုဏေ ဥဂ္ဂစ္ဆမာနေ ဒိဋ္ဌသုပိနော သမေတီ”တျာဒိ ဝုတ္တံ။

ဧတ္ထပိ ဗလဝပစ္စူသေတိ ပုဗ္ဗေ ဝတွာ အရုဏေ ဥဂ္ဂစ္ဆမာနေတိ ပစ္ဆာ ဝုတ္တဝစနံ ဥပနိဓာယ ဗလဝပစ္စူသတောပိ ပစ္ဆာ နာတိဒူရေ အာသန္နကာလေယေဝ

[1] အံ၊ ၄၊ ၃၊ ၇၂-၇၃- ဝိဋ္ဌေသု။

ရတ္တဝဏ္ဏအရုဏဿ ဥဂ္ဂတဘာဝံ ဒီပေတီတိ ဝိညာယတိ။ တသ္မာ ဣမာဂတဝစနသမူဟော အတိဒဠှသာဓကော ဟောတိ။

၂၇။ အထောပိ အညံ သာဓကံ ဒီပေတဗ္ဗံ၊ အယံ ပန သတ္တ-ဝီသတိမသာဓကဒီပနာ။

သံယုတ္တနိကာယေ သုတ္တန္တပိဋကေ မဟာဝဂ္ဂ သံယုတ္တ အဋ္ဌကထာယံ [1]-

"ဗြာဟ္မဏီ ဥယျောဇေတွာ 'စုန္ဒ ကာ ဝေလာ' တိ အာဟ၊ ဗလဝပစ္စူသကာလော ဘန္တေ တိ၊ တေနဟိ ဘိက္ခု-သံဃံ သန္နိပါတေဟီတိ၊ သန္နိပတိတော ဘန္တေ ဘိက္ခု-သံဃောတိ၊ 'မံ ဥက္ခိပိတွာ နိသီဒါပေဟိ စုန္ဒာ'တိ၊ ဥက္ခိပိတွာ နိသီဒါပေသိ။ ထေရော ဘိက္ခူ အာမန္တေသိ "အာဝုသော စတုစတ္တာလီသံ ဝေါ ဝဿာနိ မယာ သဒ္ဓိံ ဝိစရန္တာနံ ယံ မေ ကာယိကံ ဝါ ဝါစသိကံ ဝါ န ရောစေထ၊ တံ ခမထ အာဝုသော"တိ၊ ဧတ္တကံ ဘန္တေ အမှာကံ ဆာယာ ဝိယ တုမှေ အမုဉ္စိတွာ ဝိစရန္တာနံ အရုစ္စနကံ နာမ နတ္ထိ၊ တုမှေ ပန အမှာကံ ခမထာတိ။ အထ ထေရော မဟာစီဝရံ သင်္ဟရိတွာ မုခံ ပိဓာယ ဒက္ခိဏေန ပဿေန နိပန္နော သတ္ထာ ဝိယ

၁။ သံ၊ ဋ္ဌ၊ ၃၊ ၂၅၁-၂၅၂-ဝိဋ္ဌေသု။

နဝ အနုပုဗ္ဗသမာပတ္တိယော အနုလောမ ပဋိလောမတော သမာပဇ္ဇိတွာ ပုန ပဌမဇ္ဈာနံ အာဒိံ ကတွာ ယာဝ စတုတ္ထဇ္ဈာနာ သမာပဇ္ဇိ တတော ဝုဋ္ဌာယ အနန္တရံ ယေဝ မဟာပထဝိံ ဥန္နာဒေန္တော အနုပါဒိသေသ-နိဗ္ဗာနဓာတုယာ ပရိနိဗ္ဗာယိ။

ဥပါသိကာ(လ) ယာဝ အရဟတ္တမနာ ပရိဒေဝိ၊ အရဟတော ဥဂ္ဂတမတ္တေယေဝ” တျာဒိ ဝုတ္တံ။

ဧတ္ထပိ ဗလဝပစ္စူသကာလောတိ ပုဗ္ဗေ ဝုတ္တာ တတော ပဋ္ဌာ အရဟတော ဥဂ္ဂတမတ္တေယေဝါတိ ဝုတ္တာနိ ဣမာနိ ဝစနာနိ ဥပနိဓာယ ဗလဝပစ္စူသကာလတောပိ ပဋ္ဌာ နာတိဒူရေ အာသန္နကာလေယေဝ လောဟိတ-ဝဏ္ဏသင်္ခါတဿ အရုဏဿ ဥဂ္ဂတဘာဝေါ ဒီပိတောတိ နိဿံသယေန ဝိညာယတိ။ တသ္မာ ဣဓာဂတဝစန-သမူဟော အတိဒဠှတရသာဓကော ဟောတိ။

၂၈။ အထောပိ အညံ သာဓကံ ဒီပေတဗ္ဗံ၊ အယံ ပန အဋ္ဌ-ဝီသတိမသာဓကဒီပနာ။

ဒီဃနိကာယေ သုတ္တန္တပိဋကေ မဟာဝဂ္ဂအဋ္ဌကထာ ယံ °-

၁။ ဒီ၊ ဋ္ဌ၊ ၂-၁၄၃၊ ဝိစ္ဆေ။

"ဂစ္ဆ မဟာဥပါသိကေ' တိ ဗြာဟ္မဏိံ ဥယျော-ဇေတွာ 'စုန္ဒ ကာ ဝေလာ'တိ အာဟ၊ ဗလဝပစ္စူသကာလော ဘန္တေတိ၊ တေနဟိ ဘိက္ခုသံဃံ သန္နိပါတေ-ဟီတိ၊ သန္နိပတိတော ဘန္တေ ဘိက္ခုသံဃောတိ၊ မံ ဥက္ခိပိတွာ နိသီဒါပေဟိ စုန္ဒာတိ၊ ဥက္ခိပိတွာ နိသီဒါပေသိ။ ထေရော သိက္ခူ အာမန္တေသိ 'အာဝုသော စတုစတ္တာလီသံ ဝေါ ဝဿာနိ မယာ သဒ္ဓိံ ဝိစရန္တာနံ ယံ မေ ကာယိကံ ဝါ ဝါစသိကံ ဝါ န ရောစေထ၊ ခမထ တံ အာဝုသောတိ။ ဧတ္တကံ ဘန္တေ အမှာကံ ဆာယာ ဝိယ တုမှေ အမုဉ္စိတွာ ဝိစရန္တာနံ အရုစ္စနကံ နာမ နတ္ထိ၊ တုမှေ ပန အမှာကံ ခမထာတိ။ အထ ထေရော အရုဏသိခါယ ပညာယ-မာနာယ မဟာပထဝိံ ဥန္နာဒယန္တော အနုပါဒိသေသာယ နိဗ္ဗာနဓာတုယာ ပရိနိဗ္ဗာယီ"တိ ဝုတ္တံ။

ဧတ္ထပိ ပုဗ္ဗေ ဗလဝပစ္စူသကာလောတိ ဝတွာ ပစ္ဆာ အရုဏသိခါယ ပညာယမာနာယာတိ ဝုတ္တတ္တာ ဗလဝ-ပစ္စူသကာလတောပိ ပစ္ဆာ အာသန္နကာလေဧဝ လောဟိတဝဏ္ဏသင်္ခါတဿ အရုဏဿ ဥဂ္ဂတဘာဝံ ဒီပေတီတိ နိဿံသယေန ဝိညာယတိ။ တသ္မာ ဣမာ-ဝတာဝစနသမူဟော အတိဒဠှတရသာဓကော ဟောတိ။

တေရဟိ ပန ဗဟူ ဘိက္ခူ ယထာဝုတ္တာနိ သာမကဝစနာနိ အနိဿာယ အသလ္လက္ခေတွာ အမနသိကတွာ သတိံ အဋ္ဌပေတွာ သာမကဝိရဟိတံ အာသဇ္ဇ အရုဏဝဏ္ဏဉ္စ ဝိရဒ္ဓံ အရုဏုဂ္ဂတကာလဉ္စ နိဿာယ အရုဏပဋိသံယုတ္တာနိ ဗဟူနိ ကမ္မာနိ ကရောန္တိ။ တာနိ ကမ္မာနိ ဝိရဒ္ဓကမ္မာနိ ဝိပတ္တိကမ္မာနိ ဟောန္တိ။ တေသံ ဘိက္ခူနံ ပစ္ဆာ အနုသရဏကာလေ ဗဟူနိ ကုက္ကုစ္စာနိ ဥပ္ပဇ္ဇန္တိ။ တသ္မာ သိက္ခကာမေဟိ အာပတ္တိ ဘီရုကေဟိ ဘိက္ခူဟိ ပဌမမေဝ ဉာဏတ္ထာယ 'အရုဏဝဏ္ဏော နာမ ကီဒိသော' တိ ဝါ 'အရုဏုဂ္ဂတကာလော ကော သဘာဝေါ' တိ ဝါ ပုနပ္ပုနံ ဝိစာရေတဗ္ဗော၊ ဝိနယဆေကဘိက္ခူနံ သန္တိကေ ပုစ္ဆိတဗ္ဗော။ ပုစ္ဆနဝသေန တေသံ သန္တိကာ လဒ္ဓဝစနာနိ စ ဝိနယာဒိသု အာဂတာနိ ယထာဝုတ္တာနိ ဒဠှသာမကဝစနာနိ စ နိဿာယ အဝိရဒ္ဓေါ ကိဉ္စိရတ္တဝဏ္ဏော အရုဏဝဏ္ဏောတိ စ ဝိနယာ လင်္ကာရဋီကာ-စရိယေန ယထာ ဝိနိစ္ဆိတော ကာလော အရုဏုဂ္ဂတကာလောတိ စ ဉာတဗ္ဗော စေဝ သလ္လက္ခေတဗ္ဗော စ။ ဉတွာ သလ္လက္ခေတွာ စ အရုဏပဋိသံယုတ္တံ တံ တံ ကမ္မံ ကာတဗ္ဗံ။ ကသ္မာ? ဘဂဝတာ ဝိဘင်္ဂေ ပါစိတ္တိယပါဠိယံ ၁-

၁။ ဝိ ၂။ ၁၈၆-ဝိဋ္ဌေ။

“သိက္ခမာနေန ဘိက္ခဝေ ဘိက္ခုနာ အညာတဗ္ဗံ
ပရိပုစ္ဆိတဗ္ဗံ ပရိပဉှိတဗ္ဗံ။ အယံ တတ္ထ သာမီစီ”တိ—

ဝုတ္တဿ အနုသာသနီဝစနဿ အတ္ထိဘာဝတော။ တသ္မာ သိက္ခမာနေန ဝဍ္ဎာဘိရုစိကေန ဘိက္ခုနာ ဉာဏတ္တာယ ပုစ္ဆိ-တဗ္ဗော၊ ပုစ္ဆနဝသေန ဥတ္တာဝ အရုဏပဋိသံယုတ္တံ တံ တံ ကမ္မံ ကာတဗ္ဗံ။

တတြိဒံ ဝုစ္စတိ—

၁၃။ လဇ္ဇီဟိ သိက္ခကာမေဟိ၊ ဝဍ္ဎာဘိရုစိကေဟိ ဘိက္ခုဟိ။
အရုဏော နာမ ဝဏ္ဏော စ၊ အရုဏုဂ္ဂတကာလော စ။

၁၄။ အဝိရဒ္ဓေန ဉာတဗ္ဗော၊ ဝိညာတုံ ပုစ္ဆိတဗ္ဗော ဝ။
ဥတ္တာ အရုဏသံယုတ္တံ၊ တံ တံ ကမ္မံ သုကာတဗ္ဗံ။

၁၅။ ကသ္မာ? ဇိနေန ဗုဒ္ဓေန၊ “သိက္ခမာနေန ဘိက္ခဝေ။
ဘိက္ခုနာ အညာတဗ္ဗ”န္တိ၊ ဝုတ္တဝါစာယ အတ္ထိတောတိ။

ဝိနိစ္ဆယသာဓကကဏ္ဍော သမတ္တော။

၅-ပုစ္ဆာဝိသဇ္ဇနာကဏ္ဍ

ဣမသ္မိံ ပန ဌာနေ အာဒိတော ပဋ္ဌာယ ယထာဝုတ္တာနိ ဝစနာနိ သန္ဓာယ သုခညာပနတ္ထာယ သလ္လက္ခဏတ္ထာယ စ ဧကဋ္ဌာနေ သမ္ပိဏ္ဍိတွာ ပုစ္ဆာဝိသဇ္ဇနာယုဂဠဝသေန ဒီပနနယော ကာတဗ္ဗော။

က။ ကော သဘာဝဓမ္မော အရုဏော နာမာတိ ပုစ္ဆာ။

သူရိယဿ ပဘာဝိသေသော အရုဏော နာမာတိ ဝိသဇ္ဇနာ။

ခ။ ကေနဋ္ဌေန အရုဏော နာမာတိ ပုစ္ဆာ။

အရုဏော ဝဏ္ဏော အဿာတိ အရုဏော၊ ကိဉ္စိ-ရတ္တဝဏ္ဏသမန္နာဂတောတိ အတ္ထော၊ တေနဋ္ဌေန အရုဏော နာမ။ အထ ဝါ အရတိ ဂစ္ဆတိ ရတ္တ-ဝဏ္ဏဘာဝေန ပဝတ္တတီတိ အရုဏော၊ တေနဋ္ဌေ-နာပိ အရုဏော နာမာတိ ဝိသဇ္ဇနာ။

ဂ။ ကီဒိသော ဝဏ္ဏော အရုဏဝဏ္ဏော နာမာတိ ပုစ္ဆာ။

ကိဉ္စိရတ္တဝဏ္ဏော အရုဏဝဏ္ဏော နာမာတိ ဝိသဇ္ဇနာ။

ဧတ္ထ ဟိ အရုဏဝဏ္ဏော နာမ ရတ္တပဒုမရတ္တ-ပဝါဠာဒိဝဏ္ဏော ဝိယ အတိရတ္တော န ဟောတိ။ တသ္မာ သော ဝဏ္ဏော အဘိဓာနပ္ပဒီပိကာယံ "ကိဉ္စိ-ရတ္တော"တိ ဝုတ္တော။ ဧဝံ ဝုတ္တောပိ သော ကိဉ္စိရတ္တော နာမ ပုရတ္ထိမဒိသာယံ ဥဂ္ဂတနာနာဝဏ္ဏေသု ပုရိမ-ပုရိမဝဏ္ဏေဟိ အဓိကော အန္တိမော ရတ္တဝဏ္ဏော-ယေဝ ဟောတိ၊ န ပဏ္ဍုဝဏ္ဏော။ တသ္မာ ဝိမတိ-ဝိနောဒနိယံ "ဝဓုနဃနရတ္တော"တိ ဝုတ္တော။ သဒ္ဒေ ပန အသဒိသောပိ အတ္ထတော ဧကသဒိသော ရတ္တဝဏ္ဏော ဝေ ဂဟေတဗ္ဗော။ ဧဝံ ဂဟိတေ တေသံ အညမညံ အဝိရောဓော၊ ဣတရထာ ဝိရောဓော ဟောတီတိ။

ဃ။ အရုဏဿ သဏ္ဌာနံ ကီဒိသံ ဘဝေယျာတိ ပုစ္ဆာ။

အရုဏဿ သဏ္ဌာနံ ရတ္တဝဏ္ဏေန ဇရဏာဒိသ-
သဏ္ဌာနံ။ အထ ဝါ ပုရတ္ထိမဒိသာ ဝိယ သဏ္ဌာနံ
ဘဝေတိ ဝိသဇ္ဇနာ။

၈။ ကိသ္မိံ ကာလေ အရုဏော ဥဂ္ဂတောတိ ပုစ္ဆာ။

ကိဉ္စိရတ္တဝဏ္ဏံ' ဒဿနကာလေ အရုဏော ဥဂ္ဂ-
တောတိ ဝိသဇ္ဇနာ။

၉။ ကိသ္မိံ ဒေသေ အရုဏော ဥဂ္ဂတောတိ ပုစ္ဆာ။

ပုရတ္ထိမဒိသာယံ အရုဏော ဥဂ္ဂတောတိ ဝိသဇ္ဇနာ။

၁၀။ အရုဏော နာမ ပစ္စက္ခသိဒ္ဓသမ္ဘိတော စက္ခုနာ
ပဿိတွာ ဇာနိတဗ္ဗသဘာဝေါ နု ခေါတိ ပုစ္ဆာ။

အရုဏော နာမ ပစ္စက္ခသိဒ္ဓသမ္ဘိတော စက္ခုနာ
ပဿိတွာ ဇာနိတဗ္ဗသဘာဝေါ ဟောတီတိ ဝိသ-
ဇ္ဇနာ။

၁၁။ အရုဏော နာမ အနုမာနေန ဇာနိတဗ္ဗသဘာဝေါ
အနုမာနသိဒ္ဓေါ နု ခေါတိ ပုစ္ဆာ။

အရုဏော နာမ စက္ခုနာ ပဿိတွာ ဇာနိတဗ္ဗသ-
ဘာဝေါ၊ တသ္မာ နေဝ အနုမာနသိဒ္ဓေါ ဟောတီတိ
ဝိသဇ္ဇနာ။

တေနေတံ ဝုစ္စတိ—

၁၂။ ကော ဓမ္မော အရုဏော နာမ၊
ကေနဋ္ဌေနာရုဏော နာမ။
သုရိယာဘာဝိသေသော ဝ၊
ရတ္တဋ္ဌေနာရုဏော နာမ။

၁၇။ ကော ဝဏ္ဏော အရူပေါ နာမ၊
ကီဒိသံ တဿ သဏ္ဌာနံ။
ကိမ္ဗိရဝဏ္ဏော အရူပေါ နာမ၊
ပုရတ္ထိမာဝ သဏ္ဌာနံ။

၁၈။ ကိသ္မိံ ကာလေ စ ဒေသေ စ၊
အရူပေါ နာမ ဥဂ္ဂတော။
ကိမ္ဗိရဇ္ဇဒိဋ္ဌကာလေ၊
ပုရတ္ထိမာယ ဥဂ္ဂတော။

၁၉။ ယော ပစ္စက္ခသိဒ္ဓေါ နု၊
အနုမာနေန သိဒ္ဓေါ နု။
ယော ပစ္စက္ခသိဒ္ဓေါဝ၊
နေဝါနုမာနသိဒ္ဓေါ တူတိ။

၇။ အယောပိ ကိမ္ဗိရဇ္ဇဝဏ္ဏသဏ္ဌာနော အရူပေါ ပစ္ဆိမသကာလတော ပုဗ္ဗေ ဥဂ္ဂတော နု၊ ဥဒါဟု ပစ္ဆာတိ ကောစိ ပုစ္ဆေယျ။

ကိမ္ဗိရဇ္ဇဝဏ္ဏသဏ္ဌာနော အရူပေါ ပစ္ဆိမသကာလတော ပုဗ္ဗေ န ဥဂ္ဂတော၊ ပစ္ဆာဝ ဥဂ္ဂတောတိ ဇာနမာနော ဘိက္ခု ဝိသဇ္ဇေယျ။

၈။ ကိမ္ဗိရဝဏ္ဏော အရူပေါ ပစ္ဆိမသကာလတော ပစ္ဆာ ဒူရကာလေ ဝါ အာသန္နကာလေ ဝါ ဥဂ္ဂတောတိ ပုစ္ဆေယျ။

ကိမ္ဗိရဝဏ္ဏော အရူပေါ ပစ္ဆိမသကာလတော ပစ္ဆာ ဒူရကာလေယေဝ ဥဂ္ဂတော၊ န အာသန္နကာလေတိ ဝိသဇ္ဇေယျ။

ပစ္စူသကာလတောတိ ဧတ္ထ "ပစ္စူသော"တိ ဝစနံ ဒုဗ္ဗလပစ္စူသံ သန္ဓာယ ဝုတ္တန္တိ ဒဋ္ဌဗ္ဗံ၊ ယထာ ဧတ္ထ၊ ဧဝမေဝ ဣတော ပုဗ္ဗေသုပိ ပရေသုပိ။

၄။ ကိံရူပော အရုဏော ပစ္စူသကာလတော ပစ္ဆာ ကိတ္တကေ ဒူရကာလေ ဥဂ္ဂစ္ဆတီတိ ပုစ္ဆေယျ။

ကိံရူပော အရုဏော ပစ္စူသကာလတော ပစ္ဆာ ဗလဝပစ္စူသကာလေပိ အနုဂ္ဂမိတွာ တံ ကာလမ္ပိ အတိက္ကမိတွာ ပဝတ္တတ္တာ ဧတ္တကေ ဒူရကာလေ ဥဂ္ဂစ္ဆတီတိ ဝိသဇ္ဇေယျ။

၅။ ကိံ ဥပနိဿာယ ဧတံ ဝိညာယတီတိ ပုစ္ဆေယျ။

မဟာပရိနိဗ္ဗာနသုတ္တ ဝဏ္ဏနာယံ ဗလဝပစ္စူသတော ပစ္ဆာယေဝ အရုဏုဂ္ဂမနဿ ဝုတ္တတ္တာ တံ ဝစနံ ဥပနိဿာယ ဗလဝပစ္စူသကာလတော ပစ္ဆာယေဝ ကိံရူပော အရုဏော ဥဂ္ဂစ္ဆတီတိ ဝိညာယတီတိ ဝိသဇ္ဇေယျ။

၆။ ပစ္စူသော ကိတ္တကော ပဘေဒေါတိ ပုစ္ဆေယျ။

ပစ္စူသော နာမ အာလောကဝသေန ဒုဗ္ဗလပစ္စူသော စ ဗလဝပစ္စူသော စာတိ ဒုဝိဓော ဟောတီတိ ဝိသဇ္ဇေယျ။

၇။ ကိံ ဥပနိဿာယ ကိံ မနသိကတွာ ဧတံ ဝိညာယတီတိ ပုစ္ဆေယျ။

မဟာပရိနိဗ္ဗာနသုတ္တဝဏ္ဏနာယံ အာဂတံ "ဗလဝပစ္စူသေ"တိ ဝစနံ ဥပနိဿာယ ဝိနယေသု အာဂတံ

“ပစ္စူသသမယေ”တိ ဝစနံ ဒုဗ္ဗလပစ္စူသဝသေန မနသိ ကတွာ ပစ္စူသော နာမ အာလောကဝသေန ဒုဗ္ဗလပစ္စူသော စ ဗလဝပစ္စူသော စာ တိ ဒုဝိဓော ဟောတီတိ ဝိညာယတီတိ ဝိသဇ္ဇေယျ။

ဆ။ ဧဝံ ဒုဝိဓေ သတိ ဗလဝပစ္စူသတော ပုဗ္ဗသမီပတော ဒုဗ္ဗလပစ္စူသတော ပစ္ဆာသမီပတော ဒွိန္နံ ပစ္စူသာနံ အန္တရကာလေ ကိဉ္စိရတ္တော အရုဏော ဥဂ္ဂတော နု ခေါတိ ပုစ္ဆေယျ။

တာဒိသေ ဒွိန္နံ ပစ္စူသာနံ အန္တရကာလေ ကိဉ္စိ-ရတ္တော အရုဏော န ဥဂ္ဂတောတိ ဝိသဇ္ဇေယျ။

ဇ။ ဧဝံ ဒုဝိဓေသု ပစ္စူသေသု ကုတော ပစ္စူသတော ပစ္ဆာ ကိဉ္စိရတ္တော အရုဏော ဥဂ္ဂတောတိ ပုစ္ဆေယျ။

ဒုဝိဓေသု ပစ္စူသေသု ဗလဝပစ္စူသတော ပစ္ဆာ-ယေဝ ကိဉ္စိရတ္တော အရုဏော ဥဂ္ဂတောတိ ဝိသ-ဇ္ဇေယျ။

ဈ။ ကိံ ဥပနိဓာယ ဧဝံ ဝိညာယတီတိ ပုစ္ဆေယျ။

မဟာပရိနိဗ္ဗာနသုတ္တဝဏ္ဏနာယံ ဗလဝပစ္စူသ-တော ပစ္ဆာယေဝ အရုဏုဂ္ဂမနဿ ဝုတ္တတ္တာ တံ ဝစနံ ဥပနိဓာယ ဒွိန္နံ ပစ္စူသာနံ အန္တရကာလေ အရုဏ-ဿ အနုဂ္ဂတဘာဝေါ စ ဗလဝပစ္စူသတော ပစ္ဆာ-ယေဝ အရုဏဿ ဥဂ္ဂတဘာဝေါ စ ဝိညာယတီတိ ဝိသဇ္ဇေယျ။

ည။ ကတိဟိ အင်္ဂေဟိ သမ္ပန္နကာလော အရုဏုဂ္ဂတ-ကာလောတိ ဝိညာယတီတိ ပုစ္ဆေယျ။

တီဟိ အင်္ဂေဟိ သမ္ပန္နကာလော အရုဏုဂ္ဂတကာလောတိ ဝိညာယတီတိ ဝိသဇ္ဇေယျ။

၂။ ကတမေဟိ တီဟိ အင်္ဂေဟိ သမ္ပန္နကာလော အရုဏုဂ္ဂတကာလောတိ ဝိညာယတီတိ ပုစ္ဆေယျ။

သူရိယုဂ္ဂမနတော ပုဗ္ဗပဝတ္တနဋ္ဌ,
ဗလဝပစ္စူသကာလတော ပစ္ဆာပဝတ္တနဋ္ဌ,
ကိဉ္စိရတ္တဝဏ္ဏံ ဒဿနဋ္ဌာတိ—

ဣမေဟိ တီဟိ အင်္ဂေဟိ သမ္ပန္နကာလော အရုဏုဂ္ဂတကာလောတိ ဝိညာယတီတိ ဝိသဇ္ဇေယျ။

၃။ ပုဗ္ဗေ ဝုတ္တေသု ဝစနေသု ကတမာနိ ဝစနာနိ နိဿာယ ဣမာနိ တီဏိ အင်္ဂါနိ ဝုတ္တာနီတိ ပုစ္ဆေယျ။

ဝိနယာဒီဟိ ဥဒ္ဓရိတွာ ဂဟေတွာ ပုဗ္ဗေ ဒီပိတာနိ ဗဟူနိ ဝစနာနိ နိဿာယ ဣမာနိ တီဏိ အင်္ဂါနိ ဝုတ္တာနီတိ ဝိသဇ္ဇေယျ။

ပုဗ္ဗေယေဝ တိ အရုဏကထာကဏ္ဍေ "သူရဿ ဥဒယတော ပုဗ္ဗေ ဥဋ္ဌိတရံသိ အရုဏော နာမ ဘိယာ"တျာဒိနာ ဒီပိတာနိ ဗဟူနိ ဝစနာနိ စ အထောပိ သံယုတ္တနိကာယေ မဟာဝဂ္ဂေ မဂ္ဂသံယုတ္တေ[1] "သူရိယဿ ဘိက္ခဝေ ဥဒယတော ဧတံ ပုဗ္ဗင်္ဂမံ ဧတံ ပုဗ္ဗနိမိတ္တံ၊ ယဒိဒံ အရုဏုဂ္ဂ"န္တိ ဘဂဝတာ ဝုတ္တာနိ ဝစနာနိ စ နိဿာယ "သူရိယုဂ္ဂမနတော ပုဗ္ဗပဝတ္တနဋ္ဌာ"တိ ပဌမံ အင်္ဂံ ဝုတ္တံ။

၁-သံ (တ) ၂၃-၂၄-၂၅-ပိဋ္ဌေသု အတ္ထိ။

ပုဗ္ဗေယေဝ ဝိနယတော ဝါ သုတ္တန္တတော ဝါ ဥဒ္ဓရိတွာ ဒီပိတာနိ "ပစ္စူသသမယေ စတူဟိ ပဉ္စဟိ ဝါ ဘိက္ခူဟိ သဒ္ဓိ"န္တိ စ "ဗလဝပစ္စူသေ ပရိနိဗ္ဗုတတ္တာ"တိ စ ဧဝမာဒီနိ ဗဟူနိ ဒဿာကေဝစနာနိ နိဿာယ "ဗလဝပစ္စူသကာလတော ပဋ္ဌာ-ပဝတ္တနဋ္ဌာ"တိ ဒုတိယံ အင်္ဂံ ဝုတ္တံ။

ပုဗ္ဗေယေဝ "မဇ္ဈက္ခိသမာနအဗျတ္တရတ္တောဘာသဿ ပညာယမာနကာလတော ပဋ္ဌာယ ဝတ္တနိကြောပနာဒိကမ္မံ ကာတဗ္ဗံ"တျာဒိနာ ဝုတ္တာနိ ဗဟူနိ ဝစနာနိ နိဿာယ "ကိဉ္စိရတ္တဝဏ္ဏံ ဒဿနဋ္ဌာ"တိ တတိယံ အင်္ဂံ ဝုတ္တံ။

ဧဝံ ပုဗ္ဗေ ဒီပိတာနိ ဗဟူနိ ဝစနာနိ နိဿာယ ဣမာနိ တီဏိ အင်္ဂါနိ ဝုတ္တာနီတိ ဒဋ္ဌဗ္ဗာနိ။

ပ။ အထောပိ ဣမေဟိ တီဟိ အင်္ဂေဟိ သမ္ပန္နော အရုဏုဂ္ဂတကာလော ပေါရာဏဃဋိဝသေန ကတရဃဋိကာလေ ပဝတ္တောတိ ပုစ္ဆေယျ။

တာဒိသော အရုဏုဂ္ဂတကာလော သူရိယုဂ္ဂမနတော ပုဗ္ဗေ ပေါရာဏဃဋိဝသေန ကေဃဋိမတ္တေ ကာလေ ပဝတ္တောတိ ဝိသဇ္ဇေယျ။

အရုဏကထာကဏ္ဍေ ဟိ "သူရိယမဏ္ဍလဿ ဒိဿနကာလတော ပုဗ္ဗေ ကေဃဋိကာမတ္တေန ဝါ" တျာဒိနာ ဝုတ္တာနိ ဗဟူနိ ဝစနာနိ နိဿာယ သူရိယုဂ္ဂမနတော ပုဗ္ဗေ ပေါရာဏဃဋိဝသေန ကေဃဋိမတ္တေ ကာလေ တာဒိသော အရုဏုဂ္ဂတကာလော ပဝတ္တောတိ ဝိညာယတိ။

[illegible] အထောပိ ယထာဝုတ္တော ပေါရာဏကေဆင်္ဂိကာလော တေရဟိ စက္ကဆင်္ဂိယာ ပမာဏဝသေန ကိတ္တကေန ကာလေန သမာနော ဟောတီတိ ပုစ္ဆေယျ။

တာဒိသော ပေါရာဏကေဆင်္ဂိကာလော စက္ကဆင်္ဂိယာ မိနုပမာဏဝသေန စတုဝီသတိမိနုကာလေန သမာနော ဟောတီတိ ဝိသဇ္ဇေယျ။

ဣမ ဟိ ဂန္ထေ ပုဗ္ဗေယေဝ "ပေါရာဏကေဆင်္ဂိကာလော စက္ကဆင်္ဂိယာ စတုဝီသတ်မိနုကာလေန သမာနကာလော ဟောတီ"တျာဒိနာ ဝုတ္တာနိ ဗဟူနိ ဝစနာနိ နိဿာယ ဣဒံ ဝစနံ ဝုတ္တန္တိ ဒဋ္ဌဗ္ဗံ။

၈။ စက္ကဆင်္ဂိဝသေန သူရိယုဂ္ဂမနတော ပုဗ္ဗေ ကိတ္တကေ ဒူရေ ကာလေ ကိဋ္ဌိရတ္တော အရုဏော ဥဂ္ဂစ္ဆတီတိ ပုစ္ဆေယျ။

သူရိယုဂ္ဂမနတော ပုဗ္ဗေ စတုဝီသတိမိနုမတ္တေယေဝ ဒူရေ ကာလေ ကိဋ္ဌိရတ္တော အရုဏော ဥဂ္ဂစ္ဆတီတိ ဝိသဇ္ဇေယျ။

ဧတ္တ စ သူရိယုဂ္ဂမနကာလံ စတုဝီသတိမိနေဟိ အနာဂတေ ကာလေ ကိဋ္ဌိရတ္တော အရုဏော ဥဂ္ဂတောတိ အဓိပ္ပါယော ဝိညာယတိ။ သစေ ဟိ အဟောရတ္တသမေ ဒိဝသေ ဆဆင်္ဂိကာလေ သူရိယော ဥဂ္ဂစ္ဆတိ။ တတော ပုဗ္ဗေ ပဉ္စဆင်္ဂိတော ဆတ္တိံသမိနာဒိကော ကာလော အရုဏုဂ္ဂတကာ-

လောတိ ဝိညာယတိ။ သော ဟိ ကာလော သူရိယုဂ္ဂမနတော ပုဗ္ဗော စတုဝီသတိမိနမတ္တောယေဝ ဒူရော ကာလော ဟောတိ၊ သူရိယုဂ္ဂမနကာလံ စတုဝီသတိမိနေဟိ အသမ္ပတ္တော ကာလော စ ဟောတိ။ တသ္မာ သော ကာလော အရုဏုဂ္ဂတကာလောတိ သလ္လက္ခေတဗ္ဗော။ ယထာ ဣမသ္မိံ ဒိဝသေ၊ ဧဝမေဝ အညေသု အဟောရတ္တဝိသမေသု ဒိဝသေသုပိ ဝုတ္တနယာနုသာရေန အရုဏုဂ္ဂတကာလော သလ္လက္ခေတဗ္ဗော။

ဧဝံ ပုဗ္ဗေ ဝိတ္ထာရေန ဝုတ္တာနိ ဝစနာနိ စ ပုဋ္ဌာဝိသဇ္ဇနာဝသေန ဝုတ္တာနိ ဣမာနိ ဝစနာနိ စ နိဿာယ သူရိယုဂ္ဂမနတော ပုဗ္ဗပဝတ္တနဋ္ဌ, ဗလဝပစ္စူသကာလတော ပစ္ဆာပဝတ္တနဋ္ဌ ကိဉ္စိရတ္တဝဏ္ဏံ ဒဿနဋ္ဌာတိ ဣမေဟိ တီဟိ အင်္ဂေဟိ သမ္ပန္နကာလော အရုဏုဂ္ဂတကာလောတိ နိဿံသယေန သာဓုကံ ဝိညာယတိ။ အထောပိ တံ အရုဏုဂ္ဂတကာလံ သုခညာတုကာမေဟိ ဘိက္ခူဟိ ဧကေကမာသန္တရေ ဝါ ဧကေကပက္ခန္တရေ ဝါ ပုဗ္ဗေ ဧကေကဒိဝသေ သူရိယုဂ္ဂမနကာလေ စက္ကဃဋ္ဋိပမာဏော သလ္လက္ခေတဗ္ဗော။ ပစ္ဆာဒိဝသေသု ပန တတော သူရိယုဂ္ဂမနကာလတော ပုဗ္ဗေ စတုဝီသတိမိနေ ကာလေ အရုဏော ဥဂ္ဂတောတိ နိဿံသယေန သလ္လက္ခေတဗ္ဗော။ ဧဝမ္ပိ အယံ အရုဏုဂ္ဂတကာလဝိနိစ္ဆယော သာဓုကံ ဝိညာယတိ။

အထောပိ တံ ဝိနိစ္ဆယံ သင်္ခေပေန လက္ခိတုကာမာနံ ဥပဓာရိတုကာမာနံ အတ္ထာယ တိဿော သင်္ခေပဂါထာယော ရစိတဗ္ဗာ—

၂၀။ သူရိယုဂ္ဂတပုဗ္ဗော စ၊ မလပဋ္ဌာသတော ပစ္ဆာ။
ဒသဃန် ကိဋ္ဌိရုတ္တန္တိ၊ တိအင်ပူရကာလေ၁၀။

၂၁။ အရုဏုဂ္ဂတကာလေ၁တိ၊ နိုသံသယေန ဉာတဗ္ဗော။
အထော ဃဋ္ဋိပမာဏေန၊ သူရောဒယဃဋ္ဋိ ဥတ္တာ။

၂၂။ သူရိယောဒယတော ပုဗ္ဗေ၊ စတုဝီသမိနေ့ ကာလေ။
အရုဏော ဥဂ္ဂတော ဝေ၊အယံ ဝိနိစ္ဆယော ဧ ယျောတိ။

အထ ဝါ အတိသခေ်ပေန လက္ခဏတ္ထာယ ဒွေ ဂါ-
ထာယော ရစိတာ—

၂၃။ သူရိယောဒယတော ပုဗ္ဗေ၊
မလပဋ္ဌာသတော ပရေ။
ကိဋ္ဌိရုတ္တဒိဋ္ဌိကာလေ၊
ဃဋိယာ ပရိမာဏတော။

၂၄။ စတုဝီသမိနေ့ ကာလေ၊
အရုဏော ဥဂ္ဂတော ဝေ။
အယံ ဝိနိစ္ဆယော ဧ ယျော၊
သိက္ခကာမေဟိ ဘိက္ခုဟီတိ။

အထ ဝါ အတိရေကတရသခေ်ပေန လက္ခဏတ္ထာယ
ကော ဂါထာ ရစိတာ—

၂၅။ စက္ကဃဋ္ဋိပမာဏေန၊
သူရိယောဒယတော ပုဗ္ဗေ။
စတုဝီသမိနေ့ ကာလေ၊
အရုဏော ဥဂ္ဂတော ဟောတီတိ။

အယံ ပန ဥယျောဇနာ—

၂၆။ ဝဇ္ဇာဘီရုကဘိက္ခုနံ၊
ဝဇ္ဇေဟိ မောစနတ္ထာယ။
ဝိသုဒ္ဓသီလကာမာနံ၊
သုဒ္ဓတ္ထာယ စ သီလသော။

၂၇။ သိက္ခာကာမိကဘိက္ခုနံ၊
သာဓုကံ သိက္ခနတ္ထာယ။
ကုက္ကုစ္စယိကဘိက္ခုနံ၊
ကုက္ကုစ္စဝိဂတတ္ထာယ။

၂၈။ ဝိနယာဒီသု ဂန္ထေသု၊
အာဂတံ အတိယုတ္တိကံ။
ဒဠှဝါစံဝ နိဿာယ၊
အယံ ဝိနိစ္ဆယော ကတော။

၂၉။ န ဝိရောဓေကရတ္ထာယ၊
န သာရမ္ဘာဒိအတ္ထာယ။
တသ္မာ တောဒိသာ ဘိက္ခူ၊
တဒတ္ထသာဓနတ္ထာယ။

၃၀။ ဣမံ ဝိနိစ္ဆယံ ဘဒ္ဒံ၊
သက္ကစ္စံ ဥပလက္ခန္တု။
အာကင်္ခမာနဘိက္ခူပိ၊
သာဓုကံ ဥပဓာရေန္တူတိ။

ပုဏ္ဏာဝိသဇ္ဇနာကထာ သမတ္တာ။

အရုဏုဂ္ဂကာလဝိနိစ္ဆယော
နိဋ္ဌိတော။

နိဂမနာဒီဒီပနာ

၃၁။ ရမည်းသင်းခရိုင်အန္တရေ၊
နဘူးကျောင်းနာမဂါမကေ။
မာတာပိတူဟိ သုဒ္ဓေဟိ၊
သုဇာတေန ပဝတ္တိယံ။

၃၂။ မင်းဘူးခရိုင်အန္တောဂဓေ၊
နဂရေ စကုနာမိကေ။
မြောင်းဦး ညောင်ကိုင်းတိ နာမာနံ၊
ဒွိန္နံ ဂါမာနမန္တိကေ။

၃၃။ ရန်ကင်းနာမိကအာရာမေ၊
ဝိဝေကာရညအာဝါသေ။
သုဝသန္တေန ဘဒ္ဒန္တ-
တိဿရဝှယထေရေန။

၃၄။ ဝိယာသီလာနမတ္ထာယ၊
ကတော အယံ ဝိနိစ္ဆယော၊
အစိရေနေဝ ကာလေန၊
အဝေရေနေဝ နိဋ္ဌိတော။

၃၅။ ဣမိနာ ပုညကမ္မေန၊
ဣစ္ဆိတံ ဗောဓိဉာဏဉ္စ။
သုခပ္ပဋိပဒဉ္စေဝ၊
ခိပ္ပါဘိညဉ္စ ပတ္တေမိ။

၃၆။ ယထာ တိဋ္ဌတိ သဒ္ဓမ္မော၊
တထာ ဌာတု ဝိနိစ္ဆယော။
ယာဝ တိဋ္ဌတိ သဒ္ဓမ္မော၊
တာဝ ဌာတု ဝိနိစ္ဆယောတိ။

ပရိနိဋ္ဌိတဝဿာဒိ

၃၇။ ဗုဒ္ဓဿ ပရိနိဗ္ဗာနာ၊
ပဉ္စာယ ဂဏနံ ကတေ။
ဒွိသဟဿေ ပဉ္စသတေ၊
ဝဿေပိ စ နဝါဓိကေ။

၃၈။ သက္ကရာဇေန မနုဿာနံ၊
ကောဇာသချိတ ဝဿေန။
သဟဿေ တိသတေ စာပိ၊
သတ္တဝီသတိမေ ဝဿေ။

၃၉။ မာဃနာမိကမာသေ စ၊
သုက္ကပက္ခဿ ပဉ္စမေ။
အယံ ဝိနိစ္ဆယော ဘဒ္ဒေါ၊
သမ္ဘာကာရေန နိဋ္ဌိတောတိ။

ဣတိ ပဏာမာဒိဒီပနပဉ္စကဏ္ဍနိဂမနာဒိဒီပနဝသေန
သတ္တဟိ ဌာနေဟိ ပရိဒီပိတော
အရုဏုဂ္ဂကာလဝိနိစ္ဆယော
သမ္ဘာကာရေန
ပရိနိဋ္ဌိတော။

ဣမေ ပန ဣမဿ ဝိနိစ္ဆယဿ နိဿယာ နာနာဂန္ထာ—

၁	ခုဒ္ဒကနိကာယ	ဝိနယပိဋက	ပါစိတ္တိယပါဠိ
၂	။	။	မဟာဝဂ္ဂပါဠိ
၃	။	။	စူဠဝဂ္ဂပါဠိ
၄	။	။	ပါရာဇိကကဏ္ဍအဋ္ဌကထာ
၅	။	။	မဟာဝဂ္ဂအဋ္ဌကထာ
၆	။	။	စူဠဝဂ္ဂအဋ္ဌကထာ
၇	။	။	ဝိနယသင်္ဂဟအဋ္ဌကထာ
၈	။	။	ကင်္ခါဝိတရဏီအဋ္ဌကထာ
၉	။	သာရတ္ထဒီပနီဋီကာတေရသကဏ္ဍ (ဒု)	
၁၀	။	။	ဝိမတိဝိနောဒနီဋီကာ (ပ-ဒု)
၁၁	။	။	ဝိနယာလင်္ကာရဋီကာ (ပ)
၁၂	။	သုတ္တန္တပိဋက	ဥဒါနပါဠိ
၁၃	။	။	ဥဒါနအဋ္ဌကထာ
၁၄	။	။	ဇာတကအဋ္ဌကထာ
၁၅	။	။	ဓမ္မပဒပါဠိ
၁၆	။	။	မိလိန္ဒပဉှာပါဠိ
၁၇	ဒီဃနိကာယ	။	မဟာဝဂ္ဂအဋ္ဌကထာ
၁၈	သံယုတ္တနိကာယ	။	မဟာဝဂ္ဂသံယုတ္တပါဠိ
၁၉	ခုဒ္ဒကနိကာယ	အဘိဓမ္မပိဋက	အဋ္ဌသာလိနီအဋ္ဌကထာ
၂၀	။	။	မူလဋီကာ
၂၁	နာနာနိကာယ	နာနာပိဋက	အဘိဓာနပ္ပဒီပိကာ
၂၂	။	။	အဘိဓာနပ္ပဒီပိကာဋီကာ

အယံ ပန ဒွါဒသမာသေသု သာမညနိဒ္ဒေသော အရုဏုဂ္ဂကာလော—

မာသ နာမ	အရုဏုဂ္ဂကာလ		သူရိယုဂ္ဂကာလ	
	ဃဋီ	မိနု	ဃဋီ	မိနု
စိတ္တ	၅	၃၆	၆	၀
ဝိသာခ	၅	၂၆	၅	၅၀
ဇေဋ္ဌ	၅	၁၆	၅	၄၀
အာသဠှ	၅	၆	၅	၃၀
သာဝဏ	၅	၁၆	၅	၄၀
ဘဒ္ဒရ	၅	၂၆	၅	၅၀
အဿယုဇ	၅	၃၆	၆	၀
ကတ္တိက	၅	၄၆	၆	၁၀
မာဂသိရ	၅	၅၆	၆	၂၀
ဖုဿ	၆	၆	၆	၃၀
မာဃ	၅	၅၆	၆	၂၀
ဖဂ္ဂုဏ	၅	၄၆	၆	၁၀

၄၀။ အယံ ကာလော န ကေန္တွာ၊ သမ္ဗုဒ္ဓ န သမော တဿာ။
ဥဇုကေန တုလယိတွာဝ၊ သစ္စကာလံ ဝိဇာနာထ။

အရဟတ်တက်ချိန်အဆုံးအဖြတ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ပဏာမစသည်ကို ပြခြင်း

၁။ အရဟတ္တပုရာသန္နေ၊ ယော ဗုဒ္ဓတ္တဉ္စ သမ္ပတ္တော။
ပရိနိဗ္ဗာနမာတုံ စ၊ တံ'ဟံ ဝန္ဒာမိ သက္ကစ္စံ။

၂။ သတ္တာနံ နိမ္မလတ္ထာယ၊ သွာက္ခာတံ တေန ဓမ္မဉ္စ။
သံဃဉ္စ သုပ္ပဋိပ္ပန္နံ၊ အဟံ ဝန္ဒာမိ သက္ကစ္စံ။

၃။ ဣဒါနိ ဗဟဝေါ ဘိက္ခူ၊ အရဟံ နာမ ဝဏ္ဏဉ္စ။
အရဟတ္တကာလဉ္စ၊ ယထာဘူတံ န ဇာနန္တိ။

၄။ တသ္မာ သေတာဒိဝဏ္ဏံပျ-ရဟဝဏ္ဏန္တိ မညန္တိ။
ဝိနယာဒီသု ဂန္ထေသု၊ အနာဂတံ အယုတ္တဉ္စ။

၅။ အရဟတ္တကာလမ္ပိ၊ ကထေန္တိ အတ္တဆန္ဒေန။
ကသ္မာ? တေသွာဂတံ ကာလံ၊ သမ္မာ တေသံ
အညာဏတ္တာ။

၆။ တေသံ ဝိညာပနတ္ထာယ၊ အရဟတ္တကာလိကံ။
ဝိနိစ္ဆယံ ကရောဟီတိ၊ ပိယသီလေန သာဓုနာ။

၇။ မဟာထေရေန ဘဒ္ဒန္တ-ဝိမလေနာဘိယာစိတော။
အဟံ ဝိနယအာဒီသု၊ အာဂတဉ္စာတိယုတ္တိကံ။

၈။ အရဟတ္တကာလံဝ၊ ဉာဏေန ဥပနိဿာယ။
လဋ္ဌီပေသလဘိက္ခူနံ၊ တမ္ဗူလကေဟိ ဝန္ဒေဟိ။

၉။ မုတ္တတ္တ္တ ဝိသုဒ္ဓတ္တံ၊ ဘဒ္ဒံ ပကရဏံ ဣမံ။
ကရိဿံ အရဟတ္တကာ-လဝိနိစ္ဆယနာမိကံ။

၁။ ယော ဗုဒ္ဓေါ၊အကြင်မြတ်စွာဘုရားသည်။ အရဟတ္တပုရာသန္နော၊ အရဟတ်တက်ချိန်မှ ရှေးအနီး၌။ ဝါ၊ အရဟတ်တက်ခါနီး၌။ ဗုဒ္ဓတ္တ္တ၊ ဘုရားအဖြစ်သို့လည်း။ သမ္ပတ္တော၊ ကောင်းစွာ ရောက်တော်မူလေပြီ။ အရဟတ္တပုရာသန္နော၊ အရဟတ်တက်ခါနီး၌။ ပရိနိဗ္ဗာနဓာတုံ စ၊ ပရိနိဗ္ဗာနဓာတ်သို့လည်း။ သမ္ပတ္တော၊ ကောင်းစွာရောက်တော်မူလေပြီ။ တံ ဗုဒ္ဓံ၊ အရဟတ်တက်ခါနီး၌ ဘုရားဖြစ်၍ အရဟတ်တက်ခါနီး၌ ပရိနိဗ္ဗာန် ဝင်စံတော်မူသော ထိုမြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ သက္ကစ္စံ၊ ရိုသေစွာ။ ဝန္ဒာမိ၊ ရှိခိုးပါ၏။

၂။ သတ္တာနံ၊ သတ္တဝါတို့၏။ နိမ္မလတ္တာယ၊ ကိလေသာ အညစ်အကြေး ကင်းဝေးခြင်းအကျိုးငှါ။ ဒေသန ဗုဒ္ဓေန၊ ထိုမြတ်စွာဘုရားသည်။ သွာက္ခာတံ၊ ကောင်းစွာဟောကြားတော်မူအပ်သော။ဓမ္မဉ္စ၊ မဂ်လေးတန်,ဖိုလ်လေးတန်,နိဗ္ဗာန်, ပရိယတ် ဆယ်ပါးသော တရားတော်မြတ်ကိုငင်း။ သုပ္ပဋိပန္နံ၊ ကောင်းစွာ ကျင့်တော်မူတတ်သော။ သံဃဉ္စ၊ သမ္မုတိ,ပရမတ် နှစ်ရပ်သောသံဃာတော်မြတ်ကိုငင်း။ အဟံ၊ အကျွန်ုပ်သည်။ သက္ကစ္စံ၊ ရိုသေစွာ။ ဝန္ဒာမိ၊ ရှိခိုးပါ၏။

၃။ ဣဒါနိ၊ ယခုအခါ၌။ ဗဟဝေါ၊ များလှစွာကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ အရဟံ နာမ၊ အရဟတ်မည်သော။ ဝဏ္ဏဉ္စ၊ အဆင်းအရောင်ကိုငင်း။ အရဟတ္တတ-ကာလဉ္စ၊ အရဟတ်တက်သောအချိန်ကိုငင်း။ ယထာဘူတံ၊ ဝိနည်းစသည် အညီညွှန်း ဟုတ်တိုင်းမှန်စွာ။ န ဇာနန္တိ၊ မသိကြကုန်။

၄။ တသ္မာ၊ ထို့ကြောင့်။ ဝိနယာဒီသု၊ ဝိနည်းအစရှိကုန်သော။ ဂန္ထေသု၊ ကျမ်းဂန်တို့၌။ အနာဂတဉ္စ၊ မလာသည်လည်းဖြစ်သော။ အယုတ္တဉ္စ၊ မသင့်မလျော်သည်လည်းဖြစ်သော။ ဝါ၊ အသင့်ယုတ္တိ လုံးဝမရှိသည်လည်းဖြစ်သော။ သေတာဒိဝဏ္ဏံပိ၊ အဖြူစသော အရောင်ကိုလည်း။ အရုဏဝဏ္ဏန္တိ၊ အရုဏ်ရောင်ဟူ၍။ မညန္တိ၊ အောက်မေ့ထင်မှတ်ကြလေကုန်၏။ (ဤဂါထာ၌ ဝိနယာဒီသုစသော ပုဒ် (၄) ပုဒ်တို့သည် ရှေးနောက်နှစ်ဖက်သို့ ငဲ့သောပုဒ်များဖြစ်သည်။ ထို့ကြောင့် နောက်ဂါထာသို့လည်း လိုက်နိုင်သည်။)

၅။ ဝိနယာဒီသု၊ ဝိနည်းအစရှိကုန်သော။ ဂန္ထေသု၊ ကျမ်းဂန်တို့၌။ အနာဂတဉ္စ၊ မလာသည်လည်း ဖြစ်သော။ အယုတ္တဉ္စ၊ မသင့်မလျော်သည်လည်းဖြစ်သော။ ဝါ၊ အသင့်ယုတ္တိ လုံးဝမရှိသည်လည်းဖြစ်သော။ အရုဏုဂ္ဂတကာလမ္ပိ၊ အရုဏ်တက်သောအချိန်ကိုလည်း။အတ္တဆန္ဒေန၊ အထောက်အထား သာဓကမရှိ မိမိ မိမိတို့၏ အလိုအားဖြင့်။ ကထေန္တိ၊ ပြောဆိုကြလေကုန်၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်း? တေသု၊ထိုဝိနည်းစသောကျမ်းဂန်တို့၌။အာဂတံ၊လာသော။ ကာလံ၊ အရုဏ်တက်သောအချိန်ကို။ သမ္မာ၊ မဖောက်မပြန်။ ဝါ၊ ကောင်းမွန်စွာ။ တေသံ ဘိက္ခူနံ၊ ထိုရဟန်းတို့၏။ အဇာနနတ္တာ၊ မသိသည်၏အဖြစ်ကြောင့်တည်း။

၆။ တေသံ၊ ထိုမသိသေးကုန်သောရဟန်းတို့အား။ ဝါ၊ ရဟန်းတို့၏။ ဝါ၊ ရဟန်းတို့ကို။ ဝိညာပနတ္ထာယ၊ သိပါစေခြင်းအကျိုးငှါ။ အရုဏုဂ္ဂတကာလိကံ၊အရုဏ်တက်သောအချိန်ကိုထင်စွာပြတတ်သော။ (အရုဏုဂ္ဂတကာလံ ပကာသေတီတိ အရုဏုဂ္ဂတကာလိကော။ တံ အရုဏုဂ္ဂတကာလိ-

ကံဟု ပကာသေတိ အနက်၌ ဏိကပစ္စည်း သက်ထားသော တဒ္ဓိတ်ပုဒ်ဖြစ်သည်) ဝိနိစ္ဆယံ၊ အဆုံးအဖြတ်ကို။ ကရောဟိ၊ ပြုပါလော၊ ဇုတိ၊ ဤသို့။ ပိယသီလေန၊ ချစ်အပ်သောသီလ ရှိထသော။ ဝါ၊ သီလကိုချစ်ထသော။ သာဓုနာ၊ သူတော်-ကောင်းလည်းဖြစ်ထသော။

၇။ မဟာထေရေန၊ ဝါတော်နှစ်ဆယ်ကျော်ပြီး မထေရ်ကြီးလည်းဖြစ်ထသော။ ဘဒ္ဒန္တဝိမလေန၊ အရှင်ဝိမလသည်။ အဘိယာစိတော၊ ရှေးရှုတောင်းပန်အပ်သည်ဖြစ်၍။ ဝါ၊ တောင်းပန်အပ်သော။ အဟံ၊ အကျွန်ုပ်သည်။ (ဤ အဟံ-ဟူသောပုဒ်ကို ဥပနိဿာယ-ပုဒ်,ကရိဿံ-ပုဒ်တို့၌ စပ်အပ်၏)။ဝိနယအာဒီသု၊ ဝိနည်းအစရှိသော ကျမ်းဂန်တို့၌။ အာဂတဉ္စ၊ လာသည်လည်းဖြစ်သော။ အတိယုတ္တိကဉ္စ၊ အလွန် သင့်လျော်သည်လည်း ဖြစ်သော။ ဝါ၊ အသင့်ယုတ္တိ လွန်စွာ ရှိသည်လည်းဖြစ်သော။

၈။ အရုဏုဂ္ဂတကာလံဝ၊ အရုဏ်တက်သော အချိန်ကို သာလျှင်။ ဉာဏေန၊ သုတ, စိန္တာ, ဖွံ့စ်ဖြာသော အသိ-ဉာဏ်ဖြင့်။ ဥပနိဿာယ၊ အမှီပြု၍။ လဇ္ဇီပေသလာဘိက္ခုနံ၊ အာပတ်ဖြစ်မှု ပြုလုပ်ရမည်ကို ရှက်တတ်သော ရဟန်း, သီလကို ချစ်မြတ်နိုးတတ်သော ရဟန်းတို့၏။ တမ္ဗုလကေဟိ၊ ထိုအရုဏ်တက်သော အချိန်သည်ပင်လျှင် အကြောင်းရင်းရှိကုန်သော။ ဝဇ္ဇေဟိ၊ အာပတ်အပြစ်တို့မှ။

၉။ မုတ္တတ္ထဉ္စ၊ လွတ်မြောက်ခြင်းအကျိုးငှါလည်း။ ဝိသုဒ္ဓ-တ္ထဉ္စ၊ သီလစင်ကြယ်ခြင်းအကျိုးငှါလည်း။ ဘဒ္ဒံ၊ ကောင်းမြတ်တင့်တယ်သော။ အရုဏုဂ္ဂကာလဝိနိစ္ဆယနာမိကံ၊ အရုဏ်တက်သောအချိန်ကို ဆုံးဖြတ်ရာ ဆုံးဖြတ်ကြောင်းဖြစ်သော

ကြောင့် "အရုဏုဂ္ဂကာလဝိနိစ္ဆယ" အမည်ရှိသော။ ဝါ၊ "အရုဏ်တက်ချိန်အဆုံးအဖြတ်" အမည်ရှိသော။ ဇုမ် ပကရဏံ။ ဤကျမ်းကို။ ကရိဿံ ကရိဿာမိ၊ ရေးသားပြုပြင်စီရင်ပေတော့အံ့။

၁–ဝေါဟာရစသည်တို့ကို ပြသောအပိုင်း

ဤဝိနိစ္ဆယကျမ်း၌ နာရီနှင့်စပ်လျဉ်းသော အရာဌာနတို့ဝယ် ဝေါဟာရစသည်တို့ကို လွယ်ကူစွာသိစေရန် ထင်ရှားပေါ်လွင်စေရန် အကျိုးငှါ ရှေးဦးစွာ ဝေါဟာရကို သိစေခြင်းနှင့် နာရီအတိုင်းအရှည်, အရေအတွက်,အပိုင်းအခြားကို ပြအပ်၏။ ထိုပြင် အရုဏ်နှင့်စပ်လျဉ်းသော ချွတ်ယွင်းမှုများကိုလည်းပြအပ်၏။

ထိုတွင် ဤဆိုလတ္တံ့ကား ဝေါဟာရကိုသိစေခြင်းတည်း။

ယခုခေတ်၌ အလုံးစုံသော မြန်မာပြည်ဖွား တိုင်းရင်းသားတို့၏ 'နာရီ' ဟူသော မြန်မာဘာသာဝေါဟာရကို ဤကျမ်းပါဠိဘာသာအရာ၌ 'ဃဋီ'ဟူ၍ ပါဠိသစ်ပြုလျက်ဆိုအပ်၏။ အချို့ အနည်းငယ်သော အရာ၌ 'ဃဋိကာ' ဟူ၍လည်း ဆိုအပ်၏။ ထိုနည်းအဟူ 'မိနစ်'ဟူသော မြန်မာဝေါဟာရကို 'မိန'ဟူ၍ ပါဠိသစ်ပြုလျက် ဆိုအပ်၏။ 'စက္ကန့်'ဟူသော မြန်မာဝေါဟာရကို 'စက္ကန္တ'ဟူ၍ ပါဠိသစ်ပြုလျက် ဆိုအပ်၏။ ဤဆိုလတ္တံ့ကား ပါဠိစကားသစ်၏ အနက်သဘောတည်း။ တီးခေါက်ခြင်းကို ပြုတတ်သောကြောင့်ဃဋီ, တီးခေါက်လျက် အသံပြုတတ်သောကြောင့်ဃဋီ, ပါဠိဘာသာအားဖြင့် ဃဋီ, မြန်မာဘာသာအားဖြင့် နာရီမည်၏။ ဃဋီနှင့် ဃဋိကာ-သည်ကား အနက်တူပင် ဖြစ်ပေ၏။ နာရီ၌

အတိုင်းအရှည် အပိုင်းအခြားကို ပြကြောင်းဖြစ်သောကြောင့် ပါဠိဘာသာအားဖြင့် မိန, မြန်မာဘာသာအားဖြင့် မိနစ် မည်၏။ ပတ်ပတ်လည်သော စက်ဘီးတို့တွင် (စက်ဘီးတို့၏) အဆုံးစွန်စက်ဘီးဖြစ်သောကြောင့် ပါဠိဘာသာအားဖြင့် စက္ကန္တ, မြန်မာဘာသာအားဖြင့် စက္ကန့်မည်၏။

ယခု ခေတ်၌ 'စက်နာရီ' ဟူသော မြန်မာဝေါဟာရကို 'စက္ကဃဋီ' ဟူ၍ ပါဠိသစ်ပြုလျက် ဆိုအပ်၏။ ထိုစကား မှန်၏။ စက်ဖြင့်သာလျှင် သူ့အလိုလို တီးခေါက်ခြင်းကို ပြုတတ်၏၊ လက်ဖြင့် တီးခေါက်ခြင်းကို မပြုရပေ။ ထို့ကြောင့် ပါဠိဘာသာအားဖြင့် စက္ကဃဋီ, မြန်မာဘာသာအားဖြင့် စက်နာရီ ဟူ၍ ဆိုအပ်၏။

များလှစွာသော မြန်မာပြည်ဖွား တိုင်းရင်းသားလူမျိုးကို သည်ကား ရှေးမြန်မာမင်းတို့ သုံးဆောင်သော နာရီဖြစ်သောကြောင့် 'မြန်မာနာရီ'ဟူ၍ ဆိုကြကုန်၏။ ဤသို့လျှင် ရှေးမြန်မာပြည် လူမျိုးတို့၏ 'မြန်မာနာရီ' ဟူသော ဝေါဟာရကို ဤကျမ်း ပါဠိဘာသာအရာ၌ ပါဠိဘာသာအားဖြင့် ပေါရာဏဃဋီ ပုဗ္ဗဃဋီ ဟူ၍, မြန်မာဘာသာအားဖြင့် ရှေးခေတ်ဟောင်းနာရီ ရှေးနာရီဟူ၍ ထိုက်သည့်အားလျော်စွာ ဆိုအပ်၏။ ဤသို့ ဤပုံ ဝေါဟာရတို့ကို သိစေရန် ညွှန်ပြခြင်းကို သိထားအပ်၏။

ထိုဝေါဟာရတို့ကို သိစေရာ၌ ဤအကျဉ်းပြ စကားကို ဆိုအပ်၏—

၁၀။ 'နာရီ'တိ မြမ္မဝေါဟာရော၊ 'ဃဋီ'တိ ဇမ္ဗုဝုစ္စတေ။
ကာဒါိ အပ္ပကေ ဌာနေ၊ 'ဃဋိကာ'တိပိ ဝုစ္စတေ။

၁၁။ ‘မိနစ်’တိ မြမ္မဝေါဟာရော၊ ‘မိနံ’တိ ဣဓ ဝုစ္စတေ။
‘စက္ကန့်’တိ မြမ္မဝေါဟာရော၊ ‘စက္ကန္တော’ဣတိ ဝုစ္စတေ။

၁၂။ ‘စက်နာရီ’ ဣတိ ဝေါဟာရော၊ ‘စက္ကဃဋီ’တိ ဝုစ္စတေ။
‘မြမ္မနာရီ’တိ ဝေါဟာရော၊ ‘ပုမ္ဗဃဋီ’တိ ဝုစ္စတေ။

၁၀။ ‘နာရီ’တိ မြမ္မဝေါဟာရော၊ ‘နာရီ’ဟူသော မြမ္မာဝေါဟာ အခေါ်အဝေါ်ကို။ ဣဓ၊ ဤကျမ်း၌။ ဝါ၊ ဤကျမ်းဝယ် ပါဠိဘာသာဖြင့် ပြောဆိုရေးသား သုံးစွဲသော အရာ၌။ ‘ဃဋီ’တိ၊ ‘ဃဋီ’ဟူ၍။ ဝုစ္စတေ၊ ပြောဆိုအပ်၏။ ကဒါစိ၊ တရံတခါ။ အပ္ပကေ၊ အနည်းငယ်သော။ ဌာနေ၊ အရာ၌။ ‘ဃဋိကာ’တိပိ၊ ‘ဃဋိကာ’ဟူ၍လည်း။ ဝုစ္စတေ၊ ပြောဆိုအပ်၏။

၁၁။ ‘မိနစ်’တိ မြမ္မဝေါဟာရော၊ ‘မိနစ်’ဟူသော မြမ္မာဝေါဟာရကို။ ဣဓ၊ ဤကျမ်း၌။ ဝါ၊ ဤကျမ်းဝယ် ပါဠိဘာသာဖြင့် ပြောဆိုရေးသား သုံးစွဲသောအရာ၌။ ‘မိနံ’တိ၊ ‘မိန’ဟူ၍ ဝုစ္စတေ၊ ရေးသားပြောဆိုအပ်၏။ ‘စက္ကန့်’တိ မြမ္မဝေါဟာရော၊ ‘စက္ကန့်’ဟူသော မြမ္မာခေါ် ဝေါဟာရကို။ ‘စက္ကန္တော’ဣတိ၊ ‘စက္ကန္တ’ဟူ၍။ ဝုစ္စတေ၊ ရေးသားပြောဆို အပ်၏။

၁၂။ ‘စက်နာရီ’ဣတိ ဝေါဟာရော၊ ‘စက်နာရီ’ဟူသော မြမ္မာခေါ် ဝေါဟာရကို။ ‘စက္ကဃဋီ’တိ၊ ‘စက္ကဃဋီ’ ဟူ၍။ ဝုစ္စတေ၊ ရေးသားပြောဆိုအပ်၏။ ‘မြမ္မနာရီ’တိ ဝေါဟာရော၊ ‘မြမ္မာနာရီ’ဟူသော မြမ္မာခေါ် ဝေါဟာရကို။ ‘ပုမ္ဗဃဋီ’တိ၊ ‘ပုမ္ဗဃဋီ’ ဟူ၍။ ဝုစ္စတေ၊ ရေးသားပြောဆို အပ်၏။

ဤဆိုလတ္တံ့ကား စက်နာရီတို့၏ အတိုင်းအရှည် အပိုင်းအခြားပင် ဖြစ်ပေ၏—

စက္ကန့် (၆၀) သည် (၁) မိနစ် ဖြစ်၏။

မိနစ် (၆၀) သည် (၁) နာရီ ဖြစ်၏။

နာရီ (၂၄) သည် (၁) ရက် ဖြစ်၏။

နေ့ညဉ့် နှစ်ခုပေါင်း (၁) ရက်ကို ဆိုလို၏။ ဤသို့ စက်နာရီတို့၏အတိုင်းအရှည် အပိုင်းအခြားကို သိအပ်၏။

ဤဆိုလတ္တံ့ကား စက်နာရီတို့၏ အရေအတွက် အပိုင်းအခြားတည်း။ နေ့-ညဉ့် အတိုင်းအရှည် တူညီသောလတို့၌ စက်နာရီအားဖြင့် (၆) နာရီအချိန်၌ နေဝင်၏။ နေဝင်ပြီးသည်မှနောက်၌ (၇) နာရီ (၈) နာရီ (၉) နာရီ (၁၀) နာရီ (၁၁)နာရီ (၁၂)နာရီ၊ (၁)နာရီ (၂)နာရီ (၃)နာရီ (၄)နာရီ (၅)နာရီ (၆)နာရီဟူ၍ နာရီပေါင်း (၁၂)နာရီ ဖြစ်ကုန်၏။

ဤ၌ (၇) နာရီဆိုသည်မှာ ထိုအချိန်၌ (၇) ချက် တီးခေါက်လျက် အသံကိုပြု၏။ ထို့ကြောင့် (၇)နာရီဟု ဆိုအပ်၏။ (၇)ခုမြောက် နာရီဟု မဆိုအပ်။ အဘယ်ကြောင့်နည်း၊ သချ်ာပြည့်မြောက်ကြောင်း အနက်မျိုး မပြဋ္ဌာန်းသောကြောင့်တည်း။ (၈)နာရီ စသည်တို့၌လည်း ဤနည်းကို ထိုက်သည်အားလျော်စွာ သိအပ်၏။ ဤမှနောက်ဖြစ်သော စက်နာရီနှင့် စပ်လျဉ်းသော အရာဌာနတို့၌လည်း ဤနည်းအတူပင် သိအပ်၏။

ထိုနာရီဘို့ဘွင် (၁၂)နာရီအချိန်သည် ညဉ့်ထက်ဝက် သန်းခေါင် အခါ ဖြစ်ပေ၏။ (၆) နာရီ အချိန်သည်ကား နေထွက်သောအချိန် ဖြစ်ပေ၏။ ဤသို့လျှင် တညဉ့်၌ စက်နာရီတို့၏ အရေအတွက် အပိုင်းအခြားသည် (၁၂) နာရီ ဖြစ်ရပေ၏။ တညဉ့်၌ (၁၂)နာရီဖြစ်သလို တနေ့၌လည်း (၁၂)နာရီပင်ဖြစ်ရကား ညဉ့်(၁၂)နာရီနှင့် နေ့(၁၂)နာရီတို့ကိုပေါင်းလျှင် နေ့ညဉ့်နှစ်ရပ်ပေါင်း တရက်၌ (၂၄)နာရီ ဖြစ်ကြဘုန်၏။ ဤနည်းကို အခဥ်မှီးသဖြင့်သာလျှင် နေ့ညဉ့် အတိုင်းအရှည် မတူညီသော တပါးသောလတို့၌လည်း ညဉ့်နာရီ နေ့နာရီတို့၏ အယုတ်အလွန် အရေအတွက် အပိုင်းအခြားကို ထိုက်သည်အားလျော်စွာ သိအပ်၏။ ဤကဲ့သို့ ယခုခေတ်၌ အသုံးပြုသော စက်နာရီတို့၏ အရေအတွက် အပိုင်းအခြားကို သိထားအပ်၏။

ထို့ပြင် ရှေးခေတ်ဟောင်း မြန်မာနာရီတို့၏ အတိုင်းအရှည်နှင့် အရေအတွက် အပိုင်းအခြားကို သိထားအပ်၏။ ထိုတွင် ဆိုလတံ့ကား အတိုင်းအရှည် အပိုင်းအခြားတည်း။

ခယာ(၆၀)သည် (၁)ဗိဇနာဖြစ်၏။
ဗိဇနာ(၆၀)သည် (၁)နာရီဖြစ်၏။
နာရီ(၆၀)သည် (၁)ရက်ဖြစ်၏။

နေ့ညဉ့်နှစ်ခုပေါင်း (၁)ရက်ဖြစ်၏ဟု ဆိုလို၏။ ဤသို့ အတိုင်းအရှည် အပိုင်းအခြားကို သိထားအပ်၏။

ဤဆိုလတံ့ကား အရေအတွက် အပိုင်းအခြားတည်း—

နေ့ညဉ့် အတိုင်းအရှည် တူညီသောလတို့၌ (၄)ပဟိုရ်အချိန်၌ နေဝင်၏။ ထိုအချိန်၌ စည်ကြီးကို (၄)ချက်တီးသောကြောင့်

(၄)ပဟိုရ်ဟု ဆိုကြကုန်၏။ ထိုနေဝင်ပြီးသည်မှနောက်၌ (၁)နာရီ (၂)နာရီ (၃)နာရီ (၄)နာရီ (၅)နာရီ (၆)နာရီ (၇)နာရီ ဗိဇနာ(၃၀)ဟုဆိုအပ်သော (နာရီဝက်)နှင့်တကွ စုစုပေါင်း (၇) နာရီခွဲရှိသောအခါ၌ စည်ကြီးကို (၁) ချက်တီး၏။ ထို့ကြောင့် (၁) ပဟိုရ်အချိန်ဟူ၍ ဆိုကြကုန်၏။

ထိုအချိန်မှနောက်၌လည်း ရှေးနည်းအတူပင် (၁) နာရီ (၂)နာရီ (၃)နာရီ (၄)နာရီ (၅)နာရီ (၆)နာရီ (၇)နာရီ (နာရီဝက်)ဟူ၍ (၇)နာရီခွဲရှိသောအချိန်၌ စည်ကြီးကို (၂)ချက်တီး၏။ ထို့ကြောင့် (၂)ပဟိုရ်အချိန်ဟူ၍ ဆိုကြကုန်၏။ (၂)ခုမြောက် ပဟိုရ်ဟုလည်း ဆိုသင့်၏။ ညဉ့်ထက်ဝက် သန်းခေါင်အခါလည်း ဖြစ်ပေ၏။

ထိုအချိန်မှနောက်၌လည်း ရှေးနည်းအတူပင် (၁) နာရီ (၂)နာရီ (၃)နာရီ (၄)နာရီ (၅)နာရီ (၆)နာရီ (၇)နာရီ (နာရီဝက်)ဟူ၍ (၇)နာရီခွဲရှိသောအချိန်၌ စည်ကြီးကို (၃)ချက်တီး၏။ ထို့ကြောင့် (၃)ပဟိုရ်အချိန်ဟူ၍ ဆိုကြကုန်၏။ (၃)ခုမြောက် ပဟိုရ်ဟူ၍လည်း ဆိုသင့်၏။

ထိုအချိန်မှနောက်၌လည်း ရှေးနည်းအတူပင် (၁)နာရီ (၂)နာရီ (၃)နာရီ (၄)နာရီ (၅)နာရီ (၆)နာရီ (၇)နာရီ (နာရီဝက်)ဟူ၍ (၇)နာရီခွဲရှိသောအချိန်၌ စည်ကြီးကို (၄)ချက်တီး၏။ ထို့ကြောင့် (၄)ပဟိုရ်အချိန်ဟူ၍ ဆိုကြကုန်၏။ (၄)ခုမြောက် ပဟိုရ်ဟူ၍လည်း ဆိုသင့်၏။ ထိုအချိန်သည် နေထွက်သောအချိန်လည်း ဖြစ်ပေ၏။

ဤ၌ ပဟိုရ်တို့၏အကြား နာရီများ၌ ပါဠိဘာသာအားဖြင့် 'ဝါဠ' ဟူ၍၎င်း, 'သမ္ဗဝါဠ' ဟူ၍၎င်း

ခေါ်သော မြန်မာဘာသာအားဖြင့် 'ကြေးမောင်း' ဟူ၍ဎင်း, 'မောင်းကြေးနင်း'ဟူ၍ဎင်း ခေါ်သော ကြေးခွက်ကို တီးခေါက်လျက် အသံပြု၏။

ဤသို့လျှင် တညဉ့်၌ ပဟိုရ်တို့၏ အကြား နာရီများကို ပေါင်းသောအားဖြင့် ညဉ့်၌ နာရီပေါင်း အရေအတွက် အပိုင်းအခြား (၃၀)ဖြစ်ရပေ၏။ တညဉ့်၌နာရီပေါင်း(၃၀) ဖြစ်သကဲ့သို့ ထိုအတူ တနေ့၌လည်း နာရီပေါင်း (၃၀)သင် ဖြစ်ရကား ညဉ့် ၃၀-နှင့် နေ့ ၃၀-အလုံးစုံတို့ကို ပေါင်းသော အားဖြင့် နေ့ညဉ့်နှစ်ရပ်ပေါင်း (၁)ရက်၌ကား နာရီပေါင်း (၆၀)ဖြစ်ရပေကုန်၏။ ဤနည်းကို အစဉ်မှီးသဖြင့်သာလျှင် နေ့ညဉ့်အတိုင်းအရှည် မတူညီသော တပါးသော လတို့ ၌လည်း ညဉ့်ပဟိုရ်, နေ့ပဟိုရ်တို့၏ အကြား နာရီများ၏ အယုတ်အလွန် အရေအတွက် အပိုင်းအခြားကို သိထား အပ်၏။

ထိုမှတပါးလည်း ဝိနည်းသိက္ခာပုဒ်တို့ကို အလေးပြု၍ သီလ သမာဓိ ပညာဟူသောသိက္ခာသုံးပါးကိုအလိုရှိပြီးလျှင် မကောင်းမှုပြုရန် ရှက်ကြောက်လျက် သီလကို ချစ်မြတ်နိုး တတ်သော ရဟန်းတို့၏အရုဏ်နှင့် စပ်လျဉ်းသော များစွာ သော ဝိနည်းဟမ်တို့၌သတိထားခြင်းအကျိုးငှါ အရုဏ်နှင့် စပ်လျဉ်းသော များစွာ ချွတ်ယွင်းသော အမှုတို့ကို ပြအပ် ပြထိုက်ကုန်၏။

ဤဆိုလတ့်ကား ချွတ်ယွင်းမှုတို့ကို ပြခြင်းပင်တည်း—

ယခုခေတ် အခါ၌ များလှစွာကုန်သော ရဟန်းတို့သည် အရုဏ်ဟု ဆိုအပ်သော အဆင်းအရောင်ကိုဎင်း, အရုဏ်

တက်သောအချိန်ကိုငုင်း, ဝိနည်းစသော ကျမ်းဂန်တို့၌လာသော စကားကိုအမှီပြုထောက်ဆ၍ ခိုင်မာသော သာဓကကို ရရှိထောက်ထားလျက် သာဓကအား လျော်သောအားဖြင့် ဟုတ်တိုင်းမှန်စွာ မသိကြကုန်။ ထိုကြောင့် အချို့သော ရဟန်းတို့သည် ညဉ့်ထက်ဝက်သန်းခေါင်မှကျော်လွန်ခဲ့သော် အရုဏ်တက်၏ဟု ထင်မှတ်ကြကုန်သည်ဖြစ်၍ ထိုအချိန်မှ လွန်လျှင် အလိုရှိသောအချိန်၌ ဆွမ်းခံလှည့်လည်ခြင်းစသော အမှုတို့ကိုပြုကြကုန်၏။ ထိုအမှုတို့ကား ချွတ်ယွင်းမှုများပင် ဖြစ်ကြကုန်၏။ အဘယ်ကြောင့်နည်းဆိုသော် အရုဏ်မတက်သေးသောကြောင့်ပင်-ဟုဆိုလို၏။

အချို့ရဟန်းတို့ကား ဝါတွင်းသုံးလအတွင်း၌ဆိုခဲ့သော အချိန်မျိုးမှာပင် မိမိတို့နေရာ ဥပစာရ သိမ်ခေါ်သော ကျောင်းအရံတွင်းမှ ထွက်ကြကုန်၍ ဆွမ်းခံလှည့်လည်ခြင်း စသည်တို့ကိုပြုကြကုန်လျက် နေထွက်သောအချိန်၌ ဥပစာရ သိမ်ခေါ်သော မိမိ မိမိတို့၏ ကျောင်းအရံသို့ ပြန်လာကြကုန်၏။ ဝါကျွတ်သော အခါ၌ကား ကထိန်ခင်းခြင်း စသောအမှုတို့ကို ပြုကြကုန်၏။ ထိုအမှုကိစ္စတို့သည်လည်း ချွတ်ယွင်းသော အမှုကိစ္စတို့သာ ဖြစ်ကြရပေကုန်၏။

ထိုမှတပါး အချို့သော ရဟန်းတို့သည်ကား ညဉ့်ထက်ဝက်သန်းခေါင်အခါမှ လွန်သည်ရှိသော် စက်နာရီအားဖြင့် (၃)နာရီအချိန်၌ အရုဏ်တက်၏ဟု ထင်မှတ်ကြကုန်သည်ဖြစ်၍ ထိုအချိန်၌ပင် ဆွမ်းခံလှည့်လည်ခြင်းစသော ထိုထိုအမှုတို့ကို ပြုကြကုန်၏။ ထိုစကားကိုချဲဦးအံ့....ဤမြန်မာ နိုင်ငံတော်၌ အလွန်ထင်ရှားကုန်လျက် တရား၌ရှစ်ကွက် စက်လက္ခဏာတို့နှင့် ပြည့်စုံကုန်သော မြတ်စွာဘုရား၏ ခြေ

တော်ရာ စေတီတော်နှစ်ဆူတို့သည် ထင်ရှားရှိကြကုန်၏။ ထိုစေတီတော်တို့၏ အနီး၌ နေကြကုန်သော ရဟန်းသာမဏေ ဥပါသကာ ဥပါသိကာမစသည်တို့သည် ထိုခြေတော်ရာစေတီတော်တို့ကို နေ့တိုင်းနေ့တိုင်းလိုပင် ပူဇော်ခြင်းကိုပြုကြကုန်၏။ အထူးအားဖြင့်နှစ်စဉ်နှစ်တိုင်း တပို့တွဲလ တပေါင်းလ၌ ဥပါသကာစသောသူတို့သည် အလေးအမြတ်ပြုကြကုန်လျက် ကြီးစွာသောပွဲသဘင်ကိုပြုကြပြီးလျှင် အလွန်အကဲပူဇော်ခြင်းကိုပြုကြကုန်၏။ ထိုအခါ အနီးအဝေးအရပ်လေးမျက်နှာမှလည်း များလှစွာကုန်သော လူရှင်ရဟန်းစသည်တို့သည် ပူဇော်ခြင်းငှါ လာကြကုန်၏။ ထိုပူဇော်ပွဲ၌ အချို့ ဥပါသကာ ဥပါသိကာမတို့သည် ညဉ့်ထက်ဝက်သန်းခေါင်အခါမှ လွန်သည်ရှိသော် အိပ်ရာမှထကြကုန်လျက် ဆွမ်းချက်ခြင်းစသည်တို့ကိုပြုကြပြီးလျှင် ဆိုခဲ့သော (၃)နာရီအချိန်၌ ပါဒစေတီတော်နှစ်ဆူတို့အား ဆွမ်းစသည်တို့ကို ကပ်လှူ၍ကောင်းစွာပြုခြင်း အလေးအမြတ်ပြုခြင်း မြတ်နိုးခြင်း ပူဇော်ခြင်း ရှိခိုးခြင်းကို ပြုကြကုန်၏။

ထိုအချိန်မှာပင် အချို့ဥပါသိကာမတို့သည် ရဟန်းတို့အားလည်း ဆွမ်းလောင်းလှူကြကုန်၏။ အချို့ ရဟန်းတို့သည်လည်း ထို(၃)နာရီ အချိန်၌ပင် အရုဏ်တက်၏ဟု ထင်မှတ်ကြကုန်သည်ဖြစ်၍ ထိုဥပါသကာ ဥပါသိကာမတို့၏ အထံ၌ ဆွမ်းခံ လှည့်လည်ခြင်း ဆွမ်းစားခြင်းတို့ကို ပြုကြကုန်၏။ ဤသို့လျှင် ဤနည်းသဘောရှိကုန်သော တပါးမက များလှစွာကုန်သော ချွတ်ယွင်းမှုတို့ကို ပြုကြကုန်၏။

အချို့သော ရဟန်းတို့သည်ကား ဖြူသော အရောင်ကို အရုဏ်ရောင်ဟူ၍ ထင်မှတ်ကြကုန်၏။ အဖြူရောင်တက်လာ

သော အချိန်ကိုလည်း အရုဏ်တတ်ချိန်ဟူ၍ ထင်မှတ်ကြကုန်၏။ ထိုကြောင့် အဖြူရောင်ထင်ရှားဖြစ်ပေါ်လာသော စက်နာရီ(၄)နာရီ အချိန်၌ပင်း ယိုအောက် အနည်းငယ်ယုတ်လျော့သောအချိန် ထို့ထက်အနည်းငယ်လွန်သော အချိန်၌ပင်း ဆွမ်းခံလှည့်လည်ခြင်း အစရှိကုန်သော ချွတ်ယွင်းမှုတို့ကို ပြုကြကုန်၏။ ထိုစကားကို ချဲ့ဦးအံ့.... အချို့ မြို့ကြီးများ၌ ဝါတွင်း (၃) လအတွင်းမှာ အချို့ဥပါသကာ-ဥပါသိကာမတို့သည် ဆွမ်းလောင်းသင်း အဖွဲ့အနေအားဖြင့် ကောင်းမှုတို့ကို ပြုကြကုန်၏။ ထို ဥပါသကာစသည်တို့သည် လာတိုင်းလာတိုင်းသော ရဟန်း သာမဏေတို့အား ဆွမ်းစသော လှူဘွယ်ဝတ္ထုတို့ကို လှူဒါန်းကြကုန်၏။ ထို ဥပါသကာတို့၏ အထံ၌ များစွာသောရဟန်းသာမဏေတို့သည် ဆိုခဲ့သော (၄)နာရီ အချိန်၌ ဆွမ်းခံလှည့်လည်ခြင်း စသည်တို့ကိုပြုကြကုန်၏။ ဝါတွင်း၌လည်း အချို့ ဥပါသကာစသည်တို့သည် မိမိ မိမိတို့၏ အလိုအားဖြင့် ရဟန်းတို့ကို ပင့်လျှောက်၍ ဆွမ်းလှူဒါန်းခြင်း အစရှိကုန်သော ကောင်းမှုတို့ကို ပြုကြကုန်၏။ ပင့်ဖိတ်အပ်သော ရဟန်းတို့သည် ဆိုခဲ့သော (၄) နာရီ အချိန်၌ အရုဏ်တက်၏ဟု ထင်မှတ်ကုန်သည်ဖြစ်၍ မိမိ မိမိတို့၏ ဥပစာရသိမ်ခေါ်သော ကျောင်းအရံမှ ထွက်ကြကုန်လျက် အိမ်စသည်တို့၌ ဆွမ်းစားခြင်းကိစ္စကို ပြုကြပြီးလျှင် ခနထွက်သော အချိန်၌ ဥပစာရသိမ်ခေါ်သော မိမိ မိမိတို့၏ ကျောင်းတိုက် အရံသို့ ပြန်လာကြကုန်၏။ ဤနည်းမျိုးဖြင့် ဝါကျိုး ဝါပြတ်ခြင်းသို့ ရောက်ကြကုန်၍ ဝါကျွတ်သောအခါ၌ ကထိန်ခင်းခြင်း စသော အမှုတို့ကို ပြုကြကုန်၏။ ထို အမှုတို့သည် မကောင်းသဖြင့် ပြုအပ်သော အမှု မပြည့်စုံသောအမှု ပျက်စီးသောအမှုများသာ ဖြစ်ရပေ

ကုန်၏။ အဘယ်ကြောင့်နည်းဟူမူကား မြတ်စွာဘုရားသည် ဝါကျိုး ဝါပြတ်ကုန်သော ရဟန်းတို့အား ကထိန်ခင်းခြင်းကို ခွင့်မပြုသောကြောင့်တည်း။ ထိုစကားမှန်၏။ မြတ်စွာဘုရားသည် ဝါကျိုး ဝါပြတ်ခြင်းကို မပြုကုန်သော ပုရိမဝါကျွတ်ကုန်သော ရဟန်းတို့အားသာလျှင် ကထိန်ခင်းခြင်းကို ခွင့်ပြုတော်မူ၏။ ထို့ကြောင့်လည်း ထိုကမ် ထိုအမှုတို့သည် ပျက်စီးသော ကမ်များသော ဖြစ်ရပေကုန်၏။ ဤသို့ ဤပုံ ဤနည်းသဘောရှိကုန်သော များလှစွာကုန်သော ချွတ်ယွင်းမှုတို့ကို ပြုကြ ကုန်၏။

ထို့ပြင်တခြား အလွန်များလှစွာကုန်သော အချို့ရဟန်းတို့သည်ကား မိုးသောက်မိုးလင်းချိန်မှ ရှေး၌ (မိုးမလင်းသေးမီ) သာလျှင် အရုဏ်တက်၏ဟု ထင်မှတ်ကြကုန်သည်ဖြစ်၍ ထိုအချိန်မှာပင် ဆိုခဲ့သော ဆွမ်းခံလှည့်လည်ခြင်း စသော ပေါ့သော အမှုတို့ကိုလည်း ပြုကြကုန်၏။ ဝတ်ဆောက်တည်၍ ဝတ်ကိုချခြင်း စသော လေးသောအမှုတို့ကိုလည်း ပြုကြကုန်၏။ ထိုအမှုတို့သည် ချွတ်ယွင်းသော အမှုကိုသာ ဖြစ်ရပေကုန်၏။ ထိုစကားကို ချဲဦးအံ့ ···· အကယ်၍ ရဟန်းတို့သည် ဝတ်ကိုဆောက်တည်ပြီး၍ ဆိုခဲ့သောအချိန်မျိုး၌ ဝတ်ချခြင်းကို ပြုကုန်ငြားအံ့၊ ဤသို့ပြုကုန်သည်ရှိသော် ထိုရဟန်းတို့သည် ရေတွက်လောက်သော ညဉ့်ကို မရကြလေကုန်၊ ဤသို့ မရကြကုန်သည်ရှိသော် ပန်ဝါသ် ကျင့်သုံးသော ညဉ့်တို့ကို မပြည့်စေကုန်။ ဤသို့ မပြည့်စေကုန်သည်ရှိသော် မာနတ်ဝတ်ကို ကျင့်ထိုက်သော ရဟန်း မဟုတ်ကြကုန်။ အကယ်၍ မာနတ်ကျင့်ဆဲ ရဟန်းတို့သည်လည်း ဆိုခဲ့သော အချိန်မျိုး၌ ဝတ်ချခြင်းကို

ပြုကုန်ငြားအံ့၊ ထိုနည်းအတူပင် ရေတွက်လောက်သော ညဉ့်တို့ကို မရကုန်။ ဤသို့ မရကုန်သည်ရှိသော် မာနတ်ကျင့်သော ညဉ့်တို့ကို မပြည့်စေကုန်။ ဤသို့ မပြည့်စေကုန်သည်ရှိသော် **အဗ္ဘာန်မထိုက်ကုန်။** (ဝါ) သံဃာ့ဘောင်သို့ သွင်းထိုက် ခေါ်ထိုက်သော ရဟန်းမဟုတ်ကုန်။ အကယ်၍ကား သံဃာသည် ထိုသို့သဘောရှိသော ထိုထိုရဟန်းမျိုးကို အဗ္ဘာနကမ်ပြုငြားအံ့။ ဝါ-သွင်းငြား ခေါ်ငြားအံ့။ ထိုကမ်သည် မပြုအပ်မပြုထိုက်သောကမ်, မကောင်းသဖြင့်ပြုအပ်သောကမ်, တဖန်ပြန်၍ ပြုအပ်သောကမ်, ပျက်စီးသောကမ် ဖြစ်ရပေတော့၏။ ဤနည်းမျိုးဖြင့်ပြုကုန်သော ဝတ်ဆောက်တည်သော ထိုရဟန်းတို့၏ ထိုကမ်တို့သည် အချည်းနှီး အလကားကမ်, မပြည့်စုံသောကမ်, ပျက်စီးသောကမ်တို့သာ ဖြစ်ရပေကုန်၏။ ဤသို့ဤပုံအားဖြင့် ယခုခေတ်၌ များလှစွာကုန်သော ချွတ်ယွင်းမှုတို့ကို ပြုကြကုန်၏။

ယခုခေတ်၌ ချွတ်ယွင်းမှုများကို ပြုကြကုန်သကဲ့သို့ ဤနည်းအတူပင် ရှေးရှေးအခါကလည်း ဤသို့သဘောရှိသော ချွတ်ယွင်းမှုတို့ကို ပြုကြကုန်၏။ ထိုစကားကို ချဲဦးအံ့…. ဝိနယာလင်္ကာရဋီကာကျမ်း မဖြစ်ပေါ်သေးမီ ရှေးအခါက များလှစွာကုန်သော ရဟန်းတို့သည် မိမိ မိမိတို့၏ အလိုအားဖြင့်သာလျှင် ခိုင်မာသော အထောက်အထား သာဓကစကားမှ ကင်းမဲ့လျက် အသင့်ယုတ္တိ လုံးဝမရှိကုန်သော အရှက်နှင့် စပ်လျဉ်းကုန်သော စကားအမျိုးမျိုးတို့ကို ပြောဆိုကြကုန်၏။ သာဓကယုတ္တိ လုံးဝမရှိကုန်သော ထိုစကားအမျိုးမျိုးတို့ကို မှီငြမ်းပြုထားကုန်သော များလှစွာကုန်သော အဆိုအမိန့်အမျိုးမျိုးတို့နှင့် အယူဝါဒ အမျိုးမျိုးတို့သည် ဖြစ်ပေါ်လာ

ကုန်၏။ ထိုရဟန်းတို့သည် မိမိ မိမိတို့၏ အယူဝါဒ အား လျော်စွာ အလိုရှိအပ်သောအချိန်ကို အရုဏ်တက်ချိန်ဟု ထင်မှတ်ကြကုန်၍ စင်စစ်အားဖြင့် အရုဏ်မတက်သေးသော အချိန်၌ ဆွမ်းစားခြင်း အစရှိသော ပေါ့သောအမှုတို့ကိုရင်း, ဆောက်တည်သော ဝတ်ကို ချထားခြင်း အစရှိသော လေးသောအမှုတို့ကိုရင်း ပြုကြကုန်ပြီ။ ဤသို့ပြုအပ်ကုန်သော အမှုတို့သည် ချွတ်ယွင်းမှုတို့သာ ဖြစ်ကြရကုန်ပြီ။ အဘယ့်ကြောင့်နည်း ဟူမူကား ဧကန် မချွတ်မယွင်း မှန်ကန်သော အားဖြင့် အရုဏ်မတက်သေးသောကြောင့်တည်း။ ဤသို့ သဘောရှိသော ချွတ်ယွင်းသော အရုဏ်တက်ချိန်ကိုရင်း, ဤသို့သဘောရှိသော ချွတ်ယွင်းမှုတို့ကိုရင်း နောင်အခါ၌ အစဉ်ဖန်အောက်မေ့ အမှတ်ရကုန်သော များလှစွာကုန်သော ဝိနည်းကို အလေးပြုကာ သိက္ခာသုံးပါးကို အလိုရှိကုန်လျက် မကောင်းမှုကိုလည်း ရှက်ကြောက်ကုန်၍ သီလကိုလည်း ချစ်မြတ်နိုးကြကုန်သော ရဟန်းတို့အား များလှစွာကုန်သော ယုံမှားသံသယ ကုက္ကုစ္စတို့သည် ဖြစ်ပေါ်လာကြကုန်ပြီ။

အကြင်အခါ၌ ယုံမှားသံသယ ကုက္ကုစ္စတို့သည် ဖြစ်ပေါ်လာကြကုန်ပြီ၊ ထိုအခါ၌ မြတ်စွာဘုရား ပရိနိဗ္ဗာန် ဝင်စံတော်မူသည်မှစ၍ ရေတွက်အပ်သော "အတိတ်သာသနာတော်" ဟု ခေါ်သော နှစ်အားဖြင့် (၂၁၉၁) နှစ်ထောင်တရာ့ ကိုးဆယ် တခု နှစ်, လူတို့၏ အမှတ် သင်္ကေတ ဖြစ်သော "ကောဇာသကရာဇ်"ဟု ဆိုအပ်သော နှစ်အားဖြင့်(၁၀၀၉) တထောင့်ကိုးခုနှစ် မြန်မာနိုင်ငံ သာလွန်မင်းတရားကြီး

အုပ်စိုးသော အချိန်အခါ၌ ဝိနယာလင်္ကာရဋီကာ အမည်ရှိသော ကျမ်းကြီးသည် ဖြစ်ပေါ်လာပေပြီ။

မှတ်ချက်။ ။"မုနိန္ဒဃောသတိပိဋကာလင်္ကာရ" ဟူသော ဘွဲ့တံဆိပ်တော်ကို ရရှိတော်မူသော ဝိနယာလင်္ကာရ ဋီကာ ကျမ်းပြု ဆရာတော်သည် မင်းဘူးခရိုင် စလင်းမြို့ ဇာတိချက်မြှုပ် ဖြစ်တော်မူ၏။ ပဝတ္တိအခါ၌ကား စစ်ကိုင်းမြို့ အနီး စစ်ကိုင်းတောင်ရိုး တောင်ဖီလာ တောရကျောင်း၌ သီတင်းသုံးတော်မူသည်။ ထိုအခါ၌ပင် ဤဋီကာကျမ်းကြီးကို စီရင်ပြုစုတော်မူ၏။

ထိုကျမ်း၌ ထိုကျမ်းဆရာသည် တိုအရူးတက်ချိန်နှင့် စပ်လျဉ်းသော ချွတ်ယွင်းမှုတို့ကို သုမ်သင်ရှင်းလင်း ပယ်မြစ်ခြင်းငှါ များလှစွာကုန်သော ခိုင်မာသော သာဓကစကားတို့ကို ထိုထိုကျမ်းတို့မှထုတ်ဆောင်ကာ ပြတော်မူပြီးလျှင် အလွန်သင့်လျော်၍ မချွတ်မယွင်းသော "အရူးတက်ချိန်"ကို ကြီး၍စွာသော လုံ့လဝီရိယဖြင့် ထင်ရှားပြတော်မူခဲ့ပြီ။ ယင်းသို့ပင် ထင်ရှားပြခဲ့ပါသော်လည်း ယခုခေတ်အခါ၌ အချို့သော ရဟန်းတို့သည် ကျမ်းဆရာ၏ "ကေဿဋီကာမတ္တေန-တနာဠိမျှဖြင့်" ဟူသောစကားကို ချွတ်ယွင်းသဖြင့် ကောက်ယူကြကုန်၏။ ထိုကြောင့်ကျမ်းဆရာသည် အလိုရှိအပ်သောအရူးတက်ချိန်မျိုးမဖြစ်သေးပေ၊ သဒ္ဒါတခြား အနက်တခြားသာ ဖြစ်နေတော့၏။ ထိုစကားကို ချဲဦးအံ့····ကျမ်းဆရာသည် ရှေးအခါ မြန်မာပြည်ဖွား တိုင်းရင်းသား မင်းမျိုးတို့၏ ရှေးခေတ်ဟောင်း နာဠိအနေအားဖြင့် "ကေဿဋီကာမတ္တေန-

တနာရီမျှဖြင့်”ဟူသော စကားကိုဆိုခဲ့၏။ ထိုစကား ထိုသဒ္ဒါ၏ အနက်သဘောကို ကောက်ယူကြကုန်သော အချို့ရဟန်းတို့သည်ကား ယခုခေတ်၌ အသုံးပြုသော စက်နာရီအနေအားဖြင့်“ကေဃဋိကာ-တနာရီ”ဟူသောအနက်ကို ကောက်ယူကြကုန်၏။ ဤသို့ဤပုံ သဒ္ဒါတခြား အနက်တခြားသာ ဖြစ်နေတော့၏။

ညွှန်ကြားချက်။ ။မြမ္မာမင်းတို့၏ ရှေး(၁)နာရီနှင့် ယခုခေတ် စက်(၁)နာရီတို့သည် (၁)နာရီအချင်းချင်း အတိုအရှည် အချိန်မတူသည်၏အဖြစ်ကို နောက်‘အဆုံးအဖြတ်နှင့်သာဓက’ပိုင်း၌ အကျယ်ထင်ရှားစွာ ပြအံ့။

ထိုသို့ သဒ္ဒါတခြား အနက်တခြား ဖြစ်သောကြောင့် ကျမ်းဆရာသည် အလိုမရှိအပ်သော အရှက်တက်ချိန်သာ ဖြစ်နေတော့၏၊ အလိုရှိအပ်သော အရှက်တက်ချိန်ကား မဖြစ်သေးပေ။ ကောင်းစွာယူအပ်သော အရှက်တက်ချိန်လည်း မဖြစ်သေးပေ။ စင်စစ်အားဖြင့်ကား မကောင်းသဖြင့် ယူအပ်သော ချွတ်ယွင်းသောအရှက်တက်ချိန်သာ ဖြစ်နေသေး၏။ ထိုစကားကိုထင်ရှားစေဦးအံ့····“နေထွက်သည်မှ ရှေး(နေမထွက်သေးမီ) မြမ္မာနာရီအားဖြင့် (၁)နာရီမျှ အချိန်၌ အရှက်တက်၏”ဟူသောကျမ်းဆရာသည် အလိုရှိအပ်သော အချိန်မျိုးကား မဖြစ်မူ၍ “နေထွက်သည်မှ ရှေး (နေမထွက်သေးမီ) စက်နာရီအားဖြင့်(၁)နာရီမျှအချိန်၌ အရှက်တက်၏”ဟူသော ကျမ်းဆရာသည် အလိုမရှိအပ်သော အရှက်တက်ချိန်မျိုးသာဖြစ်နေတော့၏။ဤသို့ဤပုံ မကောင်းသဖြင့် ယူအပ်သော ချွတ်ယွင်းသော အရှက်တက်ချိန်သာ ဖြစ်နေ

သေး၏။ ထိုသို့ ချွတ်ယွင်းသော အရုဏ်တက်ချိန်သာ ဖြစ်နေသောကြောင့်ပင် ယခုခေတ်၌လည်း ချွတ်ယွင်းသော ထိုအရုဏ်တက်ချိန်ကိုမှီ၍ ပြုအပ်ကုန်သော အမှုတို့သည် ချွတ်ယွင်းမှုတို့ပင် ဖြစ်မြဲ ဖြစ်ကြသည်သာတည်း။

ထို့ပြင်လည်း ဝိနည်းကိုလေးစားသော ရဟန်းစသည်တို့အား ဝိနည်းကမ်နှင့်စပ်လျဉ်းသော ကုက္ကုစ္စတို့သည်လည်း ဖြစ်မြဲ ဖြစ်ကြသည်သာတည်း။ ထိုစကားကိုချဲ့ဦးအံ့....အချို့ရဟန်းတို့အား ရှေးရှေးက ငါတို့သည်ပြုအပ်ကုန်သော ပရိဝါသ်ဆောက်တည်သောအမှုကိစ္စနှင့် မာနတ်ဆောက်တည်သော အမှုကိစ္စ ဤနှစ်ပါးကုန်သော ဝတ်ဆောက်တည်သော အမှုကိစ္စတို့သည် ပြည့်စုံသောကမ်ကိစ္စတို့သည် ဖြစ်ကုန်လေရော့သလော, သို့မဟုတ် မဖြစ်ကုန်လေရော့သလော, ဤသို့ အစရှိသော များလှစွာကုန်သော ဝိနည်းကမ်နှင့် စပ်လျဉ်းသော ကုက္ကုစ္စတို့သည် ဖြစ်ကြကုန်သည်သာတည်း။

မှတ်ဘွယ်။ ။ဤ၌ အမှုကိစ္စ မပြုသေးမီ အပ်သလော, မအပ်သလော,ဟု နှစ်ခွဖြစ်သော ဝိနယကုက္ကုစ္စသည် ပုထုဇန်နှင့် သေက္ခပုဂ္ဂိုလ်တို့အား ကုသိုလ်ဖြစ်၏။ ရဟန္တာပုဂ္ဂိုလ်အား အဗျာကတဖြစ်၏။ ။အမှုကိစ္စပြုပြီးမှ ဖြစ်သော ဝိနယကုက္ကုစ္စကား ပုထုဇန်သေက္ခပုဂ္ဂိုလ်တို့အား အကုသိုလ်သာဖြစ်၏။ အဘယ့်ကြောင့်နည်း? အဘိဓမ္မကျမ်းလာ ကုက္ကုစ္စမျိုး ဖြစ်နေသောကြောင့်တည်း။ ရဟန္တာပုဂ္ဂိုလ်အား ဤကုက္ကုစ္စမျိုး မဖြစ်သင့်။

ဤသို့ဤပုံ ဆိုခဲ့ပြီးသောချွတ်ယွင်းမှုတို့နှင့် ကုက္ကုစ္စတို့သည် အရုဏ်ရောင်သည်ပင် အကြောင်းရင်းရှိကုန်၏။ အရုဏ်မတက်ခြင်းလျှင် အကြောင်းရင်းရှိကုန်သည်လည်း ဖြစ်ရပေ

ကုန်၏။ ထို့ကြောင့် ဝိနည်းကို အလေးပြုသော ရဟန်း,သီလ သမာဓိပညာဟူသော သိက္ခာသုံးပါးကို အလိုရှိသောရဟန်း, အာပတ်ဖြစ်မှု ကျူးလွန်ရမည်ကို ရှက်ကြောက်တတ်သော ရဟန်း, သီလကိုချစ်မြတ်နိုးတတ်သောရဟန်းတို့သည် မချွတ် မယွင်း မှန်ကန်သော အရုဏ်ရောင်နှင့် မချွတ်မယွင်းသော အရုဏ်တက်ချိန် အဆုံးအဖြတ်ကို အလိုလည်း ရှိအပ်၏။ သိလည်း သိအပ်၏။ ထို့ကြောင့် ထိုအရုဏ်ရောင်နှင့် ထိုအဆုံး အဖြတ်ကို အလိုရှိကုန် သိလိုကုန်သော ဝိနည်းကို အလေး ပြုသောရဟန်း အစရှိကုန်သော များစွာသော ရဟန်းတို့၏ အလိုပြည့်ရန် သိရန်အကျိုးငှါလည်း,ဝိနယကုက္ကုစ္စကို ပယ်နိုင် ရန်အကျိုးငှါလည်း, အရုဏ်သည်ပင် အကြောင်းရင်းရှိကုန် သော အာပတ်တို့မှ လွတ်မြောက်ကြရန်အကျိုးငှါလည်း,သီလ စင်ကြယ်ရန်အကျိုးငှါလည်း, မချွတ်မယွင်းသော အရုဏ်တက် ချိန် အဆုံးအဖြတ်ကို ပြုထိုက်၏။ ထို့ကြောင့် မချွတ်မယွင်း သော အရုဏ်တက်ချိန် အဆုံးအဖြတ်သည် နောက်၌ ထင် ရှားစွာ ဖြစ်ပေါ်လတ္တံ့။

ဝေါဟာရစသည်တို့ကို ပြသောအပိုင်း ပြီး၏။

၂–အရုဏ်စသည်ကို ဆိုသောအပိုင်း

ဆိုခဲ့သော အဆုံးအဖြတ်မျိုးကို ပြုလိုသောသူသည် ရှေး ဦးပြုဘွယ်ဖြစ်သော ခိုင်မာသော သာဓကစကားကိုရရန် ရှာမှီးခြင်းကိစ္စကို ပြုထိုက်၏။ ရှာမှီးခြင်းကိစ္စကို ပြုသည် ရှိသော် များသောအားဖြင့် ဝိနည်းအဋ္ဌကထာများနှင့် ဝိ- နယာလင်္ကာရဋီကာ၌ လာကုန်သော များစွာသော သာဓက စကားတို့ကို ရအပ်ကုန်၏။

ယခုအခါ၌ ရရှိထားသော ထိုသာကေစကားတို့တွင် ရှေးဦးစွာ ဝိနယာလင်္ကာရဋီကာ၌လာသော အရှက်တတ်ချိန်နှင့် စပ်လျဉ်းသော အရှက်စသည်ကို ဆိုရာဆိုကြောင်းဖြစ်သော အရူဏကထာကို ဆိုအပ်၏။ ထိုအရူဏကထာ၌ ဤဆိုလတ့်သော မေးခွန်းစကားကို ဆိုအပ်၏-

ကော သေ အရုဏော နာမ၊
ကေန သော အရုဏော ဘဝေ။
ကီဒိသော တဿ ဝဏ္ဏော တု၊
သဏ္ဌာနံ ကီဒိသံ ဘဝေ။

ကိသ္မိံ ကာလေ စ ဒေသေ စ၊
အရုဏော သမုဂ္ဂစ္ဆတိ။
ကိံ ပစ္စက္ခသိဒ္ဓေါ သော၊
ဥဒါဟု အနုမာနတော။

သေ သော အရုဏော နာမ၊ဤအရှက်မည်သည်ကား။ ကော၊ အဘယ်သဘောတရားမျိုးပါနည်း။ ကေန၊ အဘယ်အနက်သဘောဖြင့်။ ဝါ၊ အဘယ်သို့သော ဝိဂ္ဂြိုဟ်ဝစနစ္ဆကြောင့်။ သော အရုဏော၊ ထိုအရှက်သည်။ ဝါ၊ ထိုအရုဏဟူသော သဒ္ဒါသည်။ ဘဝေ၊ဖြစ်ပါသနည်း။ တု၊ထိုမှတပါး။ တဿ၊ ထိုအရှက်၏။ ဝဏ္ဏော၊ အဆင်းအရောင်သည်၊ ကီဒိသော၊ အဘယ်သို့သော အဆင်းအရောင်ရှိပါသနည်း။ တဿ၊ ထိုအရှက်၏။ သဏ္ဌာနံ၊ ပုံသဏ္ဌာန်သည်။ ကီဒိသံ၊ အဘယ်သို့သော ပုံသဏ္ဌာန်ရှိသည်။ ဘဝေ၊ဖြစ်ပါသနည်း။

အရုဏော၊ အရှက်သည်။ ကိသ္မိံ ကာလေ စ၊ အဘယ်အခါ၌ရှင်း။ ကိသ္မိံ ဒေသေ စ၊ အဘယ်အရပ်၌ရှင်း။

သမုဂ္ဂ ဿတိ သမုဂ္ဂဿတိ၊ ကောင်းစွာတက်ပါသနည်း။ သော၊ ဤအရက်သည်။ ပစ္စက္ခသိဒ္ဓေါ ကိံ၊ မျက်မြင်ဖြင့် ပြီးစီးပါသလော။ ဝါ၊ မျက်မြင်ဖြင့် သိအပ်သော တရားမျိုးပါလော။ ဥဒါဟု၊ ထိုသို့ မဟုတ်မူကား၊ အနုမာနတော၊ မှန်းဆသော အားဖြင့်။ သိဒ္ဓေါ ကိံ၊ ပြီးစီးပါသလော။ ဝါ၊ သိအပ်သော တရားမျိုးပါလော။

၁။ ဤအရက်ဆိုတာ အဘယ်သဘောတရားမျိုးပါလဲ။

၂။ ထိုအရက်သည် အဘယ်အနက်သဘောကြောင့် ဖြစ်ပါသနည်း။

၃။ ထို အရက်၏ အဆင်းအရောင်သည် ဘယ်အရောင်ရှိပါသနည်း။

၄။ ထို အရက်၏ ပုံသဏ္ဌာန်သည် ဘယ်ပုံသဏ္ဌာန်ရှိပါသနည်း။

၅။ ထိုအရက်သည် ဘယ်အခါ၌ ဘယ်အရပ်၌ တက်ပါသနည်း။

၆။ ဤအရက်သည် မျက်မြင်ဖြင့် သိအပ်သောတရားမျိုးလော, သို့မဟုတ် မှန်းဆခြင်းဖြင့် သိအပ်သော တရားမျိုးလော။

ဤကား ဂါထာတို့၌ လိုရင်းမေးခွန်းပုစ္ဆာတို့တည်း။

၁။ "ဤအရက်ဆိုတာ အဘယ်သဘောတရားမျိုးပါလဲ" ဟူသော ဤပထမမေးခွန်းပုစ္ဆာ၌ ဤအရက်မည်သည်ကား ထွက်ပေါ်လတ့်သော နေမင်း၏အရောင်အထူးပင် ဖြစ်ပေ၏။ ထိုစကား မှန်၏။ အဘိဓာနပ္ပဒီပိကာကျမ်း၌—

"သူရသောဒယတော ပုဗ္ဗ-ဋ္ဌိတရံသိ သိယာ-ရုဏော"ဟူသော ဤစကားကို မိန့်ဆိုအပ်၏။ သူ-ရသ၊ နေမင်း၏၊ ဥဒယတော၊ ထွက်ပေါ်လာသည်မှ။ ပုဗ္ဗဋ္ဌိတရံသိ၊ ရှေးဦးစွာ တက်လာသော အရောင်သည်။ အရုဏော၊အရုဏ်မည်သည်။သိယာ၊ ဖြစ်ရာ၏။

"နေထွက်သည်မှရှေး၌(နေမထွက်သေးမီ)တက်-လာသောအရောင်သည် အရုဏ်မည်၏" ဟူသော ဤစကားကို မိန့်ဆိုအပ်၏။

ထို၏အဖွင့်ဖြစ်သောအဘိဓာနပ္ပဒီပိကာဋီကာကျမ်း၌လည်း-

"သူရသ ဥဒယတော ပုဗ္ဗေ ဥဋ္ဌိတရံသိ အရု-ဏော နာမ"ဟူသော ဤစကားကို မိန့်ဆိုအပ်၏။ ။ သူရသ၊ နေမင်း၏။ ဥဒယတော၊ထွက်ပေါ်လာ-သည်မှ။ ပုဗ္ဗေ၊ ရှေး၌။ ဥဋ္ဌိတရံသိ၊ တက်လာသော အရောင်သည်။ အရုဏော နာမ၊ အရုဏ်မည်၏။

"နေထွက်သည်မှရှေး၌(နေမထွက်သေးမီ)တက်-လာသော အရောင်သည် အရုဏ်မည်၏"ဟူသော ဤ စကားကို မိန့်ဆိုအပ်၏။

ဝိမတိဝိနောဒနီအမည်ရှိသော ဝိနည်းဋီကာကျမ်း၌လည်း-

"အရုဏောတိ စေတ္ထ သူရိယုဂ္ဂမနသ ပုရေစရော ဝဏ္ဏနဃနရတ္တော ပဘာဝိသေသောတိ ဒဋ္ဌဗ္ဗော"ဟူ သောဤစကားကို မိန့်ဆိုအပ်၏။ အရုဏောဟူသော ဤပါဠိတော်၌ အရုဏ်ဟူသည် နေထွက်ပေါ်လာ

ခြင်း၏ ရှေ့သွားဖြစ်သော တိုးပွါးလာသော ထူထဲသော အနီရောင်အထူးပင်တည်း ဤသို့မှတ်အပ်၏”

ဟူသော ဤစကားကို မိန့်ဆိုအပ်၏။

ထို့ကြောင့် နေ၏ အရောင်သည်သာလျှင် အရုဏ်မည်၏။ တပါးသောအရောင်သည် အရုဏ်မမည် ဟူ၍ မှတ်အပ်၏။ ဤကား (၁)နံပါတ်မေးခွန်းပုစ္ဆာ၏အဖြေတည်း။

၂။ “ထိုအရုဏ်သည် အဘယ်အနက်သဘောကြောင့် ဖြစ်ပါသနည်း” ဟူသော ဤဒုတိယပုစ္ဆာ၌ အရုဏော ဝဏ္ဏော အဿာတိ အရုဏော၊ ကိဉ္စိရတ္တဝဏ္ဏသမန္နာ-ဂတောတိ အတ္ထော။ အထ ဝါ အရတိ ဂစ္ဆတိ ရတ္တဝဏ္ဏ-ဘာဝေန ပဝတ္တတီတိ အရုဏော။ ။အဿ၊ထိုနေရောင် အထူးအား။ အရုဏော၊ စဉ်းငယ် အနည်းငယ်နီသော။ ဝဏ္ဏော၊ အဆင်းအရောင်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ တသ္မာ၊ ထိုအနက်သဘော ကြောင့်။ အရုဏော၊ အရုဏ်မည်၏။ ကိဉ္စိရတ္တဝဏ္ဏသမန္နာဂတော၊ စဉ်းငယ် အနည်းငယ်နီသော အဆင်းအရောင်နှင့် ပြည့်စုံသော အရုဏ်ပင်တည်း။ ဝါ၊ အနည်းငယ် နီသော အဆင်း အရောင်နှင့် ပြည့်စုံသော အရုဏ်ကို။ လဗ္ဘတိ၊ ရအပ်၏။ ဣတိ အယံ၊ ဤသည်ကား။ အတ္ထော၊ အနက်သဘောတည်း။

ဤဋီကာအရ–“စဉ်းငယ် အနည်းငယ် နီသော အဆင်း အရောင်နှင့်ပြည့်စုံသော အနက်သဘောကြောင့် အရုဏ်မည်၏”ဟု ဆိုလို၏။

အထ ဝါ၊တနည်းကား။ ရတ္တဝဏ္ဏဘာဝေန၊ အနည်းငယ် နီသောအရောင်၏ အဖြစ်ဖြင့်။ အရတိ ဂစ္ဆတိ ပဝတ္တတိ၊ ဖြစ်

တတ်၏။ဣတိ တသ္မာ၊ထိုအနက်သဘောကြောင့်။အရုဏော၊ အရုဏ်မည်၏။ ။ဤဝိဂ္ဂဟ်အရ—"အနည်းငယ် နီသော အရောင်၏အဖြစ်ဖြင့် ဖြစ်တတ်သော အနက်သဘောကြောင့် အရုဏ်မည်၏"ဟု ဆိုလို၏။ ထိုစကားမှန်၏။ အဘိဓာနပ္ပဒီ-ပိကာဋီကာ၌—

"အရုဏဝဏ္ဏတာယ အရတိ ဂစ္ဆတီတိ အရု-ဏော"ဟူသော ဤစကားကို မိန့်ဆိုအပ်၏။ ။ အရုဏဝဏ္ဏတာယ၊ အနည်းငယ်နီသော အရောင်၏ အဖြစ်ဖြင့်။ အရတိ ဂစ္ဆတိ၊ သွားတတ် ဖြစ်တတ်၏။ ဣတိ တသ္မာ၊ ထိုအနက်သဘောကြောင့်။ အရုဏော၊ အရုဏမည်၏။ ။ဤဝိဂ္ဂဟ် အရ—"အနည်းငယ် နီသော အရောင်၏အဖြစ်ဖြင့် သွားတတ် ဖြစ်တတ် သော အနက်သဘောကြောင့် အရုဏ်မည်၏"ဟု ဆိုလို၏။ ဤကား (၂)နံပါတ်ပုစ္ဆာ၏ အဖြေတည်း။

၃။ "ထိုအရုဏ်၏အဆင်းအရောင်သည် ဘယ်အရောင် ရှိပါသနည်း "ဟူသော ဤတတိယပုစ္ဆာ၌....မထင်မရှား နီသော အဆင်းအရောင်သည် (ဝါ)အနည်းငယ် နီသော အဆင်းအရောင်သည် ထိုအရုဏ်၏ အဆင်းအရောင်ဖြစ် ပေ၏။ ထိုစကားမှန်၏။ အဘိဓာနပ္ပဒီပိကာကျမ်း၌—

"အရုဏော ကိဉ္စိရတ္တောထ"ဟူ၍ မိန့်ဆိုအပ်၏။

"အနည်းငယ်နီသော အဆင်းအရောင်သည် အရုဏ် မည်၏"ဟူ၍ မိန့်ဆိုအပ်၏။

ထိုကျမ်း၏ အဖွင့်ဖြစ်သော အဘိဓာနပ္ပဒီပိကာဋီကာ ကျမ်း၌လည်း—

“ကိဉ္စိရတ္တော အဇ္ဈတ္တရတ္တဝဏ္ဏော အရုဏောနာမ၊ ယထာ မဇ္ဈသာ အဂ္ဂ”ဟူ၍ မိန့်ဆိုအပ်၏။

“ငါးကြင်း၏ မျက်စိသည် အနည်းငယ် နီသကဲ့သို့ ထိုအတူ အနည်းငယ်နီသော အဆင်းအရောင်သည် အရုဏ်မည်၏”ဟူ၍ မိန့်ဆိုအပ်၏။

မှတ်ချက်။ ။ဤ၌ အနည်းငယ်နီသော အရောင်ဟုဆိုသည်မှာ ဟင်းသပဒါးနီ သန္တာနီ ကမ္ဗလာနီ နှင်းဆီပွင့်နီ စသော ရဲရဲနီသော အရောင်မျိုးမဟုတ်သောကြောင့်သာ အနည်းငယ်နီသော အရောင်ဟုဆိုသည်။ ဖြော့တော့သော အဖြူပျက်ခါမျှ အနီနုရောင်ကို ယူလို၍ ဆိုသည်မဟုတ်။ စင်စစ်အားဖြင့် အရှေ့အရပ်မျက်နှာမှ တက်လာသော တရွေ့ရွေ့တိုးပွါးလာသော အရောင်တို့တွင် အနီဆုံးအရောင်ကိုပင် အရုဏ်ရောင်ဟူ၍ စွဲမြဲစွာ မှတ်သားအပ်၏။ ဇာတ်အဋ္ဌကထာနှင့် ဝိမတိဋီကာဆရာတို့၏ အဆိုကို သတိထား၍ မှတ်သားသင့်၏။

ဝိမတိဝိနောဒနီဋီကာ၌လည်း—

“ဝနုနဃနရတ္တော ပဘာဝိသေသော”ဟူ၍ မိန့်ဆိုအပ်၏။ “တိုးပွါးလာသော ထူထဲသောအနီရောင် အထူးသည် အရုဏ်ရောင်မည်၏”ဟူ၍ မိန့်ဆိုအပ်၏။

ထို့ကြောင့် နေ၏ နီသောအရောင်သည်သာလျှင် အရုဏ်ရောင်မည်၏။ ဖြူသောအရောင် အစရှိသည်သည် အရုဏ်ရောင်မမည် ဟူ၍ မှတ်အပ်၏။

ယင်းသို့ဖြစ်သည်ရှိသော် ပါတိမောက္ခပနက္ခနှ က အဖွင့်ဖြစ်သော ဝိမတိဝိနောဒနီဋီကာ၌—

"ပါဠိယံ ပန နန္ဒိမုခိယာတိ ဩဒါတဒိသာမုခ-တာယ တုဋ္ဌမုခိယာ"ဟူ၍ မိန့်ဆိုအပ်၏။

"ပါဠိတော်၌ နန္ဒိမုခိယာဟူသည် ဖြူသောအရပ်မျက်နှာရှိသည်၏ အဖြစ်ကြောင့် နှစ်သက်ဖွယ်သောမျက်နှာကဲ့သို့ ရှိလတ်သော်"ဟူ၍ မိန့်ဆိုအပ်၏။

လိုရင်းစကားစပ်ကား—နေ၏ နီသောအရောင်သည်သာလျှင် အရုဏ်ရောင်မည်၏။ ဖြူသောအရောင်စသည်သည် အရုဏ်ရောင်မမည်ဟု ဆိုသည်ရှိသော် "ဖြူသောအရပ်မျက်နှာ"ဟုဆိုသော ထို ဝိမတိဝိနောဒနီဋီကာဆရာ၏ စကားသည် အဘယ်သို့လျှင် သင့်မြတ်နိုင်ပါအံ့နည်း။ ဤကား မေးခွန်းတည်း။ ထိုစကားသည် မသင့်သည်မဟုတ် သင့်သည်သာလျှင်ဖြစ်၏။ ထိုစကားကို ရှုဦးအံ့····ထို ဝိမတိ-ဝိနောဒနီဋီကာဆရာ၏ စကား၌ အရုဏ်တက်ချိန်မှာ အရုဏ်ရောင်ကြောင့် ဖြူသောအရပ်မျက်နှာရှိသည်၏အဖြစ်ကို ဆိုအပ်၏။ အရုဏ်ရောင်ဖြူသည်၏ အဖြစ်ကို ဆိုအပ်သည် မဟုတ်။ ထိုစကားမှန်၏၊ ဥဒါနအဋ္ဌကထာ၌—

"နန္ဒိမုခိယာ ရတ္တိယာတိ အရုဏုဿ ဥဋ္ဌတတ္တာ ဝေ အရုဏောဘာယ သူရိယာလောကူပဇီဝိနော သတ္တေ နန္ဒာပနမုခိယာ ရတ္တိယာ ဇာတာယ ဝိဘာ-ယမာနာယာတိ အတ္တော" ဟူသော ဤစကားကို မိန့်ဆိုအပ်၏။ "နန္ဒိမုခိယာ ရတ္တိယာ ဟူသည်ကား အရုဏ်တက်သည်၏အဖြစ်ကြောင့်သာလျှင် အရုဏ်

ရောင်ကို ရသဖြင့် နေရောင်ကိုမှီ၍ အသက်မွေးကုန်သော သတ္တဝါတို့ကို နှစ်သိမ့်စေသော မျက်နှာကဲ့သို့ ညွှန်အရောင်ဖြစ်လတ်သော် ထင်ထင်ရှားရှား ဖြစ်လတ်သော် ဤကား နန္ဒိမုခိယာ ရတ္တိယာ ဟူသော ပုဒ်တို့၏ အနက်ပင်တည်း" ဟူသော ဤစကားကို မိန့်ဆိုအပ်၏။

ဇာတကအဋ္ဌကထာ၌လည်း—

"ဇိဃစ္ဆရတ္တိံ အရုဏာသ္မိမုဟတေ၊
ယာ ဒိဿတိ ဥတ္တမရူပဝဏ္ဏိနီ။
တထူပမာ မံ ပဋိဘာသိ ဒေဝတေ၊
အာစိက္ခ မေ တွံ ကတမာသိ အစ္ဆရာ"—

ဟူသော ဤဂါထာ၏အနက်ကို ဖွင့်ဆိုရာ၌—

"တတ္ထ ဇိဃစ္ဆရတ္တိန္တိ ပစ္ဆိမရတ္တိံ ရတ္တိပရိယောသာနေတိ အတ္ထော။ ဥဟတေတိ အရုဏေ ဥဟတေ၊ ယာတိ ယာ ပုရတ္ထိမဒိသာ ရတ္တဝဏ္ဏတာယ ဥတ္တမရူပဓရာ ဟုတွာ ဒိဿတိ"ဟူ၍ ဖွင့်ဆိုအပ်၏။

"ထိုဂါထာ၌ ဇိဃစ္ဆရတ္တိံဟူသည် ညဉ့်အဆုံး၌ ဤကား အနက်ပင်တည်း။ ဥဟတေ ဟူသည်ကား အရုဏ်တက်လတ်သော်။ ယာဟူသည်ကား အကြင်အရှေ့အရပ် မျက်နှာသည် အနီရောင်ရှိသည်၏အဖြစ်ဖြင့် မြတ်သောအဆင်းကိုဆောင်သည်ဖြစ်၍ မြင်ရ၏" ဟူ၍ ဖွင့်ဆိုအပ်၏။

(ဂါထာအနက်ကား) ဇိဃစ္ဆရတ္တိံ၊ ညဉ့်အဆုံး၌။ အရုဏာသ္မိံ၊ အရုဏ်သည်။ ဝါ၊ အနီရောင်သည်။ ဥဟတေ၊

တက်သည်ရှိသော်။ ယာ၊ အကြင် အရွှေအရပ်မျက်နှာသည်။ ဥဇ္ဈမရူပဝဏ္ဏိနီ၊ နီသောအဆင်းအရောင်ရှိသည်၏အဖြစ်ဖြင့် မြတ်သောအဆင်းကို ဆောင်သည်ဖြစ်၍။ ဒိဿတိ၊ မြင်ရ၏။ ဝါ၊ ထင်၏။ ဒေဝတေ၊ အိုနတ်သမီး။ တထူပမာ၊ ထိုနီသော အဆင်းအရောင်ရှိသော အရွှေအရပ်မျက်နှာနှင့် တူသော ဥပမာရှိသည်ဖြစ်၍။ မံ၊ ငါ့အား။ ဝါ၊ ငါ့၌။ ပဋိဘာသိ၊ ဉာဏ်အထင်ဖြစ်၏။ တွံ၊သင်သည်။ ကတမာ၊ အဘယ်အမည် ရှိသော။ အစ္ဆရာ၊ နတ်သမီးသည်။ အသိ၊ ဖြစ်ပါသနည်း။ မေ၊ ငါ့အား။ အာစိက္ခ၊ ပြောကြားစမ်းပါလော။ (ဤကား "အာစိက္ခ မေ တွံ ကတမာသိ အစ္ဆရာ"ဟူသော ပါဠိအရှိကို အနက်ပေးခြင်းတည်း။ အကယ်၍ "အာစိက္ခ မေ တံ ကတမာသိ အစ္ဆရာ"ဟု ပါဠိရှိမူကား) ကတမာ၊ အဘယ်အမည် ရှိသော။ အစ္ဆရာ၊ နတ်သမီးသည်။ အသိ၊ ဖြစ်ပါသနည်း။ တံ၊ ထိုမေးခွန်း စကားကို။ မေ၊ ငါ့အား။ အာစိက္ခ၊ ဖြေကြားစမ်းပါလော။ ဤသို့အနက်ပေးလေ။

ဤသို့ဤပုံ ဆိုခဲ့ပြီးသော သာဓကစကားရပ်တို့ဖြင့် အရှက် တက်သော အချိန်၌ အရွှေအရပ်မျက်နှာ၏ အနီရောင်ရှိသည် ၏အဖြစ်ကို ဆိုအပ်၏။ ထို့ကြောင့် ထိုအရှက် တက်သော အချိန်၌ ထိုသို့သောအရှက်ရောင်တက်သည်၏အဖြစ်ကြောင့် အရွှေအရပ်မျက်နှာ နီသည်၏အဖြစ်ကိုရင်း, နေရောင်ပြန့်နှံ့ သည်၏ အဖြစ်ကြောင့် ကြွင်းကျန်သော အရပ်မျက်နှာတို့၏ ဖြူသည်၏အဖြစ်ကိုရင်း, သိအပ်၏။ ။ ဤကား(၃)နံပါတ် ပုစ္ဆာ၏အဖြေတည်း။

၄။ ထိုအရှက်၏ ပုံသဏ္ဌာန်သည် ဘယ်ပုံသဏ္ဌာန် ရှိပါ သနည်း"ဟူသော ဤစတုတ္ထပုစ္ဆာ၌ အရှက်အား အသီး

အခြားပုံသဏ္ဌာန်မည်သည် မရှိ။ အဘယ့်ကြောင့်နည်း။ အရောင်မျှသာ ဖြစ်သောကြောင့်တည်း။ အကြင်မျှလောက် အရပ်ကို ပြန့်နှံ့၏၊ ထိုမျှလောက် အရပ်သည် ထိုအရုဏ်၏ ပုံသဏ္ဌာန်ဟူ၍ မှတ်အပ်၏။

တနည်းကား။ ထိုအရုဏ်သည် အရှေ့အရပ်မျက်နှာ ပုံသဏ္ဌာန်ရှိ၏။ ထိုစကားမှန်၏။ ဇာတကအဋ္ဌကထာ၌—

"ပုရတ္ထိမဒိသာ ရတ္တဝဏ္ဏတာယ ဥတ္တမရူပဓရော ဟုတွာ ဒိဿတိ"ဟူ၍ မိန့်ဆိုအပ်၏။ "အရှေ့အရပ် မျက်နှာသည် အနီရောင်ရှိသည်၏ အဖြစ်ဖြင့် မြတ်သော အဆင်းကို ဆောင်သည်ဖြစ်၍ မြင်ရ၏ ထင်ရ၏"ဟူ၍ မိန့်ဆိုအပ်၏။ ဤကား (၄)နံပါတ် ပုစ္ဆာ၏ အဖြေတည်း။

၅။ "ထိုအရုဏ်သည် ဘယ်အခါ၌ ဘယ်အရပ်၌ တက်ပါသနည်း"ဟူသော ဤပဉ္စမပုစ္ဆာ၌ ဤအရုဏ်သည် နေထွက်သောအချိန်၏ ရှေးဖြစ်သောအခါ၌ (ဝါ)နေမထွက်သေးမီအခါ၌,အရှေ့အရပ်မျက်နှာ၌ တက်၏။ ထိုစကားမှန်၏။ ဥဒါနအဋ္ဌကထာ၌—

"ဥဋ္ဌိတေ အရုဏေတိ ဥဂ္ဂတေ အရုဏေ၊ အရုဏော နာမ ပုရတ္ထိမဒိသာယံ သူရိယောဒယတော ပုရေတရမေဝ ဥဋ္ဌိတောဘာသော"ဟူသော ဤ စကားကို မိန့်ဆိုအပ်၏။

"ဥဋ္ဌိတေ အရုဏေ ဟူသည်ကား အရုဏ်တက်လတ်သော်။ အရုဏ်မည်သည်ကား အရှေ့အရပ် မျက်နှာ၌ နေထွက်လာသည်မှ ရှေးဦးစွာသော

လျှင်တက်လာသော အရောင်ပင်တည်း" ဟူသော ဤစကားကို မိန့်ဆိုအပ်၏။

အဘိဓာနပ္ပဒီပိကာကျမ်း၌လည်း—

"သူရသောဒယတော ပုဗ္ဗုဋ္ဌိတရံသိ" ဟူသော ဤစကားကို မိန့်ဆိုအပ်၏။ "နေထွက်သည်မှ ရှေး (နေမထွက်သေးမီ) တက်လာသော အရောင်ပင် တည်း"ဟူသော ဤစကားကို မိန့်ဆိုအပ်၏။ ဤကား (၅)နံပါတ်ပုစ္ဆာ၏ အဖြေတည်း။

၆။ "ဤအရုဏ်သည် မျက်မြင်ဖြင့်သိအပ်သော တရားမျိုး လော, သို့မဟုတ် မှန်းဆခြင်းဖြင့် သိအပ်သောတရားမျိုး လော"ဟူသော ဤဆဋ္ဌပုစ္ဆာ၌ ဤအရုဏ်မည်သည်ကား မျက်မြင်ဖြင့်သိအပ်သော ပစ္စုပ္ပန်ရူပါရုံတရားသာလျှင်တည်း။ မှန်းဆခြင်းဖြင့် သိအပ်သောတရားမျိုး မဟုတ်ပါ။ အဘယ် ကြောင့် သိအပ်ပါသနည်း ဤသို့ အကယ်၍မေးငြားအံ့၊ စက္ခုဝိညာဏ်၏ အာရုံဖြစ်သော အဆင်းအရောင်ရူပါရုံဖြစ် သောကြောင့်တည်း။ (ဤသို့ ဖြေဆိုရာ၏)။ "အက္ခသ ပတီတိ ပစ္စက္ခံ" "မျက်စိ၏ရှေ့တည့်တည့်၌ ထင်လာသော ရူပါရုံတည်း ထို့ကြောင့် ပစ္စက္ခမည်၏" စက္ခုပသာဒနှင့် ရူပါရုံတို့၏ ရှေးရှုတိုက်ဆိုင်သည်၏ အဖြစ်ဖြင့် ထင်ခြင်းသို့ ရောက်သည်၏ အဖြစ်ကြောင့် စက္ခုဝိညာဏ်စိတ်ဖြစ်၏။ ထို စကားမှန်၏။ မြတ်စွာဘုရားသည်—

"စက္ခုံ စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ" ဟူသော ဤစကားကို ဟောကြားတော်မူအပ်၏။ "မျက်စိအကြည်ဓာတ်ကိုငှဲ့၍ ရူပါရုံအဆင်းအရောင်

ကိုရင်း အစွဲပြု၍ စက္ခုဝိညာဏ်စိတ် (ဝါ) မြင်သိစိတ် ဖြစ်ပေါ်လာ၏”ဟူသော ဤစကားကို ဟောကြားတော်မူအပ်၏။

ထို့ကြောင့် ဤ အရုဏ်အဆင်းအရောင်သည် မျက်စိဖြင့် မြင်၍ သိအပ်သောကြောင့် မျက်မြင်ဖြင့် ပြီးစီးသော တရားသာလျှင်(ဝါ)မျက်မြင်ဖြင့်သိအပ်သော တရားသာလျှင် ဖြစ်ပေ၏။ “ဤသို့ဖြစ်လျှင် ဤသို့ဖြစ်လေ်ာက်ရာ၏”ဟူ၍ မှန်းဆခြင်းဖြင့် အဖန်ဖန်ကြံစည်ခြင်းဖြင့် ပြီးစီးသော (ဝါ) သိအပ်သောတရားမျိုး မဟုတ်ပါ။ ဤကား (၆) နံပါတ်ပုစ္ဆာ၏ အဖြေတည်း။

ဤအမေးအဖြေကို ကောင်းစွာနှလုံးသွင်း၍ ပညာရှိသော သူတို့သည် နီသောအရောင်ကိုသာလျှင် အရုဏ်ရောင်ဟူ၍ ယုံကြည်အပ်၏ ကောင်းစွာမှတ်သားအပ်၏။

အဘယ့်ကြောင့် ဤအရာ၌ အရုဏာကထာကို ဆိုအပ်ပါသနည်း။ ဤကားမေးခွန်းတည်း။ ဤအရုဏာကထာ၏ များစွာ အရာကျယ်သည်၏အဖြစ်ကြောင့် ဆိုအပ်၏။ ဤကား အဖြေတည်း။ ဘယ်ပုံဘယ်နည်း များစွာအရာကျယ်ပါသနည်း။ ချဲ့၍ဖြေဆိုအံ့....ဥပုသ်စောင့်သုံးကုန်သော ဥပါသကာ-ဥပါသိကာမတို့သည် အရုဏ်တက်သောအချိန်ကို မှန်ကန်စွာမသိကြကုန်သည်ဖြစ်၍ အရုဏ်မတက်သေးမီအချိန်၌ အရုဏ်တက်ပြီဟူသော အမှတ်သညာဖြင့် ခဲဘွယ်ဘောဇဉ်ကို စားကြကုန်၏၊ ပန်းနံ့သာစသည်တို့ကိုလည်း ဆောင်ကြကုန်၏။ ထို့ကြောင့် ထိုဥပါသကာ-ဥပါသိကာမတို့၏ သီလသည် ပျက်စီးခြင်းသို့ ရောက်၏။

ရှင်သာမဏေတို့သည် ထိုနည်းအတူပင် စားသင့်သော အခါမဟုတ်ရာ၌ ဘောဇဉ်ကိုစားကြကုန်၍ သီလပျက်စီးခြင်းသို့ ရောက်ကြကုန်၏။

နိဿယယည်းယူ၍ ကျင့်သုံးကုန်သော ရဟန်းတို့သည် နိဿယယည်းဆရာ ဥပဇ္ဈာယ်ဆရာတို့နှင့် ကင်း၍ ဥပစာရသိမ် ခေါ်သော ကျောင်းဝန်းအရံ၏ ပြင်ပသို့သွားကြကုန်သည် ဖြစ်၍ နိဿယယည်းငြိမ်းခြင်းသို့ ရောက်ကြကုန်၏။

ဝါဆိုကုန်သော ရဟန်းတို့သည် ဝါတွင်း၌ ဥပစာရသိမ်မှ ပြင်ပသို့သွားကြကုန်သည်ဖြစ်၍ ဝါကျိုး-ဝါပြတ်ခြင်းသို့ ရောက်ကြကုန်၏။

တိစီဝရိက်သက်န်းကို ဆောင်ကုန်သော ရဟန်းတို့သည် ကမ္မဝါစာဖြင့် မဖွဲ့အပ်သော အဗဒ္ဓသိမ်တွင်း၌ သက်န်းနှင့်ကင်း၍နေကုန်သည်ဖြစ်၍ နိဿဂ္ဂိပါစိတ်အာပတ်သို့ ရောက်ကြကုန်၏။ ထိုအတူ သတ္တဗ္ဘန္တရသိမ်၌လည်း နိဿဂ္ဂိပါစိတ်အာပတ်သို့ ရောက်ကြကုန်၏။

သဟသေယျလောက်ရာအရပ်၌ လူသာမဏေ မာတုဂါမတို့နှင့် အတူတကွ အိပ်ကြကုန်သည်ဖြစ်၍ သုဒ္ဓပါစိတ်အာပတ်သို့ ရောက်ကြကုန်၏။

ယာဝကာလိက အာဟာရကို စားသောက်ကုန်သော ရဟန်းတို့သည် ထိုအတူ သုဒ္ဓပါစိတ်အာပတ်သို့ ရောက်ကြကုန်၏။

ပရိဝါသ် ကျင့်သုံးကုန်သော ရဟန်းတို့သည် ဝတ်ကို ချကုန်သည်ဖြစ်၍ ညဥ့်ပြတ်ခြင်းသို့ ရောက်ကြကုန်၏။

ဤသို့အစရှိသော များစွာသောအပြစ်တို့ကို ဖြစ်စေတတ်သောကြောင့် အာပတ်အပြစ်မှ ရှက်ကြောက်တတ်သော ရဟန်းသီလကို ချစ်မြတ်နိုးတတ်သော ရဟန်းတို့အား မှန်ကန်သောအားဖြင့် အရုဏ်တက်သောအချိန်ကို သိစေရန် အကျိုးငှါ ဤအရာ၌ အရုဏကထာကို ဆိုအပ်၏ဟူ၍ မှတ်အပ်၏။ ။ဤကား အရာကျယ်ပုံ အကျယ်ဖြေဆိုခြင်းတည်း။

ပထမဝါဒ အချို့သော ရဟန်းတို့သည်ကား ညဥ့်ထက်ဝက်သန်းခေါင်အခါ၌ နံရီသုညဖြစ်သောကြောင့် ညဥ့်ထက်ဝက်သန်းခေါင်အခါကို ကျော်လွန်လျှင် တပါးသော ရက်ဖြစ်၏။ (ရှေးရက်မှ နောက်ရက်သို့ပြောင်း၏)။ ထို့ကြောင့် ထိုသန်းခေါင်ကျော်အချိန်၌ အရုဏ်တက်သည် မည်တော့၏ဟု ထင်မှတ်ကြကုန်သည်ဖြစ်၍ ညဥ့်ထက်ဝက်သန်းခေါင်အချိန်ကို ကျော်လွန်၍ ခဲဘွယ်ဘောဇဥ် စသည်တို့ကို စားကြကုန်၏။ ထိုရဟန်းတို့သည်ကား မြတ်စွာဘုရား၏ အယူဝါဒကို မသိကြကုန်သည်ဖြစ်၍ ဗေဒင်ကျမ်း၏ အယူဝါဒကိုသာ နှလုံးသွင်းကြကုန်လျက် ဤသို့ပြုလုပ်ကြကုန်၏။ ထို့ကြောင့် ထိုရဟန်းတို့၏ ထိုသို့ပြုလုပ်ခြင်းသည် ပမာဏ မပြုလောက် အတိုင်းအတာ မပြုလောက်ပေ။

ဒုတိယဝါဒ များလှစွာကုန်သော ရဟန်းတို့သည်ကား အရုဏ်ကို မျက်စိဖြင့် မြင်အပ်သည်၏အဖြစ်ကို မသိကြကုန်သည်ဖြစ်၍ မှန်းဆသောအားဖြင့် ကြံစည်ခြင်းငှါလည်း မစွမ်းနိုင်ရကား ဟာဆင့်ကြားရသည်၏ အစွမ်းဖြင့်သာလျှင် သူတပါးတို့၏စကားကို ယုံကြည်ကြကုန်လျက် "ငါတို့၏ဆရာတို့သည် အရုဏ်တက်သောအချိန်၌ အိပ်ရာမှ ထ၍ ခရီးသွားကြလျှင် နေထွက်သောအချိန်၌ နှစ်တိုင်ခေါ

တာနှစ်ထောင် ဝေးကွာသော အရပ်သို့ ရောက်ကြကုန်၏၊ သုံးတိုင်ခေါ် တာသုံးထောင် ဝေးကွာသော အရပ်သို့ ရောက်ကြကုန်၏"။ ဤသို့ ပြောဆိုကြကုန်၏။ "ဤမည်သော ကျောင်းမှ ဤမည်သောကျောင်းသို့, ဤမည်သောစေတီသို့, ဤမည်သောရွာသို့ ရောက်ကြကုန်၏"။ ဤသို့ စသော စကားတို့ကိုလည်း ပြောဆိုကြကုန်၏။ ဤသို့ဤပုံ တဆင့်ကြားရသော စကားကိုသာ ပြောဆိုတတ်ကြကုန်၏။ ထိုစကားသည်လည်း ပမာဏ မပြုလောက် အတိုင်းအတာ မပြုလောက်ပါ။ အဘယ်ကြောင့်နည်း။ အခွန့်ရှည်သော ခရီးမည်သည်ကား အားရှိခြင်း, လျင်မြန်ခြင်းနှင့် ပြည့်စုံသောသူအား ခရီးတို၏။ အားနည်း နွေးကွေးသောသူအား ခရီးရှည်၏။ ထိုစကားမှန်၏၊ မြတ်စွာဘုရားသည်—

> "ဒီဃာ ဇာဂရတော ရတ္တိ၊
> ဒီဃံ သန္တဿ ယောဇနံ။
> ဒီဃော ဗာလာန သံသာရော၊
> သဒ္ဓမ္မံ အဝိဇာနတံ"—

ဟူ၍ "အိပ်မပျော်ဘဲ နိုးနေသောသူအား ညဉ့်သည် အလွန်ရှည်၏။ နုံးနွေးသောသူအား တယူဇနာခရီးသည် အလွန်ရှည်၏။ သူတော်ကောင်းတရားကို မသိကုန်သော သူမိုက်တို့အား သံသရာသည် အလွန်ရှည်၏" ဟူ၍ ဟောတော်မူအပ်၏။

ထို့ကြောင့် အခွန့်ရှည်ဝေးသော ခရီးမည်သည်ကား အလုံးစုံသော သူတို့အား တထပ်တည်း မတူနိုင်ပါ။ ထိုသို့ တထပ်တည်း မတူနိုင်သည်၏အဖြစ်ကြောင့် အရှက်တက်ခြင်း၏ အမှတ်အသား လက္ခဏာ မဖြစ်နိုင်ပါ။ တဆင့်

ကြားရသော စကားကို ဆိုတတ်ကုန်သော ထိုအရှင်တို့သည်ကား ပိဋကတ်သုံးပုံမှ တစုံတခုသော သာကေဖြစ်သော စကားကို မဆောင်နိုင်ကြကုန်။ သက်သေမရှိသော တရားတွေခြင်း, တရားဆိုင်ပြြင်းကဲ့သို့ မိမိတို့၏ အလိုအားလျော်စွာ သာလျှင် ပြောဆိုတတ်ကြကုန်၏။ ထို့ကြောင့် ပမာဏမဖြစ် အတိုင်းအတာ မဖြစ်လောက်ပေ။

တတိယဝါဒ တပါးတခြားသောရဟန်းတို့သည်ကား—

“အတီတရတ္တိယာ ယာမော၊
ပစ္ဆိမောခုမမုဿ ဝါ။
ဘာဝိနိယာဒိပ္ပဟာရော၊
တဒနံ ဝါဋ္ဌ တေဟျဟော”—

ဟူသော ကစ္စာယနသာရကျမ်း၌ လာသော ဂါထာကို ဆို၍ လွန်ပြီးသော ညဉ့်၏ယာမ်(၃)ယာမ်တို့တွင် နောက်ဆုံးယာမ်သည် ယနေ့၌အကျုံးဝင်၏။ ထို့ကြောင့် နောက်ဆုံးယာမ်၏ အစမှစ၍ အရဏ်တက်သည်ဟု ဆိုကြကုန်၏။

(ဂါထာအနက်ကား) အတီတရတ္တိယာ၊ လွန်ပြီးသော အတိတ်ညဉ့်၏။ပစ္ဆိမော၊နောက်ဆုံးဖြစ်သော။ယာမော ဝါ၊ ယာမ်သည်၎င်း။ အမုဿ၊ ဤနောက်ဆုံးယာမ်၏။ အနံ ဝါ၊ ထက်ဝက်သည်၎င်း။ ဘာဝိနိယာ၊ဖြစ်လတ္တံ့သော အနာဂတ်ညဉ့်၏။ အာဒိပ္ပဟာရော ဝါ၊ အစပဟိုရ်သည်၎င်း။တဒနံ ဝါ၊ ထိုအစပဟိုရ်၏ ထက်ဝက်သည်၎င်း။ (အတ္တိ၊ရှိ၏။)တေဟိ၊ ထိုပိုင်းခြားအပ်သော အချိန်တို့ဖြင့်။ (လက္ခိတော၊ မှတ်အပ်သော။) အဟော၊ ရက်သည်။ အဇ္ဇ၊ အဇ္ဇမည်သည်။ ဝါ၊ ယနေ့ဖြစ်သည်။ (ဟောတိ၊ ဖြစ်၏။)

ဤဝါဒသည် အကြောင်းနှင့်တကွသိစေတတ်သည်၏အဖြစ်ကြောင့် ရှေးဝါဒတို့ထက်အားရှိ၏ အားကောင်း၏။ ဤသို့ပင် အားရှိပါသော်လည်း မသင့်မလျော်သည်သာတည်း။ အဘယ်ကြောင့်နည်းဟူမူကား ဤဂါထာသည် သာသနာပသဒ္ဒါကျမ်းဖြစ်သောဇင်ဒါသမည်သောကျမ်း၌ ဆိုအပ်သောနည်းဖြင့် "အဇ္ဇ ဘဝါ အဇ္ဇတနီ"ဟူ၍ "ယနေ့ ဖြစ်သည်"ဟုဆိုအပ်သော ယနေ့အခေါ်ပြတ်၏ဖြစ်ရာ အချိန်အခါကို ပြခြင်းငှာဆိုအပ်၏။ ပိဋကတ်သုံးပုံ၌ ဆိုအပ်ဆိုထိုက်သော အရဟတ်တက်သော အချိန်အခါကို ပြခြင်းငှာဆိုသည် မဟုတ်ပါ။ ထို့ကြောင့် မြတ်စွာဘုရား၏ ပိဋကတ် အယူအဆဖြင့် ပြီးစေအပ် ထောက်ထားကူညီအပ်သော တပါးသောအရဟတ်တက်ချိန်ဟူသော စကားကို သာသနာပ သဒ္ဒါကျမ်းတည်းဟူသော တပါးသော အထောက်အထားသာကေစကားဖြင့် ကူညီ၍ဆိုသောကြောင့် မသင့်မလျော်သည်သာတည်း။

စတုတ္ထဝါဒ တပါး တခြားသော ရဟန်းတို့သည်ကား—

"ပဟာရော ယာမသညိတော-ပဟိုရ်ကို ယာမ်ဖြင့် မှတ်အပ်၏"ဟူ၍ အဘိဓာနပ္ပဒီပိကာကျမ်း၌ ဆိုသောကြောင့်၎င်း, ပဟိုရ် ဟူသောစကား ယာမ် ဟူသောစကားတို့၏ အနက်သဘော တူသည်၏အဖြစ်ကြောင့်၎င်း, ထိုကျမ်း၌ပင် "တိယာမာ သံဝရီ ဘဝေ၊ တိယာမ-နှင့် သံဝရီသည် ညဉ့်ဟော အနက်အားဖြင့် အနက်တူဖြစ်၏"ဟု ဆိုသောကြောင့်၎င်း, တည်ဉ့်၌လည်း သုံးယာမ် ရှိသည်၏ အဖြစ်ကြောင့်၎င်း,ပါဠိတော်၌လည်း "အရှင်မြတ်ဘုရား ညဉ့်အဆုံးယာမ်သည် ကုန်လွန်သွားပါပြီ၊ ညဉ့်အဆုံးယာမ်သည် ထွက်သွားပါပြီ၊ အရဟတ်တက်ပါပြီ" ဤသို့ လာသောကြောင့်၎င်း,

ယခုအခါ၌ တည္ဆ၌လုံး၏ (၄)ပဟိုရ်တို့တွင် တတိယပဟိုရ်၏ အဆုံး၌ အရုဏ်တက်၏။ ထို့ကြောင့် ကြွင်းကျန်သော (၁) ပဟိုရ်မျှသောအချိန်သည် နေ့အဘို့သို့ သက်ဝင်၏ ဟူ၍ ဆိုကြကုန်၏။ ဤစတုတ္ထဝါဒသည် တတိယဝါဒထက်လည်း အထူးသဖြင့် အားရှိ အားကောင်း၏။ အဘယ်ကြောင့်နည်းဟူမူကား သိစေတတ်သော အထောက်အကူ သက်သေသာဓကစကားသည် သိစေအပ်သော ပဟိုရ်-ယာမ် စသည်အား လျော်သည်၏ အဖြစ်ကြောင့်တည်း။ ထိုစကား မှန်၏၊ မှန်ပုံကား —

"ပဟိုရ်ကို ယာမ်ဖြင့် မှတ်အပ်၏" ဟူသော ဤသိစေတတ်သော စကားသည် ပဟိုရ်ဟူသောစကား ယာမ်ဟူသော စကားတို့၏ အနက်သဘောခြင်းတူသည်၏ အဖြစ်အား လျော်၏။

"တိယာမ-နှင့် သံဝရီ-သည် ညဥ့်ဟောအနက်အားဖြင့် အနက်တူဖြစ်၏" ဟူသော ဤသိစေတတ်သော စကားသည် တည္ဆ၌လုံး၌ ယာမ်(၃)ယာမ်ရှိသည်၏ အဖြစ်အား လျော်၏။

"ပါဠိတော်၌လည်း အစရှိသော" ဤသိစေတတ်သော စကားသည်-တတိယပဟိုရ်၏အဆုံး၌ အရုဏ်တက်ခြင်းအား လျော်၏။

ထိုသို့ပင်လျော်ပါသော်လည်း မသင့်သေးသည်သာလျှင် ဖြစ်ရပေ၏။

အဘယ်ကြောင့်နည်း၊ "ကြွင်းကျန်သော (၁) ပဟိုရ်မျှသော အချိန်သည် နေ့အဘို့သို့ သက်ဝင်၏" ဟူသော စကား၏

ဆန့်ကျင်နေသည်၏အဖြစ်ကြောင့်တည်း။ ထိုစကားကို ချဲ့ဦး အံ့····မဇ္ဈိမအရပ်၌ ရှေးမြန်မာနာရီအားဖြင့် (၁၀) နာရီ အတိုင်းအရှည်ရှိသော အချိန်သည် (၁) ပဟိုရ် ဖြစ်သော ကြောင့် တညဉ့်လုံး၌ (၃) ယာမ်သာ ဖြစ်ပေ၏၊ (၄) ယာမ် မဖြစ်ပေ။ ယခုအခါ အစွန်အဖျားဖြစ်သော မြန်မာနိုင်ငံစသော အရပ်တို့၌ မြန်မာနာရီ (၇)နာရီ (၈)နာရီမျှရှိသော အချိန်ကို (၁) ပဟိုရ်ပြုသောကြောင့် တညဉ့်လုံး၌ (၄) ယာမ်ဖြစ်ပေ ၏။ ထိုသို့ပင် မြန်မာနိုင်ငံစသော အစွန်အဖျား အရပ်တို့၌ တညဉ့်လုံးမှာ (၄) ပဟိုရ်ရှိသော်လည်း မဇ္ဈိမအရပ်၌ကား (၃) ပဟိုရ်သာရှိသောကြောင့် မဇ္ဈိမအရပ်၏ ခေါ်ဝေါ် ပညတ် အမှတ်စကားကို ယူ၍ အဘိဓာနပ္ပဒီပိကာကျမ်း၌ "တိယာမာ သံဝရီ ဘဝေ"ဟူ၍ တိယာမ-နှင့် သံဝရီ-သဒ္ဒါ တို့၏ ညဉ့်ဟူသော အနက်အားဖြင့် အနက်တူဖြစ်ပုံကို မိန့်ဆို အပ်၏။ ပါဠိတော်၌လည်း "နိက္ခန္တော ပစ္ဆိမော ယာမော၊ ဥဒ္ဓသ္တော အရုဏော"ဟူ၍ ညဉ့် (၃)ယာမ်တို့တွင် နောက်ဆုံး ယာမ်၏ အဆုံး၌ အရဟတ်တက်သည်၏ အဖြစ်ကို မိန့်ဆိုအပ် ၏။ ထို့ကြောင့် ညဉ့်အဆုံး၌သာလျှင် အရဟတ်တက်သည် ဟူ၍ မှတ်အပ်၏။ ထို့ကြောင့်သာလျှင် ဝိမတိဝိနောဒနီ ဋီကာ၌—

"တထာ ပါရိဝါသိကာဒီနမ္ပိ အရုဏံ အနုဋ္ဌာပေ- တွာ ဝတ္တံ နိက္ခိပန္တာနံ ရတ္တိစ္ဆေဒေါ ဝုတ္တော၊ ဥဂ္ဂတေ အရုဏေ နိက္ခိပိတ္ဗာ ဂန္တဗ္ဗန္တိ ဟိ ဝုတ္တန္တိ၊ သဟ- သေယျသိက္ခာပဒေပိ အနုပသမ္ပန္နေဟိ သဟ နိဝုတ္ထ- ဘာဝမောစနတ္ထံ 'ပုရာရုဏာ နိက္ခမိတွာ'တိ ဝုတ္တံ။ စေ၀ံ စီဝရဝိပ္ပဝါသာဒီသု စ သမ္ဘရတ္တိပရိယောသာနေ

အာဂမနဝသေန အရုဏုဂ္ဂမနံ ဒဿိတံ၊ န အတိ-
တာရုဏဝသေန"ဟူ၍ မိန့်ဆိုအပ်၏။

ထိုအတူ (ထိုမှတပါး) ပရိဝါသ် ကျင့်သုံးသော ရဟန်းစသည်တို့အားလည်း အရုဏ်မတက်စေသေးမူ၍ (ဝါ) ညဉ့်မဆုံးသေးဘဲ ဝတ်ကိုချထားကုန်သည်ဖြစ်၍ ညဉ့်ပြတ်ခြင်းကို မိန့်ဆိုအပ်၏။ ထိုစကားမှန်၏၊ အရုဏ်တက်ပြီးလတ်သော်(ဝါ) ညဉ့်ကုန်ဆုံးပြီးလတ်သော် ဝတ်ကိုချ၍ သွားအပ်၏ ဟူ၍ မိန့်ဆိုအပ်၏။ သဟသေယျသိက္ခာပုဒ်၌လည်း လူသာမဏေတို့နှင့်အတူတကွ အိပ်နေသည်၏ အဖြစ်မှ လွတ်စေခြင်းအကျိုးငှါ "အရုဏ်မတက်သေးမီ ထွက်၍ (ဝါ)ညဉ့်မကုန်မဆုံးသေးမီ ထွက်၍"ဤသို့ အစရှိသောစကားကို ဆိုအပ်၏။ ဤနည်းအတူ သက်နှင့်နှင့် ညဉ့်ကင်း၍နေခြင်း အစရှိကုန်သော အလုံးစုံသော အရာတို့၌လည်း ညဉ့်အဆုံး၌ ရောက်လတ့် တက်လတ့်သော အရုဏ်၏အစွမ်းအားဖြင့် အရုဏ်တက်ခြင်းကို ပြအပ်၏၊ လွန်ပြီးတက်ပြီးသော အရုဏ်၏အစွမ်းအားဖြင့် အရုဏ်တက်ခြင်းကို မပြအပ်"ဟူ၍ မိန့်ဆိုအပ်၏။

(အရုဏ်တက်၍ လွန်ပြီးသည့်နောက်၌ ညဉ့်အကြွင်းအကျန်ရှိသည်ကို မပြအပ်ဟု ဆိုလို၏။)

ဇာတကအဋ္ဌကထာ၌လည်း—

"ရတ္တိပရိယောသာနေတိ အတ္ထော"ဟူ၍ "ညဉ့်အဆုံး၌ အရုဏ်တက်သည်ဟူသော အနက်သဘော"ကိုပင် မိန့်ဆိုအပ်၏။

မဇ္ဈိမအရပ်တို့၌ ညဉ့်သက်သက်၌သာလျှင် (၃)ယာမ်ရှိသည် မဟုတ်သေး၊ စင်စစ်ကေန် အမှန်အားဖြင့် နေ့၌လည်း (၃) ယာမ်ပင် ရှိ၏။ ထိုကြောင့်သာလျှင် အဋ္ဌသာလိနီအဋ္ဌကထာ၌—

"သမ္မာသမ္ဗုဒ္ဓဿ အဘိဓမ္မဒေသနာပရိယောသာနဉ္စ တေသံ ဘိက္ခူနံ သတ္တပ္ပကရဏဥဂ္ဂဟဏဉ္စ ကေပ္ပဟာရေနေဝ ဟောတိ" ဟူ၍ "မြတ်စွာဘုရား၏ အဘိဓမ္မတရားတော်ကို ဟောတော်မူခြင်း အဆုံးနှင့် ထိုရဟန်းတို့၏ အဘိဓမ္မ (၇) ကျမ်းကို သင်ယူခြင်း အဆုံးသည် (၁) ပဟိုရ်တည်းသာဖြစ်၏"ဟူ၍ မိန့်ဆိုအပ်၏။

မူလဋီကာ၌လည်း—

"ကေပ္ပဟာရေနာတိ ဧတ္တ ပဟာရောတိ ဒိဝသဿ တတိယဘာဂေါ ဝုစ္စတိ"ဟူ၍ "(၁)ပဟိုရ်တည်းဖြင့်ဟူသောစကား၌ ပဟိုရ်ဟူသည် တနေ့လုံး၏ သုံးခုမြောက်အဘို့ကိုဆိုအပ်၏။"ဟူ၍ မိန့်ဆိုအပ်၏။

ထိုကြောင့် တညဉ့်တနေ့ နှစ်ရပ်ပေါင်း တရက်လုံး၌ (၆)ပဟိုရ်ဖြစ်၏ဟူ၍ သိအပ်၏။

ဤသို့ ဤပုံ ဆိုခဲ့ပြီးသော စကားတို့ကို ထောက်ဆ၍ မဇ္ဈိမအရပ်အပြောအဆို ဝေါဟာရအားဖြင့် တညဉ့်လုံး၌ (၃)ယာမ်ဟုဆိုအပ်သော (၃)ပဟိုရ်အဆုံး၌ ဖြစ်သော အလုံးစုံသောညဉ့်အဆုံး၌ တက်သောအရှက်ကို ပစ္စန္တအရပ်အပြောအဆိုဝေါဟာရအားဖြင့် တညဉ့်လုံး၌ (၄)ပဟိုရ်-

တို့တွင် (၃)ပဟိုရ်၏အဆုံးဟု ယူဆ၍ (၁)ပဟိုရ်ကြွင်းကျန်နေသေးသော ညဉ့်အချိန်၌ပင် အရုဏ်တက်၏ဟု ဆိုသောကြောင့် ဤစတုတ္ထဝါဒသည်လည်း မသင့်သေးသည်သာလျှင် ဖြစ်၏ဟူ၍ မှတ်အပ်၏။

ပဥ္စမဝါဒ များလှစွာကုန်သော ပညာရှိတို့သည်ကား ခုဒ္ဒသိက္ခာနိဿယ၌ ဆိုအပ်သော—

သေတာရုဏာဥ္စ ပဌမံ၊ ဒုတိယံ နန္ဒိယာဝဋံ။
တတိယံ တမ္ဗဝဏ္ဏာဥ္စ၊ စတုတ္ထံ ဂပြဘံမုခံ”—

ဟူသော ဤဂါထာကိုအမှီပြု၍ တညဉ့်တည်း၌ အရုဏ် (၄) ကြိမ်တက်၏ဟု ဆိုကြ၏။ ထိုဂါထာ၌—ရှေးဦးစွာဖြူသော အဆင်း အရောင် ဖြစ်၏။ နှစ်ကြိမ်မြောက်၌ ဇလပ်ပန်းအဆင်းအရောင်ဖြစ်၏။ သုံးကြိမ်မြောက်၌ ကြေးနီအဆင်းအရောင်ဖြစ်၏။ လေးကြိမ်မြောက်၌ မြည်း၏ခံတွင်းအဆင်းအရောင်ဖြစ်၏။ ဤသို့ဆိုကြကုန်၍ အနီရောင်မှ ရှေးဦးစွာ (ဝါ) အနီရောင်မလာသေးမီ ကုန်လွန်ခါနီးဖြစ်သော အတိတ်ညဉ့်၌ပင် ဝတ်ကိုချခြင်းအစရှိသောအမှုကို ပြုကြကုန်၏။ ထိုပညာရှိ ရဟန်းတို့၏ ထိုသို့ပြုခြင်းသည် မစူးစမ်းမဆင်ခြင်ပဲပြုသည်၏ အဖြစ်သို့ ရောက်၏။ ထိုစကားမှန်၏၊ ဤဂါထာသည် ပါဠိတော်၌လည်း မရှိ၊ အဋ္ဌကထာ၌လည်း မရှိ၊ ဋီကာတို့၌လည်း မရှိ၊ နိဿယသက်သက်၌သာ ရှိ၏။ နိဿယများစွာတို့တွင်လည်း ခုဒ္ဒသိက္ခာနိဿယ တဆောင်တည်း၌သာ ရှိ၏။ တပါးတခြားသော နိဿယတို့၌ မရှိ၊ ထိုတဆောင်တည်းသော ခုဒ္ဒသိက္ခာနိဿယ၌လည်း ရှေ့စကား နောက်စကား အစပ်အဟပ် မရှိ၊ အကြောင်းအကျိုးစသော အဖြစ်လည်း မရှိ၊ လိင်စသည်ကို

ပိုင်းခြားမှတ်သားခြင်းလည်း မရှိ။ နိဿယကျမ်းကို ပြုသော ဆရာသည် ရေးသားခဲ့သော ဂါထာ မဖြစ်တန်ရာ၊ ဟုတ်ဟန် မရှိ၊ စင်စစ်ကေန်အမှန်အားဖြင့် နောက်အခါ၌ အချို့သော ပေစာရေးတို့သည် မိမိတို့၏ အလိုအားလျော်စွာ ရေးထား ခဲ့သောဂါထာ ဖြစ်တန်ရာ၏။ ထို့ကြောင့် ဤဂါထာကို အဘယ်ကျမ်းမှ ဆောင်ယူအပ်ပါသနည်း၊ ပါဠိတော်မှ ဆောင်ယူအပ်ပါသလော၊ သို့မဟုတ်အဋ္ဌကထာမှ ဆောင်ယူ အပ်ပါသလော၊ ဋီကာမှ ဆောင်ယူ အပ်ပါသလော၊ ဝိနည်း မှ ဆောင်ယူအပ်ပါသလော၊ သုတ္တန်မှ ဆောင်ယူအပ်ပါ-သလော၊ အဘိဓမ္မမှ ဆောင်ယူအပ်ပါသလော၊ ဤသို့ ဤပုံ အစကိုမရှာမှီးမူ၍ နိဿယကျမ်း၌ မြင်ခါမျှကိုသာ အနှစ်-သာရအားဖြင့်ယူလျက် ပါဠိ အဋ္ဌကထာ ဋီကာတို့၌ မိန့်ဆို အပ်သော စကားကို မသိမှီးမူ၍ ပြုအပ်သည်၏အဖြစ်ကြောင့် မစူးစမ်း မဆင်ခြင်ပဲ ပြုသည်၏အဖြစ်သို့ ရောက်၏။

ထို ပါဠိ အဋ္ဌကထာ ဋီကာဟူသော စကားရပ်၌ ဤဆို လတ့်ကား ပါဠိတော်ပင်တည်း—

"တေ န ခေါ ပန သမယေန ဗုဒ္ဓေါ ဘဂဝါ သီတာသု ဟေမန္တိကာသု ရတ္တီသု အန္တရဋ္ဌကာသု ဟိမပါတသမယေ ရတ္တိံ အဇ္ဈောကာသေ ကေ-စီဝရော နိသီဒိ၊ န ဘဂဝန္တံ သီတံ အဟောသိ။ နိက္ခန္တေ ပဌမေ ယာမေ သီတံ ဘဂဝန္တံ အဟောသိ၊ ဒုတိယံ ဘဂဝါ စီဝရံ ပါရုပိ၊ န ဘဂဝန္တံ သီတံ အဟောသိ။ နိက္ခန္တေ မဇ္ဈိမေ ယာမေ သီတံ ဘဂဝန္တံ အဟောသိ၊ တတိယံ ဘဂဝါ စီဝရံ ပါရုပိ၊ န ဘဂဝန္တံ သီတံ အဟောသိ။ နိက္ခန္တေ ပစ္ဆိမေ

ယာမေ ဥဠာရေဿ အရုဏော နန္ဒိမုခိယာ ရတ္တိယာ သိတံ ဘဂဝန္တံ အဟောသိ၊ စတုတ္ထံ ဘဂဝါ စီဝရံ ပါရုပိ၊ န ဘဂဝန္တံ သီတံ အဟောသိ"ဟူသော— ဤပါဠိသည် မဟာဝဂ္ဂစီဝရက္ခန္ဓကဌ် လာသော ဝိနည်းပါဠိတော်ဖြစ်ပေ၏။

"ထိုအခါ၌ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် ချမ်းအေးသော ဆောင်းဥတုအခါတို့၌ တပို့တွဲနှင့် တပေါင်းလ အကြား ရှစ်ရက်ဖြစ်ကုန်သော ညဉ့်တို့တွင် ဆီးနှင်းကျသော ညဉ့်တည်ဉ့်၌ လွင်ပြင်အရပ်၌ သင်းပိုင်တထည်တည်းဝတ်၍ ထိုင်နေတော်မူ၏။ မြတ်စွာဘုရားအား ချမ်းအေးခြင်းမဖြစ်ပေ။ ပဌမယာမ်သည် ထွက်သွားလတ်သော် မြတ်စွာဘုရားအား ချမ်းအေးခြင်း ဖြစ်ပေ၏။ မြတ်စွာဘုရားသည် နှစ်ထည်မြောက် သင်္ကန်းကို ခြုံရုံတော်မူ၏။ မြတ်စွာဘုရားအား ချမ်းအေးခြင်း မဖြစ်ပေ။ မဇ္ဈိမယာမ်သည် ထွက်သွားလတ်သော် မြတ်စွာဘုရားအား ချမ်းအေးခြင်း ဖြစ်ပေါ်လာပြန်ပြီ။ မြတ်စွာဘုရားသည် သုံးထည်မြောက် သင်္ကန်းကို ခြုံရုံတော်မူပြီ။ မြတ်စွာဘုရားအား ချမ်းအေးခြင်း မဖြစ်ပေ။ **ပစ္ဆိမယာမ်သည် ထွက်သွားလတ်သော် အရုဏ်တက်လတ်သော် ညဉ့်အရောင်သည် နှစ်သက်ဖွယ်သော မျက်နှာအဆင်းကဲ့သို့ ရှိလတ်သော်** မြတ်စွာဘုရားအား ချမ်းအေးခြင်း ဖြစ်ပေါ်လာပြန်ပြီ။ မြတ်စွာဘုရားသည် လေးထည်မြောက်သင်္ကန်းကို ခြုံရုံတော်မူပြီ။ မြတ်စွာဘုရားအား ချမ်းအေးခြင်း မဖြစ်ပေ"

ဤကား ပါဠိတော်ကို မြန်မာဘာသာ ပြန်ဆိုခြင်းတည်း။

"ပါဠိတော်၌ နန္ဒိမုခိယာဟူသည်ကား နှစ်သက်ဖွယ်သောမျက်နှာအဆင်းကဲ့သို့ ရှိလတ်သော်၊ ကြည်လင်သောအရပ်မျက်နှာဖြစ်လတ်သော် ဤကားနန္ဒိမုခိယာဟူသော ပါဠိတော်၏ အနက်တည်း"

ဤကား ထိုပါဠိတော်၏ အဖွင့် ဝိမတိဝိနောဒနီဋီကာစကားများပင်တည်း။

"တေန ခေါ ပန သမယေန ဗုဒ္ဓေါ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ပုဗ္ဗာရာမေ မိဂါရမာတုပါသာဒေ၊ တေန ခေါ ပန သမယေန ဘဂဝါ တဒဟုပေါသထေ ဘိက္ခုသံဃပရိဝုတော နိသိန္နော ဟောတိ။ အထ ခေါ အာယသ္မာ အာနန္ဒော အဘိက္ကန္တာယ ရတ္တိယာ နိက္ခန္တေ ပဌမေ ယာမေ ဥဋ္ဌာယာသနာ ဧကံသံ ဥတ္တရာသင်္ဂံ ကရိတွာ ယေန ဘဂဝါ တေနဉ္ဇလိံ ပဏာမေတွာ ဘဂဝန္တံ ဧတဒဝေါစ….'အဘိက္ကန္တာ ဘန္တေ ရတ္တိ၊ နိက္ခန္တော ပဌမော ယာမော၊ စိရနိသိန္နော ဘိက္ခုသံဃော၊ ဥဒ္ဒိသတု ဘန္တေ ဘဂဝါ ဘိက္ခူနံ ပါတိမောက္ခ'န္တိ။ ဧဝံ ဝုတ္တေ ဘဂဝါ တုဏှီ အဟောသိ။ ဒုတိယမ္ပိ ခေါ အာယသ္မာ အာနန္ဒော အဘိက္ကန္တာယ ရတ္တိယာ နိက္ခန္တေ မဇ္ဈိမေ ယာမေ ဥဋ္ဌာယာသနာ ဧကံသံ ဥတ္တရာသင်္ဂံ ကရိတွာ ယေန ဘဂဝါ တေနဉ္ဇလိံ ပဏာမေတွာ ဘဂဝန္တံ ဧတဒဝေါစ----'အဘိက္ကန္တာ ဘန္တေ ရတ္တိ၊ နိက္ခန္တော မဇ္ဈိမော ယာမော၊ စိရ-

နိသိန္နော ဘိက္ခုသံဃော။ ဥဒ္ဒိသတု ဘန္တေ ဘဂဝါ ဘိက္ခူနံ ပါတိမောက္ခ’န္တိ။ ဒုတိယမ္ပိ ခေါ ဘဂဝါ တုဏှီ အဟောသိ။ တတိယမ္ပိ ခေါ အာယသ္မာ အာနန္ဒော အဘိက္ကန္တာယ ရတ္တိယာ **နိက္ခန္တေ ပဌမေ ယာမေ ဥဒ္ဓသ္တေ အရုဏေ** နန္ဒိမုခိယာ ရတ္တိယာ ဥဋ္ဌာယာသနာ ဧကံသံ ဥတ္တရာသင်္ဂံ ကရိတွာ ယေန ဘဂဝါ တေနဉ္ဇလိံ ပဏာမေတွာ ဘဂဝန္တံ ဧတဒဝေါစ….‘အဘိက္ကန္တာ ဘန္တေ ရတ္တိ၊ **နိက္ခန္တော ပဌမော ယာမော၊ ဥဒ္ဓသ္တံ အရုဏံ၊** နန္ဒိမုခီ ရတ္တိ၊ စိရနိသိန္နော ဘိက္ခုသံဃော။ ဥဒ္ဒိသတု ဘန္တေ ဘဂဝါ ဘိက္ခူနံ ပါတိမောက္ခ’န္တိ။ အပရိသုဒ္ဓါ အာနန္ဒ ပရိသာ”ဟူသော—

ဤပါဠိတော်ကား စူဠဝဂ္ဂပါတိမောက္ခဋ္ဌပနက္ခန္ဓကတွင် လာသော တပါးသော ဝိနည်းပါဠိတော်ဖြစ်ပေ၏။

“ထိုအခါ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်းတော် ဝိသာခါ ဆောက်လုပ်လှူဒါန်းသော ပြာသာဒ်၌ နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ဥပုသ်နေ့၌ ရဟန်းအပေါင်းခြံရံလျက် ထိုင်နေတော်မူ၏။ ထိုအခါ အရှင်အာနန္ဒာသည် ညဉ့်ဦးယာမ် ကုန်လွန်လတ်သော် ညဉ့်ဦးပထမယာမ်သည် ထွက်သွားလတ်သော် နေရာမှ ထ၍ လက်ဝဲတဖက် ပခုံးထက်၌ ကိုယ်ဝတ်ကို စမွယ်တင်၍ (သပ္ပါယ်အောင် တင်၍) ဘုရားသခင်ရှိတော်မူရာ အရပ်သို့ လက်အုပ်ချီကာ ညွတ်ကိုင်းလျက် မြတ်စွာဘုရားကို ဤ

ဆိုလတ့်သော စကားအတိုင်း လျှောက်ထားလေပြီ။ (လျှောက်ထားပုံကား) အရှင်မြတ်ဘုရား ညဥ့်ဦးယာမ်သည် ကုန်လွန်သွားပါပြီ၊ ညဥ့်ဦးပထမယာမ်သည် ထွက်သွားပါပြီ၊ ရဟန်းအပေါင်းသည် ထိုင်နေရတာ ကြာပါပြီ။ အရှင်မြတ်ဘုရား ဘုန်းတော်သခင် အရှင်ဘုရားသည် ရဟန်းတို့အား ပါတိမောက်ပြတော်မူပါဘုရား။ ဤသို့ လျှောက်ထားလေပြီ၊ ဤသို့ လျှောက်ထားသည်ရှိသော် မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေတော်မူ၏။

နှစ်ကြိမ်မြောက်လည်း အရှင်အာနန္ဒာသည် ညဥ့်လယ် သန်းခေါင်ယာမ် ကုန်လွန်သွားလတ်သော် ညဥ့်လယ် ယာမ်သည် ထွက်သွားလတ်သော်နေရာမှထ၍ လက်ဝဲတဖက်ပခုံးထက်၌ကိုယ်ဝတ်ကိုသပ္ပါယ်အောင် တင်၍ ဘုရားသခင် ရှိတော်မူရာအရပ်သို့ လက်အုပ်ချီကာ ညွတ်ကိုင်းလျက် မြတ်စွာဘုရားကို ဤဆိုလတ့်သော စကားအတိုင်း လျှောက်ထားလေပြီး။ (လျှောက်ထားပုံကား) အရှင်မြတ်ဘုရား....ညဥ့်လယ် သန်းခေါင်ယာမ် ကုန်လွန်သွားပါပြီ၊ ညဥ့်အလယ်ယာမ် ထွက်သွားပါပြီ၊ ရဟန်းအပေါင်းသည် ထိုင်နေရတာ ကြာပါပြီ၊ အရှင်မြတ်ဘုရား ဘုန်းတော်သခင် အရှင်ဘုရားသည် ရဟန်းတို့အား ပါတိမောက်ပြတော်မူပါဘုရား၊ ဤသို့လျှောက်ထားလေပြီ။ မြတ်စွာဘုရားသည် နှစ်ကြိမ်မြောက်လည်း ဆိတ်ဆိတ်နေတော်မူ၏။

သုံးကြိမ်မြောက်လည်း အရှင်အာနန္ဒာသည် ညဉ့်အဆုံးယာမ် ကုန်လွန်သွားလတ်သော် ညဉ့်အဆုံးယာမ်သည် ထွက်သွားလတ်သော် အရုဏ်တက်လတ်သော် ညဉ့်အရောင်သည် နှစ်သက်ဖွယ်သော မျက်နှာအဆင်းကဲ့သို့ ရှိလတ်သော်နေရာမှထ၍ လက်ဝဲတဖက်ပခုံးထက်၌ ကိုယ်ဝတ်ကို သင်္ကန်းအောင်တင်၍ မြတ်စွာဘုရား ရှိတော်မူရာအရပ်သို့ လက်အုပ်ချီကာ ညွတ်ကိုင်းလျက် မြတ်စွာဘုရားကို ဤဆိုလတ္တံ့သော စကားအတိုင်း လျှောက်ထားလေပြီ။ (လျှောက်ထားပုံကား) အရှင်မြတ်ဘုရား ညဉ့်အဆုံးယာမ် ကုန်လွန်သွားပါပြီ၊ **ညဉ့်အဆုံးယာမ်သည် ထွက်သွားပါပြီ၊ အရုဏ်တက်ပါပြီ၊ ညဉ့်အရောင်သည် နှစ်သက်ဖွယ်သော မျက်နှာအဆင်းကဲ့သို့ ရှိပါပြီ။** ရဟန်းအပေါင်းသည် ထိုင်နေရတာ ကြာပါပြီ၊ အရှင်မြတ်ဘုရား ဘုန်းတော်သခင် အရှင်ဘုရားသည် ရဟန်းတို့အား ပါတိမောက်ကို ပြတော်မူပါဘုရား။ ဤသို့ လျှောက်ထားလေပြီ။ အို အာနန္ဒာ····ပရိသတ်သည် မစင်မကြယ် ဖြစ်နေပေ၏၊ ဤသို့ မိန့်တော်မူ၏။

ဤကား ပါဠိတော်ကို မြန်မာဘာသာ ပြန်ဆိုခြင်းတည်း။

“နန္ဒိမုခိယာ ရတ္တိယာ ဟူသည်ကား၊ အရုဏ်တက်သော အချိန်၌ နှစ်သက်ဖွယ်သော မျက်နှာကဲ့သို့ ညဉ့်သည် (ညဉ့်အရောင်သည်) ထင်ရ၏၊ ထို့ကြောင့် နန္ဒိမုခိယာဟူ၍ မိန့်ဆိုတော်မူပြီ။”

ဤသည်ကား ထိုပါဠိတော်၏ အဖွင့်ဖြစ်သော သမန္တပါသာဒိကအဋ္ဌကထာ စကားတည်း။

"အဘိက္ကန္တာ ဟူသည်ကား လွန်သွား ကုန်သွားခြင်းပင်တည်း။ ဥဒ္ဒဿေ အရုဏော ဟူသည်ကား အနည်းငယ်နီသောရောင်နီဦး တက်လတ်သော်။ နန္ဒိမုခိယာ ဟူသည်ကား နှစ်သက်ဖွယ်သော မျက်နှာအဆင်းကဲ့သို့ ရှိလတ်သော်။"

ဤသည်ကား ထိုပါဠိတော်၏အဖွင့်ဖြစ်သော သာရတ္ထ-ဒီပနီဋီကာ စကားတည်း။

"ပါဠိတော်၌ နန္ဒိမုခိယာဟူသည်ကား ဖြူသောအရုဏ်မျက်နှာရှိသည်၏ အဖြစ်ကြောင့် နှစ်သက်ဖွယ်သော မျက်နှာအဆင်းကဲ့သို့ ရှိလတ်သော်။"

ဤသည်ကား ထိုပါဠိတော်၏ အဖွင့်ဖြစ်သော ဝိမတိ-ဝိနောဒနီဋီကာ စကားတည်း။

"တတိယမ္ပိ ခေါ အာယသ္မာ အာနန္ဒော အဘိ-က္ကန္တာယ ရတ္တိယာ နိက္ခန္တေ ပဌမေ ယာမေ ဥဒ္ဒဿေ အရုဏေ နန္ဒိမုခိယာ ရတ္တိယာ ဥဋ္ဌာယာသနာ ဧကံသံ စီဝရံ ကတွာ ယေန ဘဂဝါ တေနဉ္ဇလိံ ပဏာမေတွာ ဘဂဝန္တံ ဧတဒဝေါစ····'အဘိက္ကန္တာ ဘန္တေ ရတ္တိ၊ **နိက္ခန္တော ပဌမော ယာမော၊ ဥဒ္ဒဿော အရုဏော၊** နန္ဒိမုခီ ရတ္တိ၊ စိရနိသိန္နော အာဂန္တုကာ ဘိက္ခူ၊ ပဋိသမ္မော-ဒတု ဘန္တေ ဘဂဝါ အာဂန္တုကေ ဘိက္ခူ။" ဟူသော—ဤပါဠိတော်ကား ဥဒါန်း၌လာသော သုတ္တန်ပါဠိတော်ဖြစ်ပေ၏။

"သုံးကြိမ်မြောက်လည်း အရှင်အာနန္ဒာသည် ညဉ့်အဆုံးယာမ်သည် ကုန်လွန်သွားလတ်သော် ညဉ့်အဆုံးယာမ်သည်လွန်သွားလတ်သော် အရုဏ်တက်လတ်သော်ညဉ့်၏အဆင်း

အရောင်သည် နှစ်သက်ဖွယ်သော မျက်နှာအဆင်းကဲ့သို့ ရှိလတ်သော် နေရာမှထ၍ လက်ဝဲတဖက် ပခုံးထက်၌ အပေါ်ရုံသင်္ကန်းကို စမွယ်တင်၍ (သပ္ပါယ်အောင် တင်၍) မြတ်စွာဘုရားရှိတော်မူရာအရပ်သို့ လက်အုပ်ချီကာ ညွတ်ကိုင်းလျက် မြတ်စွာဘုရားကို ဤဆိုလတ္တံ့သော စကားအတိုင်း လျှောက်ထားလေပြီ။ (လျှောက်ထားပုံကား) အရှင်ဘုရား **ညဉ့်အဆုံးယာမ်သည် ကုန်လွန်သွားပါပြီ၊ ညဉ့်အဆုံးယာမ်သည် ထွက်သွားပါပြီ၊ အရုဏ်တက်ပါပြီ၊** ညဉ့်၏ အဆင်း အရောင်သည် နှစ်သက်ဖွယ်သော မျက်နှာအဆင်းကဲ့သို့ ရှိနေပါပြီ။ အာဂန္တုကရဟန်းတို့သည် ထိုင်နေရတာ ကြာပါပြီ။ အရှင်ဘုရား····ဘုန်းတော်သခင် အရှင်ဘုရားသည် အာဂန္တုရဟန်းတို့ကို ဝမ်းမြောက်ဝမ်းသာ ဖြစ်စေတော်မူပါဘုရား၊ (၀၁)ဝမ်းမြောက်ဖွယ်စကား မိန့်ကြားတော်ပါဘုရား၊ ဤသို့ လျှောက်ထားလေပြီ။"

ဤကား ဥဒါန်းပါဠိတော်ကို မြန်မာဘာသာ ပြန်ဆိုခြင်းတည်း။

"ဥဒ္ဓသ္တေ အရုဏေ ဟူသည်ကား အရုဏ်သည် တက်လတ်သော်။ အရုဏ်မည်သည်ကား အရှေ့အရပ်မျက်နှာ၌ နေထွက်လာသည်မှ ရှေးဦးစွာ (နေမထွက်သေးမီ) သာလျှင် တက်လာသော အရောင်ပင်တည်း။ နန္ဒိမုခိယာ ရတ္တိယာ ဟူသည်ကား အရုဏ်တက်သည်၏ အဖြစ်ကြောင့်သာလျှင် အရုဏ်ရောင်ကို ရသဖြင့် နေရောင်ကိုမှီ၍ အသက်မွေးကြကုန်သော သတ္တဝါတို့ကို နှစ်သိမ့်စေသော မျက်နှာအဆင်းကဲ့သို့သော ညဉ့်အရောင်သည် ဖြစ်ပေါ်လတ်သော် ထင်ထင်ရှားရှားဖြစ်

လတ်သော်၊ ဤကား နန္ဒိမုခိယာ ရတ္တိယာဟူသော ပုဒ်တို့၏ အနက်တည်း။"

ဤသည်ကား ထိုပါဠိတော်၏အဖွင့်ဖြစ်သော ဥဒါန်းအဋ္ဌကထာ စကားတည်း။

ဤသို့လျှင် ဤမျှလောက် ဝိနည်းသုတ္တန်တို့၌လာကုန်သော ပါဠိအဋ္ဌကထာဋီကာတို့ဘွင် တခုသောဌာန၌လည်း အရှက် (၄)ကြိမ်တက်သည်ဟူ၍ အဆိုမရှိ၊ တကြိမ်မျှသာ တက်သည်ကိုသာ ဆိုအပ်၏၊ (၄)မျိုးအပြားရှိသော အဆင်းအရောင်နှင့် ပြည့်စုံသည်ဟူ၍လည်း အဆိုမရှိ၊ တခုတည်းသော အဆင်းအရောင်ရှိသည်ကိုသာ ဆိုအပ်၏၊ ဇာတ်အဋ္ဌကထာ၌လည်း အနီရောင်ကိုသာ ဆိုအပ်၏၊ အဖြူရောင်အစရှိသည်ကို မဆိုအပ်၊ နန္ဒိမုခိ ဟူသောပုဒ်၏ အဖွင့်ကိုလည်း ဘတ္တဝါတို့ကို နှစ်သိမ့်စေသော မျက်နှာအဆင်းကဲ့သို့သော အရုဏ်မျက်နှာရှိသော ညဉ့်ကိုသာ ဖွင့်ဆိုအပ်၏၊ အရှက်ရောင်၏ ဇလပ်ပန်းနှင့်တူသော အဆင်းအရောင်ရှိသည်၏ အဖြစ်ကို မဆိုအပ်။ ထို့ကြောင့်"သတ္တေ နန္ဒာပနမုခိယာ ရတ္တိယာ"ဟူ၍ မိန့်ဆိုတော်မူ၏။

ဤသို့ဤပုံ အဘိဓာနပ္ပဒီပိကာကျမ်းလာစကားနှင့် ဆန့်ကျင်သောကြောင့်ရင်း, ပါဠိ အဋ္ဌကထာ ဋီကာတို့နှင့် မနီးနှော မညီညွတ်သောကြောင့်ရင်း, အားနည်းသော သာဓကဖြစ်သောကြောင့်ရင်း ဤဥမ္မဝါဒသည်လည်း မသင့်မလျော်သည်သာတည်း၊ ဤသို့မှတ်အပ်၏။

ဆန္ဒဝါ။ ထို့ကြောင့် မြတ်စွာဘုရား၏ အာဏာတော်ကို မလွန်ကျူးလိုသော မကောင်းမှုမှ ရှက်တတ်သော ရဟန်းသည် အကယ်၍ တစုံတခုဖြင့်မဖုံးမကွယ်သော

ဟင်းလင်း ပွင့်ရာအရပ်၌ ဖြစ်ငြားအံ့၊ ငါးကြင်း၏ မျက်စိနှင့်တူသော အနည်းငယ်နီသော အရောင်ကိုထင်ရှားမြင်ရသော အချိန်မှစ၍ ဆောက်တည်ထားသောဝတ်ကို ချခြင်းစသော အမှုကိုပြုအပ်၏။

အကယ်၍ကား တောင်စသည်ဖြင့် ဖုံးကွယ်ရာအရပ်ဖြစ်ငြားအံ့၊ ဟင်းလင်းပွင့်ရာအရပ်၌ ဖြစ်ပါမူကား အကြင်မျှလောက်အချိန်၌ အနီရောင်ထင်ရှား၏။ နေဝန်းကိုမြင်ရသောအခါမှ ရှေး၌(၁)နာရီမျှဖြင့်၎င်း (၂)နာရီမျှဖြင့်၎င်း အနီရောင် ထင်ရှား၏။ ထိုမျှလောက်အချိန်ကို ကောင်းစွာမှတ်၍ ဤအချိန်၌ အရုဏ်တက်သည် ဖြစ်လောက်ရာ၏-ဟု ကြံဆလျက် ဝတ်ကိုချခြင်းစသော အမှုကို ပြုအပ်၏။

ယုံမှားသံသယကို အလိုမရှိသော ရဟန်းသည် ဆိုခဲ့သောအချိန်ထက်လည်း အနည်းငယ်အချိန်ကို စောင့်ဆိုင်းသည်းခံ၍ ယုံမှားသံသယ ကင်းလောက်သောအချိန်၌ ဝတ်ချခြင်းစသောအမှုကို ပြုအပ်၏။ ဤသို့ ပြုခြင်းသည်ကား အရုဏ်နှင့်စပ်လျဉ်းသောအမှုကို ပြုရာ၌ ကျင့်အပ်သော ကျင့်ဝတ်ပင်တည်း။

ဤဆင္ဂဝါဒသည်ကား ဆိုခဲ့ပြီးသော ကျမ်းဂန်စကားတို့နှင့်လည်း လွန်စွာနီးနှောညီညွတ်၏။ ဥပမာအားဖြင့် ဂင်္ဂါမြစ်ရေနှင့် ယမုနာမြစ်ရေသည် ရောနှော ညီညွတ်သကဲ့သို့ ထိုအတူ ညီညွတ်၏။ ထို့ကြောင့်ပညာရှိ ရဟန်းတော်တို့သည် အကြိမ်ကြိမ် အဖန်ဖန် ရှေးစကားနောက်စကားကို မွှေနှောက်သဖြင့် နှလုံးသွင်းအပ်၏။ ဤသို့နှလုံးသွင်း၍ အရုဏ်နှင့်စပ်လျဉ်းသော အရာဌာနတို့၌ သံသယကို ဖြတ်အပ်၏။ ယုံမှားသံသယကို ဖြတ်ပြီးလျှင် ရရှင်သော သဘောရှိသည်ဖြစ်၍

ထိုထိုအမှုကို ပြုအပ်၏။ ဤကား စကားတရပ် အဆုံးသတ်တည်း။

ဝိသုဒ္ဓတ္ထာယ သီလဿ၊ ဘိက္ခူနံ ပိယသီလိနံ။
ကတာ ရှဏကထာ သော၊ န သာရမ္ဘာဒိကာရဏာ။

တသ္မာ သုဋ္ဌုပဓာရေတွာ၊ ယုတ္တံ ဂဏှန္တု သာဓဝေါ။
အယုတ္တဉ္စေ ဆဍ္ဍယန္တု၊ မာ ဟောန္တု ဒုမ္မနာဒယော။

ပိယသီလိနံ၊ သီလကိုချစ်ခင်တတ်ကုန်သော။ ဘိက္ခူနံ၊ ရဟန်းတော်တို့၏။ သီလဿ၊ ပါတိမောက္ခသံဝရသီလ၏။ ဝိသုဒ္ဓတ္ထာယ၊ အထူးသဖြင့်စင်ကြယ်ခြင်းအကျိုးငှာ။ သော အရှဏကထာ၊ အရှက်တက်သော အချိန်နှင့် စပ်လျဉ်း၍ အရှက်စသည်ကို ဆိုရာဆိုကြောင်းဖြစ်သော ဤအရှဏကထာကို။ ကတာ၊ ပြုအပ်စီရင်အပ်ပြီ။ သာရမ္ဘာဒိကာရဏာ၊ အုတ်အုတ်ကျက်ကျက် ဖြစ်စေလိုခြင်းစသော အကြောင်းကြောင့်။ ဝါ၊ ချုတ်ချယ်လိုခြင်းစသော အကြောင်းကြောင့်။ န ကတာ၊ ပြုအပ်စီရင်အပ်သည် မဟုတ်။

တသ္မာ၊ ထိုကြောင့်။ သာဓဝေါ၊ သူတော်ကောင်းတို့သည်။ သုဋ္ဌု၊ ကောင်းစွာ။ ဝါ၊ လွန်စွာ။ ဥပဓာရေတွာ၊ လေ့ကျက်မှတ်သား ဆောင်ထားတော်မူကြကုန်သည်ဖြစ်၍။ ယုတ္တံ၊ သင့်လျော်သည်ကို။ ဂဏှန္တု၊ ယူတော်မူကြပါကုန်လော။ အယုတ္တံ၊ မသင့်မလျော်သည်။ စေ ဟောတိ၊ အကယ်၍ ဖြစ်ငြားအံ့။ ဆဍ္ဍယန္တု၊ စွန့်ပယ်ကြကုန်လော။ ဒုမ္မနာဒယော၊ စိတ်နှလုံးပြစ်မှားခြင်းစသည်တို့သည်။ မာ ဟောန္တု၊ မဖြစ်ကြပါစေကုန်သတည်း။ ။

အရှက်စသည်ကိုဆိုသောအပိုင်း ပြီး၏။

၃-စိစစ်ဝေဘန်သောအပိုင်း

ပထမဝါဒကိုစိစစ်ခြင်း

အရုဏ်စသည်ကို ဆိုရာဆိုကြောင်းဖြစ်သော ထိုအရုဏကထာ၌ ဝိနယာလင်္ကာရဋီကာဆရာသည် များလှစွာကုန်သော အမျိုးမျိုးသောဝါဒတို့ကို ပြအပ်ကုန်ပြီ။ ထိုဝါဒတို့တွင် "အချို့သော ရဟန်းတို့သည်ကား ညဉ့်ထက်ဝက်သန်းခေါင်အခါ၌နာရီသုညဖြစ်သောကြောင့် ညဉ့်ထက်ဝက်သန်းခေါင်အခါကိုကျော်လွန်လျှင် တပါးသောရက်ဖြစ်၏။ (ရှေးရက်မှနောက်ရက်သို့ပြောင်း၏။) ထို့ကြောင့် ထိုသန်းခေါင်ကျော်အချိန်၌ အရုဏ်တက်သည် မည်တော့၏-ဟု ထင်မှတ်ကြကုန်သည်ဖြစ်၍ ညဉ့်ထက်ဝက် သန်းခေါင်အချိန်ကို ကျော်လွန်လျှင် ခဲဘွယ်ဘောဇဉ်စသည်တို့ကို စားကြကုန်၏။" ဤသို့ပြအပ်သောဝါဒသည် ပထမဝါဒဖြစ်ပေ၏။

ဤဝါဒ၌ ဤဆိုလတ္တံ့ကား ထိုရဟန်းတို့၏ အလိုအဓိပ္ပါယ်တည်း—

ရှေးအခါ မြန်မာနိုင်ငံတော်၌ မင်းမျိုးတို့၏ ရှေးခေတ်ဟောင်း နာရီအားဖြင့် တညဉ့်လုံး၌ လေးပဟိုရ်(၄)ပိုဒ် (၄)ချက် ရှိကုန်၏။ထို့ကြောင့် ထိုလေးပဟိုရ်တို့တွင်(၂)ပဟိုရ်အချိန်ကို ကျော်လွန်သောအခါ၌အရုဏ်တက်၏။ဤကားအလိုတည်း။ ယခုခေတ်အခါ၌ စက်နာရီအနေအားဖြင့်ဝေဘန်လိုက်သော် ညဉ့်ထက်ဝက် သန်းခေါင် (၁၂)နာရီမှ ကျော်လွန်သောအခါ၌ အရုဏ်တက်သည်ဟု ဆိုလိုက်ပေ၏။

ဤဆိုလတ္တံ့ကား စိစစ်ခြင်းပင်တည်း—

မေဒင်ကျမ်း အယူဝါဒ၌ ညဉ့်ထက်ဝက် သန်းခေါင်မှ ကျော်လွန်သော အခါ၌ ရှေ့ရက်မှ နောက်ရက်သို့ ရောက်၏။ ရက်ဟောင်းမှ ရက်သစ်သို့ ရောက်၏ဟုလည်း ဆိုထိုက်၏။ နေ့ရက်ပြောင်းရွှေ့ခြင်းကို ပြု၏၊ ဤသို့လည်းဆိုထိုက်၏။

မြတ်စွာဘုရား၏ အယူဝါဒ၌ကား ညဉ့်အဆုံး၌ အရုဏ်တက်သည်၏အဖြစ်ကြောင့် အရုဏ်တက်သော အချိန်သည် ရှေးရက်ဟောင်း၏ အဆုံးပင်ဖြစ်၏။ ထိုအရုဏ်တက်သော အပိုင်းအခြားဖြင့်သာလျှင် ပရိဝါသ်ဆောက်တည်ကုန်သော ရဟန်းစသည်တို့သည် တရက်-နှစ်ရက်စသောအားဖြင့် ရက်-ရေတွက်ခြင်းကို ပြုကြကုန်၏၊ ညဉ့်ရေတွက်ခြင်းကို ပြုကြကုန်၏ ဟူ၍လည်း ဆိုထိုက်၏။ အဘယ့်ကြောင့်နည်း? ဤအရာ၌ ရက်ဟူသောစကား ညဉ့်ဟူသောစကားတို့၏ လိုအပ်သော အနက် သဘောအားဖြင့် တူသည်၏အဖြစ်ကြောင့်တည်း။ အရုဏ်တက်ပြီးသောအခါမှ နောက်အချိန်သည်ကား အသစ်ဖြစ်သောနေ့၏ အစပင် ဖြစ်ပေ၏၊ နေ့သစ်သို့ ရောက်၏, ရက်သစ်သို့ရောက်၏ဟူ၍လည်းဆိုထိုက်၏။ အဘယ်ကြောင့် နည်း? နေ့ဟူသောစကား ရက်ဟူသောစကားတို့၏ အနက် သဘောအားဖြင့် တူသည်၏အဖြစ်ကြောင့်တည်း။ ညဉ့်ထက် ဝက်သန်းခေါင်မှ ကျော်လွန်ပါသော်လည်း အရုဏ် မတက် သေးလျှင် အသစ်ဖြစ်သော နေ့ရက်သို့ မရောက်သေးပါ၊ နေ့ ရက်ဟောင်းသာ ဖြစ်နေသေး၏။ ထို့ကြောင့် ကဆုန်လပြည့် နေ့ ညဉ့်သန်းခေါင်ကျော် အရုဏ်မတက်သေးမီ အရုဏ်တက် ခါနီးအချိန်၌ ဘုရားအဖြစ်သို့ ရောက်တော်မူသော မြတ်စွာ ဘုရားကို "ကဆုန်လပြည့်နေ့၌ မြတ်စွာဘုရားသည် ဘုရား အဖြစ်သို့ရောက်တော်မူပြီ" ဟူ၍ များစွာသော ပညာရှိတို့ ဆို

ကြကုန်ပြီ၊ လပြည့်ကျော်တရက်နေ့၌ ဘုရားအဖြစ်သို့ ရောက်သည်ဟု မဆိုကြကုန်။ ထိုစကားမှန်၏၊ သမန္တပါသာဒိက-အဋ္ဌကထာ မဟာဝဂ် ဗောဓိကထာအဖွင့်၌—

"မြတ်စွာဘုရားသည် ကဆုန်လပြည့်နေ့ ညဉ့် ပထမယာမ်၌ ရှေး၌နေဘူးသော ခန္ဓာအစဉ်ကို အောက်မေ့တော်မူ၏။ အလယ်သန်းခေါင်ယာမ်၌ ဒိဗ္ဗစက္ခု အဘိညာဏ်ကို သုတ်သင်တော်မူ၏။ အဆုံးယာမ်၌ ပဋိစ္စ-သမုပ္ပါဒ် သဘောတရားကို အနုလုံပဋိလုံနှလုံးသွင်းပြီး၍ ယခုမကြာမီ အရုဏ်တက်တော့အံ့ဟု ဆိုအပ်လတ္တံ့သော ခဏ၌ သဗ္ဗညု၏အဖြစ်သို့ (ဝါ) ဘုရားအဖြစ်သို့ ရောက်တော်မူပြီ၊ ဘုရားအဖြစ်သို့ ရောက်ပြီးသည်၏ အခြားမဲ့၌ သာလျှင် အရုဏ်တက်လာပြီ"ဟူသော ဤစကားကိုမိန့်ဆိုတော်မူအပ်၏။

ထို့ပြင်လည်း ကဆုန်လပြည့်နေ့ ညဉ့်သန်းခေါင်ကျော် အရုဏ်မတက်သေးမီ အရုဏ်တက်ခါနီး အချိန်၌ပင်လျှင် ပရိနိဗ္ဗာနဓာတ်သို့ ဝင်စံတော်မူသော မြတ်စွာဘုရားကို "ကဆုန်လပြည့်နေ့၌ မြတ်စွာဘုရားသည် ပရိနိဗ္ဗာနဓာတ်သို့ ရောက်တော်မူပြီ" ဟူ၍ များလှစွာကုန်သော ပညာရှိတို့သည် ဆိုကြကုန်ပြီ၊ လပြည့်ကျော် တရက်နေ့၌ ရောက်တော်မူသည် ဟူ၍ မဆိုကြကုန်။ ထိုစကားမှန်၏၊ သမန္တပါသာဒိက အဋ္ဌကထာ ဗာဟိရနိဒါန်း၌—

"ကဆုန်လပြည့်နေ့ မိုးသောက်မိုးလင်းချိန်၌ လူတို့၏ အားထားကိုးကွယ်ရာဖြစ်တော်မူသော မြတ်စွာဘုရားသည် အနုပါဒိသေသနိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန် ဝင်စံတော်မူလတ်သော်"ဟူသော ဤစကားကို မိန့်ဆိုတော်မူအပ်၏။

ထို့ကြောင့် "အရုဏ်မတက်သေးသည်ရှိသော် အသစ်ဖြစ်သောနေ့ရက်သို့ မရောက်သေးပါ၊ နေ့ရက်ဟောင်းသာ ဖြစ်နေသေး၏"ဟူ၍ ရှေးကဆိုခဲ့ပြီ။

အကယ်၍ ညဉ့်ထက်ဝက် သန်းခေါင်ကျော်အချိန်၌ နေ့ရက်အသစ်သို့ရောက်ခဲ့ပြီးအံ့၊ လပြည့်ကျော်တရက်နေ့၌ ဘုရားအဖြစ်သို့ရောက်တော်မူပြီ ဟူ၍ များစွာသော ပညာရှိတို့ ဆိုကုန်ရာ၏၊ ဤသို့ကား မဆိုကြကုန်။ ထို့ပြင်လည်း လပြည့်ကျော်တရက်နေ့၌ပင် ပရိနိဗ္ဗာနဓာတ်သို့ရောက်တော်မူလေပြီ ဟူ၍လည်း များစွာသော ပညာရှိတို့ ဆိုကုန်ရာ၏၊ ဤသို့လည်း မဆိုကြကုန်။ ထို့ကြောင့် ထိုလပြည့်နေ့ ညဉ့်သန်းခေါင်ကျော်အချိန်သည် လပြည့်နေ့သာ ဖြစ်နေသေး၏၊ လပြည့်ကျော်တရက်နေ့ မဟုတ်သေးဟူ၍ မှတ်အပ်၏။

ဆက်ဦးအံ့၊ မြတ်စွာဘုရား၏ အယူဝါဒ၌ မြတ်စွာဘုရား၏အလိုအားလျော်စွာ ဝိနည်းစသည်တို့၌ မိန့်ဆိုအပ်သော စကားကိုအမှီပြု၍ ညဉ့်အဆုံး၌ အရုဏ်တက်သောအချိန်ကို ပြုကြကုန်၏။ ဗေဒင်ကျမ်းအယူဝါဒ၌ကား ကျမ်းပြုဆရာတို့သည် မိမိတို့၏ အလိုအားလျော်စွာ ညဉ့်ထက်ဝက် သန်းခေါင်ကျော်အခါ၌ နေ့ရက်ပြောင်းလဲသော အချိန်ကို ပြုကြကုန်၏၊ မြတ်စွာဘုရား၏ အလိုအားလျော်စွာ အရုဏ်တက်ချိန်ကို ပြုကြသည်မဟုတ်။ ဤသို့ဤပုံ အယူဝါဒနှစ်မျိုးတို့၏ အချိန်အပိုင်းအခြားအားဖြင့် မတူသည်၏အဖြစ်ကြောင့် မြတ်စွာဘုရား၏ အယူဝါဒ၌ အကျုံးဝင်သော အရုဏ်တက်သောအချိန်ကို ဗေဒင်ကျမ်းအယူဝါဒ၌ လာသော နေ့ရက်ပြောင်းလဲသော အချိန်နှင့် တူသည်၏အဖြစ်ကို ပြုခြင်းငှါ မထိုက်။ ထို့ကြောင့် ဤပထမဝါဒသည် မြတ်စွာဘုရား၏

အယူဝါဒအားလျော်သော ဝါဒမဟုတ်၊ သင့်လည်းမသင့်၊ ပယ်အပ်သောဝါဒသာဖြစ်သည်ဟူ၍ မှတ်အပ်၏။

ဒုတိယဝါဒကိုစိစစ်ခြင်း

"များလှစွာကုန်သော ရဟန်းတို့သည်ကား အရှက်ကို မျက်စိဖြင့် မြင်အပ်သည်၏အဖြစ်ကို မသိကြကုန်သည်ဖြစ်၍ မှန်းဆသောအားဖြင့် ကြိုးစည်ရန်လည်း မစွမ်းနိုင်ရကား တဆင့် ကြားရသည်၏ အစွမ်းဖြင့်သာလျှင် သူတပါးတို့၏ စကားကို ယုံကြည်ကြကုန်လျက် 'ငါတို့၏ ဆရာတို့သည် အရုဏ်တက်သော အချိန်၌ အိပ်ရာမှထ၍ ခရီးသွားကြလျှင် နေထွက်သော အချိန်၌ နှစ်တိုင်ခေါ် တာနှစ်ထောင် ဝေးကွာသော အရပ်သို့ ရောက်ကြကုန်၏။ သုံးတိုင်ခေါ် တာသုံးထောင် ဝေးကွာသော အရပ်သို့ ရောက်ကြကုန်၏။' ဤသို့ ပြောဆိုကြကုန်၏။ 'ဤမည်သောကျောင်းမှ ဤမည်သော ကျောင်းသို့, ဤမည်သောစေတီသို့, ဤမည်သောရွာသို့ ရောက်ကြကုန်၏။' ဤသို့ စသောစကားတို့ကိုလည်း ပြောဆိုကြကုန်၏၊" ဤသို့ ပြအပ်သော ဝါဒသည် ဒုတိယဝါဒ ဖြစ်ပေ၏။

ဤဆိုလတံ့ကား ဤဝါဒ၌ အလိုအဓိပ္ပါယ်တည်း—

ရှေးအခါ၌ လူတို့သည် အခွန့်ရှည်ဝေးသောခရီး၌ အတိုင်းအတာပြုသည်ရှိသော် အလိုရှိရာအရပ်မှစ၍ (၇)တောင်ရှိသောဒုတ်ဖြင့် အပြန်(၁၀၀၀)တထောင် တိုင်းတာလျက် ရောက်ရာအရပ်၌ ပထမဦးစွာ တိုင်(၁)တိုင်ကိုစိုက်၍ အမှတ်အသား ပြုထားကြကုန်၏။ ထိုမှတဖန် ထိုနည်းအတိုင်းသာလျှင် အပြန် (၁၀၀၀) တထောင် တိုင်းတာလျက်

နှစ်ခုမြောက် ဖြစ်သော ဒုတိယတိုင်စိုက်၍ အမှတ်အသား ပြုထားကြကုန်၏။ ထိုမှတဖန် ထိုနည်းအတိုင်းပင် တိုင်းတာလျက် သုံးခုမြောက်ဖြစ်သော တတိယတိုင်ကို စိုက်၍ အမှတ်အသား ပြုထားကြကုန်၏။ ဤနည်းအတူပင် စတုတ္ထ ပဉ္စမစသော တိုင်တို့ကိုလည်း စိုက်ကြကုန်၍ အမှတ်အသား ပြုထားကြကုန်၏။ ထို့ကြောင့် အလိုရှိရာ အရပ်မှ စ၍ ရေတွက်သည်ရှိသော် ပထမတိုင် တည်ရှိရာ အရပ်သည် တာ (၁၀၀၀) တထောင် အတိုင်းအရှည်ရှိ၏။ ဒုတိယတိုင်တည်ရှိရာ အရပ်သည် တာ (၂၀၀၀) နှစ်ထောင် အတိုင်းအရှည်ရှိ၏။ တတိယတိုင် တည်ရှိရာ အရပ်သည် တာ(၃၀၀၀)သုံးထောင် အတိုင်းအရှည်ရှိ၏။ ဤနည်းအတူ စတုတ္ထပဉ္စမတိုင် တည်ရှိရာ အရပ်စသည်တို့သည် အစဉ်အတိုင်း တာ(၄၀၀၀) လေးထောင်, တာ(၅၀၀၀) ငါးထောင်စသော အတိုင်းအရှည်ရှိကြကုန်၏။

ရှေးလူတို့၏ ဤတာအတိုင်းအရှည်နှင့် အတူတကွ ဤတိုင်အတိုင်းအရှည်ကို အဆက်ဆက်အားဖြင့် သိကြကုန်သော အချို့လူတို့သည် ယခုခေတ်၌လည်း အချို့သောရွာနိဂုမ်းတို့၌ တရွာမှ တရွာသို့ ခရီးအဝေးအနီးကို မေးအပ်သောအခါ (၁)တိုင်ရှိ၏(၂)တိုင်ရှိ၏(၃)တိုင်ရှိ၏ ဤသို့စသောစကားတို့ကို ဆိုကြကုန်၏။ ဤသို့ဤပုံ အခွန့်ရှည်ဝေးသော ခရီး၏ တိုင်အတိုင်းအရှည်နှင့်တကွ တာအတိုင်းအရှည်ကို သိထားအပ်၏။ ထိုရဟန်းတို့သည်ကား ထိုကဲ့သို့သော တာအတိုင်းအရှည်ကို ရည်ရွယ်၍“တာနှစ်ထောင်ဝေးကွာသောအရပ်သို့ ရောက်ကြကုန်၏, တာသုံးထောင် ဝေးကွာသော အရပ်သို့ ရောက်ကြကုန်၏” ဟူ၍ ဆိုကြကုန်၏။

ဆက်ဦးအံ့၊ ထိုရဟန်းတို့၏ အယူဝါဒ၌ နေထွက်သည်မှ ရှေး၌(နေမထွက်သေးမီ) ဤမျှလောက် ဝေးကွာ၍ ဤမျှ- လောက် နီးကပ်သောအချိန်၌ အရုဏ်တက်၏— ဤသို့ကေန် အားဖြင့် အလိုရှိအပ် အလိုရှိလောက်သော အရုဏ်တက် ချိန်ကို သိရန် မစွမ်းနိုင်လောက်ပေ၊ ထို့ကြောင့် အနေကန် အားဖြင့်သာ ထိုရဟန်းတို့အလိုရှိလောက်သော ထိုအရုဏ် တက်ချိန်ကို သိရန် မှန်းဆသောနည်းဖြင့် ပြအပ်၏။

ထိုစကားရပ်၌ ဤဆိုလတ္တံ့ကား မှန်းဆသော နည်း တည်း—

ယခုခေတ်၌ အလတ်စားလျင်မြန်ခြင်းရှိကုန်သော များစွာ သော ယောက်ျားတို့သည် စက်နာရီအားဖြင့် (၁) နာရီရှိ သောအချိန်၌(၁)တိုင်ခွဲခါ တာ(၁၅၀၀)တထောင်ငါးရာ ရှိသောအရပ်သို့ရောက်ကြကုန်၏။ (၂)နာရီရှိသောအချိန်၌ (၃)တိုင်ရှိသော အရပ်သို့ ရောက်ကြကုန်၏၊ တာ(၃၀၀၀) သုံးထောင် ရှိသောအရပ်သို့ ရောက်ကြကုန်၏ ဟူ၍လည်း ဆိုသင့်၏။ ထို့ကြောင့် "အရုဏ်တက်သောအချိန်၌ အိပ်ရာမှ ထ၍ ခရီးသွားကြလျှင် နေထွက်သောအချိန်၌တာနှစ်ထောင် ဝေးကွာသောအရပ်သို့ ရောက်ကြကုန်၏"ဟူသော ထိုရဟန်း တို့၏စကားကို ထောက်ဆ၍ ယခုခေတ် စက်နာရီအားဖြင့် မှန်းဆခြင်းကို ပြုလိုက်လျှင် နေထွက်သောအချိန်မှ ရှေး (နေမထွက်သေးမီ) (၁)နာရီခွဲမျှ ကွာဝေးသော အချိန်၌ အရုဏ်တက်သည်ဟု ဆိုလိုသော အဓိပ္ပါယ်ဖြစ်ပေါ်လာ၏။ ထို့ပြင် "တာသုံးထောင် ဝေးကွာသောအရပ်သို့ ရောက်ကြ ကုန်၏"ဟူသော ထိုရဟန်းတို့၏ စကားကို ထောက်ဆ၍ ထိုနည်းတူပင် မှန်းဆခြင်းကိုပြုလိုက်လျှင် နေထွက်သော

အချိန်မှ ရှေး (နေမထွက်သေးမီ) ၂-နာရီ ကွာဝေးသော အချိန်၌ အရုဏ်တက်သည်ဟု ဆိုလိုသော အဓိပ္ပါယ်ဖြစ်ပေါ်လာ၏၊ ဤကား ထိုရဟန်းတို့၏ အလိုအဓိပ္ပါယ်တည်း။ ဤသို့ ဤပုံ မှန်းဆသောနည်းကို သိအပ်၏။

ဤဆိုလတ္တံ့ကား စိစစ်ခြင်းတည်း—

ဆိုခဲ့သောနည်းအားဖြင့် နေထွက်သောအချိန်မှ ရှေး (နေမထွက်သေးမီ)စက်နာရီအားဖြင့် ၁-နာရီခွဲ ၂-နာရီမျှ ကွာဝေးသော အချိန်မှာ အရှေ့အရပ်မျက်နှာဝယ် အနည်းငယ်နီသော အရောင်ဟု ဆိုအပ်သော အရုဏ်သည် မတက်သေးသည်သာတည်း။ အဘယ့်ကြောင့်နည်း? မှန်းဆသောနည်းအားဖြင့် ဆိုခဲ့သောနေထွက်ချိန်မှ ရှေး (နေမထွက်သေးမီ) စက်နာရီအားဖြင့် ၁-နာရီခွဲ ၂-နာရီမျှ ကွာဝေးသော ထိုအရုဏ်တက်ချိန် နှစ်မျိုးလုံးသည်ပင် အလွန်စောသေး၏ အလွန်ရှေးကျသေး၏။ ထို့ကြောင့် နှစ်မျိုးပြားသော ဆိုခဲ့သော ၁-နာရီခွဲ ၂-နာရီမျှ ကွာဝေးသောအချိန်၌ အရုဏ်မတက်သေးသည်သာတည်း။ ထိုစကားမှန်၏၊ နေထွက်ချိန်မှ ရှေး (နေမထွက်သေးမီ) စက်နာရီအားဖြင့် ၁-နာရီခွဲခန့်မျှဖြစ်စေ, ၂-နာရီမျှဖြစ်စေ, ကွာဝေးခြင်းရှိသော အရုဏ်တက်ချိန် နှစ်မျိုးကို မှန်းဆလျက် ဆိုခဲ့ပြီ။ ထိုအချိန်နှစ်မျိုးလုံးပင် ညဉ့်အခါ၌သာလျှင် အကျုံးဝင်၏။ ညဉ့်အဆုံး၌ အကျုံးမဝင်ပေ၊ ထိုစကားကိုထင်ရှားစေဦးအံ့... အကယ်၍ နေ့ညဉ့် အတိုင်းအရှည်တူညီသောလတို့၌ စက်နာရီအားဖြင့် ၆-နာရီအချိန်၌ နေထွက်ငြားအံ့၊ ထိုနေထွက်ချိန်မှ ရှေး ၄-နာရီအချိန်မှာ အရုဏ်တက်သည် ဖြစ်ရာ၏။ နေ့ညဉ့်မတူသော တပေါင်းသော လတို့၌ ၄-နာရီမှ ယုတ်သော

အချိန် လွန်သော အချိန်၌ အရုဏ်တက်သည် ဖြစ်ရာ၏။ ထို့ကြောင့် နှစ်မျိုးပြားသော ထိုအရုဏ်တက်ချိန်သည်ပင် ညဉ့်အခါ၌သာလျှင် အကျုံးဝင်နေပေ၏၊ ညဉ့်အဆုံး၌ အကျုံးမဝင်ပေ။ ဤအရုဏ်မည်သည်ကား ညဉ့်အဆုံးဖြစ်သော အချိန်၌သာလျှင် တက်၏။ ထိုစကားမှန်၏၊ ဥဒါန်းပါဠိတော်၌—

"နိက္ခန္တော ပဌမော ယာမော၊ ဥဒ္ဓသ္တော အရုဏော"ဟူ၍ "ညဉ့်အဆုံးယာမ်သည် ထွက်သွားပါပြီ၊ အရုဏ်တက်ပါပြီ"ဟူသော ဤစကားကိုမိန့်ဆိုအပ်ပြီ။

ထို့ကြောင့် ယခင်ဆိုခဲ့သော နှစ်မျိုးပြားသော အချိန်၌ အရုဏ်မတက်သေးသည်သာ ဟူ၍ မှတ်အပ်၏။

ဆက်ဦးအံ့၊ တစုံတယောက်သော သူသည် တဆင့်ကြားရသောစကားကို အမှီပြု၍ ညဉ့်အဆုံးသို့ မရောက်သေးသောအခါ၌ အရုဏ်တက်၏၊ ဤသို့ အကယ်၍ ဆိုငြားအံ့။ ညဉ့်အဆုံးသို့ မရောက်သေးသောအခါ၌ တက်လာသော အဆင်းအရောင်သည် အဖြူစသောအရောင်သာလျှင် ဖြစ်ပေ၏၊ အရုဏ်ရောင်မဟုတ်သေးဟူ၍ ပြောဆိုအပ်၏။ အရုဏ်မည်သည်ကား အနည်းငယ်နီသော အရောင်ဟု ခေါ်သော အနီရောင်ကြီးသာ ဖြစ်ပေ၏၊ အဖြူစသောအရောင်မဟုတ်ပါ ဟူ၍လည်း ပြောဆိုအပ်၏။ ထိုစကားမှန်၏၊ ဝိမတိဝိနောဒနီဋီကာကျမ်း၌—

"အရုဏောတိ စေတ္ထ သူရိယုဂ္ဂမနသာ ပုရေစရော ဝဍ္ဍနကဃနရတ္တော ပဘာဝိသေသောတိ ဒဋ္ဌဗ္ဗော" ဟူသော

"အရုဏောဟူသော ဤပါဠိတော်၌ အရုဏ်ဟူသည် နေထွက်ပေါ်လာခြင်း၏ ရှေ့သွားဖြစ်သော တိုးပွါးလာသော ထူထဲသော အနီရောင်အထူးပင်တည်း၊ ဤသို့ မှတ်အပ်၏" ဟူသော ဤစကားကို မိန့်ဆိုအပ်၏။

ထို့ကြောင့် ယခင်ဆိုခဲ့သော အချိန်၌ အနီရောင်ကြီးဟု ဆိုအပ်သော အရုဏ်ရောင်သည် မတက်သေးသည်သာ ဟူ၍ မှတ်အပ်၏။

ထိုမှတပါး အဝွန့်ရှည်ဝေးသောခရီးမည်သည်ကား အလုံးစုံသောသူတို့အား တထပ်တည်းမတူနိုင်။ ထိုစကားမှန်၏၊ အချို့သောယောကျ်ားတို့သည် လျင်မြန်စွာ သွားတတ်ကုန်၏။ အချိန်အနည်းငယ်မျှဖြင့် ဝေးကွာသောအရပ်သို့ ရောက်ကြကုန်၏၊ အချို့ယောကျ်ားတို့သည်ကား ဖြေးဖြေးသာသာ သွားတတ်ကုန်၏၊ ကြာရှည်သောအခါဖြင့် အနီးဖြစ်သော အရပ်သို့ရောက်ကြကုန်၏၊ ဝေးကွာသောအရပ်သို့ မရောက်ကြကုန်။ ထို့ကြောင့် အဝွန့်ရှည်ဝေးသော ခရီးသို့ရောက်သော အတိုင်းအရှည်ဖြင့် အရုဏ်တက်ခြင်း၏ အမှတ်လက္ခဏာပြုခြင်းငှါလည်း ကေန်အားဖြင့် အရုဏ်တက်သော အချိန်ကို ကောင်းစွာ မှတ်ခြင်းငှါလည်း မစွမ်းနိုင်ပါ၊ ထိုအကြောင်းကြောင့် "ကေန်အားဖြင့် အလိုရှိအပ် အလိုရှိလောက်သော အရုဏ်တက်ချိန်ကို သိရန် မစွမ်းနိုင်လောက်ပေ၊ ထို့ကြောင့် အနေကန်အားဖြင့်သာ ထိုရဟန်းတို့ အလိုရှိလောက်သော ထိုအရုဏ်တက်ချိန်ကိုသိရန် မှန်းဆသောနည်းဖြင့် ပြအပ်၏။" ဤသို့အစရှိသော စကားကို ရှေးကဆိုခဲ့ပြီ။

ဤသို့ဤပုံ အနေကန်အားဖြင့် ယခင်ဆိုခဲ့ပြီးသော မှန်းဆခေါသနည်းဖြင့် ပြအပ်သောအရဏ်တက်ချိန်သည်လည်း ညဥ့်အဆုံးဟုဆိုအပ်သော အရဏ်တက်ချိန် အစစ်အမှန်သို့ မသက်ဝင်ပေ၊ သက်ဝင်အောင် သွင်းခြင်းငှါလည်း မစွမ်းနိုင်သည်၏အဖြစ်ကြောင့်၎င်း, ကေန်အားဖြင့်လည်း အရဏ်တက်ချိန်ကို ကောင်းစွာမှတ်သားခြင်းငှါ မစွမ်းနိုင်သည်၏ အဖြစ်ကြောင့်၎င်း, ပိဋကတ်သုံးပုံမှ ဆောင်ယူအပ်သော တစုံတခုသော သာဓကနှင့် ကင်းသည်၏အဖြစ်ကြောင့်၎င်း, ဤဒုတိယဝါဒသည်လည်း အရဏ်တက်ခြင်းအား လျော်သော ဝါဒမဟုတ်၊မသင့်မလျော် ပယ်အပ်သော ဝါဒသာဖြစ်သည် ဟူ၍မှတ်အပ်၏။

တတိယဝါဒကိုစိစစ်ခြင်း

တပါးတခြားသောရဟန်းတို့သည်ကား—

"အတီတရတ္တိယာ ယာမော၊ ပစ္ဆိမောနုမမုဿ ဝါ။
ဘာဝိနိယာဒိပ္ပဟာရော၊ တဒနံ ဝါဠ တေဟျဟော"

ဟူသော ကစ္စာယနသာရကျမ်း၌လာသော ဂါထာကို ဆို၍ လွန်ပြီးသော ညဥ့်၏ ယာမ်(၃) ယာမ်တို့တွင် နောက်ဆုံးယာမ်သည် ယနေ့၌ အကျုံးဝင်၏။ ထို့ကြောင့် နောက်ဆုံးယာမ်၏ အစမှ စ၍ အရဏ်တက်သည်ဟု ဆိုကြကုန်၏။ ဤသို့ပြအပ်သော ဝါဒသည် တတိယဝါဒဖြစ်ပေ၏။

ဤဆိုလတံ့ကား ဤဝါဒ၌ အလိုအဓိပ္ပါယ်တည်း—

ရှေးအခါဘုရားပွင့်တော်မူရာ မဇ္ဈိမဒေသ၌ နေကြကုန်သော လူတို့သည် တညဥ့်လုံး၌ ပဌမအဘို့ ဒုတိယအဘို့ တတိယ

အဘို့ဟု (၃) ဘို့ပြု၍ အစဉ်အတိုင်း အစယာမ် အလယ်ယာမ် အဆုံးယာမ်ဟူ၍ အမည်သုံးခုတို့ကို ပြုကြကုန်၏။ ထိုယာမ်တို့တွင် အလယ်ယာမ်ကို လွန်သည်ရှိသော် အဆုံးယာမ်၏ အစ၌ အရှက်တက်၏။ ဤကား အလိုအဓိပ္ပါယ်တည်း။

ယခုခေတ်အခါ၌ကား သိလွယ်သော စက်နာရီအားဖြင့် ဤဆိုလတ္တံ့သော ဝေဘန်နည်းကို သိထားအပ်၏။ ထိုစကားကို ချဲ့ဦးအံ့....အကယ်၍ နေ့ညဉ့်အတိုင်းအရှည် တူညီသောလတို့၌ (၆) နာရီအချိန်၌ နေဝင်ငြားအံ့၊ ထိုနေဝင်ချိန်မှ နောက်၌ (၇) နာရီ (၈) နာရီ (၉) နာရီ (၁၀) နာရီ (၁၁) နာရီ (၁၂) နာရီ (၁) နာရီ (၂) နာရီ (၃) နာရီ (၄) နာရီ (၅) နာရီ (၆) နာရီ ဟူ၍ နာရီပေါင်း (၁၂) နာရီ အပြားရှိကုန်၏။

ဤ၌ (၇) နာရီဆိုသည်မှာ ထိုအချိန်၌ (၇) ချက်တီးခေါက်လျက် အသံကိုပြု၏၊ ထို့ကြောင့် (၇) နာရီဟု ဆိုအပ်၏၊ (၇) ခုမြောက်နာရီဟု မဆိုအပ်။ အဘယ့်ကြောင့်နည်း? သင်္ချာပြည့်မြောက်ကြောင်း အနက်မျိုး မပြဋ္ဌာန်းသောကြောင့်တည်း။ (၈) နာရီစသည်တို့၌လည်း ဤနည်းကို ထိုက်သည်အားလျော်စွာသိအပ်၏။ ဤမှ ရှေးနောက်ဖြစ်ကုန်သော စက်နာရီနှင့်စပ်လျဉ်းသော အရာဋ္ဌာနတို့၌လည်း ဤနည်းအတူသိအပ်၏။

ထိုနာရီတို့တွင် ၇-၈-၉-၁၀-ဤနာရီ (၄) မျိုးတို့သည် ယခင်ဆိုခဲ့သော ယာမ် (၃) ယာမ်တို့တွင် အစယာမ်၌ ဝင်ကုန်၏။ ၁၁-၁၂-၁-၂-ဤနာရီ (၄) မျိုးတို့သည် အလယ်ယာမ်၌ ဝင်ကုန်၏။ ၃-၄-၅-၆-ဤနာရီ (၄) မျိုးတို့သည်

အဆုံးယာမ်၌ ဝင်ကုန်၏။ ထိုယာမ် ထိုနာရီတို့တွင် အလယ်ယာမ်၏ အဆုံးဖြစ်သော (၂) နာရီမှ ကျော်လွန်သော အချိန်သည် နောက်ဆုံးယာမ်၏ အစဖြစ်တော့၏။ ထို့ကြောင့် ထို (၂) နာရီကို ကျော်လွန်၍ (၃) နာရီအတွင်း ချင်းနင်း ဝင်ရောက်စ အချိန်၌ အရုဏ်တက်၏ဟူ၍ စက်နာရီအားဖြင့် ဝေဘန်နည်းကို သိထားအပ်၏။

ဤဆိုလတ္တံ့ကား စိစစ်ခြင်းတည်း—

ယင်းသို့ ဆိုခဲ့သော (၂)နာရီမှ ကျော်လွန်စ ဖြစ်သော အချိန်၌ အရုဏ်မတက် သေးပေ။ အဘယ်ကြောင့်နည်း? ထိုအချိန်သည် ညဥ့်ထက်ဝက် သန်းခေါင်မှ မနီးမဝေး၌သာ ဖြစ်သေး၏၊ ညဥ့်အခါ၌သာ အကျုံးဝင်၏၊ ညဥ့်အဆုံး၌ အကျုံးမဝင်သေးပေ။ ညဥ့် အဆုံးသို့ မရောက်သေးသော အခါ၌ အရုဏ်တက်သည်၏ အဖြစ်မျိုးကား မရှိထိုက်ပေ၊ ထို့ကြောင့် ယင်းသို့ ဆိုခဲ့သော (၂)နာရီ ကျော်စဖြစ်သော အချိန်မျိုး၌ အရုဏ်မတက်သေးသည်သာလျှင်တည်း။ **ထို့စကားမှန်၏၊** အရုဏ်မည်သည်ကား အနည်းငယ်နီသော **အရောင်ဖြစ်ပေ၏။**

> **မှတ်ဖွယ်အညွှန်း။** အနည်းငယ် နီသော အရောင်ဟု ဆိုသော်လည်း တက်လာသော အရောင်ထဲတွင် အနီဆုံး အရောင်ကြီးကိုပင် ယူသင့်ကြောင်း ရှေးက ဆိုခဲ့ပြီ။ ထို့ကြောင့် အနည်းငယ် နီသော အရောင်ဟု ဆိုသော အရာတိုင်း၌ ဤနည်းအတူပင် သိအပ်၏။

ထိုကဲ့သို့ **နီသောအရောင်သည်** ညဥ့်၏အဆုံး၌သာလျှင် **တက်၏၊** ယခင် ဆိုခဲ့သော (၂)နာရီကျော်စ အချိန်၌ကား

မတက်သေးပေ၊ ထိုအချိန်၌ အဖြူစသော အရောင်မှုသည်လည်း မတက်သေးပေ၊ အနည်းငယ်နီသော အရောင်ကား အဘယ်မှာဆိုဘွယ်ရာရှိပါအံ့နည်း၊ မတက်သေးသည်သာတည်း။ အနည်းငယ်နီသော အရောင်မတက်သေးသည်ရှိသော် အရုဏ်တက်၏ဟု ဆိုခြင်းငှါလည်း မထိုက်ပါ။ ထို့ကြောင့် ယခင်ဆိုခဲ့သော(၂)နာရီကျော်စအချိန်၌ အရုဏ်မတက်သေးသည်သာဟူ၍ မှတ်အပ်၏။

ဆက်ဦးအံ့ .... ထိုရဟန်းတို့သည် သာဓကအဖြစ်ဖြင့် ဆိုအပ်သော ဂါထာသည် သာသနာပ သဒ္ဒါကျမ်းဖြစ်သော ဇင်္ဒါသကျမ်း၌ ဆိုသောနည်းဖြင့်"ယနေ့ဖြစ်သည်"ဟူသော ယနေ့ဝေါဟာရစကား၏ဖြစ်ရာအခါကိုပြခြင်းငှါ ဆိုအပ်၏။ ပိဋကတ်သုံးပုံ၌ ဆိုအပ်သော အရုဏ်တက်ရာ အချိန်ကို ပြခြင်းငှါဆိုသည်မဟုတ်၊ ထို့ကြောင့် ပိဋကတ်သုံးပုံ၌ အကျုံးဝင်သော အရုဏ်တက်ချိန်ဟူသော ပြီးစေအပ်သော သာဓကတခြားဖြစ်၍ သာသနာပ သဒ္ဒါကျမ်း၌ လာသော "ယနေ့ဖြစ်သည်" ဟူသော ဝေါဟာရတည်းဟူသော ပြီးစေတတ်သော သာဓကက တခြား ဖြစ်နေတော့၏။

ဤသို့ ဤပုံ ပိဋကတ်သုံးပုံ၌အတွင်းဝင်သော တပါးသော အရုဏ်တက်ချိန်ကို သာသနာပ သဒ္ဒါကျမ်း၌ လာသော တပါးတခြားသော "ယနေ့ ဖြစ်သည်"ဟူသော ဝေါဟာရနှင့် တူသည်၏ အဖြစ်ကိုပြခြင်းငှါ မစွမ်းနိုင်သောကြောင့်ရင်း, ဤဝါဒ၌ ဆိုအပ်သော ဂါထာအားလျော်စွာ ဝေဘန်၍ ယူအပ်သော အရုဏ်တက်ချိန်သည်လည်း ညဉ့်အခါ၌သာ အကျုံးဝင်သောကြောင့်ရင်း, ညဉ့်အဆုံး၌ အကျုံးမဝင်

သောကြောင့်၎င်း, ဤတတိယဝါဒသည်လည်း အရဟတ်တက်ခြင်းအားလျော်သော ဝါဒမဟုတ်၊ ထို့ကြောင့် ပယ်အပ်ပယ်ထိုက်သော ဝါဒသာဖြစ်သည်ဟူ၍ မှတ်အပ်၏။

စတုတ္ထဝါဒကိုစိစစ်ခြင်း

တပါးတခြားသော ရဟန်းတို့သည်ကား "ပဟိုရ်ကိုယာမ်ဖြင့် မှတ်အပ်၏"ဟူ၍ အဘိဓာနပ္ပဒီပိကာကျမ်း၌ဆိုသောကြောင့်၎င်း, ပဟာရသဒ္ဒါ ယာမသဒ္ဒါတို့၏ အနက်တူသည်၏အဖြစ်ကြောင့်၎င်း, ထိုကျမ်း၌ပင် "တိယာမ နှင့်သံဝရီသည် ညဉ့်ဟောအနက်အားဖြင့် အနက်တူဖြစ်၏"ဟုဆိုသောကြောင့်၎င်း, တညဉ့်၌လည်း သုံးယာမ်ရှိသည်၏အဖြစ်ကြောင့်၎င်း, ပါဠိတော်၌လည်း "အရှင်ဘုရား ညဉ့်အဆုံးယာမ်သည် ကုန်လွန်သွားပါပြီ၊ ညဉ့်အဆုံးယာမ်သည်ထွက်သွားပါပြီ၊ အရဟတ်တက်ပါပြီ" ဤသို့လာသောကြောင့်၎င်း; ယခုအခါ၌တညဉ့်လုံး၏ (၄)ပဟိုရ်တို့တွင် တတိယပဟိုရ်၏အဆုံး၌ အရဟတ်တက်၏။ ထို့ကြောင့် ကြွင်းကျန်သော(၁)ပဟိုရ် မျှလောက်သော အချိန်သည် နေ့အဘို့သို့ သက်ဝင်၏-ဟူ၍ ဆိုကြကုန်၏။ ဤသို့ ပြအပ်သော ဝါဒသည်စတုတ္ထဝါဒဖြစ်ပေ၏။

ဤဆိုလတ္တံ့ကား ဤဝါဒ၌ အလိုအဓိပ္ပါယ်တည်း—

ရှေးအခါ ဤမြန်မာနိုင်ငံတော်၌ အစိုးရသော မင်းတို့သည် တညဉ့်လုံး၌ပဌမအဘို့ ဒုတိယအဘို့ တတိယအဘို့ စတုတ္ထအဘို့ဟူ၍ (၄)ဘို့ (၄)စုပိုင်းခြား၍ အစဉ်အတိုင်း (၁)ပဟိုရ် (၂)ပဟိုရ် (၃)ပဟိုရ် (၄)ပဟိုရ်ဟူ၍ (၄)မျိုးပြားသော ပဟိုရ်တို့ကို ပြုကြကုန်၏၊ ပဌမယာမ် ဒုတိယယာမ်

တတိယယာမ် စတုတ္ထယာမ် ဟူ၍လည်း ဆိုသင့်၏။ ထိုပဟိုရ် ထိုယာမ်တို့တွင် (၃) ပဟိုရ်ခေါ်သော တတိယယာမ်ဟုလည်း ခေါ်သင့်သော တတိယပဟိုရ်၏ အဆုံး၌ အရုဏ်တက်၏။ ဤကား ထိုရဟန်းတို့၏ လိုရင်းအဓိပ္ပါယ်တည်း။

ယခုခေတ်၌ကား သိလွယ်စေရန်အကျိုးငှါ စက်နာရီအားဖြင့် ဝေဘန်နည်းကို သိအပ်၏။ ထိုစကားကိုရှုဦးအံ့.... အကယ်၍ နေ့ညဥ့်အတိုင်းအရှည် တူညီသောလတို့၌ ၆-နာရီအချိန်၌ နေဝင်ပြီးအံ့။ ထို နေဝင်ချိန်မှ နောက်၌ ၇-နာရီ ၈-နာရီ ၉-နာရီ ၁၀-နာရီ ၁၁-နာရီ ၁၂-နာရီ ၁-နာရီ ၂-နာရီ ၃-နာရီ ၄-နာရီ ၅-နာရီ ၆-နာရီ ဟူ၍ ၁၂-မျိုး ပြားသော နာရီတို့သည် ဖြစ်ကုန်၏[၁]။ ထို နာရီတို့တွင် ၇-၈-၉-နာရီ တို့သည် ယခင် ဆိုခဲ့သော ပဟိုရ်တို့တွင် တပဟိုရ်၌ ဝင်ကုန်၏။ ၁၀-၁၁-၁၂-နာရီတို့သည် (၂) ပဟိုရ်၌ ဝင်ကုန်၏။ ၁-၂-၃-နာရီတို့သည် (၃) ပဟိုရ်၌ ဝင်ကုန်၏။ ၄-၅-၆-နာရီတို့သည် (၄)ပဟိုရ်၌ ဝင်ကုန်၏။ ထိုပဟိုရ် ထိုနာရီတို့တွင် (၃)ပဟိုရ်ခေါ် တတိယပဟိုရ်၏ အဆုံးဖြစ်သော ၃-နာရီ အချိန်၌ အရုဏ်တက်၏။ ဤသို့ ဤပုံ စက်နာရီအားဖြင့် ဝေဘန်နည်းကို သိအပ်၏။

ဤဆိုလတ္တံ့ကား စိစစ်ခြင်းတည်း—

ယင်းသို့ ဆိုခဲ့သော ၃-နာရီအချိန်သည် ညဥ့်၌သာ အကျုံးဝင်၏၊ ညဥ့်အဆုံး၌ အကျုံးမဝင်၊ ဤအရုဏ်မည်သည်ကား ညဥ့်အဆုံး၌သာ တက်တတ်၏။ ထိုစကားမှန်၏၊ ဇာတ်အဋ္ဌကထာ၌—

---

[၁] ၁-၆-နာရီအချိန်သည် နေထွက်သောအချိန် ဖြစ်ပေ၏။

"ဗိဿညရတ္တိန္တိ ပန္တိမရတ္တိံ၊ ရတ္တိပရိယောသာ-နေတိ အတ္တော။ ဥဟတေတိ အရုဏော ဥဂ္ဂတေ" ဟူသော

"ဗိဿညရတ္တိ" ဟူသည်ကား ညဉ့်အဆုံး၌၊ ဤကား ဗိဿညရတ္တိပုဒ်၏ အနက်တည်း။ ဥဟတေ-ဟူသည် အရုဏ်တက်လတ်သော်" ဟူသော

ဤစကားကို မိန့်ဆိုအပ်၏။

ဆက်ဦးအံ့····ညဉ့်အဆုံးသို့ မရောက်သေးသော အခါ၌ အရုဏ်တက်သော ထုံးစံမရှိတာ အရုဏ်တက်သောသဘော မရှိ။ ထို့ကြောင့် ယခင်ဆိုခဲ့သော ၃-နာရီအချိန်၌ အရုဏ် မတက်သေးသည်သာ ဟူ၍ မှတ်အပ်၏။

စတုတ္ထဝါဒီဖြစ်သော ထိုရဟန်းတို့သည်ကား မဇ္ဈိမ ဒေသ၌ တညဉ့်လုံးမှာ ၃-ယာမ်တို့တွင် တတိယယာမ်၏ အဆုံးဖြစ်သော ညဉ့်အဆုံး၌ တက်သောအရုဏ်ကို ဤမြန်မာ နိုင်ငံ၌ (၄)ယာမ်ဟုဆိုအပ်သော (၄)ပဟိုရ်တို့တွင် တတိယ ယာမ်ခေါ် တတိယပဟိုရ်၏ အဆုံးဖြစ်သော ညဉ့်အခါထဲ၌ ထည့်သွင်း၍ ထိုတတိယယာမ်ခေါ် တတိယပဟိုရ်၏ အဆုံး ဖြစ်သော ညဉ့်အချိန်ထဲ၌ပင် အရုဏ်တက်၏ဟု ဆိုကြကုန်၏။ ကြွင်းကျန်သော (၁) ပဟိုရ်မျှရှိသော ညဉ့်အချိန်သည် နေ့ အဘို့သို့ သက်ဝင်၏ ဟူ၍လည်း ဆိုကြကုန်၏။ ဤသို့ပင် ဆိုပါကုန်သော်လည်း တစုံတယောက်သော နတ်မြဟ္မာသည် တညဉ့်လုံး၌ (၃) ယာမ်တို့တွင် တတိယယာမ်၏ အဆုံး၌ ဖြစ်သောအရုဏ်တက်ချိန်ကို တညဉ့်လုံး၌ (၄) ယာမ်တို့တွင် တတိယယာမ်၏ အဆုံးဖြစ်သော ညဉ့်အချိန်နှင့် တူသည်၏

အဖြစ်ကို ပြုခြင်းငှါ မစွမ်းနိုင်။ အဘယ်ကြောင့်နည်း? ညဉ့်အချိန်ကြွင်းကျန်နေသေးသောအားဖြင့် အချိန် အပိုင်းအခြား မတူသည်၏ အဖြစ်ကြောင့်တည်း။ ထိုပြင်လည်း ညဉ့်၌သာ အကျုံးဝင်နေသော ကြွင်းကျန်သော (၁) ပဟိုရ်မျှသော အချိန်ကို နေ့အဘို့ပြုခြင်းငှါလည်း မစွမ်းနိုင်။ အဘယ်ကြောင့်နည်း? ညဉ့်၌ အကျုံးဝင်သောအချိန်သည် ညဉ့်အချိန်သာ ဖြစ်၏၊ နေ့အချိန်မဖြစ်နိုင် မဖြစ်သင့်ပေ။ ထို့ကြောင့် ဆိုခဲ့သောညဉ့်အချိန်ကို နေ့အဘို့ပြုခြင်းငှါ မစွမ်းနိုင်သည်သာ တည်း။

ဤသို့ ဤပုံ ယခင်ဆိုခဲ့သော အရုဏ်တက်ချိန်သည် ညဉ့်၌သာ အကျုံးဝင်သောကြောင့်၎င်း, ဆိုခဲ့သော ညဉ့်အချိန် အကြွင်းအကျန် ရှိနေသောကြောင့်၎င်း, ကြွင်းကျန်နေသော ညဉ့်အချိန်ကိုလည်း နေ့အဘို့ပြုခြင်းငှါ မစွမ်းနိုင်သောကြောင့် ၎င်း ဤစတုတ္ထဝါဒသည်လည်း အရုဏ်တက်ခြင်းအာလျော် သော ဝါဒမဟုတ်၊ မသင့်သော သဘောရှိသော ပယ်အပ် သောဝါဒသာလျှင်ဖြစ်သည် ဟူ၍ မှတ်အပ်၏။

ပဉ္စမဝါဒကိုစိစစ်ခြင်း

များလှစွာကုန်သော ပညာရှိတို့သည်ကား ခုဒ္ဒသိက္ခာ နိဿယ၌ဆိုအပ်သော—

“သေတာရုဏာဒ္ဓ ပဌမံ၊ ဒုတိယံ နန္ဒိယာဝဋံ။
တတိယံ တမ္ဗဝဏ္ဏာဒ္ဓ၊ စတုတ္ထံ ဂဗ္ဘိတံမုခံ။”

ဟူသောဤဂါထာကိုအမှီပြု၍ တည့်တည်း၌ အရုဏ်(၄) ကြိမ်တက်၏ဟု ဆိုကြ၏။ ထိုဂါထာ၌····ရှေးဦးစွာ ဖြူသော အဆင်းအရောင် ဖြစ်၏။ နှစ်ကြိမ်မြောက်၌ ဇလပ်ပန်းအဆင်း

အရောင်ဖြစ်၏။ သုံးကြိမ်မြောက်၌ ကြေးနီအဆင်းအရောင်ဖြစ်၏။ လေးကြိမ်မြောက်၌ မြည်း၏ခံတွင်း အဆင်းအရောင်ဖြစ်၏။ ဤသို့ဆိုကြကုန်၍ အနီရောင်မှ ရွှေးဦးစွာ (ဝါ) အနီရောင်မလာသေးမီ ကုန်လွန်ခါနီးဖြစ်သော အတိတ်ညဥ့်၌ပင် ဝတ်ကိုချခြင်း အစရှိသောအမှုကို ပြုကြကုန်၏။ ဤသို့ပြုအပ်သောဝါဒသည် ပဌမဝါဒ ဖြစ်ပေ၏။

ဤ ဆိုလတ္တံ့ကား ဤဝါဒ၌ အလိုအဓိပ္ပါယ်တည်း— ရှေးဦးစွာ ဖြူသော အဆင်းအရောင်ရှိသော အရုဏ်ရောင်ဖြစ်၏။ နှစ်ကြိမ်မြောက်၌ ဇလပ်ပန်း အဆင်းအရောင်ရှိသော အရုဏ်ရောင်တက်၏။ သုံးကြိမ်မြောက်၌ ကြေးနီအဆင်းအရောင်ရှိသော အရုဏ်ရောင်တက်၏။ လေးကြိမ်မြောက်၌ မြည်း၏ ခံတွင်း အဆင်း အရောင်ရှိသော အရုဏ်ရောင်တက်၏။ ဤကား ထိုရဟန်းတို့၏ လိုရင်းအဓိပ္ပါယ်တည်း။

ထိုဝါဒ၌ မြမ္မာမင်းတို့၏ ရှေးခေတ်ဟောင်း နာရီအားဖြင့်ဖြင်း, ယခုခေတ် စက်နာရီအားဖြင့်ဖြင်း, ဝေဘန်နည်းကို ပြုခြင်းငှါ မလွယ်ကူ မစွမ်းနိုင်ပါ။ အဘယ်ကြောင့်နည်း? အဆင်းအရောင်အားဖြင့်သာ ဆိုလျက် အချိန်အားဖြင့် မဆိုသောကြောင့်တည်း။

ဤဆိုလတ္တံ့ကား စိစစ်ခြင်းတည်း—

ဤဂါထာကို ရေးသော ပုဂ္ဂိုလ်သည် ဖြူသောအဆင်းအရောင်ကို အရုဏ်ရောင်ဟု တင်မှတ်၏။ ထို့ကြောင့် "သေတာရုဏာဠ ပဌမံ" ဟူသော ဂါထာပါဒဖြင့် "ရှေးဦးစွာ ဖြူသော အဆင်းအရောင်ရှိသော အရုဏ်ရောင် ဖြစ်၏" ဟူ၍ ဆို၏။ ဤသို့ပင် ဆိုပါသော်လည်း ဖြူသောအရောင်သည် ဖြူသော အရောင်ဟူသော အမည်ကိုရ၏၊ အရုဏ်ရောင်

ဟူသော အမည်ကို မရနိုင်။ အဘယ်ကြောင့်နည်း? ဖြူသော အရောင်သည် ဖြူသောအရောင်သာဖြစ်၍ အနည်းငယ်နီသော အရောင် မဟုတ်သောကြောင့်တည်း။ အရုဏ်ရောင်မည်သည် ကား အနည်းငယ်နီသော အရောင် ဖြစ်ပေ၏။ ထိုစကား မှန်၏၊ အဘိဓာနပ္ပဒီပိကာကျမ်း၌—

> "အရုဏော ကိဉ္စိရတ္တော ဘာထ" "အနည်းငယ်နီသော အရောင်သည် အရုဏ်မည်၏"ဟူသော ဤစကားကို မိန့်ဆိုအပ်၏။

ထို၏အဖွင့်ဖြစ်သော အဘိဓာနပ္ပဒီပိကာဋီကာကျမ်း၌လည်း-

> "ကိဉ္စိရတ္တော အဗျတ္တရတ္တဝဏ္ဏော အရုဏော နာမ၊ ယထာ မဉ္ဇဿ အက္ခိ"ဟူသော "ငါးကြင်း၏မျက်စိရောင်ကဲ့သို့ အနည်းငယ်နီသော မထင်ရှားသော အနီရောင်သည် အရုဏ်မည်၏"ဟူသော ဤစကားကို မိန့်ဆိုအပ်၏။

ဝိမတိဝိနောဒနီဋီကာ၌လည်း—

> "ဝနုနဃနရတ္တော ပဘာဝိသေသော" ဟူ၍ "တိုးပွါးလာသော ထူထဲသော အနီရောင်အထူးပင်တည်း"ဟူသော ဤစကားကို မိန့်ဆိုအပ်၏။

ထို့ကြောင့် ဖြူသောအဆင်းအရောင်သည် အရုဏ်ရောင် မဟုတ်၊ ဤသို့မှတ်အပ်၏။ ဤသို့ဆိုခဲ့သောနည်းကို အစဉ်မှီးသဖြင့် ကြွင်းကျန်သော ဇလပ်ပန်းရောင် စသည်တို့ကိုလည်း အရုဏ်ရောင်မဟုတ်ကုန်ဟူ၍ မှတ်အပ်ကုန်၏။

ဆက်ဦးအံ့—ဤဂါထာသည် အဘယ်ကျမ်း၌ လာသနည်း ဝိနည်း၌ရင်း သုတ္တန်၌ရင်း အဘိဓမ္မာ၌ရင်း ပါဠိတော်၌ရင်း အဋ္ဌကထာ၌ရင်း ဋီကာ၌ရင်း လာသလော

ဟူ၍ မေးသည်ရှိသော် တစုံတယောက်သောသူသည် ဝိနည်း၌လာ၏ဟူ၍ ဆိုခြင်းငှါ မစွမ်းနိုင်။ ဤနည်းအတူပင် သုတ္တန်စသည်တို့၌ လာ၏ ဟူ၍လည်း ဆိုခြင်းငှါ မစွမ်းနိုင်။ တနည်းကား ဤဂါထာကို အဘယ်မထေရ်သည်, အဘယ်မထေရ်တို့သည်, အဘယ်သံဃာသည် အဆက်ဆက်အားဖြင့် ဆောင်ယူအပ်ပါသနည်း၊ ဤသို့မေးသည်ရှိသော် တစုံတယောက်သောသူသည်လည်း အဘယ်မထေရ်သည်,အဘယ်မထေရ်တို့သည်, အဘယ်သံဃာသည် အဆက်ဆက်အားဖြင့် ဆောင်ယူအပ်၏ ဟူ၍ ဆိုခြင်းငှါ မစွမ်းနိုင်။ အဘယ်ကြောင့် မစွမ်းနိုင်ပါသနည်း? အရင်းအစ မရှိသောကြောင့်တည်း။ ဤသို့ ဤပုံ ဤဂါထာ၏ အရင်းအစကို သိရန် ရှာမှီးခြင်းကို ပြုပါသော်လည်း တဆောင်တည်းသော ခုဒ္ဒသိက္ခာနိဿယကို ဖယ်ထား၍ တပါးသောအရင်းအစကို မမြင်ရ မတွေ့ရပေ။ ထို့ကြောင့် ဤဂါထာကို အမှီပြု၍ဖြစ်ပေါ်လာသော ဤပဌမဝါဒသည်လည်း အခြေအမြစ်မရှိသဖြင့် အရှက်တက်ခြင်းအားလျော်သော ဝါဒမဟုတ်၊ ပယ်အပ်သော ဝါဒသာဖြစ်သည်ဟူ၍ မှတ်အပ်၏။

ဆဋ္ဌဝါဒကို စေ့တ်စံခြင်း

"မြတ်စွာဘုရား၏ ပညတ်အာဏာတော်ကို မလွန်ကျူးလိုသော မကောင်းမှုမှ ရှက်တတ်သောရဟန်းသည်" ဤသို့ အစရှိသောစကားတို့ဖြင့် ပြအပ်သောဝါဒသည် ဝိနယာလင်္ကာရဋီကာဆရာ၏ ဝါဒဖြစ်ပေ၏၊ ဆဋ္ဌဝါဒဟူ၍လည်း ဆိုသင့်၏။

ဤဆိုလတ္တံ့ကား ဤဝါဒ၌ ဝိရုဒ္ဓအမိပ္ပါယ်တည်း—

"အကယ်၍ တစုံတခုဖြင့် မဖုံးမကွယ်သော ဟင်းလင်းပွင့်ရာ အရပ်၌ဖြစ်ငြားအံ့၊ ငါကြွင်း၏မျက်စိနှင့်တူသော အနည်းငယ်နီသောအရောင်ကို ထင်ရှားမြင်ရသော အချိန်မှစ၍ ဆောက်တည်ထားသောဝတ်ကို ချခြင်းစသော အမှုကို ပြုအပ်၏" ဟူသော စကားတို့ဖြင့် ပစ္စက္ခသိဒ္ဓဟုဆိုအပ်သော အနည်းငယ်နီသော အရုဏ်ရောင်ကို မျက်စိဖြင့်မြင်၍ သိအပ်သည်၏ အဖြစ်ကို ပြတော်မူ၏။ ထို့ပြင်လည်း အနည်းငယ်နီသော အရောင်ဟုဆိုအပ်သော အရုဏ်ရောင်ကိုမြင်ရသော အချိန်သည်သာလျှင် အရုဏ်တက်ချိန်ဖြစ်ပေ၏ ဟူ၍ မျက်မြင်အားဖြင့် အရုဏ်တက်ချိန်ကို သိအပ်သည်၏အဖြစ်ကိုလည်း ပြတော်မူ၏။

"အကယ်၍ကား တောင်စသည်ဖြင့် ဖုံးကွယ်ရာအရပ် ဖြစ်ငြားအံ့၊ ဟင်းလင်းပွင့်ရာအရပ်၌ဖြစ်ပါမူကား အကြွင်းမျှလောက်အချိန်၌ အနီရောင်ထင်ရှား၏။ နေဝန်းကိုမြင်ရသော အခါမှ ရှေး၌ ၁-နာရီမျှအချိန်၌၎င်း ၂-နာရီမျှအချိန်၌၎င်း အနီရောင်ထင်ရှား၏။ ထိုမျှလောက်အချိန်ကို ကောင်းစွာ မှတ်၍ ဤအချိန်၌ အရုဏ်တက်သည်ဖြစ်လောက်ရာ၏ ဟု ကြံဆလျက် ဝတ်ချခြင်းစသောအမှုကို ပြုအပ်၏" ဟူသော စကားတို့ဖြင့် ရှေးအခါ၌ အရုဏ်ရောင်ကို မျက်စိဖြင့်မြင်၍ ထိုမြင်ရာအချိန်ကို အမှီပြုလျက် နောက်အခါ၌ ကြံဆလျက် အရုဏ်တက်ချိန်ကို သိအပ်သည်၏အဖြစ်ကို ပြတော်မူ၏။

ထိုစကားကို ရှဉ်းအံ့——

ရှေးအခါ မဖုံးမကွယ်ရာအရပ်၌ တက်သော အနည်းငယ်နီသော အရုဏ်ရောင်ကို မျက်စိဖြင့်မြင်ပြီး၍ ထိုမြင်ရာအချိန်ကို အမှီပြုလျက် နောက်အခါဝယ် ဖုံးကွယ်ရာအရပ်တို့၌ ကြံဆ၍

အရုဏ်တက်ချိန်ကို သိအပ်သည်၏အဖြစ်ကို ပြတော်မူ၏။ ထိုပြင်လည်း ရှေးအခါ၀ယ် မဖုံးမကွယ်သော နေ့ရက်၌ တက်လာသော အနည်းငယ်နီသော အရုဏ်ရောင်ကို မျက်စိဖြင့် မြင်ပြီး၍ ထိုမြင်ရာအချိန်ကို အမှီပြုလျက် နောက်အခါ ၀ယ် ဖုံးကွယ်သောနေ့ရက်တို့၌ ကြံဆ၍ အရုဏ်တက်ချိန်ကို သိအပ်သည်၏အဖြစ်ကိုလည်း ပြတော်မူ၏။ ထိုပြင်လည်း တလ-တလအတွင်း၌ဖြစ်စေ တပက္ခ-တပက္ခအတွင်း၌ဖြစ်စေ ရှေးအခါက တရက်ရက်မှာ တက်လာသော အနည်းငယ် နီသော အရုဏ်ရောင်ကို မျက်စိဖြင့်မြင်ပြီး၍ ထိုမြင်ရာအချိန်ကို အမှီပြုလျက် နောက်အခါကြွင်းကျန်သော နေ့ရက်တို့၌ ကြံဆ၍ အရုဏ်တက်ချိန်ကို သိအပ်သည်၏အဖြစ်ကိုလည်းပြတော် မူ၏။

ဤသို့ ဤပုံ ကြံဆ၍ အရုဏ်တက်ချိန်ကို သိအပ်သည်၏ အဖြစ်ကြောင့်လည်း မမြဲသောအနက်ကို ထွန်းပြတတ်သော ၀ါသဒ္ဒါနှင့် ယှဉ်စပ်လျက် "ကေဃဋိကာမတ္တေန ၀ါ ဒွိဃ-ဋိကာမတ္တေန ၀ါ"ဟူ၍ "တနာရီမျှဖြင့်မူလည်း နှစ်နာရီမျှဖြင့် မူလည်း" ဟူသော စကားကို ဝိနယာလင်္ကာရဋီကာဆရာ သည် မိန့်ဆိုတော်မူ၏။

ကွယ်ဝှက်နေသည့်အချက်ကို ထုတ်ဖော်လျက် ဆိုဦးအံ့— ဤအရာ၌ ရှေးခေတ်ဟောင်း နာရီအားဖြင့် "ကေဃဋိကာ-တနာရီ"အစရှိသော စကားကို မိန့်ဆိုတော်မူသည်ဟူ၍ မှတ်အပ်၏၊ ယခုခေတ် စက်နာရီအားဖြင့် မိန့်ဆိုသည်ဟူ၍ မမှတ်အပ်။ အဘယ်ကြောင့်နည်း? ဝိနယာလင်္ကာရဋီကာ ကျမ်းပြုသောအချိန်၌ စက်နာရီကို သုံးဆောင်ခြင်း မရှိသေး

သောကြောင့်တည်း။ သုံးဆောင်ခြင်း မရှိသေးသည်၏ အဖြစ်သည် နောက်၌ ထင်ရှားလတ့်။

"ယုံမှားသံသယကို အလိုမရှိသော ရဟန်းသည် ဆိုခဲ့သော တနာရီနှစ်နာရီအချိန်အောက်လည်း နောက်ထပ်အနည်းငယ် အချိန်ကို စောင့်ဆိုင်းသည်းခံ၍ ယုံမှားသံသယကင်းလောက် သောအချိန်၌ ဝတ်ချခြင်းစသော အမှုကို ပြုအပ်၏။ ဤသို့ ပြုခြင်းသည်ကား အရှက်နှင့် စပ်လျဉ်းသောအမှုကို ပြုရာ၌ ကျင့်အပ်သော ကျင့်ဝတ်ပင်တည်း။" ဟူသော စကားတို့ဖြင့် ယခင်ဆိုခဲ့သော အချိန်၏ မမြဲသည်၏ အဖြစ်ကြောင့်လည်း ရှေးခေတ်ဟောင်းနာရီအားဖြင့် ထိုတနာရီနှစ်နာရီမျှ အချိန် အောက် နောက်ထပ် ယုတ်လျော့သော အချိန်၌ ဝတ်ချခြင်း စသောအမှုကို ပြုအပ်သည်၏အဖြစ်ကို ပြတော်မူ၏။

ဆက်၍ဆိုဦးအံ့....ဝိနည်းမည်သည်ကား ပေါ့သောအရာ လေးသောအရာ နှစ်မျိုးတို့တွင် လေးသောအရာ၌ တည် အပ်၏။ ထိုစကားမှန်၏၊ သမန္တပါသာဒိက အဋ္ဌကထာ ဒုတိယပါရာဇိကအဖွင့်၌—

> "ဝိနယဝိန္တယေ ဟိ အာဂတေ ဂရုကေ ဌာတဗ္ဗံ။ သော ဝိနယဓမ္မတာ"ဟူ၍ "ဝိနည်း အဆုံးအဖြတ် ပေါ်လာသည်ရှိသော် လေးသောအရာ၌ တည်အပ် ၏။ ဤသို့တည်ခြင်းသည် ဝိနည်းကို အလေးပြုသော ရဟန်းတို့၏ ဓမ္မတာသဘောပင်တည်း"ဟူသော ဤ စကားကို မိန့်ဆိုအပ်၏။

ထိုကြောင့် တနာရီမျှဖြင့်, နှစ်နာရီမျှဖြင့် ဟူ၍ ဆိုခဲ့သော နှစ်ပါးသော အရာတို့တွင် နှစ်နာရီမျှဟူသောအရာ၌

မတည်မူ၍ တနာ္ဂရီမျှဟူသောအရာ၌ တည်အပ်၏။ တည်ခြင်းကြောင့် ရရှိနိုင်သော အကျိုးတရားကား ဤသို့တနာ္ဂရီအရာ၌ တည်သည်ရှိသော် ပြုအပ်သော ထိုထိုအမှုသည် မချွတ်မယွင်းသော အကျိုး, ပြီးစီးအောင်မြင်သောအကျိုး, ပြည့်စုံသော အကျိုး, ယုံမှားသံသယကင်းသော အကျိုးကို ရရှိသည်ဖြစ်ပေ၏။ ထိုကြောင့် နေထွက်သောအချိန်မှ ရှေး(နေမထွက်သေးမီ) မြမ္ဘာနာဂရီ တနာ္ဂရီမျှအချိန်၌ အရဏ်တက်သည်ဟု နှလုံးသွင်း၍အရဏ်နှင့်စပ်လျဉ်းသော ထိုထိုအမှုကို ပြုအပ်၏။ ဤသို့ ဤပုံ ပြုအပ်သောအမှုသည် မချွတ်မယွင်းသော အမှုဖြစ်ပေ၏။ ထို့ကြောင့် ဤဆဋ္ဌဝါဒသည်-ကောင်းသော ဝါဒ, ထောက်ခံအပ်သောဝါဒ, အလိုရှိအပ်သောဝါဒဖြစ်ပေသည်ဟူ၍ မှတ်အပ်၏။

စိစစ်ဝေဘန်သောအပိုင်း ပြီး၏။

၄-အဆုံးအဖြတ် နှင့် သာဓကအပိုင်း

ယခင်ဆိုခဲ့ပြီးကုန်သော ဝါဒတို့တွင် ဝိနယာလင်္ကာရဋီကာဆရာသည်ဆိုအပ်သော ဘဋ္ဌဝါဒသည် ပါဠိအဋ္ဌကထာဋီကာတို့၌ လာကုန်သော ခိုင်မာသော ဂါဓကစကားတို့နှင့် နှီးနှော၍ညီညွတ်၏၊ ထိုဝါဒ၌ အပြစ်မရှိ။ ထို့ကြောင့် ဝိနည်းကို လေးစားကုန်သော သီလ သမာဓိ ပညာဟူသော သိက္ခာသုံးပါးကိုအလိုရှိကုန်သော မကောင်းမှုမှရှက်တတ်ကုန်သော သီလကို ချစ်ခင်တတ်ကုန်သော ရဟန်းတို့သည် အလိုရှိအပ်သော ဝါဒ, ယူအပ် ယူထိုက်သောပါဒ ဖြစ်ပေ၏။ ဆက်ဦးအံ့...ထိုဝါဒ၌ ဋီကာဆရာသည် ရှေးခေတ်ဟောင်းမြမ္ဘာနာဂရီကိုရည်ရွယ်၍ "တနာ္ဂရီမျှဖြင့်" ဟူသော စကားကိုဆိုသည်

ဟူ၍ မှတ်အပ်၏၊ ယခုခေတ်စက်နာရီကို ရည်ရွယ်၍ ဆိုသည် ဟူ၍ မမှတ်အပ်။ အဘယ်ကြောင့် ဤသို့သိအပ်ပါသနည်း၊ ဤသို့အကှယ်၍ မေးငြားအံ့၊ ဝိနယာလင်္ကာရဋီကာကျမ်းကို ပြုသောအချိန်၌ မြန်မာနိုင်ငံမှာ စက်နာရီကို သုံးဆောင်ခြင်း မရှိသေးသောကြောင့် ဤသို့သိအပ်၏ ဟူ၍ ဖြေဆိုရာ၏။ ထို စကားကိုချဲဦးအံ့...ရှေးအခါ မြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင် စံတော်မူသည်မှ စ၍ ရေတွက်အပ်သော နှစ်အားဖြင့် (၂၁၉၁) နှစ်ထောင့်တရာကိုးဆယ်တခုနှစ်, လူတို့၏အမှတ် သင်္ကေတဖြစ်သောကောဇာသကရာဇ်ဟုခေါ်သောနှစ်အား ဖြင့်(၁၀၀၉) တထောင်ကိုးခုနှစ်, မြန်မာနိုင်ငံ **"သာလွန်"** မင်းတရားကြီးအုပ်စိုးသောအချိန်၌ မုနိန္ဒဃောသတိပိဋကာ-လင်္ကာရဟူသော ဘွဲ့တံဆိပ်တော်ကို ရရှိတော်မူသော ဆရာတော်သည် ဝိနယာလင်္ကာရဋီကာအမည်ရှိသောကျမ်း-ကြီးကို ပြုခဲ့စီရင်ခဲ့ပြီ။ ထိုအခါ၌ မင်းအစရှိသော အလုံး စုံသော သူတို့သည် ရှေးမြန်မာနာရီကိုသာ သုံးဆောင်ခြင်း ပြုကြကုန်၏၊ စက်နာရီကို သုံးဆောင်ခြင်းမပြုကြကုန်။ တဆင့် စကား ကြားရဘူးသည်ကား ထိုအချိန်မှနောက် အလွန်ကြာ မြင့်သော"မင်းတုန်းမင်း"အုပ်စိုးသောအချိန်၌ တိုင်းတပါးမှ ထိုစက်နာရီကို ရကြသတဲ့။ ဤသို့ပင် ရကြပါသော်လည်း များစွာသောလူတို့သည် ရေတွက်, မှတ်သား,နှစ်သက်သော အားဖြင့် သုံးဆောင်ခြင်း မပြုကြကုန်။ ထိုအချိန်မှနောက်၌ တိုင်းတပါးမှ လူမျိုးခြားမင်းတို့ အုပ်စိုးသောအချိန်ကျမှသာ များစွာသော လူရှင်ရဟန်းတို့သည် ရေတွက်, မှတ်သား, နှစ်သက်သောအားဖြင့် သုံးဆောင်ခြင်း ပြုကြကုန်ပြီ။ ထို အခါမှစ၍ ယနေ့တိုင်အောင် အလုံးစုံသော သူတို့သည် ရေတွက်ခြင်း စသောအားဖြင့် သုံးဆောင်ခြင်း ပြုကြကုန်၏။

ထို့ကြောင့် ဆိုခဲ့သော အဆက်ဆက်ကြားရသော စကားကို အမှီပြု၍ ထိုဋီကာကျမ်းပြုသောအချိန်၌ ရှေးခေတ်ဟောင်း မြန်မာနာရီကိုသာ ရည်ရွယ်၍ ဆိုသည်၏အဖြစ်ကိုင်း, ယခု ခေတ် စက်နာရီကို သုံးဆောင်ခြင်းမရှိသည်၏ အဖြစ်ကိုင်း, သိအပ်၏။

ယခုခေတ်အခါ၌ကား အချို့သောရဟန်းတို့သည် ထို သဘောကို မသိကြကုန်သည်ဖြစ်၍ ကျမ်းဆရာ၏ "တနာရီမျှ ဖြင့်"ဟူသော စကားကို စက်နာရီအားဖြင့် ယူကြကုန်၏။ ထိုရဟန်းတို့၏ ယူပုံယူနည်းသည် သဒ္ဒါတခြား အနက်တခြား ဖြစ်နေ၏။ ချဲဦးအံ့ .... ကျမ်းဆရာသည် ရှေးခေတ်ဟောင်း မြန်မာနာရီအားဖြင့်"တနာရီမျှဖြင့်"ဟူသောစကားကိုဆိုခဲ့၏။ ထိုစကား ထိုသဒ္ဒါ၏ အနက်ကိုယူကြကုန်သော ထိုရဟန်းတို့ သည် ယခုခေတ်စက်နာရီအားဖြင့် ယူကြကုန်၏။ ဤသို့လျှင် ထိုယူပုံ ယူနည်းသည် သဒ္ဒါတခြား အနက်တခြားဖြစ်နေ၏၊ သဒ္ဒါက တခြား လိုရင်းအဓိပ္ပါယ်က တခြား ဖြစ်နေသည်ဟူ၍လည်း ဆိုသင့်၏။ ထို့ကြောင့် နေထွက်သည်မှ ရှေး(နေ မထွက်သေးမီ) စက်နာရီအားဖြင့် တနာရီအချိန်၌ အရုဏ် တက်၏ဟူသော ကျမ်းဆရာသည် အလိုမရှိအပ်သောအရုဏ် တက်ချိန်သာ ဖြစ်နေတော့၏၊ နေမထွက်သေးမီ ရှေးမြန်မာ နာရီအားဖြင့် တနာရီအချိန်၌ အရုဏ်တတ်၏ဟူသော ကျမ်း ဆရာသည် အလိုရှိအပ်သော အရုဏ်တက်ချိန်ကား မဖြစ် သေးပေ။ ဆက်ဦးအံ့....ကျမ်းဆရာသည်ကား စင်စစ်ကေန် အမှန်အားဖြင့် နေထွက်သည်မှ ရှေး(နေမထွက်သေးမီ)ရှေး မြန်မာနာရီအားဖြင့် တနာရီမျှသောအချိန်ကိုသာ အရုဏ် တက်ချိန်ဟူ၍ အလိုရှိအပ်၏။ ဤသို့ထူးခြားစွာသိရာ၏။

ဤအရာ၌ ရှေးခေတ်ကောင်း မြမ္မာနာရီနှင့် ယခုခေတ် စက်နာရီတို့၏ တိုသောအချိန် ရှည်သောအချိန်အားဖြင့် အတိုင်းအရှည် အရေအတွက် အပိုင်းအခြား မတူသည်၏ အဖြစ်ကို သိအပ် သိထိုက်၏။ ထိုစကားကို ချဲ့ဦးအံ့....နေ့ည၌ အစုံဖြစ်သောတရက်၌ ရှေးမြမ္မာနာရီအားဖြင့် နာရီပေါင်း (၆၀)ရှိကုန်၏။ စက်နာရီအားဖြင့် (၂၄)နာရီ ရှိကုန်၏။ ဤသို့ မတူသည်၏အဖြစ်ကို သိအပ်၏။ ထိုစကားကို ဥပမာ အားဖြင့် ထင်ရှားစေဦးအံ့....ဆန်တတင်း၌(၆၀)သောအဘို့ အစုကိုပြု၍ငင်း, ထိုသို့သော ဆန်တတင်း၌ပင် (၂၄)ခုသော အဘို့ အစုကိုပြု၍ငင်း, ထို(၆၀) အစုထဲမှ တဘို့တ‌‌စု သည် (၂၄)အစုထဲမှ တဘို့တစုနှင့် အတူတကွ နှိုင်းယှဉ်ခြင်းကို ပြုလိုက်သော် အချင်းချင်းတူမျှသော အတိုင်းအရှည်မဖြစ်နိုင် သကဲ့သို့ ဤနည်းအတူပင် (၆၀)နာရီထဲမှ ရှေးမြမ္မာတနာရီ အချိန်သည်(၂၄)နာရီထဲမှ စက်တနာရီအချိန်နှင့်အတူတကွ နှိုင်းယှဉ်ခြင်းကိုပြုလိုက်သော် အချင်းချင်း တူမျှသောအချိန် မဖြစ်နိုင်။ ထိုစကားမှန်၏၊ ရှေးမြမ္မာတနာရီ အချိန်သည် တိုသော အတိုင်းအရှည် အပိုင်းအခြားရှိ၏။ ထို့ကြောင့် နေ့ည၌အစုံတရက်၌ နာရီ(၆၀)အရေအတွက်အပိုင်းအခြား ရှိ၏။ စက်နာရီ တနာရီသည် ရှည်သော အတိုင်းအရှည် အပိုင်းအခြားရှိ၏။ ထို့ကြောင့် နေ့ည၌အစုံတရက်၌ (၂၄) နာရီအရေအတွက် အပိုင်းအခြားရှိ၏။ ဤကဲ့သို့ ထိုမြမ္မာနာရီ စက်နာရီတို့၏ တိုသောအချိန် ရှည်သောအချိန်အားဖြင့် အတိုင်းအရှည် အရေအတွက် အပိုင်းအခြား မတူသည်၏ အဖြစ်ကို သိအပ်၏။

ဆုံးဖြတ်ချက်ချခြင်း

ဆက်ဦးအံ့····ယင်းသို့ ဆိုခဲ့သောနည်းဖြင့် ရှေးဟောင်း မြန်မာနာရီ အချိန်၏ တိုသောအတိုင်းအရှည် ရှိသည်၏အဖြစ်ကြောင့် ရှေး မြန်မာတနာရီ အချိန်သည် စက်နာရီ၏ နှစ်ဆယ့်လေးမိနစ်အချိန်နှင့်တူမျှသော အချိန်ရှိ၏။ထို့ကြောင့် နေထွက်သည်မှရှေး (နေမထွက်သေးမီ) မြန်မာနာရီအားဖြင့် တနာရီ အချိန်ဟု ဆိုအပ်သော စက်နာရီ၏ မိနစ်အတိုင်းအရှည် အားဖြင့် (၂၄) နှစ်ဆယ့်လေးမိနစ်အချိန်၌ အရုဏ်တက်၏ ဟူ၍ အရုဏ်တက်သော အချိန်ကို ဆုံးဖြတ်အပ်၏။ ဤအရုဏ်တက်ချိန်ကို ဝိနယာလင်္ကာရဋီကာဆရာသည် အလိုရှိအပ်သော အရုဏ်တက်ချိန်ဟူ၍ မှတ်အပ်၏။ ထိုစကားမှန်၏၊ မြန်မာတနာရီနှင့် ညီမျှသော စက်နာရီ၏ (၂၄)မိနစ်ဟူသော ထိုအရုဏ်တက်ချိန်ကို ဋီကာဆရာသည်သာလျှင် "ကေဃဋီကာမတ္တေန" ဟူသော စကားကို ဆို၍ ဆုံးဖြတ်အပ်၏။ ထို့ကြောင့် ထိုအချိန်ကိုသာလျှင် မချွတ်မယွင်းသော အရုဏ်တက်ချိန်ဟူ၍လည်း ပညာရှိတို့သည် ထူးခြားစွာ သိအပ်၏။

ဋီကာဆရာသည်ကား ဤအဆုံးအဖြတ်ဖြင့် မိုးသောက်မိုးလင်းချိန်မှ ရှေး(မိုးမလင်းသေးမီ) ၌ အရုဏ်တက်၏ဟု နှလုံးသွင်းကြကုန်သော များလှစွာကုန်သော ရဟန်းတို့၏ ချွတ်ယွင်းသော အရုဏ်တက်ချိန်ကိုလည်း ပယ်ချလိုက်သည် သာတည်း၊ ပယ်ချသော သဘောရှိသည်သာဟူ၍လည်း ဆိုသင့်၏။အဘယ့်ကြောင့်နည်း? ဋီကာဆရာသည် ဆုံးဖြတ်အပ်သော ဤအရုဏ်တက်ချိန်သည် မိုးလင်းချိန်မှ ရှေး(မိုးမလင်းသေးမီ)၌ မဖြစ်မူ၍ မိုးလင်းပြီးသည်မှ နောက်၌သာလျှင် ဖြစ်သောကြောင့်တည်း။

ဆက်ဦးအံ့····မိုးလင်းပြီးသည်မှ နောက်၌ အရှက်တက်သည်၏အဖြစ်ကို ပြတတ်ကုန်သော ခိုင်မာသောသာဓကစကားတို့သည် နောက်၌ထင်ရှားဖြစ်ကုန်လိမ့်လတံ့။ ဋီကာဆရာ၏ ဤအဆုံးအဖြတ်သည် ထိုဆိုလတံ့သော သာဓကစကားတို့နှင့်လည်း အတူတကွ နှီးနှောညီညွတ်၏။ ဥပမာဆောင်၍ ထင်ရှားအောင် ပြဦးအံ့····နွားမကြီး၏ နို့တိုင်မှဖြစ်သောနို့ရေသည် မြေကြီးမှဉ်း ကောင်းကင်မှဉ်း ဖြစ်သော ပကတိရေနှင့် အတူတကွ နှီးနှောညီညွတ် ရောနှောသည်၏အဖြစ်သို့ ရောက်သကဲ့သို့ ဤနည်း အတူပင်လျှင် ဋီကာဆရာ၏ ဉာဏ်မှဖြစ်သော ဤအဆုံးအဖြတ်သည် ဝိနည်းမှဉ်း သုတ္တန်မှဉ်း လာကုန်သော ထိုဆိုလတံ့သော သာဓကစကားတို့နှင့် အတူတကွနှီးနှောညီညွတ်၏၊ရောနှောသည်၏အဖြစ်သို့ ရောက်၏။ ထို့ကြောင့် ဝိနည်းကိုလည်း လေးစား သိက္ခာကိုလည်း အလိုရှိ မကောင်းမှုကိုလည်း ရှက်ကြောက် သီလကိုလည်း ချစ်တတ်ကုန်သော ရဟန်းတို့သည် ဝိနယာလင်္ကာရဋီကာဆရာ၏ အဆုံးအဖြတ်ဖြစ်သော ယခင်ဆိုခဲ့သော ထိုအရှက်တက်ချိန်ကိုသာလျှင် မချွတ်မယွင်းသော အရှက်တက်ချိန်ဟု နှလုံးသွင်း၍ အလိုလည်း ရှိအပ်၏၊ ယူလည်းယူထားအပ်၏။ ယူထားပြီး၍ အရှက်နှင့်စပ်လျဉ်းကုန်သော ဝတ်ချခြင်းစသော အမှုတို့ကို ပြုအပ်ကုန်၏။ အကျိုးတရားကား ဤသို့ ဤပုံ မချွတ်မယွင်းသော ထိုအရှက်တက်ချိန်၌ ပြုအပ်ကုန်သော ထိုအမှုတို့သည် မချွတ်မယွင်းသောအကျိုး ယုံမှားသံသယကင်းသောအကျိုး ရှိကုန်၏။

ထိုမှတပါး ယခုခေတ်အခါ၌ များလှစွာကုန်သော ရဟန်းတို့သည် မိုးလင်းချိန်မှ ရှေး (မိုးမလင်းသေးမီ) ၌ ရှိအပ်သော အရောင်တက်လာခြင်းကို အရုဏ်တက်သည်ဟူ၍ ရွတ်ယွင်းသောအားဖြင့် ထင်မှတ်ကြကုန်၏။ ထိုအချိန်၌ တက်လာသော အရှုရောင်သည် အရှုရောင်သာဖြစ်၏၊ အရုဏ်ရောင်မဟုတ်။ ထိုစကားမှန်၏၊ အရုဏ်ရောင်မည်သည်ကား အနည်းငယ်နီသော အရောင်သာဖြစ်ပေ၏၊အဖြူစသောအရောင်မဟုတ်၊ အနည်းငယ်နီသော အရောင်၏ အရုဏ်ရောင်မည်သည်၏ အဖြစ်ကို ရှေး၌ များစွာသော သာဓကစကားတို့ကို ထုတ်ပြ၍ ဆိုခဲ့ပြီ။

ဆက်ဦးအံ့....အနည်းငယ်နီသော အရောင်ဟု ဆိုအပ်သော အရုဏ်သည် မိုးလင်းသည်မှ ရှေး(မိုးမလင်းသေးမီ) အခါ၌ မတက်သေး၊ အားကြီးလင်းသော မိုးလင်းချိန်မှ နောက်အခါ၌သာလျှင် တက်၏။ ထိုအချိန်၌သာလျှင် အနည်းငယ်နီသော အရုဏ်ရောင် တက်သည်၏အဖြစ်ကို မျက်မြင်အားဖြင့်လည်း သိအပ်၏။ ချဲ့ဦးအံ့ .... ဤမြန်မာနိုင်ငံတော်၌ အလွန်ထင်ရှားကုန်သော တရားရှစ်ကွက်စက်လက္ခဏာတို့နှင့် ပြည့်စုံကုန်သော မြတ်စွာဘုရား၏ ခြေတော်ရာစေတီတော်နှစ်ဆူတို့သည် ထင်ရှား ရှိကြကုန်၏။ ထိုစေတီတော်တို့၏အနီးဖြစ်သော တခုသောတောင်၌ ဤစာရေးသူသည် ငါးလပတ်လုံး နေခဲ့ဘူး၏။ တရံတခါ(၇)ရက်ပတ်လုံး, တရံတခါ ငါးရက်ပတ်လုံး,တရံတခါ တရက်ပတ်လုံး နေခဲ့ဘူး၏။ ထိုသို့နေဘူးသောအခါ၌ အရုဏ်တက်သောအချိန်ကို စုံစမ်းရန်အကျိုးငှါ အိပ်ရာမှ စောစောထ၍ အရှေ့အရပ်သို့ ညဉ့်တိုင်း ညဉ့်တိုင်းလိုပင် ကြည့်ရှုဘူးပါပြီ။ ဤသို့ ကြည့်ရှု

လတ်သော် မိုးလင်းချိန်မှ ရှေး (မိုးမလင်းသေးမီ) အခါ၌ မချွတ်မယွင်း မှန်ကန်သော အနည်းငယ်နီသော အရောင်ဟု ဆိုအပ်သော အရုဏ်ရောင်ကို မမြင်ရပါ။ ချွတ်ယွင်း မမှန်ကန်သော အဖြူစသော အရောင်ကိုသာ မြင်ရပြီ။ ထိုမှတပါး အားကြီးလင်းသော မိုးလင်းချိန်မှ နောက်အခါ၌သာ မချွတ်မယွင်း မှန်ကန်သော အနည်းငယ်နီသော အရောင်ဟု ဆိုအပ်သော အရုဏ်ရောင်အစစ်ကို မြင်ခဲ့ရဘူးပြီ၊ ထိုတောင်၌ ထိုလတို့၌ ထိုညဉ့်တို့၌ ကြည့်ရှုဘူးသကဲ့သို့ ထိုအတူ တပါးသော အရပ်ဒေသ, တပါးသောလ, တပါးသောညဉ့်တို့၌ အဖန်ဖန် အကြိမ်များစွာ ကြည့်ရှုဘူးပါပြီ၊ ဤနည်းမျိုးဖြင့် (၀)နှစ်အတွင်း၌ တပါးမက များလှစွာသော ညဉ့်တို့၌ ကြည့်ရှုဘူးပါပြီ။ ကြည့်ရှုဘူးသော ညဉ့်တို့၌လည်း အားကြီးလင်းသော မိုးလင်းချိန်မှ နောက်၌သာလျှင် အနည်းငယ်နီသော အရုဏ်ရောင်ကို မြင်ခဲ့ရဘူးပါပြီ။ ဤသို့ ဤပုံ ထိုအားကြီးလင်းသော မိုးလင်းချိန်မှနောက်အခါ၌သာလျှင် အရုဏ်တက်သည်၏ အဖြစ်ကို မျက်မြင်အားဖြင့်လည်း သိအပ်၏။

ထိုမှတပါးကား ဝိနယာလင်္ကာရဋီကာဆရာ၏ အဆုံးအဖြတ်ဖြစ်သော ယခင်ဆိုခဲ့သော အရုဏ်တက်ချိန်သည် အားကြီးလင်းသော မိုးလင်းချိန်မှလည်း နောက်၌သာလျှင် ဖြစ်ပေ၏၊ ရှေး၌ မဖြစ်ပေ။ ထိုကြောင့် ထိုအရုဏ်တက်ချိန် အဆုံးအဖြတ်ကို ဋီကာဆရာသည် ပြဆိုအပ်ပြီးသော သာဓကမှ ကြွင်းကျန်ကုန်သော မိုးလင်းချိန်မှနောက်၌ အရုဏ်တက်သည်၏အဖြစ်ကို ပြတတ်ကုန်သော ဆိုလတ္တံ့ကုန်သော သာဓကစကားတို့ဖြင့် ထောက်ပံ့အံ့၊ ထင်ရှားပေါ်လွင်

သည့်၏အဖြစ် အလွန်နိုင်မာသည့်၏အဖြစ်သို့ ရောက်စေအံ့။ ဤစာကို ရေးသူသည်ကား ဋီကာဆရာ၏ အဆုံးအဖြတ် ဟောင်းကို ထောက်ပံ့လျက် ထင်ရှားပေါ်လွင်အောင် ပြန်၍ အလွန်နိုင်ခံ့သည့်၏အဖြစ်ကို ပြုသောအားဖြင့် အဆုံးအဖြတ်ကိုပြုပါ၏။ ထိုစကားမှန်၏၊ အဟောင်းမှ တပါးသော အဆိုအမိန့်သစ်ကိုဍင်း အယူဝါဒသစ်ကိုဍင်း အရုဏ်တက်ချိန်သစ်ကိုဍင်း အဆုံးအဖြတ်သစ်ကိုဍင်း မပြုပါ။ ထို့ကြောင့် ဤအဆုံးအဖြတ်သည် ရှေးယခင် နှစ်ပေါင်း သုံးရာကျော်အခါကပင် ဆုံးဖြတ်အပ်ပြီးသော အဆုံးအဖြတ်ဟောင်းသာ ဖြစ်သည်ဟူ၍ ပညာရှိတို့ သိအပ်၏။

သာဓကများကိုပြခြင်း

ယခုအခါ၌ "သာဓကစကားတို့သည် နောက်၌ထင်ရှားဖြစ်ကုန်လိမ့်မည်" ဟူ၍ဍင်း၊ "ဆိုလတံ့ကုန်သော သာဓကစကားတို့ဖြင့် ထောက်ပံ့အံ့" ဟူ၍ဍင်း၊ အကြင်စကားကို ရှေးကဆိုခဲ့ပြီး၊ ထိုစကား၏ အခွင့်အခါသည် ရောက်လာပေတော့၏။ ထို့ကြောင့် များစွာသော သာဓကထုတ်ပြခြင်းကို အားထုတ်အပ်၏။

ဤဆိုလတံ့ကား များလှစွာကုန်သော ထိုသာဓကတို့တွင် ရှေးဦးစွာသော သာဓကကို ပြခြင်းတည်း—

သမန္တပါသာဒိက အဋ္ဌကထာ ပုဗ္ဗဝဋ္ဋ သမုဋ္ဌာနကဏ္ဍက အခွင့်၌—

"ဓမ္မူပသံဟိတံ စေဝ စတူဟိ ပဉ္စဟိ ဝါ ဘိက္ခူဟိ
သမ္မာ ပရိက္ခိတွာန ဝိဟာရဿ ပရိတ္တေပစော

အပရိက္ခိတ္တဿ ပရိက္ခေပါရဟဋ္ဌာနတော ဒွေ လေဍ္ဍုပါတေ အတိက္ကမိတွာ မဟာမဂ္ဂတော ဩက္ကမ္မ ဂုမ္ဗေန ဝါ ဝတိယာ ဝါ ပဋိစ္ဆန္နဋ္ဌာနေ နိသီဒိတဗ္ဗံ၊ အန္တောအရုဏေယေဝ ဝုတ္တနယေန ဝတ္တံ သမာဒိယိတွာ အာရောစေတဗ္ဗံ။ သစေ အညော ကောစိ ဘိက္ခု ကေနစိဒေဝ ကရဏီယေန တံ ဌာနံ အာဂစ္ဆတိ၊ သစေ သော တံ ပဿတိ၊ သဒ္ဒံ ဝါ သုဏာတိ၊ အာရောစေတဗ္ဗံ။ အနာရောစေန္တဿ ရတ္တိစ္ဆေဒေါ စေဝ ဝတ္တဘေဒေါ စ။ အထ ဒွါဒသဟတ္ထံ ဥပစာရံ ဩက္ကမိတွာ အဇာနန္တဿေဝ ဂစ္ဆတိ၊ ရတ္တိစ္ဆေဒေါ ဟောတိ ဧဝ၊ ဝတ္တဘေဒေါ ပန နတ္ထိ။ အာရောစိတကာလတော ပဋ္ဌာယ ကေံ ဘိက္ခုံ ဌပေတွာ သေသေဟိ သတိ ကရဏီယေ ဂန္တုမ္ပိ ဝဋ္ဋတိ၊ **အရုဏေ ဥဋ္ဌိတေ** တဿ ဘိက္ခုဿ သန္တိကေ ဝတ္တံ နိက္ခိပိတဗ္ဗံ” ဟူ၍—

“**မိုးလင်းသောအခါ၌** လေးပါး, ငါးပါးကုန်သော ရဟန်းတို့နှင့် အတူတကွ အရံရှိသောကျောင်း၏ အရံမှ အရံမရှိသောကျောင်း၏ အရံထိုက်ရာအရပ်မှ ခဲနှစ်ခါပစ် ကျရာအရပ်ကို လွန်အောင်သွား၍ ခရီးလမ်းမကြီးမှ ဘေးသို့ ဖဲ၍ ချုံဖြင့်ရင်း စောင့်ရန်းဖြင့်ရင်း ဖုံးကွယ်ရာအရပ်၌ ထိုင်နေအပ်၏။ အရုဏ်မတက်သေးမီ အချိန်အတွင်း၌သာလျှင် ဆိုခဲ့သောနည်းဖြင့် ဝတ်ကိုဆောက်တည်၍ ပြောကြားအပ်၏။ အကယ်၍ တပါးတခြားဖြစ်သော အချို့ရဟန်းသည် တစုံတခု ပြုဖွယ်ကိစ္စဖြင့် ထိုအရပ်သို့ လာငြားအံ့၊

အကာယ်၌ ဝတ်ဆောက်တည်သော ဤရဟန်းသည် လာသောထိုရဟန်းကို မြင်ငြားအံ့၊ လာသော ထို ရဟန်း၏ အသံကိုမူလည်း ကြားငြားအံ့၊ ဝတ်ကို ပြော ကြားအပ်၏။ မပြောကြားသော ရဟန်းအား ညဉ့် လည်းပြတ်၏၊ ဝတ်ပျက်မှု ဒုက္ကဋ်အာပတ်လည်း သင့် ၏။ ထိုမှတပါး တဆယ့်နှစ်တောင် ဥပစာတွင်းသို့ သက်ဝင်ပြီး၍ မသိစဉ်သာလျှင် သွားငြားအံ့။ ညဉ့် ပြတ်ခြင်းဖြစ်သည်သာ၊ဝတ်ပျက်မှု ဒုက္ကဋ်အာပတ်ကား မရှိ၊ ဝတ်ကို ပြောကြားပြီးသောအခါမှ စ၍ ရဟန်း တပါးကို ချန်ထားခဲ့လျက် ကြွင်းသောရဟန်းတို့သည် ပြုဘွယ်ကိစ္စရှိလတ်သော် (မာနတ်ကျင့်သော ရဟန်း မသိအောင်) ပြန်သွားခြင်းငှါအပ်၏။ **အရုဏ်တက် လတ်သော်** ထိုရဟန်းအထံ၌ ဝတ်ကိုချအပ်၏”ဟူ၍ မိန့်ဆိုအပ်၏။

ဤအဋ္ဌကထာစကားရပ်၌ “ ပစ္စူသသမယေ ” ဟူသည် ကား မြင်ရလောက်အောင် ထွန်းလင်းတောက်ပစွာ မိုး လင်းသောအခါ, မြင်ရလောက်အောင် အထူးထွန်းလင်း တောက်ပစွာ မိုးလင်းသောအခါ, ထိုထိုအမှုကို ပြုခြင်းငှါ ခံ့လောက်အောင် ရေတွက်လောက်အောင် မိုးလင်းသော အခါ, ဤကား ပစ္စူသ-ပုဒ်၏အနက်များပင်တည်း။ ဆက်ဦး အံ့....ပစ္စူသ-သဒ္ဒါသည် ပဘာတ ဝိဘာတ ကလ္လသဒ္ဒါတို့ နှင့် အနက်တူ၏။ ထိုစကားမှန်၏၊ အဘိဓာနပ္ပဒီပိကာ ကျမ်း၌—

“ပဘာတဥ္စ ဝိဘာတဥ္စ၊ ပစ္စူသော ကလ္လမပျထ”
“ပစ္စူသသဒ္ဒါသည် ပဘာတစသော သဒ္ဒါသုံးခုတို့နှင့်

> မိုးလင်း မိုးသောက် အနက်ကို ဖော်သောအားဖြင့် အနက်တူ၏”ဟူသော ဤစကားကို မိန့်ဆိုအပ်၏။

ပစ္စူသောဟူသော ဤစကား၌ အဘယ်အနက်ကြောင့် ပစ္စူသမည်ပါသနည်း? အမိုက်မှောင်ကင်းပျောက်တတ်သော အနက်ကြောင့် “ပစ္စူသ-မိုးလင်း”မည်၏။ ထိုစကားမှန်၏၊ အဘိဓာနပ္ပဒီပိကာဋီကာကျမ်း၌—

> “ပစ္စူသတိ ဝိနာသေတိ တိမိရန္တိ ပစ္စူသော” ဟူ၍ “အမိုက်မှောင်ကို ဖျက်ဆီးတတ်သောကြောင့် ပစ္စူသ မိုးလင်းမည်၏”ဟူသော ဤစကားကို မိန့်ဆိုအပ်၏။

ဆက်ဦးအံ့ .... ပစ္စူသသမယ - မိုးသောက်မိုးလင်းအခါ ဆိုသည်ကား အမိုက်မှောင်ကင်းပျောက်သောကြောင့်သာလျှင် အလုံးစုံသောသတ္တဝါတို့၏ အချင်းချင်း၏ မျက်နှာကို မြင်ရသောအခါပင်တည်း။ ထိုစကားမှန်၏၊ ထိုမိုးလင်းချိန်၌ အချင်းချင်း၏ မျက်နှာကို မြင်ရသောကြောင့်သာ ထိုမှ နောက်ဖြစ်သော အရှက်တက်သောအချိန်၌ အနည်းငယ်နီသောအရောင်ဖြင့် ဟပ်မိထိခိုက်အပ်ကုန်သော သတ္တဝါတို့၏ မျက်နှာသည် အလွန်အဆင်းလှသည်၏ အစွမ်းဖြင့် နှစ်သက်ဖွယ်သော မျက်နှာ နှစ်သက်အပ် နှစ်သက်လောက်သော မျက်နှာရှိသည် ဖြစ်ရပေတော့၏။ ဤသို့ ပစ္စူသသမယ-ပုဒ်၏ လိုအပ်သောအနက်သဘောကို သိအပ်၏။

ဤဆိုလတ္တံ့ကား ထိုအဋ္ဌကထာစကားရပ်၌ အကျဉ်းပိဏ္ဍတ္ထအဓိပ္ပါယ်တည်း—

ထွက်ဝင်,သွားလာသော ရဟန်းပရိသတ်ကို ရှင်းလင်းအောင် သုမ်သင်ခြင်းငှါ မစွမ်းနိုင်သော ကျောင်း၌နေသော

မာနတ်ကျင့်ဆဲဖြစ်သော ဝတ်ကိုချထားသော ရဟန်းသည် **တယန်မာနတ်ဝတ်**ကို ဆောက်တည်ရန် အကျိုးငှါ **မိုးလင်းချိန်၌ လေးပါး, ငါးပါး**သော ရဟန်းတို့နှင့် အတူတကွ ကျောင်း၏အရံမှငင်း အရံထိုက်ရာအရပ်မှငင်း ခဲနှစ်ခါပစ်ကျရာအရပ်ကို လွန်အောင်သွား၍ ဖုံးကွယ်ရာအရပ်၌နေလျက် **အရုဏ်**မတက်သေးမီ အချိန်အတွင်း၌သာ မာနတ်ဝတ်ကို ဆောက်တည်၍ ထိုက်သည်အားလျော်စွာ ဝတ်ကိုပြောကြားပြီးလျှင် **အရုဏ်တက်လတ်သော်** မာနတ်ဝတ်ကို ချအပ်၏။ ဤကား အကျဉ်းပိဏ္ဍတ္ထအဓိပ္ပါယ်တည်း။

အဋ္ဌကထာ၌ လာကုန်သော ထိုသာဓကစကားတို့တွင် "**ပဗ္ဗုသသမယေ မိုးလင်းချိန်၌**" ဟူ၍ငင်း" "အရုဏေ ဥဋ္ဌိတေ **အရုဏ်တက်လတ်သော်**" ဟူ၍ငင်း ဤသို့ **မိုးလင်းချိန်ကို**ရွေထားလျက် **အရုဏ်တက်သည်ကို**နောက်ထားသော အားဖြင့် ဆိုအပ်ကုန်သော ဤစကားတို့ဖြင့် မိုးလင်းချိန်မှ နောက်ကျ၍ ဝေးကွာလှသော အချိန်၌သာလျှင် အနည်းငယ်နီသော အရုဏ်ရောင် တက်သည်၏အဖြစ်ကို ပြသည်ဟူ၍ သိအပ်၏။ ထို့ကြောင့် ဤစကားတို့သည် ခိုင်မာသော သာဓကစကားတို့ ဖြစ်ကုန်၏။

ဆက်လက်၍ စိစစ်ဝေဘန်ဦးမည်....အကယ်၍ မိုးလင်းချိန်မှ ရှေး၌ (မိုးမလင်းသေးမီ) အရုဏ်တက်သည် ဖြစ်ခဲ့ပြားအံ့၊ မိုးလင်းချိန်၌ မာနတ်ဆောက်တည်ရန် အလို့ငှါ ကျောင်းအရံမှ လွန်အောင်သွားခြင်း အစရှိသော အမှုကိစ္စတို့သည် အကျိုးမရှိ ဖြစ်ကုန်ရာ၏၊ ဤသို့ကား မဖြစ်ကုန်။ အဘယ့်ကြောင့်နည်း? စင်စစ်ကေန် အမှန်အားဖြင့် အနည်းငယ်နီသော အရုဏ်ရောင် မတက်သေးသောကြောင့်တည်း။

ထိုစကားမှန်၏၊ စင်စစ်ဧကန် အမှန်အားဖြင့် မိုးလင်းချိန်မှ နောက်ကျ၍ ဝေးကွာလှသော အချိန်၌သာ၊ အနည်းငယ် နီသော အရုဏ်ရောင်တက်၏၊ မိုးလင်းချိန်မှ ရှေး၌ မတက်သေး။ ထို့ကြောင့် မာနတ်ဆောက်တည်ရန်အလို့ငှါ ကျောင်းမှ လွန်အောင်သွားခြင်းစသော အမှုကိစ္စတို့သည် အကျိုးရှိသော အမှုကိစ္စတို့သာ ဖြစ်ကုန်၏ဟူ၍ မှတ်အပ်ကုန်၏။ ဤသို့ ဤပုံ ဆိုခဲ့သော စကားတို့သည် ခိုင်မာသော သာဓကစကားတို့ ဖြစ်ကုန်၏။

ထို့ပြင်လည်း တပါးသော သာဓကကို ပြအပ်၏။ ဤဆိုလတ္တံ့ကား ဒုတိယသာဓကကို ပြခြင်းတည်း—

သမန္တပါသာဒိကာအဋ္ဌကထာ စူဠဝဂ္ဂ သမုစ္စယက္ခန္ဓက အဖွင့်၌ပင်လျှင်—

"ပစ္ဆိမသမယေ ကေန ဘိက္ခုနာ သဗ္ဗံ မာနတ္တ-ဝဏ္ဏနာယံ ဝုတ္တနယေနေဝ ဥပစာရသီမံ အတိက္က-မိတွာ မဟာမဂ္ဂါ ဩက္ကမ္မ ပဋိစ္ဆန္နဋ္ဌာနေ နိသီဒိတွာ အန္တောအရုဏေယေဝ ဝုတ္တနယေနဝ ဝတ္တံ သမာဒိ-ယိတွာ တဿ ဘိက္ခုနော ပရိဝါသော အာရောစေ-တဗ္ဗော။ အာရောစေန္တေန သစေ နဝကတရော ဟောတိ၊ 'အာဝုသော'တိ ဝတ္တဗ္ဗံ။ သစေ ဝုဍ္ဎတရော၊ 'ဘန္တေ'တိ ဝတ္တဗ္ဗံ။ သစေ အညော ကောစိ ဘိက္ခု ကေနစိဒေဝ ကရဏီယေန တံ ဌာနံ အာဂစ္ဆတိ၊ သစေ သော တံ ပဿတိ၊ သဒ္ဒံ ဝါဿ သုဏာတိ၊ အာရောစေ-တဗ္ဗံ။ အနာရောစေန္တဿ ရတ္တိစ္ဆေဒေါ စေဝ ဝတ္တ-ဘေဒေါ စ၊ အထ ဒွါဒသဟတ္ထံ ဥပစာရံ ဩက္ကမိတွာ အဇာနန္တဿေဝ ဂစ္ဆတိ၊ ရတ္တိစ္ဆေဒေါယေဝ

ဟောတိ၊ ဝတ္တဘေဒေါ ပန နတ္ထိ။ **ဥဋ္ဌဟေ အရုဏော** ဝတ္တံ နိက္ခိပိတဗ္ဗံ”ဟူ၍

“**နိုးလင်းသောအခါ၌** ရဟန်း တပါးနှင့် အတူ တကွ မာနတ်အဖွင့်၌ ဆိုအပ်သော နည်းဖြင့်သာလျှင် ဥပစာရ သိမ်ကို လွန်အောင်သွား၍ ခရီးလမ်းမကြီးမှ ဘေးသို့ ဖဲ၍ ဖုံးကွယ်ရာအရပ်၌ ထိုင်နေလျက် အရုဏ် မတက်သေးမီ အချိန်အတွင်း၌သာလျှင် ဆိုခဲ့သော နည်းဖြင့်သာ ဝတ်ကို ဆောက်တည်ပြီး၍ ထိုရဟန်း-အား ပရိဝါသ်ကို ပြောကြားအပ်၏။ ပြောကြားသော ရဟန်းသည် အကယ်၍ သိတင်းငယ် ဖြစ်ငြားအံ့၊ ‘အာဝုသော’ဟူ၍ ဆိုအပ်၏။ အကယ်၍ သိတင်းကြီး ဖြစ်ငြားအံ့၊ ‘ဘန္တေ’ဟူ၍ ဆိုအပ်၏။ အကယ်၍ တပါး တခြားဖြစ်သော အချို့ရဟန်းသည် တစုံတခု ပြုဘွယ် ကိစ္စဖြင့်သာလျှင် ထိုအရပ်သို့ လာငြားအံ့၊ အကယ်၍ ဝတ်ဆောက်တည်သော ဤရဟန်းသည် လာသော ထိုရဟန်းကို မြင်ငြားအံ့၊ လာသော ထိုရဟန်း၏ အသံကိုမူလည်း ကြားငြားအံ့၊ ဝတ်ကိုပြောကြား အပ်၏။ မပြောကြားသောရဟန်းအား ညဉ့်လည်း ပြတ်၏၊ ဝတ်ပျက်မှု ဒုက္ကဋ်အာပတ်လည်း သင့်၏။ ထိုမှတပါး တဆယ့်နှစ်တောင် ဥပစာတွင်းသို့ သက်-ဝင်ပြီးမှ မသိစဉ်သာလျှင် သွားငြားအံ့၊ ညဉ့်မြတ်-ခြင်းသာ ဖြစ်၏၊ ဝတ်ပျက်မှု ဒုက္ကဋ်အာပတ်ကား မရှိ။ **အရုဏ်တက်လတ်သော်** ဝတ်ကိုချအပ်၏”ဟူ၍ မိန့်ဆို အပ်၏။

ထိုအဋ္ဌကထာ၌ ဤဆိုလတ္တံ့ကား အကျဉ်း ပိဏ္ဍတ္ထ အဓိပ္ပါယ်တည်း—

ရဟန်း ပရိသတ်ကို ရှင်းလင်းအောင် သုမ်သင်ခြင်းငှါ မစွမ်းနိုင်သော ကျောင်း၌နေသော ဝတ်ကို ချထားသော ရဟန်းသည် တဖန် ပရိဝါသ်ကိုဆောက်တည်ရန် အလို့ငှါ **မိုးလင်းချိန်၌** ရဟန်းတပါးနှင့် အတူတကွ ဥပစာရသိမ်ခေါ် ကျောင်းအရံမှငှင်း အရံထိုက်ရာအရပ်မှငှင်း ခဲနှစ်ခါပစ်ကျရာ အရပ်ကို လွန်အောင်သွား၍ ဖုံးကွယ်ရာ အရပ်၌ ထိုင်နေ- လျက် အရုဏ်မတက်သေးမီ အတွင်း၌သာ ပရိဝါသ်ကို ဆောက်တည်ပြီး၍ ထိုက်သည်အားလျော်စွာ ဝတ်ကိုပြော ကြားလျက် **အရုဏ်တက်လတ်သော်** ပရိဝါသ်ကို ချအပ်၏။ ဤကား အကျဉ်းပိဏ္ဍတ္ထအဓိပ္ပါယ်တည်း။

ဆက်ဦးအံ့····အဋ္ဌကထာ၌လာကုန်သော ထိုသာဓက စကားတို့တွင် "ပစ္စူသသမယေ မိုးလင်းချိန်၌" ဟူ၍ငှင်း "ဥဂ္ဂတေ အရုဏေ အရုဏ်တက်လတ်သော်"ဟူ၍ငှင်း ဤသို့ မိုးလင်းချိန်ကို ရှေ့ထားလျက် အရုဏ်တက်သည်ကို နောက် ထားသောအားဖြင့် ဆိုအပ်ကုန်သော ဤစကားတို့ဖြင့် မိုး လင်းချိန်မှ နောက်ကျ၍ဝေးကွာလှသောအချိန်၌သာ အနည်း ငယ်နီသောအရုဏ်ရောင် တက်သည်၏အဖြစ်ကို ပြသည်ဟူ ၍ သိအပ်၏။ ထို့ကြောင့် ဤစကားတို့သည် ခိုင်မာသော သာဓကစကားတို့ပင် ဖြစ်ကုန်၏။

ညွှန်ကြားချက် အမှာစကားကို ဆိုလိုက်ဦးအံ့····ဆိုခဲ့ပြီး သည်မှကြွင်းကျန်သော စိစစ်ဝေဘန်နည်းကို ပစ္စူသသမယ ပုဒ်အနက်ကို ပြခြင်းနှင့် အတူတကွ ရှေးပထမသာဓကအရာ၌ ဆိုခဲ့သောနည်းကို အစဉ်မှီးသဖြင့် သိအပ်၏။ ဤသာဓကမှ

နောက်ဖြစ်ကုန်သော သာဓကအရာတို့၌လည်း ဤနည်းအတူ ပင် သိအပ်၏။

ထို့ပြင်လည်း သာဓကတမျိုးကိုပြအပ်၏။ ဤဆိုလတ့်ကား တတိယသာဓကကို ပြခြင်းတည်း—

ဝိနယသင်္ဂဟအဋ္ဌကထာ၌—

"**ပစ္စုသသမယေ** ဧကေန ဘိက္ခုနာ သဗ္ဗံ ပရိက္ခိတ္တဿ ဝိဟာရဿ ပရိက္ခေပတော အပရိက္ခိ-တ္တဿ ဝိဟာရဿ ပရိက္ခေပါရဟဋ္ဌာနတော ဒွေ လေဍ္ဍုပါတေ အတိက္ကမိတွာ မဟာမဂ္ဂတော ဩက္ကမ္မ ဂုမ္ဗေန ဝါ ဝတိယာ ဝါ ပဋိစ္ဆန္နဋ္ဌာနေ နိသီဒိတဗ္ဗံ။ အန္တောအရုဏေယေဝ ဝတ္တနယေန ဝတ္တံ သမာ-ဒိယိတွာ အာရောစေတဗ္ဗံ။ အာရောစေန္တေန သစေ နဝကတရော ဟောတိ၊ 'အာဝုသော'တိ ဝတ္တဗ္ဗံ၊ သစေ ဝုဍ္ဎတရော၊ 'ဘန္တေ'တိ ဝတ္တဗ္ဗံ။ သစေ အညော ကောစိ ဘိက္ခု ကေနစိဒေဝ ကရဏီယေန တံ ဌာနံ အာဂစ္ဆတိ၊ သစေ သော တံ ပဿတိ၊ သဒ္ဒံ ဝါဿ သုဏာတိ၊ အာရောစေတဗ္ဗံ။ အနာရောစေန္တဿ ရတ္တိစ္ဆေဒော စေဝ ဝတ္တဘေဒော စ၊ အထ ဒွါဒသ-ဟတ္ထံ ဥပစာရံ ဩက္ကမိတွာ အဇာနန္တဿေဝ ဂစ္ဆတိ၊ ရတ္တိစ္ဆေဒေါ ဟောတိယေဝ၊ ဝတ္တဘေဒေါ ပန နတ္ထိ။ **ဥဂ္ဂတေ အရုဏေ** ဝတ္တံ နိက္ခိပိတဗ္ဗံ"ဟူ၍

"**မိုးလင်းချိန်၌** ရဟန်းတပါးနှင့် အတူတကွ အရံရှိသော ကျောင်း၏ အရံမှ အရံမရှိသောကျောင်း ၏ အရံထိုက်ရာ အရပ်မှ ခဲနှစ်ခါပစ်ကျရာ အရပ်ကို

> လွန်အောင်သွားလျက် ခရီးလမ်းမကြီးမှ ဘေးသို့ဖဲ၍ ချုံဖြင့်ရှင်း စောင့်ရန်ဖြင့်ရှင်း ပုံးကွယ်ရာအရပ်၌ ထိုင်နေအပ်၏။ **အရုဏ်ပတက်သေးမီ** အတွင်း၌သာ ဆိုခဲ့သောနည်းဖြင့် ဝတ်ကိုဆောက်တည်ပြီး၍ ပြော ကြားအပ်၏။ ပြောကြားသောရဟန်းသည် အကယ်၍ သီတင်းငယ်ဖြစ်ငြားအံ့၊ 'အာဝုသော' ဟူ၍ ဆိုအပ်၏။ အကယ်၍ သီတင်းကြီးဖြစ်ငြားအံ့၊ 'ဘန္တေ' ဟူ၍ ဆိုအပ်၏။ အကယ်၍ တပါးတခြားဖြစ်သော အရွှေ ရဟန်းသည် တစုံတခုပြုဘွယ်ကိုစ္စဖြင့်သာ ထိုအရပ်သို့ လာငြားအံ့။ အကယ်၍ဝတ်ဆောက်တည်သော ဤ ရဟန်းသည် လာသော ထိုရဟန်းကို မြင်ငြားအံ့၊ လာသော ထိုရဟန်း၏ အသံကိုမူလည်း ကြားငြားအံ့၊ ဝတ်ကိုပြောကြားအပ်၏။ မပြောကြားသော ရဟန်း အား ညဉ့်လည်းပြတ်၏၊ ဝတ်ပျက်မှု ဒုက္ကဋ်အာပတ် လည်း သင့်၏။ ထိုမှတပါး တဆယ့်နှစ်တောင် ဥပစာ အတွင်းသို့ သက်ဝင်ပြီး၍ မသိစဉ်သာ သွားငြားအံ့၊ ညဉ့်ပြတ်ခြင်းသာ ဖြစ်၏၊ ဝတ်ပျက်မှု ဒုက္ကဋ်အာပတ် ကား မရှိ။ **အရုဏ်တက်လတ်သော်** ဝတ်ကို ချအပ် ၏" ဟူ၍ မိန့်ဆိုအပ်၏။

ဤအဋ္ဌကထာ၌လည်း "ပစ္စူသသမယေ မိုးလင်းချိန်၌" ဟူ၍၎င်း၊ "ဥဂ္ဂတေ အရုဏေ အရုဏ်တက်လတ်သော်" ဟူ၍ ၎င်း၊ ဤသို့ မိုးလင်းချိန်ကို ရှေ့ထားလျက် အရုဏ်တက်သည် ကို နောက်ထားသောအားဖြင့် ဆိုအပ်သော ဤစကားတို့ဖြင့် မိုးလင်းချိန်မှ နောက်ကျ၍ ဝေးကွာလှသော အချိန်၌သာ

အနည်းငယ်နီသော အရုဏ်ရောင်တက်သည်၏ အဖြစ်ကို ပြသည်ဟူ၍ သိအပ်၏။

ထို့ပြင်လည်း သာဓကတမျိုးကို ပြအပ်၏။ ဤဆိုလတ္တံ့ကား စတုတ္ထသာဓကကို ပြခြင်းတည်း—

ဝိနယသင်္ဂဟအဋ္ဌကထာ၌ပင်လျှင်—

"**ပဋ္ဌမသာမယေ** စတူဟိ ပဉ္စဟိ ဝါ ဘိက္ခူဟိ သဒ္ဓိံ ပရိက္ခိတ္တဿ ဝိဟာရဿ ပရိက္ခေပတော အပရိက္ခိတ္တဿ ပရိက္ခေပါရဟဋ္ဌာနတော ဒွေ လေဍ္ဍုပါတေ အတိက္ကမိတွာ မဟာမဂ္ဂတော ဩက္ကမ္မ ဂုမ္ဗန္တရေ ဝါ ဝတိယာ ဝါ ပဋိစ္ဆန္နဋ္ဌာနေ နိသီဒိတဗ္ဗံ။ အန္တောအရုဏေယေဝ ဝုတ္တနယေန ဝတ္တံ သမာဒိယိတွာ အာရောစေတဗ္ဗံ။ သစေ အညော ကောစိ ဘိက္ခု ဧကေနဝိဒေဝ ကရဏီယေန တံ ဌာနံ အာဂစ္ဆတိ၊ သစေ သော တံ ပဿတိ၊ သဒ္ဒံ ဝါ သုဏာတိ၊ အာရောစေတဗ္ဗံ။ အနာရောစေန္တဿ ရတ္တိစ္ဆေဒေါ စ ဝတ္တဘေဒေါ စ။ အထ ဒွါဒသဟတ္ထံ ဥပစာရံ ဩက္ကမိတွာ အဇာနန္တဿေဝ ဂစ္ဆတိ၊ ရတ္တိစ္ဆေဒေါ ဟောတိ ဧဝ၊ ဝတ္တဘေဒေါ ပန နတ္ထိ၊ အာရောစိတကာလတော ပဋ္ဌာယ ဧကံ ဘိက္ခုံ ဌပေတွာ သေသေဟိ သတိ ကရဏီယေ ဂန္တုမ္ပိ ဝဋ္ဋတိ။ **အရုဏေ ဥဋ္ဌိတေ** တဿ ဘိက္ခုဿ သန္တိကေ ဝတ္တံ နိက္ခိပိတဗ္ဗံ" ဟူ၍—

"**မိုးလင်းချိန်၌** ရဟန်းလေးပါး, ငါးပါးတို့နှင့် အတူတကွ အရံရှိသောကျောင်း၏ အရံမှ အရံမရှိ-

သောကျောင်း၏ အရံထိုက်ရာအရပ်မှ ခံနှစ်ခါပစ်ကျရာအရပ်ကို လွန်အောင် သွားပြီးလျှင် ခရီးလမ်းမကြီးမှ ဘေးသို့ဖဲ၍ ချုံဖြင့်၎င်း စောင့်ရန်းဖြင့်၎င်း ဖုံးကွယ်ရာအရပ်၌ ထိုင်နေအပ်၏။ အရဟတ်မတက်သေးမီ အဘွင်း၌သာ ဆိုခဲ့သော နည်းဖြင့် ဝတ်ကို ဆောက်တည်ပြီး၍ ပြောကြားအပ်၏။ အကယ်၍ တပါးတခြားဖြစ်သော အချို့ရဟန်းသည် တစုံတခုသော ပြုဘွယ်ကိစ္စဖြင့်သာ ထိုအရပ်သို့ လာငြားအံ့၊ အကယ်၍ ဝတ်ဆောက်တည်သော ဤရဟန်းသည် လာသော ထိုရဟန်းကို မြင်ငြားအံ့၊ လာသော ထိုရဟန်း၏ အသံကိုမူလည်း ကြားငြားအံ့၊ ဝတ်ကို ပြောကြားအပ်၏။ မပြောကြားသော ရဟန်းအား ညဉ့်လည်းပြတ်၏၊ ဝတ်ပျက်မှု ဒုက္ကဋ်အာပတ်လည်း သင့်၏။ ထိုမှတပါး တဆယ့်နှစ်တောင် ဥပစာအတွင်းသို့ သက်ဝင်ပြီး၍ မသိစဉ်သာ သွားငြားအံ့၊ ညဉ့်ပြတ်ခြင်းသာ ဖြစ်၏၊ ဝတ်ပျက်မှု ဒုက္ကဋ်အာပတ်ကား မရှိ၊ ပြောကြားပြီးသော အခါမှစ၍ ရဟန်းတပါးကို ထားခဲ့၍ ကြွင်းသောရဟန်းတို့သည် ပြုဘွယ်ကိစ္စရှိလတ်သော် (မာနတ်ကျင့်သောရဟန်း မသိအောင်)ပြန်သွားခြင်းငှါ အပ်၏။ **အရုဏ်တက်လတ်သော်** ထိုရဟန်းအထံ၌ ဝတ်ကိုချအပ်၏”ဟူ၍ မိန့်ဆိုအပ်၏။

ဤအဋ္ဌကထာ၌လည်း “ပစ္ဆိမယာမေ-မိုးလင်းချိန်၌” ဟူ၍၎င်း၊ “အရုဏေ ဥဋ္ဌိတေ-အရုဏ်တက်လတ်သော်” ဟူ၍၎င်း ဤသို့မိုးလင်းချိန်ကို ရှေ့ထားလျက် အရုဏ်တက်သည်ကို

နောက်ထားသောအားဖြင့် ဆိုအပ်ကုန်သော ဤစကားတို့ဖြင့် မိုးလင်းချိန်မှ နောက်ကျ၍ ဝေးကွာလှသော အချိန်၌သာ အနည်းငယ်နီသော အရုဏ်ရောင် တက်သည်၏ အဖြစ်ကို ပြသည်ဟူ၍ သိအပ်၏။

ထို့ပြင်လည်း သာဓကတမျိုးကို ပြအပ်၏။ ဤဆိုလတ့်ံကား ပဌမသာဓကကို ပြခြင်းတည်း—

ကင်္ခါဝိတရဏီအဋ္ဌကထာ၌—

"အထာနေန **မဇ္ဈိမသမယေ** ကေနဘိက္ခုနာ သဒ္ဓိံ ပရိက္ခိတ္တဿ ဝိဟာရဿ ပရိက္ခေပတော အပရိက္ခိတ္တဿ ပရိက္ခေပါရဟဋ္ဌာနတော ဒွေ လေဍ္ဍု-ပါတေ အတိက္ကမိတွာ မဟာမဂ္ဂတော ဩက္ကမ္မ ဂုမ္ဗေန ဝါ ဝတိယာ ဝါ ပဋိစ္ဆန္နဋ္ဌာနေ နိသီဒိတွာ အန္တော-အရုဏေယေဝ ဝတ္တံ သမာဒိယိတွာ အာရောစေ-တဗ္ဗံ။ ယမ္ပိ အညံ ဘိက္ခုံ ပဿတိ၊ တဿာပိ အာရော-စေတဗ္ဗမေဝ။ **အရုဏေ ဥဋ္ဌိတေ** တဿ သန္တိကေ ဝတ္တံ နိက္ခိပိတွာ ဝိဟာရံ ဂန္တဗ္ဗံ"ဟူ၍

"ထိုမှတပါး ပရိဝါသ်ဆောက်တည်၍ ဝတ်ကို ချထားသော ဤရဟန်းသည် **မိုးလင်းချိန်၌** ရဟန်း-တပါးနှင့် အတူတကွ အရံရှိသောကျောင်း၏ အရံမှ အရံမရှိသောကျောင်း၏ အရံထိုက်ရာအရပ်မှ ခဲ-နှစ်ခါပစ် ကျရာအရပ်ကို လွန်အောင် သွားပြီးလျှင် ခရီးလမ်းမကြီးမှ ဘေးသို့ဖဲ၍ ချုံဖြင့်၎င်း စောင့်ရန်းဖြင့်၎င်း ဖုံးကွယ်ရာအရပ်၌ ထိုင်နေလျက် အရုဏ်မတက်သေးမီ အတွင်း၌သာ ဝတ်ကို ဆောက်တည်၍ ပြောကြားအပ်၏။ တပါးတခြားသော အကြင်ရဟန်း

ကို မြင်၏၊ ထိုရဟန်းအားလည်း ဝတ်ကို ပြောကြားအပ်သည်သာတည်း။ **အရုဏ်တက်ပြီးလတ်သော်** ထိုရဟန်းအထံ၌ ဝတ်ကိုချ၍ ကျောင်းသို့ ပြန်သွားအပ်၏''ဟူ၍ မိန့်ဆိုအပ်၏။

ဤအဋ္ဌကထာ၌လည်း "ပစ္စူသသမယေ-မိုးလင်းချိန်၌" ဟူ၍၎င်း, "အရုဏေ ဥဂ္ဂတေ-အရုဏ်တက်လတ်သော်" ဟူ၍၎င်း ဤသို့ မိုးလင်းချိန်ကို ရှေ့ထားလျက် အရုဏ်တက်ချိန်ကို နောက်ထားသောအားဖြင့် ဆိုအပ်ကုန်သော ဤစကားတို့ဖြင့် မိုးလင်းချိန်မှ နောက်ကျ၍ ဝေးကွာလှသော အချိန်၌သာ အနည်းငယ်နီသော အရုဏ်ရောင် တက်သည်၏ အဖြစ်ကို ပြသည်ဟူ၍ သိအပ်၏။

ထို့ပြင်လည်း သာဓကတမျိုးကို ပြအပ်၏။ ဤဆိုလတ္တံ့ကား ဆင္ဌသာဓကကို ပြခြင်းတည်း—

ကင်္ခါဝိတရဏီအဋ္ဌကထာ၌ပင်—

"သစေ အယံ ဝတ္တံ နိက္ခိပိတွာ **ပစ္စူသသမယေ** သမာဒါတုံ ဂစ္ဆတိ၊ သမ္ပတ္တိမေန ပရိဗ္ဗေဒေန **ဝတ္တမှိ** ဘိက္ခုဟိ သဒ္ဓိံ ပရိဝါသေ ဝုတ္တပ္ပကာရံ ပဒေသံ ဂန္တွာ 'မာနတ္တံ သမာဒိယာမိ၊ ဝတ္တံ သမာဒိယာမီ'တိ သမာဒိယိတွာ နေသံ အာရောစေတွာ တတော တေသု ဂတေသု ဝါ အာဂတေသု ဝါ **ပုရိမနယေနေဝ ဝဋ္ဋိပဋ္ဋိတဗ္ဗံ**"ဟူ၍

"အကယ်၍ ဤရဟန်းသည် ဝတ်ကိုချထား၍ မိုးလင်းချိန်၌ ဆောက်တည်ရန် သွားငြားအံ့၊ အလုံးစုံတို့အောက် အနည်းဆုံး အပိုင်းအခြားအားဖြင့်

ရဟန်းလေးပါးတို့နှင့် အတူတကွ ပရိဝါသ်၌ ဆိုခဲ့သော အပြားရှိသော အရပ်သို့သွား၍ 'မာနတ်ကို ဆောက်တည်ပါ၏၊ ဝတ်ကို ဆောက်တည်ပါ၏'ဟူ၍ ဆောက်တည်ပြီးလျှင် ထိုရဟန်းတို့အား ဝတ်ကိုပြော ကြားလျက် ထိုမှနောက်၌ ထိုရဟန်းတို့သည် သွားကုန်သော်ငှင်း, လာကုန်သော်ငှင်း **ရှေး၌ ဆိုခဲ့သော နည်းဖြင့် ကျင့်အပ်၏**"ဟူ၍ မိန့်ဆိုအပ်၏။

ဤအဋ္ဌကထာ၌လည်း "ပစ္စူသသမယေ မိုးလင်းချိန်၌" ဟူ၍ငှင်း, "ပုရိမနယေန ပဋိပဇ္ဇိတဗ္ဗံ ရှေးနည်းဖြင့် ကျင့်အပ် ၏"ဟူ၍ငှင်း ဤသို့ မိုးလင်းချိန်ကို ရှေ့ထား၍ ဤမှတပါးသော အရုဏ်တက်ချိန် အကျုံးဝင်သောစကားကို နောက်ထား သောသဘောအားဖြင့် ဆိုအပ်ကုန်သော ဤစကားတို့ဖြင့် မိုးလင်းချိန်မှ နောက်ကျ၍ ဝေးကွာလှသော အချိန်၌သာ အနည်းငယ်နီသော အရုဏ်ရောင် တက်သည်၏ အဖြစ်ကို ပြသည်ဟူ၍ သိအပ်၏။

ထို့ပြင်လည်း သာခေတမျိုးကို ပြအပ်၏။ ဤဆိုလတံ့ ကား သတ္တမသာခေကို ပြခြင်းတည်း—

သမန္တပါသာဒိကအဋ္ဌကထာ နိဿဂ္ဂိ ဒုတိယသိက္ခာပုဒ် အဖွင့်၌—

"သစေ ပဓာနိကော ဘိက္ခု သဗ္ဗရတ္တိံ ပဓာန-မနုယုဉ္ဇိတွာ **ပစ္စူသသမယေ** 'နှာယိဿာမီ'တိ တီကိဝိ စီဝရာနိ တီရေ ဌပေတွာ နဒိံ ဩတရတိ၊ နှာယန္တဿေဝ စဿ **အရုဏံ ဥဂ္ဂစ္ဆတိ**"ဟူ၍

> "အကယ်၍ ကမ္မဋ္ဌာန်းတရားကို အားထုတ်သော ရဟန်းသည် အလုံးစုံသောညဉ့်ပတ်လုံး ကမ္မဋ္ဌာန်း တရားအလုပ်ကို အားထုတ်ပြီး၍ မိုးလင်းချိန်၌ 'ရေ ချိုးအံ့' ဟူ၍ သင်္ကန်းသုံးထည်တို့ကို မြစ်ကမ်းနား၌ ထားခဲ့ပြီးလျှင် မြစ်ထဲသို့ သက်ဆင်း၏။ ထိုရဟန်း၏ ရေချိုးဆဲမှာပင် အရုဏ်တက်၏" ဟူ၍ မိန့်ဆိုအပ်၏။

ဤအဋ္ဌကထာ၌လည်း "ပစ္စူသသမယေ မိုးလင်းချိန်၌" ဟူ၍၎င်း, " အရုဏံ ဥဋ္ဌဟတိ အရုဏ်တက်၏ " ဟူ၍၎င်း ဤသို့ မိုးလင်းချိန်ကို ရှေ့ထားလျက် အရုဏ်တက်ချိန်ကို နောက်ထားသောအားဖြင့် ဆိုအပ်ကုန်သော ဤစကားတို့ဖြင့် မိုးလင်းချိန်မှ နောက်ကျ၍ ဝေးကွာလှသော အချိန်၌သာ အနည်းငယ်နီသော အရုဏ်ရောင်တက်သည်၏ အဖြစ်ကိုပြသည် ဟူ၍ သိအပ်၏။ အဘယ့်ကြောင့်နည်း? မိုးလင်းချိန်၌ မြစ်ထဲသို့ သက်ဆင်းလျက် ထိုမှနောက်၌ ထိုရဟန်း၏ ရေချိုးဆဲ ရေချိုးစဉ်သာလျှင် အရုဏ်တက်၏ဟူ၍ အရုဏ်တက်ချိန်ကို ပြသောကြောင့်တည်း။ ဆက်ဦးအံ့...အကယ်၍ မိုးလင်းချိန်မှ ရှေး (မိုးမလင်းသေးမီ) ၌ အရုဏ်တက်ခဲ့ငြားအံ့၊ နောက်၌ ရေချိုးဆဲသာလျှင် အရုဏ်တက်၏ ဟူသောစကားကို မဆိုတန်ရာ၊ ဤသို့ကား ဆိုလည်းဆို၏။ ထို့ကြောင့် မိုးလင်းချိန်မှ နောက်ကျ၍ ဝေးကွာလှသော အချိန်၌သာ အနည်းငယ်နီသော အရုဏ်ရောင်တက်သည် ဟူ၍ ယုံမှားသံသယကင်းရှင်းသောအားဖြင့် ထူးခြားစွာ သိအပ်၏။ ထို့ကြောင့် ဤစကားတို့သည် ခိုင်မာသော သာဓကစကားတို့ ဖြစ်ကြပေကုန်၏။

ထို့ပြင်လည်း သာဓကတမျိုးကို ပြအပ်၏။ ဤဆိုလတ္တံ့ကား အဋ္ဌမသာဓကကို ပြခြင်းတည်း—

ခုဒ္ဒကနိကာယ် သုတ္တန်ပိဋကတ် မိလိန္ဒပဉှာပါဠိတော်၌–

"အထ ခေါ မိလိန္ဒော ရာဇာ **ပဘာတာယ ရတ္တိယာ ဥဂ္ဂမန္တေ အရုဏေ** သီသံ နှတွာ သိရသိ အဉ္ဇလိံ ပဂ္ဂဟေတွာ အတီတာနာဂတပစ္စုပ္ပန္နေ သမ္မာသမ္ဗုဒ္ဓေ အနုဿရိတွာ အဋ္ဌ ဝတ္တပဒါနိ သမာဒိယိ"ဟူ၍

"ထိုအခါ မိလိန္ဒမင်းကြီးသည် **မိုးလင်းပြီးလတ်သော်, အရုဏ်တက်ပြီးလတ်သော်,** ဦးခေါင်းကို ရေချိုးပြီး၍ (ဝါ) မျက်နှာသစ်ပြီး၍ ဦးခေါင်း၌ လက်အုပ်ကို မြှောက်ချီလျက် အတိတ်အနာဂတ် ပစ္စုပ္ပန်အခါတို့၌ ဖြစ်ကုန်သော မြတ်စွာဘုရားတို့ကို အဖန်ဖန်အောက်မေ့၍ ရှစ်ပါးသော ကျင့်ဝတ်တို့ကို ဆောက်တည်လေပြီ"ဟူ၍ မိန့်ဆိုအပ်၏။

ပဘာတာယ ရတ္တိယာဟူသော ဤပါဠိတော်စကားရပ်၌ ပဘာတသဒ္ဒါသည် "မိုးလင်း" အနက်ကို ဟောသော အားဖြင့် ပစ္စူသသဒ္ဒါနှင့် တူသော အနက်ရှိ၏။ ထိုစကား မှန်၏၊ အဘိဓာနပ္ပဒီပိကာကျမ်း၌—

"ပဘာတဉ္စ ဝိဘာတဉ္စ၊ ပစ္စူသော ကလ္လမပျထ" ဟူသော

"ပဘာတ ဝိဘာတ ပစ္စူသ ကလ္လ ဤသဒ္ဒါ(၄)ခုတို့သည် မိုးလင်းချိန်ဟူသော အနက်ကို ဟောသော အားဖြင့် တူသောအနက်ရှိ၏"ဟူသော ဤစကားကို မိန့်ဆိုအပ်၏။

ထို့ကြောင့် ပဘာတသဒ္ဒါသည် မိုးလင်းချိန်ဟူသော အနက်ကို ဟောသည်ဟူ၍ မှတ်အပ်၏။

ဤပါဠိတော်၌လည်း "ပဘာတာယ ရတ္တိယာ ညဉ့်သည် မိုးလင်းလတ်သော်" ဟူ၍၎င်း, "ဥဋ္ဌတေ အရုဏော အရုဏ် တက်လတ်သော်" ဟူ၍၎င်း ဤသို့ မိုးလင်းချိန်ကို ရှေ့ထား လျက် အရုဏ်တက်ချိန်ကို နောက်ထားသောအားဖြင့် ဆိုအပ်ကုန်သော ဤစကားတို့ဖြင့် မိုးလင်းချိန်မှ နောက်ကျ သော အချိန်၌သာ အနည်းငယ်နီသော အရုဏ်ရောင်တက် သည်၏အဖြစ်ကို ပြသည်ဟူ၍ ယုံမှားသံသယကင်းရှင်းသော အားဖြင့် ထူးခြားစွာ သိအပ်၏။ ထို့ကြောင့် ဤစကားတို့ သည်လည်း ခိုင်မာသော သာဓကစကားတို့ ဖြစ်ကြပေ ကုန်၏။

ထို့ပြင်လည်း အလွန်အကျူး အထူးခိုင်မာသော သာဓက တမျိုးကိုပြအပ်၏။ ဤဆိုလတ့်ကား အလွန်အကျူး အထူး ခိုင်မာသော နဝမသာဓက ကိုးခုမြောက် သာဓကကိုပြခြင်း တည်း—

ဒီဃနိကာယ် သုတ္တန်ပိဋကတ် မဟာဝဂ္ဂအဋ္ဌကထာ မဟာပရိနိဗ္ဗာနသုတ်အဖွင့်၌—

"ရတ္တာဝသေသန္တိ **မလစမ္ဗူးေသ** ပရိနိဗ္ဗုတတ္တာ ရတ္တိယာ အဝသေသံ စူဠကအဍ္ဍယာမံ။ဓမ္မိယာ ကထာ-ယာတိ အညာ ပါဠိယေတ္တာ မွေကထာ နာမ နတ္ထိ၊ 'အာဝုသော သဒေဝကေ နာမ လောကေ အပ္ပဋိ-ပုဂ္ဂလဿ သတ္ထုနော အယံ မစ္စုရာဇာ န လဇ္ဇတိ၊ ကိမင်္ဂ ပန လောကိယမဟာဇနဿ လဇ္ဇိဿတီ'တိ ဝေရှပါယ ပန မရဏပဋိသံယုတ္တာယ ကထာယ

ဝိတိနာမေသုံ။ ၎တသဒ္ဒိ တံ ကထံ ကထေန္တာနံ **မုဟုတ္တေနေဝ အရုဏံ ဥဋ္ဌဟိ**”ဟူ၍—

“ညဥ့်အကြွင်းအကျန် ဟူသည်ကား **အားကြီး လင်းသော မိုးလင်းချိန်၌** မြတ်စွာဘုရား ပရိနိဗ္ဗာန် ဝင်စံတော်မူသည်၏အဖြစ်ကြောင့် ညဥ့်၏ အကြွင်း အကျန်ဖြစ်သော အနည်းငယ်မျှသောအချိန်ကို တရား စကားဖြင့် ကုန်လွန်စေကြကုန်ပြီ။ တရားစကား ဟူ သည်ကား တပါးသော အသီးအခြားဖြစ်သော တရားစကားမည်သည် မရှိ၊ ‘ငါ့ရှင်တို့ နတ်နှင့်တကွ သော လောကကြီး၌ ပြိုင်ဘက်မရှိသော မြတ်စွာ ဘုရားအားသော်မှလည်း ဤသေမင်းသည် မရှက် တတ်၊ လောကီလူများအပေါင်းအား ရှက်လတ္တံ့မှု သော အကြောင်းသည် ဘယ်မှာရှိပါအံ့နည်း’ ဤသို့ သဘောရှိသော သေခြင်းနှင့် စပ်လျဥ်းသော တရား စကားဖြင့် အချိန်ကုန်လွန်စေကြကုန်ပြီ။ ထိုစကား မှန်၏၊ ထိုရဟန်းတို့၏ ထိုတရားစကားကို ဆိုဆဲ ဆိုစဥ်မှာပင် **တခဏမျှလောက်ဖြင့်သော အရုဏ် တက်လာလေပြီ**”ဟူ၍ မိန့်ဆိုအပ်၏။

ဤအဋ္ဌကထာ၌လည်း “မလဝပစ္စူသေ ပရိနိဗ္ဗုတတ္တာ အားကြီးလင်းသော မိုးလင်းချိန်၌ မြတ်စွာဘုရား ပရိနိဗ္ဗာန် ဝင်စံတော်မူသည်၏အဖြစ်ကြောင့်”ဟူ၍၎င်း,“မုဟုတ္တေနေဝ အရုဏံ ဥဋ္ဌဟိ တခဏမျှလောက်ဖြင့်သာ အရုဏ်တက်လာ လေပြီ”ဟူ၍၎င်း ဤသို့ ဤပုံ အားကြီးလင်းသော မိုးလင်း ချိန်ကိုရှေ့ထားလျက် အရုဏ်တက်ချိန်ကို နောက်ထားသော အားဖြင့် ဆိုအပ်ကုန်သော ဤစကားတို့ဖြင့် အားကြီး

လင်းသောမိုးလင်းချိန်မှ နောက်ကျ၍ နီးကပ်လှသော အချိန်၌သာလျှင် အနည်းငယ်နီသော အရဟတ်ရောင်တက်သည်၏ အဖြစ်ကိုပြသည်ဟူ၍ ယုံမှားသံသယ ကင်းရှင်းသောအားဖြင့် ထူးခြားစွာ သိအပ်၏။ အဘယ်ကြောင့်နည်း? အားကြီးလင်းသော မိုးလင်းချိန်၌ မြတ်စွာဘုရား ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးသည်မှ နောက်၌ ရဟန်းတို့ စကားပြောဆိုစဉ်မှာပင် တခဏမျှဖြင့်သာ အရဟတ်တက်ခြင်းကို ပြသောကြောင့်တည်း။

ဆက်ဦးအံ့····ရှေး၌ဆိုခဲ့သော ဝိနည်းတို့၌ "ပန္နုသသမယေ မိုးလင်းချိန်၌"ဟူ၍ အထူးမပြ သာမညအားဖြင့် ဆိုအပ်၏။ ဤသုတ္တန် အဋ္ဌကထာ၌ "ဗလဝပစ္စူသေ အားကြီးလင်းသော မိုးလင်းချိန်၌"ဟူ၍ အထူးအားဖြင့် ဆိုအပ်၏။ အဘယ်ကြောင့် ဤသို့ ဆိုပါသနည်း, ပစ္စူသနှင့် ဗလဝပစ္စူသဟူသော ထိုစကားနှစ်မျိုးတို့၏ အထူးကား ဘယ်လိုပါနည်း, ဤသို့ မေးငြားအံ့၊ အဖြေကို ဆိုအပ်ဆိုသင့် ဆိုထိုက်၏။ ဝတ်ကိုချထားသော ရဟန်းသည် တဖန်အရဟတ်မတက်သေးမီအတွင်း၌သာလျှင် ဝတ်ဆောက်တည်ခြင်းကိစ္စကိုရင်း, ပြောကြားခြင်းကိစ္စကိုရင်း ပြုလိုသည်ဖြစ်၍ ပြည့်စုံလုံလောက်သောအချိန်ကို ရရန်အကျိုးငှါ အိပ်ရာမှ စောစောထ၍ မိုးလင်းချိန်၌ ကျောင်းမှ ထွက်သွားခြင်းကိစ္စကို ပြုထိုက်၏။ ထို့ကြောင့် ထိုသို့ ပြုလုပ်သင့်သောသဘောကို ရည်ရွယ်၍ ဝိနည်းအဋ္ဌကထာတို့၌ "ပစ္စူသသမယေ မိုးလင်းချိန်၌"ဟူ၍ မိန့်ဆိုအပ်၏။ ဤအရာ၌ ပစ္စူသသမယမည်သည်ကား အလင်းရောင်အားဖြင့် အားနည်းသော မိုးလင်းချိန် ဖြစ်ပေ၏။ ထိုစကားမှန်၏၊ ထိုအားနည်းသော မိုးလင်းချိန်သည် အရဟတ်

တတ်သည်မှ ရှေး(အရက်မတက်သေးမီ) ဝေးကွာလှသော အချိန်သာ ဖြစ်သေး၏။ ထိုသို့ ဖြစ်သောကြောင့်ပင် ထိုဝတ် ဆောက်တည်ခြင်းစသော ကိစ္စတို့ကို ပြုလုပ်ရန် စွမ်းနိုင်သော အချိန်ရှိသည်၏ အဖြစ်ကို အထူးသိအပ်၏။ ဤသုတ္တန်အဋ္ဌ- ကထာ၌ကား ယခင်ဆိုခဲ့သော ကိစ္စတို့နှင့် စပ်လျဉ်းသော အခါမဟုတ်ပေ။ ထို့ကြောင့် ထိုအချိန်အခါမျိုးနှင့် မရော မယှက် သက်သက်အားဖြင့် မြတ်စွာဘုရား ပရိနိဗ္ဗာန် ဝင်စံ တော်မူသော အချိန်ကိုသာ ပြခြင်းငှါ "ဗလဝပစ္စူသေ အားကြီးလင်းသော မိုးလင်းချိန်၌"ဟူ၍ ဆိုအပ်၏။ ဤ၌ အားကြီးသော မိုးလင်းချိန်မည်သည်ကား အရက်တတ်သည် မှ ရှေး (အရက်မတက်သေးမီ) အရက်တက်ရန် နီးကပ်လှ သော အချိန်သာဖြစ်သည် ဟူ၍ အထူးသိအပ်၏။ အဘယ် ကြောင့်နည်း? "တခဏမျှလောက်ဖြင့်သာ အရက်တက်လာ လေပြီ"ဟူ၍ ဆိုသောကြောင့်တည်း။ ဤသို့ ဤပုံ အရက်တတ် သည်မှ ရှေး(အရက်မတက်သေးမီ)၌ အဝေးအနီး အားဖြင့် ထိုပစ္စူသနှစ်မျိုးတို့၏ ထူးသည်၏အဖြစ်ကို သိအပ်၏။

တနည်းကား ဤသုတ္တန်အဋ္ဌကထာ၌လာသော "ဗလဝ- ပစ္စူသေ"ဟူသော စကားကို ထောက်ဆ၍ ဝိနည်းအဋ္ဌ- ကထာတို့၌လာသော "ပစ္စူသသမယေ"ဟူသော စကားကို ဒုဗ္ဗလပစ္စူသဖြစ်သောအားဖြင့် နှလုံးသွင်းပြီးလျှင် ပစ္စူသ မိုးလင်းချိန်မည်သည်ကား အလင်းရောင်အားဖြင့် "ဒုဗ္ဗလ- ပစ္စူသ အားနည်းသော မိုးလင်းချိန်" နှင့် "ဗလဝပစ္စူသ အားကြီးသော မိုးလင်းချိန်"ဟူ၍ နှစ်ပါးအပြားရှိသည် ဟူ၍ သိအပ်၏။ အစဉ်အတိုင်း "အာဒိပစ္စူသ အစမိုးလင်းချိန်"နှင့် "အန္တပစ္စူသ အဆုံးမိုးလင်းချိန်" ဟူ၍ နှစ်ပါးအပြားရှိသည်

ဟုလည်း ဆိုသင့်၏။ ထိုနှစ်ပါးတို့တွင် အားနည်းသော မိုးလင်းချိန်မည်သည်ကား အလင်းရောင် အားနည်းသော ကြောင့် အလုံးစုံသော သတ္တဝါတို့၏ အချင်းချင်း၏ မျက်နှာကို မြင်ရရုံမျှ အချိန်တည်း။ အားကြီးသော မိုးလင်းချိန်မည်သည်ကား အလင်းရောင် အားကြီးသောကြောင့် အလုံးစုံသော သတ္တဝါတို့၏ အချင်းချင်း၏ မျက်နှာကို အလွန်ထင်ရှားသောအားဖြင့် ကောင်းစွာမြင်ရသော အချိန်တည်း။ ဤသည်ကား ထိုပစ္စုပ္ပန်-ပုဒ်တို့၏ လိုအပ်သော အနက်သဘောအားဖြင့် အထူးပင်တည်း၊ တပါးသော တစုံတခုသော အထူးမရှိ။ ဤသို့ ဤပုံ အဖြေကို သိအပ်၏။

ဆက်ဦးအံ့····ထိုနှစ်ပါးပြားသော မိုးလင်းချိန်တွင် အားကြီးသောမိုးလင်းချိန်မှ နောက်၌သာ အရဟတ်တက်ခြင်းကို ဆိုသောကြောင့် အားကြီးသောမိုးလင်းချိန်မှ ရှေးဟု ဆိုအပ်သည်လည်းဖြစ်သော အားနည်းသော မိုးလင်းချိန်မှ နောက်ဟု ဆိုအပ်သည်လည်းဖြစ်သော နှစ်ပါးသော မိုးလင်းချိန်တို့၏ အကြားဖြစ်သော အချိန်၌ အရဟတ်မတက်သေးသည်၏ အဖြစ်သည် သဘောအားဖြင့် ပြီးစီးပေတော့၏။ အားနည်းသော မိုးလင်းချိန်မှ ရှေး၌ကား "အဝုတ္တသိဒ္ဓိနည်းခေါ်သော မဆိုဘဲပြီးသောနည်း" အားဖြင့်၄င်း, အရဟတ်မတက်သည်၏ အဖြစ်သည် "အတ္ထာပန္နနည်းခေါ်သော အလိုလို အနက်သဘောရောက်သောနည်း" အားဖြင့်၄င်း ပြီးစီးတော့သည်ဟူ၍ မှတ်အပ်၏။ ဤသို့ ဤပုံ အားကြီးသော မိုးလင်းချိန်မှ နောက်ကျ၍ နီးကပ်လှသောအချိန်၌သာလျှင် အနည်းငယ်နီသော အရောင်ဟုဆိုအပ်သော အရဟတ်ရောင် တက်သည်ဟူ၍ ယုံမှားသံသယကင်းမဲ့သောအားဖြင့် ထူးခြားစွာသိအပ်

၏။ ထို့ကြောင့် ဤသုတ္တန်၌ လာကုန်သော စကားတို့သည် အလွန်အကျူးအထူးမိုင်မာသော သာဓကစကားတို့ ဖြစ်ကြပေကုန်၏။

ထို့ပြင်လည်း တခြားသာဓကစကားကိုပြအပ်၏။ ဤဆိုလတ့်ကား ဒသမ ဆယ်ခုမြောက်သာဓက စကားကို ပြခြင်းတည်း။

ခုဒ္ဒက နိကယ်ဝိနည်း ပိဋကတ် စူဠဝဂ္ဂါဒိ အဋ္ဌကထာ ပရိဝါရ အဖွင့်၌–

"သာ ဟိ သကဂါမတော ပစ္စူသသမယေ နိက္ခမိတွာ အရုဏုဂ္ဂမနကာလေ ဝုတ္တပ္ပကာရံနဒီပါရံ ဩက္ကမန္တာဝ (ပ) စတုရော သံဃာဒိသေသာ အာပန္နတိတိ ဝုတ္တံ–ဟူ၍

"ထိုဘိက္ခုနီ (ရဟန်းမ)သည် မိုးလင်းချိန်၌ မိမိနေရာ ရွာမှ ထွက်လာခဲ့ပြီး၍ အရုဏ်တက်သော အချိန်၌ ဆိုခဲ့သော အခြင်းအရာရှိသော မြစ်တစ်ဘက် သို့ သက်ဝင်သည်ဖြစ်၍သာလျှင် (ပ) လေးပါးကုန်သော သံဃာဒိသိသ် အာပတ်တို့သို့ ရောက်၏" ဟူသော စကားကို မိန့်ဆိုအပ်၏။

ဤသာဓက စကားရပ်၌ "မိုးလင်းချိန်"ဟု ရှေးက ဆိုခဲ့ပြီးလျှင် နောက်နားမှာ "အရုဏ်တက်သော အချိန်" ဟု ဆိုသော စကားကို ထောက်ဆ၍ မိုးလင်းချိန်မှ နောက်ကျ၍ ဝေးကွာလှသော အချိန်၌သာ အနီရောင်ဟု ဆိုအပ်သော အရုဏ်တက်သည်၏ အဖြစ်ကိုပြသည်၊ ဟူ၍ သိအပ်၏။

ထို့ကြောင့် ဤ၌လာသော စကား တို့သည် ခိုင်မာသော သာဓကများ ဖြစ်ကြပေကုန်၏။

ထို့ပြင် တခြားသာဓက စကားကို ပြအပ်၏။ ဤဆိုလတ့်ကား ကောဒသမ (၁၁)ခုမြောက် သာဓက ကို ပြခြင်းတည်း။

ခုဒ္ဒကနိကာယ် ဝိနည်း ပိဋကတ် ကင်္ခါဝိတရဏီ ဋီကာသစ်၌–

"သာ ဟိ သကာဂါမတော ပစ္ဆိမဒိသာယ နိက္ခမိတွာ အရုဏုဂ္ဂမနကာလေ ဝုတ္တပ္ပကာရံ နဒီပါရံ သြက္ကမန္တာဝ (ပ) အာပဇ္ဇတိ ဟူ၍

"ထိုဘိက္ခုနီ (ရဟန်းမ)သည် မိမိ နေရာရွာမှ မိုးလင်းချိန် ထွက်လာခဲ့ပြီး၍ အရုဏ်တက်ချိန်၌ ဆိုခဲ့ သော အခြင်းအရာရှိသော မြစ်တစ်ဘက်သို့ သက်ဝင် သည်ဖြစ်၍ သာလျှင် (ပ) သံဃာဒိသိသ် အာပတ် သေးပါးသို့ ရောက်၏" ဟူသော စကားကို ပရိဝါရ အဖွင့်၌ ဆိုသကဲ့သို့ ထို့အတူပင် မိန့်ဆိုအပ်၏။

ဤ၌လည်း ဆိုခဲ့သော နည်းမျိုးဖြင့်သာလျှင် မိုးလင်းချိန်မှ နောက်ကျ၍ဝေးကွာလှသော အချိန်၌ သာ အနီရောင်ဟု ဆိုအပ်သော အရုဏ်တက်သည်၏ အဖြစ်ကို ပြသည်ဟု သိအပ်၏။ ထို့ကြောင့် ဤ၌ လာသော စကားတို့သည် ခိုင်မာသော သာဓကတို့ ဖြစ်ကြပေကုန်၏။

ထို့ပြင် တခြားသာဓက စကားကို ပြအပ်၏။ ဤ ဆိုလတန့်ကား ဒွါဒသမ (၁၂)ခုမြောက် သာဓကကို ပြခြင်း တည်း။ ခုဒ္ဒကနိကာယ် ဝိနည်း ပိဋကတ် ဝိနယ သင်္ဂဟ အဋ္ဌကထာ–

"သစေ ပဓာနိကော ဘိက္ခု သဗ္ဗရတ္တိံ ပဓာနမနု ယုဉ္ဇိတွာ ပစ္ဆုသသမယေ 'နဟာယိဿာမိ' တိ(ပ) အရုဏံ ဥဋ္ဌဟိ–ဟူ၍

" အကယ်၍ ကမ္မဋ္ဌာန်း တရားအားထုတ်သော ရဟန်းသည် အလုံးစုံ ညဉ့်သုံးယာမ် ပတ်လုံး ကမ္မဋ္ဌာန်း တရားအလုပ်ကို အားထုတ်ပြီး၍ မိုးလင်းချိန်၌ ရေချိုး မည်ဟု သင်္ကန်းသုံးထည်ကို မြစ်ကမ်းနားမှာ ထားခဲ့ ပြီးလျှင် မြစ်ထဲသို့ သက်ဆင်း၏။ ထိုရဟန်း ရေချိုး ဆဲမှာပင် အရုဏ်တက်လာတော့သည်–ဟူသော စကားကို သမန္တပါသာဒိကနိဿဂ္ဂိယ အဖွင့်၌ ဆိုသကဲ့ သို့ ထို့အတူပင် မိန့်ဆိုအပ်၏။

ဤ၌လည်း မိုးလင်းချိန်ဟု ရှေးကဆိုခဲ့ပြီးလျှင် နောက်နား မှာ အရုဏ်တက်လာတော့သည်ဟု ဆိုထားသော စကားကို ထောက်ဆ၍ မိုးလင်းချိန်မှ နောက်ကျ၍ ဝေးကွာလှသော အချိန်၌သာ အနီရောင်ဟု ခေါ်ဆိုတဲ့ အရုဏ်တက်သည်၏ အဖြစ်ကို ပြသည်ဟု သိအပ်၏။ ထို့ကြောင့် ဤ၌လာသော စကားတို့သည် နိုင်မာသော သာဓကတို့ ဖြစ်ကြပေကုန်၏။

ထို့ပြင် တခြားသာဓက စကားကို ပြအပ်၏။ ဤ

ဆိုလတန့်ကား တေရသမ(၁၃)ခုမြောက် သာဓကကို ပြခြင်းတည်း။ ခုဒ္ဒကနိကာယ် ဝိနည်း ပိဋကတ် ဝိနယ ဝိနိစ္ဆယ အဋ္ဌကထာ၌–

"ပရိဝါသ်ကို ချထားသော အခါမှစ၍ ပကတတ်ရဟန်းဟု ဆိုအပ်၏။ တဖန် မိုးလင်းချိန်၌ (ပ) ပရိဝါသ် ချထားသော ထိုရဟန်းသည် ရဟန်းတပါးနှင့် အတူတကွ အရုဏ်မတက်သေးမီ အတွင်း၌သာ ဝတ်ကို ဆောက်တည်၍ ပြောကြားပြီးလျှင် အရုဏ်တက်သော အခါ ထိုရဟန်းထံမှာ ပရိဝါသ်ကို ချ၍ ပြန်ရမည်–ဟူသော စကားကို မိန့်ဆိုအပ်၏။

ဤ၌လည်း ရှေးက ဆိုခဲ့သော နည်းအတိုင်း ဆိုအပ်သောကြောင့် မိုးလင်းချိန်မှ နောက်ကျ၍ ဝေးကွာလှသော အချိန်၌သာလျှင် အနီရောင်ဟု ဆိုအပ်သော အရုဏ်တက်လာသည်၏ အဖြစ်ကို ပြသည်ဟု သိအပ်၏။ ထို့ကြောင့် ဤ၌လာသော စကားအပေါင်းသည် ခိုင်မာသော သာဓက ဖြစ်ပေ၏။

ထို့ပြင် တခြားသာဓက စကားကို ပြအပ်၏။ ဤဆိုလတ္တန့်ကား စုဒ္ဒသမ (၁၄)ခုမြောက် သာဓကကိုပြခြင်းတည်း။ ခုဒ္ဒကနိကာယ် ဝိနည်း ပိဋကတ် ခုဒ္ဒသိက္ခာဋီကာသစ်၌–

"ထိုအခါ ပရိဝါသ်ကို ချထားသော ဤရဟန်းသည် မိုးလင်းချိန်၌ ရဟန်းတပါးနှင့် အတူ အကာအရံ

ရှိသော ကျောင်းတိုက်၏ အကာအရံမှ အကာအရံ မရှိသော ကျောင်းတိုက်၏ အကာအရံ ဖြစ်ထိုက်ရာ အရပ်မှ ခဲနှစ်ခါကျရာကို ကျော်လွန်အောင် ထွက်သွားလျက် လမ်းမကြီးမှ ဆားသို့ ဖဲသွား၍ ဖုံးကွယ်ရာ အရပ်မှာထိုင်ပြီးလျှင် ပရိဝါသ် ဆောက်တည်ကာ ပြောကြားအပ်၏။ (လ) အရုဏ်တက်လတ်သော် အတူပါလာသော ထိုရဟန်းထံ၌ ပရိဝါသ်ကိုချ၍ ကျောင်းသို့ ပြန်အပ်၏–ဟူသော စကားကို မိန့်ဆိုအပ်၏။

ဤ၌လည်း မိုးလင်းချိန်ဟု ရှေးကဆိုခဲ့ပြီးလျှင် နောက်နားမှာပင် အရုဏ်တက်လတ်သော်ဟု ဆိုအပ်သောကြောင့် မိုးလင်းချိန်မှ နောက်ကျဝေးကွာလှသော အချိန်၌သာ အနီရောင် အရုဏ်တက်သည်၏ အဖြစ်ကို ပြသည်ဟု သိအပ်၏။ ထို့ကြောင့် ဤ၌လာသော စကားစုသည် ခိုင်မာသော သာဓကစကား ဖြစ်ပေ၏။

ထို့ပြင် တခြား သာဓကကို ပြအပ်၏။ ဤဆိုလတန့်ကား ပန္နရသမ (၁၅)ခုမြောက် သာဓက စကားကို ပြခြင်းတည်း။ ခုဒ္ဒကနိကာယ်သုတ္တနိပါတ် ဇာတက အဋ္ဌကထာ၌–

"မုဆိုးသည် မိုးလင်းချိန်၌သာ လှံကို ယူ၍ အိမ်မှ ထွက်လာ၏။ ငှက်သည် ထို မုဆိုးထွက်လာသည်ကို သိ၍ အသံအော်မြည်လျက် တောင်ပံခါပြီးလျှင် အရှေ့တံခါးမှ ထွက်လာသော ထိုမုဆိုး၏

မျက်နှာကို ပုတ်ခတ်၏(လ) မှဆိုးသည် အိမ်ဘက်သို့ ပြန်လှည့်၍ အရုဏ်တက်သည့်တိုင်အောင် အိပ်ပြီးမှ အရုဏ်တက်ဆဲအချိန်၌ လှံကို ယူကာ ထွက်လာခဲ့ပေပြီ” ဟူသော စကားကို မိန့်ဆိုအပ်၏။

ဤ၌လည်း ရှေးကဆိုခဲ့ပြီးသည့် အတိုင်း မိုးလင်းချိန်မှ နောက်ကျဝေးကွာ အလွန်ကြာမြင့်လှသော အချိန်၌သာလျှင် အနီရောင်ဟု ဆိုအပ်သော အရုဏ်ရောင်တက်လာသည်၏ အဖြစ်ကို ပြသည်ဟူ၍ သိအပ်၏။ ထို့ကြောင့် ဤ၌လာသော စကားရပ် သည် ခိုင်မာသော သာဓကစကား ဖြစ်ပေ၏။

ထို့ပြင် တခြားသာဓက စကားကို ပြအပ်၏။ ဤဆိုလတန့်ကား သောဠသမ (၁၆)ခုမြောက် သာဓက စကားကို ပြခြင်းတည်း။ ခုဒ္ဒက နိကာယ်သုတ္တန် ပိဋကတ် ဇာတက အဋ္ဌကထာ၌–

“မိုးလင်းချိန်၌ ဘုရားလောင်း ဆတ်မင်း၏ ဂုဏ်ကျေးဇူးကို အမှတ်တရ အောက်မေ့လျက် အိပ်ရာမှ ထပြီး၍ အိပ်ရာပေါ်မှာ တင်ပလ္လင်ခွေထိုင်နေပြီးလျှင် နှစ်သက်ခြင်း ပီတိအပြည့်အဝရှိသော စိတ်နှလုံးဖြင့် ခြောက်ဂါထာတို့ကို ဝမ်းမြောက် ဝမ်းသာ သီဆိုကျူးရင့်လေပြီ။ ဤသို့ ထိုမင်း၏ ဝမ်းမြောက်ဝမ်းသာ သီဆိုကျူးရင့်ဆဲမှာပင် အရုဏ်တက်လာလေပြီ” ဟူသော စကားကို မိန့်ဆိုအပ်၏။

ဤ၌လဲ ရှေးကဆိုခဲ့သောနည်းအတိုင်းပင် မိုးလင်းချိန်မှ နောက်ကျ၍ ဝေးကွာလှသောအချိန်၌သာ အနီရောင် အရုဏ်တက်သည်၏အဖြစ်ကို ပြသည်ဟုသိအပ်၏။ ထို့ကြောင့် ဤ၌လာသောစကားစုသည် နိုင်မာသော သာဓကဖြစ်ပေ၏။

ထို့ပြင် တခြားသာဓကစကားကိုပြအပ်၏။ ဤဆိုလတန့်ကား သတ္တရသမ(၁၇)ခုမြောက် သာဓကစကားကိုပြခြင်းတည်း။ ခုဒ္ဒကနိကာယ်သုတ္တန်ပိဋကတ်ဇာတက အဋ္ဌကထာ၌ပင်

"ထိုအခါ ဘုရင်မင်းမြတ်သည် ဘုရားလောင်း မဟောသဓ ပဋိသန္ဓေနေသောနေ့မှာ မိုးလင်းချိန်၌ ဤသို့ သဘောရှိသောအိပ်မက်ကိုမြင်မက်၏။ (ဝေ) မင်းသည် ဤအိပ်မက်ကိုမြင်၍ ကြောက်လန့်လျက် အိပ်ရာမှထပြီးလျှင် "ဘယ်လိုဖြစ်မှာလဲ"ဟု ကြံစည်တွေးတောကာ ထိုင်လျက်သာလျှင် အရုဏ်တက်စေပြီ" ဟူသောစကားကို မိန့်ဆိုအပ်၏။

ဤ၌လည်း ရှေးကနည်းအတိုင်းပင် မိုးလင်းချိန်မှ နောက်ကျ၍ ဝေးကွာလှသော အချိန်၌သာ အနီရောင် အရုဏ်တက်သည်၏ အဖြစ်ကို ပြသည်ဟု သိအပ်၏။ ထို့ကြောင့် ဤ၌လာသော စကားစုသည် နိုင်မာသော သာဓကစကား ဖြစ်ပေ၏။

ထို့ပြင် တခြားသာဓက စကားကို ပြအပ်၏။ ဤဆိုလတန့်ကား အဋ္ဌာရသမ (၁၈)ခုမြောက် သာဓက

စကားကို ပြခြင်းတည်း။ ခုဒ္ဒကနိကာယ် သုတ္တနိပါတ အဋ္ဌကထာ၌—

"တနည်းဆိုရလျှင် မြတ်စွာဘုရားသည် ထိုနေ့ မိုးလင်းချိန်၌ မဟာကရုဏာ သမာပတ်ဝင်စားရာမှ ထတော်မူ၍ သတ္တဝါတို့၏ အလို အနုအရင့်ကို သိမြင်တတ်သော ဘုရားသခင်၏ ဉာဏ်မျက်စိဖြင့် လောကကို ကြည့်ရှုတော်မူလျှင် သူစိလောမ ခရလောမ ဟူသော ဘီလူးနှစ်ယောက်တို့၏ သောတာပတ္တိဖိုလ်ကို ရရန် အားကြီးသော မှီရာ ဟူသော အကြောင်းကို မြင်တော်မူ၏။ ထိုအကြောင်းကြောင့် သပိတ်သင်္ကန်းကို ယူတော်မူ၍ အရဏ်မတက်သေးမီ ဤဘက်အတွင်း၌သာလျှင် အရပ်ဒေသအမျိုးမျိုးတို့မှလာ၍ စည်းဝေးသော လူအပေါင်း၏ တံတွေး နှပ် အစရှိသော အထူးထူး အပြားပြား မစင်မကြယ် ရွံစဖွယ်တွေ ယိုစီးနေသော မြေအပြင် ရှိသော ထိုဆိပ်ကမ်း အရပ်သို့ ကြွတော်မူကာ သူစိ လောမ ဘီလူး၏ ဘုံဗိမာန်ဖြစ်သော သူကောင်ဖုတ်ရာ ထိုစုတင်၌ ထိုင်နေတော်မူပြီ" ဟူသော စကားကို မိန့်ဆိုအပ်၏။

ဤ၌လည်း ရှေးက မိုးလင်းချိန်ဟု ဆိုပြီး၍ နောက်နားမှာ အရဏ်မတက်သေးမီ ဤဘကအတွင်း၌သာဟု ဆိုထားသော စကားကို ထောက်ဆလျှက် မိုးလင်းချိန်မှ နောက်ကျ၍ ဝေးကွာလှသော အချိန်၌သာလျှင် အနီရောင် အရဏ်တက်

သည်၏ အဖြစ်ကို ပြသည်ဟု သိအပ်၏။ ထို့ကြောင့် ဤ၌ လာသော စကားစုသည် နိုင်မာသော သာကေ တခု ဖြစ်ပေ၏။

ထို့ပြင် တခြား သာကေ စကားကို ပြအပ်၏။ ဤ ဆိုလတံ့ကား ဧကူန ဝီသတိမ (၁၉)ခု မြောက် သာကေ စကားကို ပြခြင်းတည်း။ အင်္ဂုတ္တရ နိကာယ် သုတ္တန် ပိဋကတ် အင်္ဂုတ္တရဋီကာ၌–

“ဘုရားလောင်းက မိမိအား ပြုလိုက်သော ဂုဏ်ကျေးဇူးကို တစုံတယောက်အား မပြောကြားသေးဘဲ ညနေချမ်းအခါမှာ ရသာမျိုးစုံသော အစာအာဟာရ ဘောဇဉ်ကို သုံးဆောင်စားသောက်ပြီးလျှင် တန်ဆာဆင်သော အိပ်ရာ၌ အိပ်၍ မိုးလင်းချိန်မှာ ဘုရားလောင်း၏ ဂုဏ်ကျေးဇူးကို အမှတ်ရကာ အောက်မေ့လျက် အိပ်ရာမှ ထပြီးလျှင် အိပ်ရာပေါ်မှာ တင်ပလ္လင်ခွေ ထိုင်နေလျက် နှစ်သက်ခြင်း ပီတိ အပြည့်ရှိသော စိတ်နှလုံးဖြင့် ဝမ်းမြောက်ဝမ်းသာ သီဆိုကျူးရင့်သောအားဖြင့် “ယောက်ျားသည် တောင့်တရာ၏” အစရှိသော ခြောက်ဂါထာ သီချင်းကို သီဆိုကျူးရင့်၏။ (ပ) ဤသို့ ထိုမင်း၏ ဝမ်းမြောက်ဝမ်းသာ သီဆိုကျူးရင့်စဉ်မှာပင် အရုဏ်တက်လာပြီ”ဟူသော စကားကို မိန့်ဆိုအပ်၏။

ဤ၌လည်း ရှေးက ဆိုခဲ့သော နည်းမျိုးဖြင့် ဆိုခဲ့သော

ကြောင့် မိုးလင်းချိန်မှ နောက်ကျ၍ ဝေးကွာကြာမြင့် လှသော အချိန်၌သာလျှင် အနီရောင် အရုဏ်တက်သည် ၏ အဖြစ်ကို ပြသည်ဟု သိအပ်၏။ ထို့ကြောင့် ဤ၌ လာသော စကားစုသည် ခိုင်မာသော သာဓက ဖြစ်ပေ၏။

ထို့ပြင် တခြားသာဓက စကားကို ပြအပ်၏။ ဤဆို လတန့်ကား ဝိသတိမ (၂၀)မြောက်သော သာဓကစကားကို ပြခြင်းတည်း။ ခုဒ္ဒကနိကာယ် သုတ္တန် ပိဋကတ် ဓမ္မပဒ အဋ္ဌကထာ၌–

"ဤမြို့၌ လှည်းငါးရာတို့သည် မိုးလင်းချိန်မှာ အိပ်ရာမှ ထကြ၍ ရောင်းဝယ်ကုန်သွယ်ရန် သွားကြကုန်၏။ (ပ) ထိုအခါ ထိုလှည်းသမား၏ နွားတို့သည် သူငယ်ကလေးရှိရာ ထိုလှည်းလမ်းကြားသို့ ရောက်လျှင် လှည်းထမ်းပိုးမှ စွန့်လွှတ် ထွက်သွားကြကုန်၏။ အဖန်ဖန် ထမ်းပိုးတင်၍ မောင်းနှင်ကြပါသော်လည်း ရှေ့သို့ မသွားကြကုန်။ ဤသို့ဤပုံ အပေါင်းအဖော် လှည်းသမားတို့နှင့် အတူတကွ ထိုလှည်းသမား၏ နွားများ ရုန်းဆွဲသွားအောင် အားထုတ်စဉ်မှာပင် အရုဏ် တက်လာပြီ" ဟူသော စကားကို မိန့်ဆိုထား၏။

ထို့ပြင်လည်း တခြားသာဓက စကားကို ပြအပ်၏။ ဤဆိုလတန့်ကား ဧကဝီသတိမ (၂၁)ခုမြောက် သာဓက စကားကို ပြခြင်းတည်း။ ခုဒ္ဒက နိကာယ် သုတ္တန်ပိဋကတ် ပဋိသမ္ဘိဒါမဂ္ဂ အဋ္ဌကထာ၌–

"ဤမြို့၌ လှည်းငါးရာတို့သည် မိုးလင်းချိန်မှာ အိပ်ရာမှထကြ၍ ရောင်းဝယ်ကုန်သွယ်ရန် သွားကြကုန်၏။ (၁) နွားများ ရုန်းဆွဲသွားအောင် အားထုတ်စဉ်မှာပင် အရုဏ်တက်လာပြီ" ဟူသော စကားကို ဓမ္မပဒ အဋ္ဌကထာ၌ကဲ့သို့ပင် မိန့်ဆိုထား၏။

ဤအဋ္ဌကထာ နှစ်ကျမ်းတို့၌လည်း ဆိုခဲ့ပြီးသော နည်း အတိုင်းပင် မိုးလင်းချိန်မှ နောက်ကျ၍ ဝေးကွာကြာမြင့်လှသော အချိန်၌သာလျှင် အနီရောင် အရုဏ်တက်သည်၏ အဖြစ်ကို ပြသည်ဟု သိအပ်၏။ ထို့ကြောင့် ဤ အဋ္ဌကထာတို့၌ လာသော စကားတို့သည် ခိုင်မာသော သာဓကများ ဖြစ်ကြကုန်၏။

ထို့ပြင်လည်း တခြားသာဓကကများကိုပြအပ်၏။ ဤဆိုလတန့် ကား ဒွါဝီသတိမ (၂၂) ခုမြောက် သာဓကစကားကို ပြခြင်း တည်း။ ခုဒ္ဒကနိကာယ် သုတ္တန် ပိဋကတ် ဓမ္မပဒ အဋ္ဌကထာ မှာပင်

"ဝိဘာတာယ ရတ္တိယာ ဝလာဟကဝိဂမော စ အရုဏုဂ္ဂမနဉ္စ တသ္သာ ဂဗ္ဘဝုဋ္ဌာနဉ္စ ဧကက္ခဏေယေဝ အဟောသိ" ဟူ၍

"ညဥ့်သည်မှောင်မိုက်ခြင်းကင်း၍ ထင်းရှားစွာ မိုးလင်းလတ်သော် မိုဃ်းတိမ်များကင်းစင်ခြင်း, အရုဏ်တက်ခြင်း, ထိုမိဖုရား၏ ကိုယ်ဝန်သားဖွားခြင်းသည်တပြိုင်

နက်တည်းသာလျှင်ဖြစ်လေပြီ” ဟူသောစကားကိုမိန့်ဆို ထား၏။'

ဤ၌လည်းအားကြီးသောမိုးလင်းချိန်နှင့်တူသော ထင်ထင်ရှားရှားထိန်ထိန်လင်းသော မိုးလင်းချိန်မှ နောက်ကျ ၍အလွန်မဝေးမကွာ မကြာသောအချိန်၌သာ အနီရောင်အရုဏ် တက်သည်၏ အဖြစ်ကို ပြသည်ဟုသိအပ်၏။ ထိုကြောင့်ဤ၌ လာသောစကားစုသည် ခိုင်မာသော သာဓက တစ်ခုဖြစ်ပေ တော့၏။

ထို့ပြင်လည်းတခြားကျမ်းလာသာဓကကို ပြအပ်၏။ ဤဆိုလတန့်ကားတေဝီသတိမ (၂၃)ခုမြောက်သာဓကစကား ကိုပြခြင်းတည်း။ ခုဒ္ဒကနိကာယ် သုတ္တန်ပိဋကတ် စရိယာပိဋ ကအဋ္ဌကထာ၌

လဆန်းပက္ခတဆယ့်လေးရက်နေ့၌ အနည်းငယ်ပြည့်ရန် လိုသေးသောအားဖြင့် မပြည့်သေးသောလကို မြင်၍ ထို့နောက်ညဥ့်မိုက်မှောင်ခြင်းကင်းကာ ထင်းရှားစွာ မိုးလင်းပြီးမှ အရုဏ်တက်ပြီးချိန် တဆယ့်ငါးရက် ဥပုသ်နေ့၌ ထိုမျောက်အစရှိသောငါ၏မိတ်ဆွေတို့အား “ယနေ့သည်ကားဥပုသ်နေ့ဖြစ်၏။ ထို့ကြောင့်ပေးလှူ စရာတို့ကို စီရင်ကြကုန်လော့” စသည်ဖြင့် ထိုဥပုသ် နေ့၌ ကျင့်စဉ်အစီအရင်ကို ပြောကြားလိုက်ပေပြီ” ဟူသောစကားကို မိန့်ဆိုထား၏။

ဤ၌လည်း ဆိုခဲ့သောနည်းအတိုင်း (ဗလဝပစ္စူသ)

အားကြီးသော မိုးလင်းချိန်နှင့်တူသော(ဝိဘာတ) ထင်ထင်ရှားရှားမိုးလင်းချိန်မှနောက်ကျ၍ အလွန်မဝေးမကွာမကြာသော အချိန်၌သာလျှင် အနီရောင် အရုဏ်တက်သည်၏ အဖြစ်ကိုပြသည်ဟုသိအပ်၏။ ထို့ကြောင့်ဤ၌လာသောစကားစုသည် နိုင်မာသောသာကေ တခုဖြစ်ပေတော့၏။

ဤ၌ ကွယ်ဝှက်နေသည့်အရာကို ထုတ်ဖော်ကာပြပါဦးမည်။"တဆယ့်လေးရက်နေ့–တဆယ့်ငါးရက်နေ့" ဟူ၍ ဆိုအပ်သော ရှေးနောက်စကားကိုထောက်ဆ၍ တဆယ့်လေးရက်မှ–အရုဏ် တက်သောအားဖြင့် တစ်ဆယ့်ငါးရက်သို့ (ရက်ဟောင်းမှ ရက်သစ်သို့) ရောက်သည် ပြောင်းလဲသည်ဟု သိရ၏။ ထို့ကြောင့် ဤ၌လာသော စကားတို့ဖြင့် နေ့ပြောင်းခြင်းကိုလည်း ပြ၏။ ရက်ပြောင်းခြင်းကို ပြသည် ဟူ၍လည်း ဆိုထိုက်ပေ၏။ ထို့ကြောင့်–

"အရုဏ်တက်ပြီးသောအခါမှ နောက်အချိန်သည်ကား အသစ်ဖြစ်သော နေ့၏ အစပင်ဖြစ်ပေ၏။ နေ့သစ်သို့ ရောက်၏၊ ရက်သစ်သို့ ရောက်၏–ဟူ၍လည်း ဆိုသင့်၏" ဤသို့ ဤစာရေးသူက ရှေးကဆိုခဲ့ပါသည်။

မှတ်ချက်။ ။ဝေဒကျမ်းများအလို သန်းခေါင်အချိန်မှာ ရက်ပြောင်းသော်လည်း ဗုဒ္ဓဘုရားအလိုခေါ် ဗုဒ္ဓဘာသာကျမ်းများ အလိုအားဖြင့် အရုဏ်တက်ပြီးစအချိန်မှာ ရက်ပြောင်းသည်ဟု သိမှတ်ရာ၏။

ထို့ပြင်လည်း တခြားကျမ်းလာ သာကေစကားကိုပြအပ်

၏။ ဤဆိုလတ့်ကား စတုဝီသတိမ (၂၄) ခုမြောက် သာဓက စကားကို ပြခြင်းတည်း။ ခုဒ္ဒကနိကာယ် သုတ္တန် ပိဋကတ် ဇာတကအဋ္ဌကထာ၌–

"ထိုမဒ္ဒိမိဖုရားသည် သားသမီးများအတွက် စိုးရိမ်သောက ဖြင့် ထိခိုက်နေရကား သားသမီးများကို စုံစမ်းလျက် သုံးကြိမ်မြောက်အောင် ထိုထိုအရပ်တို့သို့ လေဟုန်အလား အားဖြင့် လှည့်လည်သွားလာ ရှာဖွေ၏။ ထိုမဒ္ဒိမိဖုရား သည် တစ်ညဥ့်လုံး သွားရာအရပ်ကို အတိုင်းအတာဖြင့် တိုင်းယူမည်ဆိုလျှင် တစ်ဆယ့်ငါးယူဇနာခန့် ရှိပေရာ၏။ ထိုအခါ ညဥ့်အမှောင်လည်းကင်း၍ ထင်ထင်ရှားရှား မိုးလင်းလာပြီ၊ အရဏ်တက်လာပြီ" ဟူသောစကားကို မိန့်ဆိုထား၏။

ဤ၌လည်း ဆိုခဲ့ပြီးသောနည်းအတိုင်းပင် အားကြီးလင်း သော မိုးလင်းချိန်နှင့်တူသော ထင်ထင်ရှားရှားမိုးလင်းချိန်မှ နောက်ကျ၍ အလွန်မဝေးမကွာ မကြာသောအချိန်၌သာ အနီရောင်အရဏ်တက်သည့်အဖြစ်ကို ပြသည်ဟု သိအပ်၏။ ထို့ကြောင့် ဤ၌လာသော စကားစုသည် ခိုင်မာသောသာဓက တစ်ခု ဖြစ်ပေတော့၏။

ထို့ပြင်လည်း အခြားကျမ်းလာ သာဓကစကားကိုပြအပ် ၏။ ဤဆိုလတ့်ကား ပဉ္စဝီသတိမ (၂၅) ခုမြောက် သာဓက စကားကို ပြခြင်းတည်း။ ခုဒ္ဒကနိကာယ် ဝိနည်းပိဋကတ် သာရတ္ထဒီပနီဋီကာ၌–

"ပစ္ဆိမ နောက်ဆုံးယာမ် အားကြီးလင်းသော မိုးလင်းချိန်၌ကား စားအပ် သောက်အပ် လျက်အပ်သော အစာတို့သည် ကောင်းစွာကြေညက်ခြင်းသို့ရောက်၍ ခန္ဓာကိုယ်၌ ဩဇာဓာတ်ပြန့်နှံ့တည်ပြီးလျှင် အရုဏ်တက်သောအခါ၌ မြင်မက်သောအိပ်မက်သည် မှန်တတ်၏။ ကောင်းသောအကြောင်းနိမိတ်ဖြစ်သော အိပ်မက်ကို မြင်မက်သူသည် ကောင်းမွန်၍ အလိုရှိအပ်သော အကျိုးတရားကို ရလာတတ်၏။ မကောင်းသော အကြောင်းနိမိတ်ဖြစ်သော အိပ်မက်ကိုမြင်မက်သူသည် မကောင်းသော အလိုမရှိအပ်သော အကျိုးတရားကို ရလာတတ်၏" ဟူသောစကားကို မိန့်ဆိုထား၏။

ဤ၌လည်း ရှေးက အားကြီးလင်းသော မိုးလင်းချိန်ဟု ဆိုပြီးလျှင် နောက်နားမှာ အရုဏ်တက်သောအခါဟု ဆိုအပ်သော ရှေးနောက်စကားကို ထောက်ဆ၍ အားကြီးလင်းသော မိုးလင်းချိန်မှလည်း နောက်ကျသေးလျက် အလွန့်မဝေးမကွာ အနီးကပ်သောအချိန်၌သာ အနီရောင်အရုဏ်တက်သည်၏ အဖြစ်ကို ပြသည်ဟု သိအပ်၏။ ထို့ကြောင့် ဤ၌လာသော စကားတို့သည် အလွန်အကျိုး အထူးခိုင်မာသော သာဓက တစ်ခု ဖြစ်နေတော့၏။

ထို့ပြင်လည်း အခြားကျမ်းလာ သာဓကစကားကို ပြအပ်၏။ ဤဆိုလတံ့ကား ဆဗ္ဗိသတိမ (၂၆) ခုမြောက်

သာဓကစကားကို ပြခြင်းတည်း။ အင်္ဂုတ္တရနိကာယ် သုတ္တန်ပိဋကတ် အင်္ဂုတ္တရအဋ္ဌကထာ၌–

"ဗလဝပစ္စူသေပန အသိတပီတခါယိတေ သမ္မာပရိဏာမဂတေ ကာယသ္မိံ ဩဇာယ ပတိဋ္ဌိတာယ အရုဏေ ဥဂ္ဂစ္ဆမာနေ ဒိဋ္ဌသုပိနော သမေတိ" ဟူ၍ "အားကြီးလင်းသော မိုးလင်းချိန်၌ကား စားအပ် သောက်အပ် ခဲအပ်သော အစာဟူသမျှသည် ကောင်းစွာ ကြေညက် ခြင်းသို့ ရောက်၍ ခန္ဓာကိုယ်၌ ဩဇာဓာတ် ပြန့်နှံ့ တည်ပြီးလျှင် အရဏ်တက်သော အချိန်၌ မြင်မက် သော အိပ်မက်သည် မှန်တတ်၏" ဤသို့ စသော စကားကို မိန့်ဆိုထား၏။

ဤ၌လည်း အားကြီးလင်းသော မိုးလင်းချိန်ဟု ရှေးက ဆိုပြီးလျှင် အရဏ်တက်သောအချိန်၌ဟု နောက်မှာဆိုသော စကားကို ထောက်ဆ၍ အားကြီးလင်းသော မိုးလင်းချိန်မှလည်း နောက်ကျသေး၍ နီးကပ်လှသောအချိန်၌သာ အနီရောင် အရဏ်တက်သည်၏ အဖြစ်ကို ပြသည်ဟူ၍ သိအပ်၏။ ထို့ကြောင့် ဤ၌လာသော စကားရပ်သည် အလွန်အကျိုးအထူးနိုင်မာသော သာဓကစကားတစ်ရပ် ဖြစ်ပေတော့၏။

ထို့ပြင်လည်း တစ်မျိုးတခြား သာဓကစကားကို ပြအပ်၏။ ဤဆိုလတ့်ကား သတ္တဝီသတိမ (၂၇) ခုမြောက် သာဓကစကားကို ပြခြင်းတည်း။ သံယုတ္တနိကာယ် သုတ္တန်ပိဋကတ် သံယုတ္တအဋ္ဌကထာ၌–

"မယ်တော်ပုဏ္ဏေးမကြီးကို အနီးမှ ဖဲခွာသွားရန် တိုက်တွန်း

ပြီးလျှင် 'စုန္ဒ ဘယ်အချိန်ရှိနေပြီလဲ' ဟု မေး၏။ အားကြီးလင်းသော မိုးလင်းချိန်ရှိနေပါပြီဘုရား ဟု ဖြေ၏။ ရဟန်းသံဃာကို စည်းဝေးစေပါလော့ ဟု မိန့်ဆိုတော်မူ၏။ ရဟန်းသံဃာသည် စည်းဝေးပြီး ဖြစ်နေပါပြီဘုရားဟု လျှောက်ထား၏။ ငါ့ကို မြှောက်ချီမ ၍ ထိုင်နေနိုင်အောင် ဖေးမထားပါလော့ဟု မိန့်ဆိုတော်မူ ၏။ မြှောက်ချီမကာ ထိုင်နေနိုင်အောင် ဖေးမထားလိုက် ပေပြီ။ သာရိပုတ္တရာ ထေရ်ကြီးသည် ရဟန်းတို့ကို မိန့်တော်မူ၏။ မိန့်ပုံကား "ငါ့ရှင်တို့ လေးဆယ့်လေးနှစ် ပတ်လုံး သင်တို့သည် ငါနှင့်အတူပင် လှည့်လည် သွားလာနေစဉ် ငါ၏ကိုယ်ဖြင့် ပြုလုပ်ခြင်း နှုတ်ဖြင့် ပြောဆိုခြင်းဆိုတဲ့ ပြုမှုချက်ကို မနှစ်သက်ကုန်ဘြားအံ့။ ထိုမနှစ် သက်သော ပြုမှုချက်ကို သည်းခံကြ ငါ့ရှင်တို့" ဟု မိန့်တော်မူ၏။ အရှင်မြတ်ကြီးဘုရား ဤမျှလောက် လေးဆယ့်လေးနှစ်ပတ်လုံး တပည့်တော် တို့သည် အရိပ် ကဲ့သို့ အရှင်မြတ်ကြီးတို့ကို မစွန့်မလွှတ်ဘဲ လှည့်လည် သွားလာနေကုန်စဉ် မနှစ်သက်စရာ ပြုမှုချက်မရှိပါ ဘုရား၊ အရှင်မြတ်ကြီးတို့ကသာ တပည့်တော်တို့အား သည်းခံ တော်မူကြပါဘုရား– ဟု လျှောက်ထားကြ လေပြီ။ထိုအခါ သာရိပုတ္တရာထေရ်ကြီးသည် သင်္ကန်းကြီးကို ဆွဲငင်ကာ မျက်နှာကို ပိတ်ဖုံး၍ လက်ျာနံစောင်းဖြင့် လျောင်းလျက် မြတ်စွာဘုရား ကဲ့သို့ပင် အစဉ်အတိုင်း ဝင်စားအပ်သော သမာပတ် ကိုးပါးတို့ကို အနုလုံပဋိလုံ ဝင်စားပြီးလျှင်

နောက်တစ်ဖန် ပထမရျာန်မှစ၍ စတုတ္ထ ရျာန်တိုင်အောင် ဝင်စားတော်မူ၏။ ထိုစတုတ္ထရျာန်မှ ထသည်၏ အခြားမဲ့မှာပင် မြေကြီးကို မြည်ဟီးစေလျက် အကြွင်းအကျန် မရှိ ချုပ်ငြိမ်းခြင်းဟူသော နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန် ဝင်စံတော်မူ၏။ မယ်တော် ဥပါသိကာမကြီးသည် (ပ) အရဏ်တက်သည့်တိုင်အောင် အထူးထူး အထွေထွေ မြည်တမ်း၍ ငိုလေ၏။ အရဏ်တက်ခါမျှ အချိန်၌သာ ရျာပနကိစ္စစီစဉ်၏" ဟူသော စကားကို မိန့်ဆိုထား၏။

ဤ၌လည်း အားကြီးလင်းသော မိုးလင်းချိန်ဟု ရှေးက ဆိုထားပြီးလျှင် ထိုမှနောက်ဝယ် အရဏ်တက်ခါမျှ အချိန်၌သာဟု ဆိုအပ်သော ရှေးနောက်စကားကို ထောက်ဆ၍ အားကြီးလင်းသော မိုးလင်းကြီးချိန်မှတောင် နောက်ကျသေး၍ မိုးလင်းကြီးနှင့် မဝေးမကွာ အနီးကပ်အချိန်၌သာလျှင် အနီရောင် အရဏ်တက်လာသည်၏ အဖြစ်ကို ပြသည်ဟူ၍ ယုံမှားကင်းပြတ်သောအားဖြင့် သိအပ်၏။ ထို့ကြောင့် ဤ၌လာသော စကားစုသည် အလွန်အကျုံး အထူးခိုင်မာသော သာဓကတစ်ခုဖြစ်နေပေတော့၏။

ထို့ပြင်တခြား အလွန် အကျုံးအထူးခိုင်မာသော သာဓကစကားကို ပြအပ်၏။ ဤ ဆိုလတ့်ကား အဋ္ဌဝီသတိမ (၂၈) ခုမြောက် သာဓကကို ပြခြင်းတည်း။ ဒီဃနိကာယ် သုတ္တန်ပိဋကတ် မဟာဝဂ္ဂအဋ္ဌကထာ၌–

"ဂစ္ဆ မဟာဥပါသိကေတိ ဗြဟ္မဏံ ဥယျောဇေတွာ 'စုန္ဒ ကာ ဝေလာ' တိအာဟ။ ဗလဝပစ္စူသကာလော ဘန္တေတိ။ (လ) အထ ထေရော အရုဏာသိခါယ ပညာယမာနာယ မဟာပထဝိံ ဥန္နာဒယန္တော အနုပါဒိ သေသာယ နိဗ္ဗာနဓာတုယာ ပရိနိဗ္ဗာယိ"

"ဥပါသိ ကာမ မယ်တော်ကြီး သွားလေဦး" ဤသို့ မယ်တော် ပုဏ္ဏေးမကြီးကို အနီးမှ ဖဲခွာသွားရန် တိုက်တွန်းပြီးလျှင် 'စုန္ဒ ဘယ်အချိန်ရှိနေပြီလဲ' ဟု မေး၏။ အားကြီးလင်း သော မိုးလင်းချိန်ရှိနေပါပြီဘုရားဟု ဖြေ၏။ ရဟန်း သံဃာကို စည်းဝေးစေပါလော့ ဟု မိန့်ဆိုတော်မူ၏။ ရဟန်းသံဃာသည် စည်းဝေးပြီး ဖြစ်နေပါပြီဘုရားဟု လျှောက်ထား၏။ ငါ့ကို မြှောက်ချီမ၍ ထိုင်နေနိုင်အောင် ဖေးမထားပါလော့ဟု မိန့်ဆိုတော်မူ၏။ မြှောက်ချီမကာ ထိုင်နေနိုင်အောင် ဖေးမထားလိုက် ပေပြီ။ သာရိပုတ္တရာ ထေရ်ကြီးသည် ရဟန်းတို့ကို မိန့်တော်မူ၏။ မိန့်ပုံကား "ငါ့ရှင်တို့ လေးဆယ့်လေးနှစ် ပတ်လုံး သင်တို့သည် ငါနှင့်အတူပင် လှည့်လည် သွားလာနေကုန်စဉ် ငါ၏ကိုယ်ဖြင့် ပြုလုပ်ခြင်း နှုတ်ဖြင့် ပြောဆိုခြင်းဆိုတဲ့ ပြုမူချက်ကို မနှစ်သက်ကုန်ဘြားအံ့၊ ထို မနှစ်သက်သော ပြုမူချက်ကို သည်းခံကြ ငါ့ရှင်တို့" ဟု မိန့်တော်မူ၏။ အရှင် မြတ်ကြီး ဘုရား ဤမျှလောက် လေးဆယ့်လေးနှစ်ပတ်လုံး တပည့်တော်တို့သည်

တပည့်တော်တို့၏ အရိပ်ကဲ့သို့ အရှင်မြတ် ကြီးတို့ကို မစွန့်မလွှတ်ဘဲ လှည့်လည်သွားလာနေကုန်စဉ် မနှစ်သက်စရာ ပြုမူချက်မရှိပါဘုရား၊ အရှင်မြတ်ကြီးတို့ကသာ တပည့်တော်တို့အား သည်းခံတော်မူကြပါဘုရား–ဟု လျှောက်ထားကြလေပြီ။ ထိုအခါ သာရိပုတ္တထေရ်ကြီးသည် အရဏ်ဦး ထင်ရှားတက်လာသော အချိန်၌ နှစ်သိန်းလေးသောင်း အထုရှိသော မဟာပထဝီမြေကြီးကိုမြည်ဟီးစေလျက် ခန္ဓာရုပ်နာမ် အကြွင်းအကျန် မရှိအောင် ချုပ်ငြိမ်းခြင်းဟု ဆိုအပ်သော အနုပါဒိသေသနိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ဝင်စံတော်မူ၏” ဟူသော စကားကို မိန့်ဆိုထား၏။

ဤ၌လည်း ရှေးက အားကြီးလင်းသော မိုးလင်းကြီး အချိန်ဟု ဆိုထားပြီးလျှင် နောက်နားမှာ အရဏ်ဦးထင်ရှား တက်လာသောအချိန်ဟု ဆိုအပ်သောကြောင့် အားကြီးလင်းသော မိုးလင်းကြီးအချိန်မှလည်း နောက်ကျသေး၍ မိုးလင်းကြီးနှင့် မဝေးမကွာ နီးကပ်သောအချိန်၌သာလျှင် အနီရောင် အရဏ်ဦးတက်လာသည်၏ အဖြစ်ကို ပြသည်ဟူ၍ ဤလိုလော ထိုလိုလော တွေးတောယုံမှားခြင်း ကင်းပြတ်သော အားဖြင့် သိအပ်လှပေ၏။ ထို့ကြောင့် ဤအဋ္ဌကထာ၌ လာသော စကားစုသည် အလွန်အကျုံး အထူးခိုင်မာသော သာဓကတစ်ခုဖြစ်နေပေတော့၏။

ယခုခေတ်အခါ၌ များလှစွာကုန်သော ရဟန်းတို့သည်

ယင်းသို့ ဆိုအပ်ကုန်သော အထောက် အထား သာဓကေ စကားတို့ကို မှီငြမ်းမထား မမှတ်သားမူ၍ နှလုံးလည်းမသွင်း သတိလည်း မထားကြဘဲ အထောက်အထား သာဓကေကင်းမဲ့ သော မမှန်သော အရဏ်ရောင်ကိုငှင်း, ချွတ်ယွင်းသော အရဏ်တက်ချိန်ကိုငှင်း အမှီပြုကြကုန်၍ အရဏ်နှင့် စပ်လျဉ်း ကုန်သော များစွာကုန်သော အမှုတို့ကိုပြုကြကုန်၏။ ထိုအမှု တို့သည် ချွတ်ယွင်းသော အမှု ပျက်စီးသော အမှုတို့ဖြစ်ကြပေ ကုန်၏။ ထိုရဟန်းတို့အား နောင်အဖန်ဖန် အောက်မေ့ အမှတ်ရသောအခါ၌ များလှစွာကုန်သော ကုက္ကုစ္စသံသယ တို့သည် ဖြစ်ပေါ်လာတတ်ကြကုန်၏။ ဆက်ဦးအံ့–မှန်ကန် သော အရဏ်ရောင်ကိုငှင်း, မချွတ်ယွင်းသော အရဏ် တက်ချိန်ကိုငှင်း မှီငြမ်းထား၍ ပြုကြကုန်သော ရဟန်းတို့၏ အမှုတို့သည် မချွတ်မယွင်းသော အမှုတို့ ဖြစ်ကြပေကုန်၏။ ကုက္ကုစ္စ သံသယတို့လည်း မဖြစ်ပေါ်နိုင်ကြကုန်။ထို့ကြောင့် သီလ သမာဓိ ပညာ ဟူသော သိက္ခာသုံးပါးကို ကျင့်လို ကုန်သော အာပတ်အပြစ်ကိုလည်း ကြောက်တတ်ကုန်သော ရဟန်းတို့သည် ရှေးဦးစွာ ကြိုတင်၍သာလျှင် သိထားရန် အကျိုးငှာ အရဏ်ရောင်မည်သည် အဘယ်သို့ ရှုမြင်ရသော သဘော ရှိပါသနည်း ဟူ၍ငှင်း, အရဏ် တက်ချိန်သည် အဘယ်သို့ သဘော ရှိပါသနည်း ဟူ၍ငှင်း အဖန်ဖန် စိစစ် အပ်၏။ ဝိနည်း၌ လိမ္မာကုန်သော ရဟန်းတို့၏ အထံ၌ မေးမြန်းအပ်၏။ မေးမြန်းသောအားဖြင့် ထို ရဟန်းတို့ထံမှ

ရအပ်သော စကားတို့ကိုရင်း, ဝိနည်းစသည်တို့၌ လာကုန်သော ယခင်ဆိုခဲ့ကုန်သော ခိုင်မာသော သာမကစကားတို့ကိုရင်း မှီငြမ်းပြု၍ မချွတ်မယွင်းသော အနည်းငယ်နီသော အရောင်ကို အရုဏ်ရောင်ဟူ၍ရင်း, ဝိနယာလင်္ကာရဋီကာဆရာသည် ယခင်ဆုံးဖြတ်အပ်ပြီးသော အနီရောင်မြင်ရသော အချိန်ကို အရုဏ်တက်ချိန် ဟူ၍ရင်း, သိလည်း သိအပ်၏၊ ကောင်းစွာလည်း မှတ်အပ်၏။ သိပြီးမှတ်ပြီး၍ အရုဏ်နှင့် စပ်လျဉ်းသော ထိုထိုအမှုကို ပြုအပ်၏။ အဘယ့်ကြောင့်နည်း? မြတ်စွာဘုရားသည် ဘိက္ခုဝိဘင်း ပါစိတ်ပါဠိတော်၌—

"သိက္ခမာနေန ဘိက္ခဝေ ဘိက္ခုနာ အညာတဗ္ဗံ ပရိပုစ္ဆိတဗ္ဗံ ပရိပဉှိတဗ္ဗံ အယံ တတ္ထ သာမိစိ" ဟူ၍ "ရဟန်းတို့ ကျင့်လိုသော ရဟန်းသည် သိအောင်ပြုအပ်၏၊ မေးမြန်းအပ်၏၊ အဖန်ဖန် စုံစမ်းဆင်ခြင်အပ်၏။ ဤသို့ သိအောင်ပြုခြင်း မေးမြန်းစုံစမ်းခြင်းသည် ထိုသို့ကျင့်လိုရာ၌ ပြုအပ်သော ကျင့်ဝတ်တရားပင်တည်း" ဟူ၍ ဟောတော်မူအပ်သော အဆုံးအမစကားတော်ရှိသောကြောင့်တည်း။

ထို့ကြောင့် ကျင့်လိုသော အာပတ်အပြစ်ကို ကြောက်တတ်သောရဟန်းသည် သိထားရန် အကျိုးငှါ မေးမြန်းအပ်၏။ မေးမြန်းသောအားဖြင့် သိပြီး၍သာလျှင် အရုဏ်နှင့်စပ်လျဉ်းသော ထိုထိုအမှုကို ပြုအပ်၏။

ထိုစကားရပ်၌ ဤဆိုလတ္တံ့သော အကျဉ်းပြ ဂါထာစကားကို ဆိုအပ်၏။

၁၃။ "လဒ္ဓိဟိ သိက္ခကာမေဟိ၊ ဝဇ္ဇဘီရုကေဟိ ဘိက္ခုဟိ။
အရုဏော နာမ ဝဏ္ဏော စ၊ အရုဏုဂ္ဂတကာလော စ။

၁၄။ အဝိရဒ္ဓေန ဉာတဗ္ဗော၊ ဝိညာတုံ ပုစ္ဆိတဗ္ဗောဝ။
ဥတွာ အရုဏာသံယုတ္တံ၊ တံ တံ ကမ္မံ သုကာတဗ္ဗံ။

၁၅။ ကသ္မာ? ဇိနေန ဗုဒ္ဓေန၊ "သိက္ခမာနေန ဘိက္ခဝေ။
ဘိက္ခုနာ အညာတဗ္ဗ"န္တိ၊ ဝုတ္တဝါစာယ အတ္ထိတော။

၁၃။ လဇ္ဇီဟိ၊ အာပတ်ပြစ်မှု လွန်ကျူးရမည်ကို ရှက်တတ်ကုန်သော။ သိက္ခကာမေဟိ၊ သီလသမာဓိပညာဟူသော သိက္ခာသုံးပါးကို ကျင့်ရန်အလိုရှိကုန်သော။ ဝဇ္ဇဘီရုကေဟိ၊ အာပတ်အပြစ်ကို ကြောက်တတ်ကုန်သော။ ဘိက္ခူဟိ၊ ရဟန်းတို့သည်။ အရုဏော နာမ ဝဏ္ဏော စ၊ အရုဏ် အမည်ရှိသော နီသောအရောင်ကိုဒင်း။ အရုဏုဂ္ဂတကာလော စ၊ နီသော အရုဏ်ရောင်တက်သော အချိန်ကိုဒင်း။

၁၄။ အဝိရဒ္ဓေန၊ မချွတ်မယွင်းသောအားဖြင့်။ ဉာတဗ္ဗော၊ သိအပ်၏။ ဝိညာတုံ၊ အထူးသိခြင်းငှါ။ ပုစ္ဆိတဗ္ဗောဝ၊ မေးမြန်းစုံစမ်းအပ်သည်သာလျှင်တည်း။ ဥတွာ၊ သိပြီး၍။ အရုဏာသံယုတ္တံ၊ အရုဏ်နှင့်စပ်လျဉ်းသော။ တံ တံ ကမ္မံ၊ ထိုထို အမှုကို။ သုကာတဗ္ဗံ၊ ကောင်းစွာပြုအပ်၏။

၁၅။ ကသ္မာ၊ အဘယ်ကြောင့်နည်း? ဇိနေန၊ မာရ်ငါးပါးကိုအောင်တော်မူသော။ ဗုဒ္ဓေန၊ မြတ်စွာဘုရားသည်။ "ဘိက္ခဝေ၊ ရဟန်းတို့။ သိက္ခမာနေန၊ ကျင့်လိုသော။ ဘိက္ခုနာ၊ ရဟန်းသည်။ အညာတဗ္ဗံ၊ သိအပ်၏၊ သိအောင်ပြုအပ်၏"။ ဣတိ၊ ဤသို့။ ဝုတ္တဝါစာယ၊ ဟောကြားဆုံးမတော်မူအပ်သော စကားတော်၏။ အတ္ထိတော၊ ရှိသည်၏ အဖြစ်ကြောင့်တည်း။

အဆုံးအဖြတ်နှင့် သာဓကပိုင်းပြီး၏။

၅-အမေးအဖြေကို ပြသောအပိုင်း

ဤအရာ၌ကား အစမှစ၍ ယခင်ဆိုခဲ့ပြီးကုန်သော စကားတို့ကို အကျဉ်းအားဖြင့် လွယ်ကူစွာ သိစေရန် အကျိုးငှါငှါင်းကောင်းစွာမှတ်သားနိုင်ရန် အကျိုးငှါငှါင်း တနေရာတည်း၌ စုပေါင်း၍ အမေးအဖြေအစုံအားဖြင့် ပြသောနည်းကို ပြုအပ်၏။

က။ အဘယ် သဘောတရားသည် အရုဏ်မည်ပါသနည်း။
(ဤကား-အမေး)
နေ၏အရောင် အထူးသည် အရုဏ်မည်၏။
(ဤကား-အဖြေ)

ခ။ ဘယ်အနက်ကြောင့် အရုဏ်မည်ပါသနည်း။ (မေး)

အဿ၊ ထိုနေရောင်အထူးအား။ အရုဏော၊ အနည်းငယ်နီသော။ ဝဏ္ဏော၊အဆင်းအရောင်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထို့ကြောင့်။ အရုဏော၊ အရုဏ်မည်၏။ ကိဉ္စိရတ္တဝဏ္ဏသမန္နာဂတော၊ အနည်းငယ်နီသောအရောင်နှင့် ပြည့်စုံသော အရုဏ်ကို။လဗ္ဘတိ၊ ရအပ်၏။ ဣတိ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။ တေနတ္ထေန၊ အနည်းငယ်နီသော အရောင်နှင့် ပြည့်စုံသော ထိုအနက်သဘောကြောင့်။ အရုဏော နာမ၊ အရုဏ်မည်၏။ အထ ဝါ၊ တနည်းကား။ ရတ္တဝဏ္ဏဘာဝေန၊ နီသောအရောင်၏ အဖြစ်ဖြင့်။ အရတိ ဂစ္ဆတိ ပဝတ္တတိ၊ ဖြစ်တတ်၏။ ဣတိ၊ ထို့ကြောင့်။ အရုဏော၊ အရုဏ်မည်၏။ တေနတ္ထေနာပိ၊ အနီရောင်ဖြင့် ဖြစ်တတ်သော ထိုအနက်

သဘောကြောင့်လည်း။ အရုဏော နာမ၊ အရုဏ်မည်၏။ ဠုတိ၊ ဤသည်ကား။ ဝိသဇ္ဇနာ။ အဖြေတည်း။

ဤစကားတို့အရ အနည်းငယ်နီသော အရောင်နှင့်ပြည့်စုံသော အနက်သဘောကြောင့် အရုဏ်မည်၏။

(တနည်း) အနီရောင်ဖြင့် ဖြစ်တတ်သော အနက်သဘောကြောင့် အရုဏ်မည်၏။ (ဖြေ)

မှတ်ဘွယ်။ ယခုအခါ အာရုံဟုခေါ်ကြ၏။ အာရုဏပုဒ်ပျက် အာရုံမဟုတ်သောကြောင့် "အာရုံ" ဟု မခေါ်သင့်ပါ။ အရုဏပုဒ်ပျက် အရုဏ်ဟူသော ဝေါဟာရသာ ဖြစ်သင့်သောကြောင့် "အရုဏ်" ဟုသာ ခေါ်သင့်ပါ၏။

ဂ။ အဘယ် သို့သော အရောင်သည် အရုဏ်ရောင်မည်ပါသနည်း။ (မေး)

အနည်းငယ်နီသော အရောင်သည် အရုဏ်ရောင်မည်ပါ၏။ (ဖြေ)

ဤ၌ မှတ်ချက်။ အဘိဓာန်နှင့် ၎င်းဋီကာတို့၌လာသော ကိဉ္စိရတ္တ အဗျတ္တရတ္တ-ဟူသော စကားတို့နှင့်အညီ အနည်းငယ်နီသော အရောင်ဟု ဆိုသော်လည်း ပဒုမ္မာကြာနီ,သန္တာနီ,ကမ္ဗလာနီ, နှင်းဆီပွင့်နီစသော ရဲရဲနီသောအရောင်မျိုး မဟုတ်သောကြောင့်သာ အနည်းငယ်နီသော အရောင်ဟုဆိုသည်။ ဖြော့တော့သော အဖြူပျက်ခါမျှ အနီနုရောင်ကို ယူလို၍ဆိုသည် မဟုတ်။ **စင်စစ်အမှန်အားဖြင့် အရှေ့အရပ်မှ**

ထက်လာသောတရွေ့ရွေ့ တိုးပွါးလာသော အရောင်တို့တွင် အနီဆုံးအရောင်ကြီးကိုပင် အရုဏ်ရောင်ဟူ၍ စွဲမြဲစွာ မှတ်သားအပ်၏။ ထို့ကြောင့် ဇာတ်အဋ္ဌကထာ၌ အရွှေ အရပ်မျက်နှာ အနီရောင်ရှိသည်၏ အဖြစ်ကို မိန့်ဆို၏။ ဝိမတိဝိနောဒနီဋီကာ၌လည်း တိုးပွါးလာသော ထူထဲသော အနီရောင်ဟူ၍ မိန့်ဆို၏။

ဃ။ အရုဏ်၏ ပုံသဏ္ဍာန်သည် ဘယ်ပုံသဏ္ဍာန် ရှိပါသနည်း။ (မေး)

အရုဏ်၏ ပုံသဏ္ဍာန်ကား သီးခြား ပုံသဏ္ဍာန်မရှိ၊ အနီရောင်ပြန့်နှံ့ရာအရပ် မျှလောက်သာ ပုံသဏ္ဍာန်ရှိပါ၏။

(တနည်း) အရွှေအရပ် မျက်နှာကဲ့သို့ ပုံသဏ္ဍာန်ရှိပါ၏။ (ဖြေ)

င။ ဘယ်အခါ၌ အရုဏ်တက်ပါသနည်း။ (မေး)
အနည်းငယ် နီသောအရောင်ကို မြင်ရသောအခါ၌ အရုဏ်တက်ပါ၏။ (ဖြေ)

စ။ ဘယ်အရပ်၌ အရုဏ်တက်ပါသနည်း။ (မေး)
အရွှေအရပ်၌ အရုဏ်တက်ပါ၏။ (ဖြေ)

ဆ။ အရုဏ်ဆိုတာ ပစ္စက္ခသိဒ္ဓခေါ် မျက်စိဖြင့် မြင်၍ သိအပ်သောသဘောမျိုး ရှိပါသလော။ (မေး)
အရုဏ်ဆိုတာ ပစ္စက္ခသိဒ္ဓခေါ် မျက်စိဖြင့် မြင်၍ သိအပ်သော သဘောမျိုးရှိပါ၏။ (ဖြေ)

၉။ အရှက်ဆိုတာ စိတ်ဖြင့် မှန်းဆ၍ သိအပ်သော သဘောမျိုးဖြစ်သော အနုမာနသိဒ္ဓမျိုးလော။
(ဤကား-အမေး)

အရှက်ဆိုတာ မျက်စိဖြင့်မြင်၍ သိအပ်သောသဘော ရှိသည်သာ၊ ထို့ကြောင့် အနုမာနသိဒ္ဓမျိုး မဟုတ်သည်သာတည်း။ (ဤကား-အဖြေ)

ထိုအမေးအဖြေ (၈) ခုတို့၏အရာ၌ ဤအကျဉ်း ဂါထာစကားကို ဆိုအပ်၏—

၁၆။ ကော ဓမ္မော အရူပေါ နာမ၊
ကေနဋ္ဌေနာရူပေါ နာမ။
သူရူပဘာဝိသေသော၀၊
ရုဋ္ဌဋ္ဌေနာရူပေါ နာမ။

၁၇။ ကော ဝဏ္ဏော အရူပေါ နာမ၊
ကီဒိသံ တဿ သဏ္ဌာနံ။
ကိမ္ဗိရုဋ္ဌော အရူပေါ နာမ၊
ပုရတ္ထိမာ၀ သဏ္ဌာနံ။

၁၈။ ကိသ္မိံ ကာလေ စ ဒေသေ စ၊
အရူပေါ နာမ ဥဂ္ဂတော။
ကိမ္ဗိရုဋ္ဌဒိဋ္ဌကာလေ၊
ပုရတ္ထိမာယ ဥဂ္ဂတော။

၁၉။ သော ပစ္စက္ခသိဒ္ဓေါ နု၊
အနုမာနေန သိဒ္ဓေါ နု။
သော ပစ္စက္ခသိဒ္ဓေါ၀၊
နေ၀ါနုမာနသိဒ္ဓေါ တု။

၁၆။ ကော မဓ္ဓော၊ အဘယ်သဘောတရားသည်။ အရဟတ္တော နာမ၊ အရဟတ် မည်ပါသနည်း။ ကေနဋ္ဌေန၊ အဘယ် အနက်ကြောင့်။ အရဟတ္တော နာမ၊ အရဟတ်မည်ပါသနည်း။ သူရပ္ပဘာဝိသေသော၀၊ နေ၏အရောင်အထူးသည်သာလျှင်။ အရဟတ္တော နာမ၊ အရဟတ်မည်၏။ ရတ္တဋ္ဌေန၊ အနီရောင် ရှိသောအနက်ကြောင့်။ အရဟတ္တော နာမ၊ အရဟတ်မည်၏။

၁၇။ ကော ဝဏ္ဏော၊ အဘယ်အရောင်သည်။ အရဟတ္တော နာမ၊ အရဟတ်ရောင်မည်ပါသနည်း။ တဿ၊ ထိုအရဟတ်၏။ သဏ္ဌာနံ၊ ပုံသဏ္ဌာန်သည်။ ကီဒိသံ၊ အဘယ်သို့သော ပုံသဏ္ဌာန်ရှိပါသနည်း။ ။ကိဉ္စိရတ္တော၊ အနည်းငယ်နီသော အရောင်သည်။ အရဟတ္တော နာမ၊ အရဟတ်ရောင်မည်၏။ ပုရတ္ထိမာဝ၊ အရှေ့အရပ်ကဲ့သို့။ သဏ္ဌာနံ၊ ပုံသဏ္ဌာန်ရှိပါ၏။ (တနည်း) ပုရတ္ထိမာဝ၊ အရှေ့အရပ် မျက်နှာသည်သာလျှင်။ သဏ္ဌာနံ၊ ပုံသဏ္ဌာန်ပင်တည်း။

၁၈။ ကိသ္မိံ ကာလေ စ၊ ဘယ်အချိန်၌ရင်း။ ကိသ္မိံ ဒေသေ စ၊ ဘယ်အရပ်၌ရင်း။ အရဟတ္တော နာမ၊ အရဟတ် မည်သည်။ ဥဂ္ဂတော၊ တက်ပါသနည်း။ ကိဉ္စိရတ္တဒိဋ္ဌကာလေ၊ အနည်းငယ် နီသောအရောင်ကို မြင်အပ်သော အချိန်၌။ ပုရတ္ထိမာယ၊ အရှေ့အရပ်၌၊ ဥဂ္ဂတော၊ တက်ပါ၏။

၁၉။ ဧသော (အရဟတ္တော)၊ ဤအရဟတ်သည်။ ပစ္စက္ခသိဒ္ဓေါ နု၊ မျက်မြင်ဖြင့် ပြီးစီးပါသလော။ ဝါ၊ မျက်စိဖြင့်မြင်၍ သိအပ်သော သဘောရှိပါသလော။ အနုမာနေန၊ စိတ်ဖြင့် မှန်းဆသောအားဖြင့်။ သိဒ္ဓေါ နု၊ ပြီးစီးပါသလော။ ဝါ၊ သိအပ်သော သဘောရှိပါသလော။ ဧသော၊ ဤအရဟတ် သည်။ ပစ္စက္ခသိဒ္ဓေါဝ၊ မျက်မြင်ဖြင့် ပြီးစီးသည်သာလျှင်

တည်း။ ဝါ၊ မျက်စိဖြင့်မြင်၍ သိအပ်သော သဘော ရှိသည် သာလျှင်တည်း။ တု၊ ထိုမှတပါး၊ အနုမာနသိဒ္ဓေါ၊ စိတ်ဖြင့် မှန်းဆသောအားဖြင့် ပြီးသည်။ ဝါ၊ စိတ်ဖြင့် မှန်းဆသော အားဖြင့် သိအပ်သော သဘောရှိသည်။ နေဝ-န ဧဝ၊ မဟုတ် သည်သာလျှင်တည်း။

ဈ။ ထို့ပြင်လည်း အနည်းငယ်နီသော အရောင်ဟုဆိုအပ် သော အရုဏ်သည် မိုးမလင်းသေးမီ တက်သလော, သို့မဟုတ် မိုးလင်းပြီးမှ တက်သလော, ဤသို့ တစုံ တယောက်သောသူသည် မေးငြားအံ့။ (မေး)

အနည်းငယ်နီသော အရုဏ်သည် မိုးမလင်းသေးမီ မတက်သေးပါ၊ မိုးလင်းပြီးမှသာ တက်ပါသည်။ ဤသို့ သိသောရဟန်းသည် ဖြေဆိုရာ၏။ (ဖြေ)

ည။ အနည်းငယ်နီသော အရုဏ်သည် မိုးလင်းပြီးသည်မှ နောက်၌ ဝေးကွာသော အချိန်၌ တက်သလော, နီးကပ်သောအချိန်၌ တက်သလော။ (မေး)

အနည်းငယ်နီသော အရုဏ်သည် မိုးလင်းပြီးသည်မှ နောက်၌ ဝေးကွာသောအချိန်၌သာ တက်ပါ၏၊ နီး ကပ်သောအချိန်၌ မတက်သေးပါ။ (ဖြေ)

မှတ်ချက်အညွှန်း။ ရှေး၌ဖြစ်စေ နောက်၌ဖြစ်စေ မိုးလင်း, မိုးလင်းချိန်ဟု သာမညဆိုသော အရာတို့၌ အလင်း ရောင်အားနည်းသော မိုးလင်းချိန်ဟု မှတ်ယူကြပါ။

ဋ။ အနည်းငယ်နီသော အရုဏ်သည် မိုးလင်းပြီးသည်မှ နောက်၌ ဘယ်မျှလောက်ဝေးကွာသော အချိန်၌ တက်ပါသနည်း။ (မေး)

အနည်းငယ်နီသော အရုဏ်သည် အလင်းရောင်အား နည်းသော မိုးလင်းချိန်မှ နောက်ဖြစ်သော အလင်း ရောင်အားကြီးသော မိုးလင်းချိန်၌လည်း မတက် သေးမူ၍ ထိုအားကြီးသော မိုးလင်းချိန်ကိုလည်း ကျော်လွန်၍ဖြစ်ရကား ဤမျှလောက် ဝေးကွာသော အချိန်၌ တက်ပါ၏။ (ဖြေ)

၄။ အဘယ်စကားကို ထောက်ဆ၍ ဤသို့ သိအပ်ပါ သနည်း။ (မေး)

မဟာပရိနိဗ္ဗာနသုတ် အဖွင့်၌ အလင်းရောင်အား ကြီးသော မိုးလင်းချိန်မှ နောက်၌သာ အရုဏ်တက် ခြင်းကို ဆိုသောကြောင့် ထိုစကားကို ထောက်ဆ၍ အလင်းရောင် အားကြီးသော မိုးလင်းချိန်မှ နောက်၌ သာ အနည်းငယ်နီသော အရုဏ်တက်သည် ဟူ၍ သိအပ်၏။ (ဖြေ)

၃။ မိုးလင်းချိန်သည် အဘယ်မျှလောက် အပြားရှိပါ သနည်း။ (မေး)

မိုးလင်းချိန်သည် အလင်းရောင်အားဖြင့် အားနည်း သော မိုးလင်းချိန်, အားကြီးသော မိုးလင်းချိန် ဟူ၍ နှစ်ပါး အပြားရှိ၏။ (ဖြေ)

၁။ အဘယ်စကားကို ထောက်ဆ၍ အဘယ်စကားကို နှလုံးသွင်း၍ ဤသို့ သိအပ်ပါသနည်း။ (မေး)

မဟာပရိနိဗ္ဗာနသုတ် အဖွင့်၌ လာသော "အလင်း ရောင်အားကြီးသော မိုးလင်းချိန်၌" ဟူသော ဝိသေသ စကားကို ထောက်ဆ၍ ဝိနည်းအဋ္ဌကထာတို့၌ လာ

သော "မိုးလင်းချိန်"ဟူသော သာမညစကားကို အလင်းရောင်အားနည်းသော မိုးလင်းချိန်ဟု နှလုံးသွင်းပြီးလျှင် မိုးလင်းချိန်ဟူသည် အလင်းရောင်အားဖြင့် အားနည်းသော မိုးလင်းချိန်, အားကြီးသော မိုးလင်းချိန် ဟူ၍ နှစ်ပါးအပြားရှိသည်ဟု သိအပ်၏။ (ဖြေ)

ဏ။ ဤသို့ နှစ်ပါးပြားသည်ရှိသော် အားကြီးသော မိုးလင်းချိန်မှ ရှေးဟု ဆိုနိုင်သော အားနည်းသော မိုးလင်းချိန်မှ နောက်ဟု ဆိုနိုင်သော မိုးလင်းချိန် နှစ်ပါးတို့၏အကြား၌ အနည်းငယ်နီသော အရုဏ်တက်ပါသလော။ (မေး)

ထိုသို့ သဘောရှိသော မိုးလင်းချိန်နှစ်ပါးတို့၏ အကြား၌ အနည်းငယ်နီသောအရုဏ် မတက်သေးပါ။ (ဖြေ)

တ။ ဤသို့ နှစ်ပါးပြားသော မိုးလင်းချိန်တို့တွင် ဘယ်မိုးလင်းချိန်မှ နောက်၌ အနည်းငယ်နီသော အရုဏ်တက်ပါသနည်း။ (မေး)

နှစ်ပါးပြားသော မိုးလင်းချိန်တို့တွင် အားကြီးသော မိုးလင်းချိန်မှ နောက်၌သာ အနည်းငယ်နီသော အရုဏ်တက်ပါ၏။ (ဖြေ)

ထ။ ဘယ်စကားကို ထောက်ဆ၍ ဤသို့ သိအပ်ပါသနည်း။ (မေး)

မဟာပရိနိဗ္ဗာနသုတ် အဖွင့်၌ အားကြီးသော မိုးလင်းချိန်မှ နောက်၌သာ အနည်းငယ်နီသော အရုဏ်တက်ခြင်းကို ဆိုသောကြောင့် ထိုစကားကို ထောက်

ဆဲ၍ မိုးလင်းချိန်နှစ်ပါးတို့၏အကြား၌ မတက်သည်၏အဖြစ်ကိုငင်း,အားကြီးသော မိုးလင်းချိန်မှ နောက်၌သာ တက်သည့်၏အဖြစ်ကိုငင်း သိအပ်၏။ (ဖြေ)

၃။ အဘယ် အင်္ဂါတို့နှင့် ပြည့်စုံသောအခါကို အရုဏ်တက်ချိန်ဟူ၍ သိအပ်ပါသနည်း။ (မေး)

အင်္ဂါသုံးပါးတို့နှင့် ပြည့်စုံသော အခါကို အရုဏ်တက်ချိန် ဟူ၍သိအပ်ပါ၏။ (ဖြေ)

၈။ အဘယ် အင်္ဂါသုံးပါးတို့နှင့် ပြည့်စုံသော အခါကို အရုဏ်တက်ချိန်ဟူ၍ သိအပ်ပါသနည်း။ (မေး)

၁-နေထွက်သောအချိန်မှ ရှေး၌ဖြစ်ခြင်း

၂-အားကြီးသောမိုးလင်းချိန်မှ နောက်၌ဖြစ်ခြင်း

၃-အနည်းငယ်နီသော အရောင်ကို မြင်ရခြင်း

ဤအင်္ဂါ သုံးပါးတို့နှင့် ပြည့်စုံသော အခါကို အရုဏ်တက်ချိန်ဟူ၍ သိအပ်ပါ၏။ (ဖြေ)

န။ ရှေး၌ ဆိုခဲ့ပြီးကုန်သော စကားတို့တွင် အဘယ်စကားတို့ကို မှီငြမ်းပြု၍ ဤအင်္ဂါ သုံးပါးတို့ကို ဆိုအပ်ကုန်သနည်း။ (မေး)

ဝိနည်းစသော ကျမ်းဂန်တို့မှ ထုတ်ဆောင် ယူငင်၍ ရှေး၌ ပြအပ်ကုန်သော များစွာသော စကားတို့ကို မှီငြမ်းပြု၍ ဤအင်္ဂါ သုံးပါးတို့ကို ဆိုအပ်ပါကုန်၏။

ထို အဖြေ စကားကို ချဲ့ဦးအံ့···· ဤ ကျမ်း ရှေ့ပိုင်းဖြစ်သော အရုဏ်စသည်ကို ဆိုသောအပိုင်း၌ပင်လျှင်

“နေထွက်သည်မှရှေး၌ (နေမထွက်သေးမီ) တက်လာသောအရောင်သည် အရုဏ်မည်၏” ဤသို့စသည်ဖြင့် ပြအပ်ကုန်သော များစွာသော စကားတို့ကိုၛင်း, ထို့ပြင်လည်း သံယုတ္တနိကာယ် မဟာဝဂ် မဂ္ဂသံယုတ်ပါဠိတော်၌ “ရဟန်းတို့ အကြင် အရုဏ်တက်ခြင်းသည်ရှိ၏၊ ထိုအရုဏ်တက်ခြင်းသည် ထွက်ပေါ်လတံ့သောနေ၏ရှေ့သွား ဖြစ်ခြင်းပင်တည်း၊ ရှေ့ပြေးအကြောင်းနိမိတ်ပင်တည်း” ဟူ၍ မြတ်စွာဘုရားသည် ဟောကြားတော်မူအပ်သော စကားတို့ကိုၛင်း မှီငြမ်းပြု၍ “နေထွက်သော အချိန်မှ ရှေး၌ဖြစ်ခြင်း” ဟူသော ပထမအင်္ဂါကို ဆိုအပ်၏။

ရှေး၌ပင်လျှင် ဝိနည်းသုတ္တန်တို့မှ ထုတ်ဆောင်၍ ပြအပ်ကုန်သော “မိုးလင်းချိန်၌ ရဟန်း လေးပါးငါးပါးတို့နှင့် အတူတကွ” ဟူ၍ၛင်း, “အားကြီးလင်းသောမိုးလင်းချိန်၌ မြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်စံတော်မူသည်၏အဖြစ်ကြောင့်” ဟူ၍ၛင်း ဤသို့အစရှိကုန်သော များလှစွာကုန်သော ခိုင်မာသော သာဓကစကားတို့ကို မှီငြမ်းပြု၍ “အားကြီးသော မိုးလင်းချိန်မှ နောက်၌ ဖြစ်ခြင်း” ဟူသော ဒုတိယအင်္ဂါကို ဆိုအပ်၏။

ရှေး၌ပင်လျှင် “ငါးကြင်း၏ မျက်စိနှင့်တူသော အနည်းငယ်နီသော အရောင်ကို ထင်ရှားမြင်ရသော အချိန်မှစ၍ ဝတ်ကိုချခြင်းစသော အမှုကို ပြုအပ်၏” ဤသို့ စသည်ဖြင့် ဆိုအပ်ကုန်သော များလှစွာကုန်သော စကားတို့ကို မှီငြမ်းပြု၍ “အနည်းငယ်နီသော

အရောင်ကို မြင်ရခြင်း” ဟူသော တတိယ အင်္ဂါကို ဆိုအပ်၏။

ဤသို့ ဤပုံ ရှေး၌ ပြအပ်ကုန်ပြီးသော များစွာသောစကားတို့ကို မှီငြမ်းပြု၍ ဤအင်္ဂါသုံးပါးတို့ကို ဆိုအပ်ကုန်၏ဟူ၍ မှတ်အပ်ကုန်၏။

ပ။ ထိုပြင်လည်း ဤအင်္ဂါ သုံးပါးတို့နှင့် ပြည့်စုံသော အရုဏ်တက်ချိန်သည် ရှေးမြန်မာနာရီအားဖြင့် အဘယ်အချိန်၌ ဖြစ်ပါသနည်း။ (မေး)

ထိုသို့သော အရုဏ်တက်ချိန်သည် နေထွက်သည်မှ ရှေး(နေမထွက်သေးမီ) မြန်မာနာရီအားဖြင့် တနာရီအချိန်၌ ဖြစ်ပါ၏။ (ဖြေ)

ထိုအဖြေ စကားကို ချဲဦးအံ့....အရုဏ် စသည်ကို ဆိုသော အပိုင်း၌ “နေဝန်းကို မြင်ရသော အခါမှ ရှေး၌ (၁) နာရီမျှဖြင့်ဋင်း” ဤသို့ စသည်ဖြင့် ဆိုအပ်ကုန်သော များစွာသော စကားတို့ကို အမှီပြု၍ နေထွက်သည်မှ ရှေး (နေမထွက်သေးမီ) မြန်မာနာရီအားဖြင့် (၁) နာရီအချိန်၌ ထိုသို့သော အရုဏ်တက်ချိန်သည် ဖြစ်ပါ၏ဟူ၍ သိအပ်၏။

ဗ။ ထိုပြင်လည်း ဆိုခဲ့သော ရှေးခေတ်ဟောင်း မြန်မာနာရီ (၁) နာရီ အချိန်သည် ယခုခေတ် စက်နာရီအတိုင်းအရှည်အားဖြင့် ဘယ်မျှလောက်အချိန်နှင့် တူညီမျှပါသနည်း။ (မေး)

ထိုသို့သော ရှေးမြန်မာနာရီ (၁) နာရီ အချိန်သည် စက်နာရီ၏ မိနစ်အတိုင်းအရှည်အားဖြင့်(၂၄)မိနစ် အချိန်နှင့် တူညီမျှပါ၏.... (ဖြေ)

ထိုစကားကို ရှုဦးအံ့····ဤကျမ်း ရှေ့ပိုင်းမှာပင် "ရှေးမြမ္ဘာတနာရီအချိန်သည် စက်နာရီ၏ နှစ်ဆယ့်လေးမိနစ်အချိန်နှင့် တူမျှသော အချိန်ရှိ၏။" ဤသို့စသည်ဖြင့် ဆိုအပ်ကုန်သော များစွာသောစကားတို့ကို အမှီပြု၍ ဤအဖြေစကားကို ဆိုသည်ဟူ၍ မှတ်အပ်၏။

ဗ။ စက်နာရီအားဖြင့် နေထွက်ချိန်မှ ရှေး (နေမထွက်သေးမီ) အဘယ်မျှလောက် ဝေးကွာသောအချိန်၌ အနည်းငယ်နီသော အရုဏ်ရောင် တက်ပါသနည်း ဤသို့ မေးငြားအံ့။ (မေး)

နေထွက်ချိန်မှ ရှေး (နေမထွက်သေးမီ) နှစ်ဆယ့်လေးမိနစ်မျှသာ ဝေးကွာသောအချိန်၌ အနည်းငယ်နီသော အရုဏ်ရောင်တက်ပါ၏····ဤသို့ ဖြေဆိုရာ၏။ (ဖြေ)

ဤ၌ "နေထွက်သောအချိန်သို့ နှစ်ဆယ့်လေးမိနစ်တို့ဖြင့် မရောက်သေးမီ အချိန်၌ (ဝါ-နေထွက်ရန် (၂၄) မိနစ် လိုသေးသော အချိန်၌) အနည်းငယ်နီသော အရုဏ်ရောင်တက်သည်" ဟူ၍ ဆိုလိုရင်း အဓိပ္ပါယ်ကို သိအပ်၏။

ထိုစကားကို ထင်ရှားစေဦးအံ့····အကယ်၍ နေ့ညဥ့်အတိုင်းအရှည်တူညီသော နေ့ရက်၌ (၆) နာရီတိတိအချိန်၌ နေထွက်ငြားအံ့၊ ထိုနေထွက်ချိန်မှ ရှေး၌ (၅)နာရီမှ (၃၆) မိနစ်ကျော်လွန်သော အချိန်ကို အရုဏ်တက်ချိန် ဟူ၍ သိအပ်၏။ ထိုစကားမှန်၏၊ ထို(၅)နာရီ (၃၆) မိနစ် အချိန်သည် နေထွက်ချိန်မှ

ရှေး (နေမထွက်သေးမီ) (၂၄) နှစ်ဆယ့်လေးမိနစ်မျှသာ ဝေးကွာသောအချိန် ဖြစ်ပေ၏။ နေထွက်ချိန်သို့ နှစ်ဆယ့်လေးမိနစ်တို့ဖြင့် မရောက်သေးသော အချိန် (ဝါ-နေထွက်ရန် (၂၄)မိနစ် လိုသေးသော အချိန်)လည်း ဖြစ်ပေ၏။ ထို့ကြောင့် ထို(၅)နာရီ (၃၆)မိနစ်အချိန်ကို အရုဏ်တက်ချိန်ဟူ၍ ကောင်းစွာ မှတ်အပ်၏။ နေ့ည၌ အတိုင်းအရှည်တူညီသော ဤနေ့ရက်၌ ကောင်းစွာမှတ်အပ်သကဲ့သို့ ဤနည်းအတူပင်လျှင် တပါးတခြားသော နေ့ည၌ အတိုင်းအရှည် မတူညီသော နေ့ရက်တို့၌လည်း ဆိုခဲ့သော နည်းကို အစဉ်မှီးသဖြင့် အရုဏ်တက်ချိန်ကို ကောင်းစွာ မှတ်သားအပ်၏။

ဤသို့ ဤပုံ ရှေး၌ အကျယ်အားဖြင့် ဆိုအပ်ကုန်သော စကားတို့ကိုငင်း, အမေးအဖြေအားဖြင့် ဆိုအပ်ကုန်သော ဤစကားတို့ကိုငင်း အမှီပြု၍ နေထွက်သောအချိန်မှ ရှေး၌ ဖြစ်ခြင်း,အလင်းရောင်အားကြီးသော မိုးလင်းချိန်မှ နောက်၌ ဖြစ်ခြင်း,အနည်းငယ်နီသော အရောင်ကို မြင်ရခြင်း, ဤအင်္ဂါ သုံးပါးတို့နှင့် ပြည့်စုံသော အချိန်ကို အရုဏ်တက်ချိန်ဟူ၍ ယုံမှားသံသယမရှိသောအားဖြင့် ကောင်းစွာသိအပ်၏။

ထို့ပြင်လည်း ထိုအရုဏ်တက်ချိန်ကို လွယ်ကူစွာသိလိုကုန်သော ရဟန်းတော်တို့သည် တလ-တလ အတွင်း၌ဖြစ်စေ တပက္ခ-တပက္ခ အတွင်း၌ဖြစ်စေ ရှေးတရက်ရက်၌ နေထွက်ချိန် စက်နာရီ အတိုင်းအရှည်ကို ကောင်းစွာမှတ်သားထားအပ်၏။ နောက်နောက်ရက်များ၌ကား မှတ်သားထားခဲ့သော ထိုနေထွက်ချိန်မှ ရှေး (၂၄) နှစ်ဆယ့်လေးမိနစ်မျှ ရှိ

သောအချိန်၌ (ဝါ–နေထွက်ရန် (၂၄) နှစ်ဆယ့်လေးမိနစ် လိုသေးသော အချိန်၌) အနီရောင်အရုဏ်တက်သည်ဟူ၍ ယုံမှားသံသယ ကင်းရှင်းသောအားဖြင့် ကောင်းစွာ မှတ်သားအပ်၏။ ဤသို့ ဤပုံလည်း ဤအရုဏ်တက်ချိန် အဆုံးအဖြတ်ကို ကောင်းစွာ သိထားအပ်၏။

ထိုပြင်လည်း ဤအဆုံးအဖြတ်ကို အကျဉ်းအားဖြင့် မှတ်သားဆောင်ထားလိုသူတို့၏ အကျိုးငှါ အကျဉ်းပြသုံးဂါထာတို့ကို စီရင်အပ်ကုန်၏။

၂၀။ သူရိယုဂ္ဂတပုဗ္ဗော စ၊ ဗလပစ္ဆုသတော ပစ္ဆာ။
ဒဿနံ ကိဋ္ဌိရတ္တန္တိ၊ တိဝဂ်ပ္ပရကာလော ဝ။

၂၁။ အရုဏုဂ္ဂတကာလောတိ၊ နိသံသယေန ဉာတဗ္ဗော။
အဋထော ဃဋိပမာဏေန၊ သူရောဒယဃဋိ ဥတ္တာ။

၂၂။ သူရိယောဒယတော ပုဗ္ဗေ၊ စတုဝီသမိနေ ကာလေ။
အရုဏော ဥဂ္ဂတော ဝေံ၊ အယံ ဝိနိစ္ဆယော ဉေယျော။

၂၀။ သူရိယုဂ္ဂတပုဗ္ဗော စ၊ နေထွက်သောအချိန်မှ ရှေးဖြစ်ခြင်းငှင်း။ ဗလပစ္ဆုသတော၊ အလင်းရောင်အားကြီးသောမိုးလင်းချိန်မှ။ ပစ္ဆာ စ၊ နောက်ဖြစ်ခြင်းငှင်း။ ကိဋ္ဌိရတ္တံ၊ အနည်းငယ်နီသောအရောင်ကို။ ဒဿနဥ္စ၊ မြင်ရခြင်းငှင်း။ ဣတိ၊ ဤသို့။ တိဝဂ်ပ္ပရကာလော ဝ၊ အင်္ဂါသုံးပါးပြည့်သော ချိန်ကိုသာလျှင်။

၂၁။ အရုဏုဂ္ဂတကာလောတိ၊ အရုဏ်တက်ချိန်ဟူ၍။ နိသံသယေန၊ ယုံမှားသံသယမရှိသောအားဖြင့်။ ဉာတဗ္ဗော၊ သိအပ်၏။ အဋထော၊ ထိုမှတပါး။ ဃဋိပမာဏေန၊ စက်နာရီ

အတိုင်းအရှည်အားဖြင့်။ သူရောဒယဃဋိ၊ နေထွက်ချိန် နာရီကို။ ဥတွာ၊ သိမှတ်ထားပြီး၍။

၂၂။ သူရိယောဒယတော၊ နေထွက်ချိန်မှ။ ပုဗ္ဗေ၊ရှေး၌။ ဝါ၊နေမထွက်သေးမီ၌။ စတုဝီသမိနေ့၊ နှစ်ဆယ့်လေးမိနစ် ရှိသော၊ ကာလေ၊ အချိန်၌။ ဝါ၊ နေထွက်ရန် နှစ်ဆယ့်လေး မိနစ်သာ လိုတော့သည်ဟု ဆိုအပ်သောအချိန်၌။အရုဏော၊ အနည်းငယ်နီသော အရုဏ်သည်။ ဝါ၊ အရှေ့အရပ်မှ တက် လာသော အရောင်တို့တွင် အနီဆုံးအရောင်ဟု ဆိုအပ်သော အရုဏ်သည်။ ဥဂ္ဂတော၊ တက်၏။ ဧဝံ၊ ဤသို့ ဤပုံ။ အယံ ဝိနိစ္ဆယော၊ ဤအရုဏ်တက်ချိန် အဆုံးအဖြတ်ကို။ ဧဥယျော၊ သိအပ်၏။

ထိုပြင်တနည်း အလွန်ကျဉ်းသောအားဖြင့် မှတ်သား စေရန် အကျိုး၄ါ နှစ်ဂါထာတို့ကို စီရင်အပ်ကုန်၏။

၂၃။ သူရိယောဒယတော ပုဗ္ဗေ၊
မလပစ္စူသတော ပရေ။
ကိဉ္စိရတ္တာဒိဋ္ဌကာလေ၊
ဃဋိယာ ပရိမာဏတော။

၂၄။ စတုဝီသမိနေ ကာလေ၊
အရုဏော ဥဂ္ဂတော ဧဝံ။
အယံ ဝိနိစ္ဆယော ဧဥယျော၊
သိက္ခကာမေဟိ ဘိက္ခုဟိ။

၂၃။ သူရိယောဒယတော၊ နေထွက်ချိန်မှ။ပုဗ္ဗေ၊ရှေး၌။ မလပစ္စူသတော၊ အလင်းရောင် အားကြီးသော မိုးလင်း ချိန်မှ။ ပရေ၊ နောက်၌။ ကိဉ္စိရတ္တာဒိဋ္ဌကာလေ၊ အနည်းငယ်

နီသောအရောင်ကို မြင်အပ်သော အချိန်၌။ ဃဋီယာ၊ စက်နာရီ၏။ ပရိမာဏေတော၊ အတိုင်းအရှည်အားဖြင့်။

၂၄။ စတုဝီသမိနေ၊ နှစ်ဆယ့်လေးမိနစ် ရှိသော။ ကာလေ၊အချိန်၌။အရုဏော၊ အရုဏ်သည်။ ဥဂ္ဂတော၊တက်လာ၏။ ဧဝံ၊ ဤသို့ ဤပုံ။အယံ ဝိနိစ္ဆယော၊ ဤအရုဏ်တက်ချိန် အဆုံးအဖြတ်ကို။ သိက္ခာကာမေဟိ၊ကျင့်လိုကုန်သော။ ဘိက္ခူဟိ၊ ရဟန်းတော်တို့သည်။ ဉေယျော၊ သိအပ်၏။

ထိုမြင်တနည်း အလွန့်အလွန် ကျဉ်းသောအားဖြင့် မှတ်သားစေရန် အကျိုးငှါ တဂါထာကို စီရင်အပ်၏။

၂၅။ စက္ကဃဋိပမာဏေန၊
သူရိယောဒယတော ပုဗ္ဗေ။
စတုဝီသမိနေ ကာလေ၊
အရုဏော ဥဂ္ဂတော ဟောတိ။

၂၅။ စက္ကဃဋိပမာဏေန၊ စက်နာရီ အတိုင်းအရှည်အားဖြင့်။ သူရိယောဒယတော၊ နေထွက်ချိန်မှ၊ ပုဗ္ဗေ၊ ရှေး၌။ ဝါ၊ နေမထွက်သေးမီ၌။ စတုဝီသမိနေ၊ နှစ်ဆယ့်လေးမိနစ် ဝေးကွာခြင်းရှိသော။ ကာလေ၊ အချိန်၌။ ဝါ၊ နေထွက်ရန် (၂၄) မိနစ်လိုသောအချိန်၌။ အရုဏော၊ အနီရောင်အရုဏ်သည်။ ဥဂ္ဂတော၊ တက်လာသည်။ ဟောတိ၊ ဖြစ်၏။

ဤဆိုလတံ့ကား တိုက်တွန်းခြင်းတည်း—

၂၆။ ဝဇ္ဇာဘီရုကဘိက္ခူနံ၊
ဝဇ္ဇေဟိ မောစနတ္ထာယ။
ဝိသုဒ္ဓသီလကာမာနံ၊
သုဒ္ဓတ္ထာယ စ သီလသာ။

၂၇။ သိက္ခကာမိကာဘိက္ခုနံ၊
သာရကံ သိက္ခနတ္ထာယ။
ကုက္ကုစ္စယိကာဘိက္ခုနံ၊
ကုက္ကုစ္စဝိဂတတ္ထာယ။

၂၈။ ဝိနယာဒီသု ဂန္ထေသု၊
အာဂတံ အတိယုတ္တိကံ။
ဒဋ္ဌဝါစံဝ နိဿာယ၊
အယံ ဝိနိစ္ဆယော ကတော။

၂၉။ န ဝိရောဓကေရတ္ထာယ၊
န သာရမ္ဘာဒိအတ္ထာယ။
တသ္မာ တောဒိသာ ဘိက္ခူ၊
တဒတ္ထသာဓနတ္ထာယ။

၃၀။ ဣမံ ဝိနိစ္ဆယံ ဘဒ္ဒံ၊
သက္ကစ္စံ ဥပလက္ခန္တု။
အာကင်္ခမာနဘိက္ခူပိ၊
သာရကံ ဥပဓာရေန္တု။

၂၆။ ဝဋ္ဋဘီရုကာဘိက္ခုနံ၊ အာပတ်အပြစ်ကို ကြောက်တတ်ကုန်သော ရဟန်းတို့၏။ ဝဋ္ဋေဟိ၊ အာပတ်အပြစ်တို့မှ။ မောစနတ္ထာယ စ၊ လွတ်မြောက်ခြင်းအကျိုးငှါလည်း။ ဝိသုဒ္ဓ-သီလကာမာနံ၊ စင်ကြယ်သောသီလကို အလိုရှိကုန်သော ရဟန်းတို့၏။ သီလဿ၊ သီလ၏။ သုဒ္ဓတ္ထာယ စ၊ စင်ကြယ်ခြင်းအကျိုးငှါလည်း။

၂၇။ သိက္ခကာမိကာဘိက္ခုနံ၊ သီလ - သမာဓိ - ပညာ ဟသော သိက္ခာသုံးပါးကို ကျင့်ရန်အလိုရှိကုန်သော ရဟန်း

တို့၏။ သာဓုကံ၊ ကောင်းစွာ။ သိက္ခနုတ္တာယ စ၊ ကျင့်ခြင်း အကျိုးငှါလည်း။ ကုက္ကုစ္စယိကာဘိက္ခုနံ၊ ဝိနယကုက္ကုစ္စဖြစ်လေ့ ရှိကုန်သော ရဟန်းတို့၏။ ကုက္ကုစ္စဝိဂတတ္တာယ စ၊ ဝိနည်း နှင့် စပ်လျဉ်းသော ကုက္ကုစ္စကင်းပျောက်ခြင်းအကျိုးငှါလည်း။

၂၀။ ဝိနယာဒိသု၊ ဝိနည်းအစရှိကုန်သော။ ဂန္ထေသု၊ ကျမ်းဂန်တို့၌။ အာဂတံ၊ လာသော။ အတိယုတ္တိကံ၊ အလွန် သင့်လျော်ခြင်းရှိသော။ ဝါ၊ အသင့်ယုတ္တိ လွန်စွာရှိသော။ ဒဠ္ဍဝါစိံဝါ၊ခိုင်မာသောအထောက်အထား သာဓကစကားကို သာလျှင်။ နိဿာယ၊ အမှီပြု၍။ အယံ ဝိနိစ္ဆယော၊ ဤအရာ တက်ချိန် အဆုံးအဖြတ်ကို။ ကတော၊ ပြုအပ်ပြီ။

၂၉။ ဝိရောဓကေရတ္တာယ၊ ဆန့်ကျင်မှုကို ပြုခြင်းအကျိုး ငှါ။ န ကတော၊ ပြုအပ်သည်မဟုတ်။ သာရမ္ဘာဒိအတ္တာယ၊ သူတပါးတို့ကို ချုတ်ချယ်ခြင်း ကဲ့ရဲ့ရှုတ်ချခြင်း အစရှိသော အကျိုးငှါ။ ဝါ၊ အုတ်အုတ်ကျက်ကျက်ဖြစ်ခြင်းစသောအကျိုး ငှါ။ န ကတော၊ ပြုအပ်သည်မဟုတ်။ တသ္မာ၊ ထိုကြောင့်။ တောဒိသာ၊ ဤသို့ အာပတ်အပြစ်ကို ကြောက်ခြင်းစသော သဘောရှိကုန်သော။ ဘိက္ခူ၊ ရဟန်းတော်တို့သည်။ တဒတ္ထ- သာဓနတ္တာယ၊ အပြစ်တို့မှ လွတ်မြောက်ခြင်းစသော ထို အကျိုးတို့ကို ပြီးစေခြင်းအကျိုးငှါ။

၃၀။ ဘဒ္ဒံ၊ ကောင်းမြတ်တင့်တယ်သော။ ဣမံ ဝိနိစ္ဆယံ၊ ဤအရာ တက်ချိန် အဆုံးအဖြတ်ကို။ သက္ကစ္စံ၊ ရိုသေစွာ။ ဥပလက္ခန္တု၊ မှတ်သားတော်မူကြပါကုန်လော။ ဝါ၊ မှတ်သား တော်မူကြပါစေကုန်သတည်း။ ဘဒ္ဒံ၊ ကောင်းသော။ ဣမံ ဝိနိစ္ဆယံ၊ ဤအရာတက်ချိန် အဆုံးအဖြတ်ကို။ အာကင်္ခမာန- ဘိက္ခူပိ၊ အလိုရှိကုန်သော ရဟန်းတော်တို့သည်လည်း။

သာဓုကာ၊ ကောင်းစွာ။ ဥပဓာရေရှုံ့၊ ဆောင်ထားတော်မူကြပါကုန်လော။ ဝါ၊ လျှော့ကျက်မှတ်သား ဆောင်ထား တော်မူကြပါစေကုန်သတည်း။

အမေးအဖြေကို ပြသော အပိုင်းပြီး၏။

အရုဏ်တက်ချိန် အဆုံးအဖြတ်

ပြီးပါပြီ။

နိဂုမ်းစသည်ကိုပြခြင်း။

၃၁။ ရမည်းသင်းခရိုင်အန္တရေ၊
နဘူးကျင်းနာမဂါမကေ။
မာတာပိတူဟိ သုဒ္ဓေဟိ၊
သုဇာတေန ပဝတ္တိယံ။

၃၂။ မင်းဘူးခရိုင်အန္တောဂမေ၊
နဂရေ စကုနာမိကေ။
မြောင်းဦးညောင်ကိုင်းတိ နာမာနံ၊
ဒွိန္နံ ဂါမာနမန္တိကေ။

၃၃။ ရန်ကင်းနာမိကအာရာမေ၊
ဝိဝေကာရညအာဝါသေ။
သုဝသန္တေန ဘဒ္ဒန္တ-
တိဿရဝှယထေရေန။

၃၄။ ပိယသီလာနမတ္ထာယံ၊
ကတော အယံ ဝိနိစ္ဆယော။
အစိရေနေဝ ကာလေန၊
အဝေရေနေဝ နိဋ္ဌိတော။

၃၅။ ဇုမိနာ ပုညကမ္မေန၊
ဇုန္တိတံ မောဓိဉာဏာဌ။
သုခပ္ပဋိပဒဓ္မေဝ၊
နိပ္ပါဘိညာဌ ပတ္တေဗ္ဗမိ။

၃၆။ ယထာ တိဋ္ဌတိ သဒ္ဓမ္မော၊
တထာ ဌာတု ဝိနိစ္ဆယော။
ယာဝ တိဋ္ဌတိ သဒ္ဓမ္မော၊
တာဝ ဌာတု ဝိနိစ္ဆယော။

၃၁။ ရမည်းသင်းခရိုင်အန္တရေ၊ ရမည်းသင်းခရိုင်အတွင်း၌။ နဘူးကျောင်းနာမဂါမကေ၊ နဘူးကျောင်းအမည်ရှိသောရွာငယ်၌။ သုဒ္ဓေဟိ၊ ဆွေခုနစ်ဆက် တိုင်အောင်တွက်လည်း ရောယှက်မျိုးခြား မရှိငြားး၍ ခြားနားးကင်းကွာမြမ္မာလူမျိုးသာ ဖြစ်ရကား အမျိုးဇာတ်အားဖြင့် စင်ကြယ်ကုန်သော(ဤစကားဖြင့် ဇာတိကုလပုတ္တဖြစ်သည်ကို ပြသည်) ဝါ၊ အကုသိုလ်မှု တခုခုကို မပြုဘဲသာ လယ်နှင့်ယာကို ထွန်ကာလုပ်ကျွေး အသက်မွေးရကား အကျင့်အားဖြင့်လည်း စင်ကြယ်ကုန်သော(ဤစကားဖြင့် အာစာရကုလပုတ္တဖြစ်သည်ကို ပြသည်) မာတာပိတူဟိ၊ အမေ အဖေတို့မှ။ သုဇာတေန၊ ကောင်းစွာ ဖြစ်ပေါ်လာသော။ ဝါ၊ အတိဇာတသား မြတ်သောအားဖြင့် ဖြစ်ပွါး ပေါ်ပေါက်၍လာသော။ ပဝတ္တိယံ၊ ယခုဖြစ်ရာပဝတ္တိအခါ၌။ ဝါ၊ ယခုနေရာပဝတ္တိအခါ၌။

၃၂။ မင်းဘူးခရိုင်အန္တောဂဓေ၊ မင်းဘူးခရိုင်၌အကျုံးဝင်သော။ ဝါ၊ မင်းဘူးခရိုင်၏ အတွင်း၌ သက်ဝင်သော။ စကုနာမကေ၊ စကုအမည်ရှိသော။ နဂရေ၊ မြို့၌။ဝါ၊မြို့နယ်၌။

မြောင်းဦးညောင်ကိုင်းတိနာမာနံ၊မြောင်းဦးဟူသောအမည် ညောင်ကိုင်းဟူသောအမည် ရှိကုန်သော။ ဒွိန္နံ ဂါမာနံ၊ ရွာနှစ်ရွာတို့၏။ဝါ၊ နှစ်ခုသော ဆွမ်းခံရွာတို့၏။ အန္တရေ၊ အနီး၌။

၃၃။ ရန်ကင်းနာမိကအာရာမေ၊ ရန်ကင်း အမည်ရှိသော အာရာမ်၌။ ဝိဝေကာရည်အာဝါသေ၊ ဆိတ်ငြိမ်သော တောရကျောင်း၌။ သုဝသန္တေန၊ ကောင်းစွာနေသော။ ဘဒ္ဒန္တတိဿရဝှယထေရေန၊ အရှင်တိဿရ အမည်ရှိသော မထေရ်သည်။

၃၄။ ပိယသီလာနံ၊ ချစ်အပ်သောသီလ ရှိကုန်သော ရဟန်းတို့၏။ ဝါ၊ သီလကို ချစ်မြတ်နိုးကုန်သော ရဟန်းတို့၏။ အတ္ထာယ၊ သီလစင်ကြယ်ခြင်းစသော အကျိုးငှါ။ ကတော၊ ပြုအပ်စီရင်အပ်သော။ အယံ ဝိနိစ္ဆယော၊ ဤအရုဏ်တက်ချိန် အဆုံးအဖြတ်သည်။ အစိရေနေဝ၊ မကြာသည်သာလျှင် ဖြစ်သော။ ကာလေန၊ တလခွဲခန့်အချိန်ဖြင့်။ အဝေရေနေဝ၊ ဘေးရန်မရှိသဖြင့်သာလျှင်။ နိဋ္ဌိတော နိဋ္ဌံ ဇာတော ဂတော ပတ္တော၊ ပြီးစီးအောင်မြင်ခြင်းသို့ ရောက်ပြီ။

၃၅။ ဇာမိနာ ပုညကမ္မေန၊အရုဏ်တက်ချိန် အဆုံးအဖြတ် ကို ရှာဖွေစုပေါင်း၍ ပြုစုရသော ဤကောင်းမှုကြောင့်။ဇုစ္ဆိတံ၊ အလိုရှိအပ်သော။ မောမိညာဏဉ္စ၊ အခြီအရံနှင့် တကွသော အရဟတ္တမဂ်ဉာဏ်ကိုရင်း။ သုခပ္ပဋိပဒဉ္စေဝ၊ လွယ်ကူသော အကျင့်ကိုရင်း။ ခိပ္ပါဘိညဉ္စ၊ လျင်မြန်စွာ သိခြင်းကိုရင်း။ ပဿေမိ၊ တောင့်တရည်ရော် မြော်လင့်ပါ၏။

၃၆။ သဒ္ဓမ္မော၊ မြတ်စွာဘုရား၏ အဆုံးအမတော် ဖြစ်သော ပိဋကတ်သုံးသွယ် နိကာယ်ငါးရပ်တည်းဟူသော

ပရိယတ် စသော သူတော်ကောင်း တရားတော်သည်။ တိဋ္ဌတိ ယထာ၊ ကြာမြင့်စွာတည်သကဲ့သို့။ တထာ၊ ထိုနည်း အတူ။ ဝိနိစ္ဆယော၊ အရှက်တက်ချိန် အဆုံးအဖြတ်သည်။ ဌာတု၊ ကြာမြင့်ရှည်စွာ တည်ပါစေသတည်း။ ယာဝ၊အကြင် မျှလောက် ကာလပတ်လုံး။ သဒ္ဓမ္မော၊ ပရိယတ် ပဋိပတ် ပဋိဝေဓဟူသော သူတော်ကောင်းတရားတော်သည်။ ဝါ၊ သင်ယူခြင်း, ကျင့်ခြင်း, သိခြင်းဟူသော သူတော်ကောင်း တရားတော်သည်။ တိဋ္ဌတိ၊တည်တံ့၏။ တာဝ၊ထိုမျှလောက် သူတော်ကောင်းတရား တည်ရှိနေသမျှ ကာလပတ်လုံး။ ဝိနိစ္ဆယော၊ အရှက်တက်ချိန် အဆုံးအဖြတ်သည်။ ဌာတု၊ တည်တံ့နေပါစေသတည်း။

ပြီးစီးသောနှစ်စသည်

၃၇။ ဗုဒ္ဓဿ ပရိနိဗ္ဗာနာ၊
ပဉ္စာယ ဂဏန် ကတေ။
ဒွိသဟဿေ ပဉ္စသတေ၊
ဝဿေပိ စ နဝါဓိကေ။

၃၈။ သက္ကရာဇေ မနုဿာနံ၊
ကောဇာသဒွိတဝဿေန။
သဟဿေ တိသတေ စာပိ၊
သတ္တဝီသတိမေ ဝဿေ။

၃၉။ မာဃနာမိကမာသေ စ၊
သုက္ကပက္ခဿ ပဉ္စမေ။
အယံ ဝိနိစ္ဆယော ဘဒ္ဒေါ၊
သဗ္ဗာကာရေန နိဋ္ဌိတော။

၃၇။ ဗုဒ္ဓသာ၊ မြတ်စွာဘုရား၏။ ပရိနိဗ္ဗာနာ၊ ပရိနိဗ္ဗာန် ဝင်စံတော်မူသည်မှ။ ပဉ္စသဟဿ၊ ငါးထောင်ဟု ဂဏန်းရေတွက်ခြင်းကို။ ကထေ၊ ပြုအပ်သော။ ဒွိသဟဿေ၊ နှစ်ထောင်ဖြစ်သော။ ပဉ္စသတေ၊ ငါးရာဖြစ်သော။ နဝမိကေ၊ ကိုးခုလွန်သော။ ဝဿေပိ စ၊ နှစ်၌ငှင်း။....(၂၅၀၉-ခုနှစ်)

၃၈။ မနုဿာနံ၊ လူတို့၏။ သက္ကေတေန၊ အမှတ်သင်္ကေတဖြစ်သော။ ကောဇာသင်္ချိတဝဿေန၊ ကောဇာသက္ကရာဇ်ဟု ဆိုအပ်သော နှစ်အားဖြင့်။ သဟဿေ၊ တထောင်ဖြစ်သော။ တိသတေ စာပိ၊ သုံးရာလည်းဖြစ်သော။ သတ္တဝီသတိမေ၊ နှစ်ဆယ့်ခုနစ်ခုမြောက် ဖြစ်သော။ ဝဿေပိ စ၊ နှစ်၌ငှင်း။ (၁၃၂၇-ခုနှစ်)

၃၉။ မာဃနာမိကမာသေ စ၊ မာဃအမည်ရှိသော တပို့တွဲလ၌ငှင်း။ သုက္ကပက္ခသာ၊ လဆန်းပက္ခ၏။ ပဉ္စမေ စ၊ ငါးရက်မြောက်နေ့၌ငှင်း။ ဘဒ္ဒေါ၊ ချွတ်ယွင်းခြင်း မရှိသော အားဖြင့် ကောင်းမြတ်သော။ အယံ ဝိနိစ္ဆယော၊ ဤအရုဏ် တက်ချိန် အဆုံးအဖြတ်သည်။ သမ္မာကာရေန၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့်။ နိဋ္ဌိတော နိဋ္ဌံ ဣတော ဂတော ပတ္တော၊ ရပ်တံ့ခြင်းသို့ ရောက်ပြီ။ ဝါ၊ ပြီးစီးအောင်မြင် ခြင်းသို့ ရောက်ပြီ။ ။(တပို့တွဲလဆန်း ၅-ရက်၊ ဗုဒ္ဓဟူးနေ့ ပြီးပြီ။)

ဤသို့ ဤပုံ ပဏာမစသည်ကိုပြခြင်း, ငါးပါးသောအပိုင်းကြီး,
နိဂုမ်းစသည့်ကိုပြခြင်း, ဤအပိုင်းအခြား (၇) ခုတို့ဖြင့်
ပြအပ်သော အရုဏ်တက်ချိန် အဆုံးအဖြတ်သည်

အပြည့်အစုံ

ပြီး ပါ ပြီ။

ဤ "အရှက်တက်ချိန် အဆုံးအဖြတ်"၏ မှီရာကျမ်းများ

၁။	ခုဒ္ဒကနိကာယ်	ဝိနည်းပိဋကတ်	ပါစိတ်ပါဠိတော်
၂။	။	။	မဟာဝဂ္ဂပါဠိတော်
၃။	။	။	စူဠဝဂ္ဂပါဠိတော်
၄။	။	။	ပါရာဇိကဏ်အဋ္ဌကထာ
၅။	။	။	မဟာဝဂ္ဂအဋ္ဌကထာ
၆။	။	။	စူဠဝဂ္ဂအဋ္ဌကထာ
၇။	။	။	ဝိနယသင်္ဂဟအဋ္ဌကထာ
၈။	။	။	ကင်္ခါဝိတရဏီ အဋ္ဌကထာ
၉။	။	။	သာရတ္ထဒီပနီဋီကာ တေရသကဏ်(ဒု)
၁၀။	။	။	ဝိမတိဝိနောဒနီဋီကာ (ပ-ဒု)
၁၁။	။	။	ဝိနယာလင်္ကာရဋီကာ(ပ)
၁၂။	။	သုတ္တန်ပိဋကတ်	ဥဒါနပါဠိတော်
၁၃။	။	။	ဥဒါနအဋ္ဌကထာ
၁၄။	။	။	ဇာတကအဋ္ဌကထာ
၁၅။	။	။	ဓမ္မပဒပါဠိတော်
၁၆။	။	။	မိလိန္ဒပဉှာပါဠိတော်
၁၇။	ဒီဃနိကာယ်	။	မဟာဝဂ္ဂအဋ္ဌကထာ
၁၈။	သံယုတ္တနိကာယ်	။	မဟာဝဂ္ဂသံယုတ်ပါဠိတော်

၁၉။ ခုဒ္ဒကနိကာယ် **အဘိဓမ္မ**
ပိဋကတ် အဋ္ဌသာလိနီ အဋ္ဌကထာ

၂၀။ ။ ။ မူလဋီကာ

၂၁။ နိကာယ်အမျိုးမျိုး ပိဋကတ်
အမျိုးမျိုး အဘိဓာနပ္ပဒီပိကာကျမ်း

၂၂။ ။ ။ အဘိဓာနပ္ပဒီပိကာ
ဋီကာကျမ်း

၁၂-လတို့၌ အကြမ်းစားညွှန်ပြသော
အရုဏ်တက်ချိန် နာရီမိနစ်

လအမည်	အရုဏ်တက်ချိန်		နေထွက်ချိန်	
	နာရီ	မိနစ်	နာရီ	မိနစ်
၁။တန်ခူး	၅	၃၆	၆	၀
၂။ကဆုန်	၅	၂၆	၅	၅၀
၃။နယုန်	၅	၁၆	၅	၄၀
၄။ဝါဆို	၅	၆	၅	၃၀
၅။ဝါခေါင်	၅	၁၆	၅	၄၀
၆။တော်သလင်း	၅	၂၆	၅	၅၀
၇။သီတင်းကျွတ်	၅	၃၆	၆	၀
၈။တန်ဆောင်မုန်း	၅	၄၆	၆	၁၀
၉။နတ်တော်	၅	၅၆	၆	၂၀
၁၀။ပြာသို	၆	၆	၆	၃၀
၁၁။တပို့တွဲ	၅	၅၆	၆	၂၀
၁၂။တပေါင်း	၅	၄၆	၆	၁၀

အယံ ကာလော န ကေန္တော၊ နေကာသမော ဟိ သဗ္ဗသ္မ။
တသ္မာ စက္ခုဟိ ပဿိတွာ၊ သစ္စကာလံ ဝိဇာနာထ။

အယံ ကာလော၊အကြမ်းစားညွှန်ပြသော ဤအရုဏ်တက်ချိန်သည်။ ကေန္တော၊စေကန်တထစ်ချ တခုတည်း ဖြစ်နိုင်သော အချိန်သည်။ န၊ မဟုတ်။ ဟိ၊ ထိုစကား မှန်၏။ သဗ္ဗသ္မ၊ အလုံးစုံသောအရပ်တိုင်း၌။ ဝါ၊ အလုံးစုံသော နှစ်စဉ် နှစ်တိုင်း

လတိုင်း၌။ ကေသမော၊ အရှက်တက်ချိန်ချင်း တထပ်တည်း တခုတည်း တူညီသည်။ နှ၊ မဟုတ်။ တသွာ၊ ထို့ကြောင့်။ စက္ခုပတိ၊ မံသ, ပညာ နှစ်ဖြာသော မျက်စိတို့ဖြင့်။ ပဿိတွာ၊ အရွှေအရပ်၌ ကြည့်ရှု, ဆင်ခြင်၍ (မံသပသာဒ မျက်စိဖြင့် ကြည့်ရှု၍, ပညာမျက်စိဖြင့် ဆင်ခြင်ရမည်ကို ဆိုလို၏)။ သစ္စကာလံ၊ မှန်ကန်သော အရှက်တက်ချိန်ကို။ (တုမှေ၊ အရှက်တက်ချိန်၌ စိတ်ဝင်စားကြကုန်သော သင်တို့သည်။) ဝိဇာနာထ၊ သိတော်မူကြပါကုန်လော။

အရှက်တက် လင်္ကာ

ခူးပန်ဆက်သွား၊ ဆိုပန်ကြားသူ
ယုန်များအသွင်၊ ဆိုမောင်းနှင်သည်
ခေါင်မြင်အိမ်သွား၊ လင်းမိန့်ကြားသော်
ကျွတ်မြားဆိပ်သွင်၊ မုန်းမျက်ဝင်သို့
တော်မြင်မှားသန်၊ သိုသက်နှံ့သား
တွဲဖန်များသူ၊ ပေါင်းဖော်လူသုံး
လေးလုံးစီထား၊ ဤပုဒ်များတွင်
ပ-ကားလမည်၊ ဒု-နာရီပြ
တ-စ-မိနစ်၊ နှ-မြင်လစ်မူ
သုညယူ၍၊ ကွင်းမူနံသင့်
ဂဏန်းချင့်ကာ၊ ယူသင့်ကုန်ကြ
ဘယ် နှစ်-လ-၌၊ မှတ်ရလွယ်ပြီ
ကျမ်းနှင့်ညီသည်၊ ရောင်နီအရှက် တက်ချိန်တည်း။

ကျေးဇူးတင်လွှာ

ဤကျမ်းစာအုပ် တတိယအကြိမ် ပုံနှိပ်ထုတ်ဝေရန် ခွင့်ပြုသော ကျေးဇူးရှင် နဘူးကျောင်း ရန်ကင်းတောရ ထန်းတပင်တောရ ဆရာတော် အရှင်တိဿရ (သာသနဓဇ သိရိပဝရ ဓမ္မာစရိယ၊ ဂဏဝါစက၊ ဝိနယဂရုက၊ ဓုတင်္ဂဓရ ဂန္ထကာရက)အား လည်းကောင်း၊

ပဏ္ဍာမနိဒါန်းစာ ရေးသားပေးသော ရမည်းသင်းမြို့နယ်၊ နဘူးကျောင်းရွာ၊ ရန်ကင်းတောရ ဆရာတော် အရှင်ဇာဂရိယ (ဓမ္မာစရိယ၊ ဂဏဝါစက၊ အရည၀ါသီ) အား လည်းကောင်း၊ ကောင်းတတ်ရာများကို လမ်းညွှန်တော်မူသော လယ်ဝေးမြို့နယ် ဆုတောင်းပြည့်တောရမှ အရှင်ကေဝလနှင့် ရွှေစေတီတောရမှ အရှင်ဣဿရိယအား လည်းကောင်း၊

စာရင်းစစ်ချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်မြင့်အေး၊ သာသနာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအုံ့မောင် (မောင်အုံ့၊ မဟာဝိဇ္ဇာ၊ ဘုံဘေ)၊ ညွှန်ကြားရေးမှူး ဦးညွန့်မောင်၊ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်မြကြည်၊ ကြီးကြပ်ရေးမှူး ဦးလှမြတ်ထွန်းနှင့် သာသနာရေးဦးစီးဌာနမှ ဝန်ထန်းများအား လည်းကောင်း အထူးကျေးဇူးဥပကာရ တင်ရှိပါကြောင်း တတိယအကြိမ် အလှူရှင် မိသားစုမှ ကမ္ပည်းရေးထိုးအပ်ပါသည်။

ဤကျမ်းကို တတိယအကြိမ် ထုတ်ဝေရာတွင် ချို့ယွင်းအားနည်းချက်များကို တတ်စွမ်းသမျှနည်းပါးအောင် ပြင်ဆင်ထားသကဲ့သို့ ပြည့်စုံကောင်းမွန်အောင်လည်း ဖြည့်စွက်ဆောင်ရွက်

ထားပါသည်။ အကယ်၍ မှားယွင်းမှု၊ အားနည်းချက် တစ်စုံတစ်ရာ ရှိခဲ့ပါလျှင် စီစဉ်ဆောင်ရွက်သူ၏ လိုအပ်ချက်ကြောင့် ဖြစ်ပါသော ကြောင့် မေတ္တာဖြင့် ခွင့်လွှတ်ပါရန် တောင်းပန်အပ်ပါသည်။

ထေရဝါဒ ဗုဒ္ဓသာသနာထွန်းကားရေးအတွက် ခိုင်မာသော စိတ်ဓာတ်ဖြင့် ကြိုးပမ်းအားထုတ်လျက်

တတိယအကြိမ်မိသားစု

၁၉၉၉-ခုနှစ် စက်ထင်ဘာလ(၃)ရက်

အရှက်တက်ချိန် အဆုံးအဖြတ်ကျမ်း အလှူရှင်စာရင်း

စဉ်	အမည်နှင့်နေရပ်	အလှူငွေ
၁။	ဦးတင်အောင် + ဒေါ်ကြင်ရွှေ သား ဂုဏ်ရည်အောင်၊ မူဝံအောင် သမီး မြတ်ဆုရည်၊ ပုညခင် တောင်ငူမြို့၊ ပြည်သူ့ဆောက်လုပ်ရေး၊ ပျဉ်းမနားမြို့။	၁၅၀၀၀
၂။	ဦးခင်အောင် +ဒေါ်စန်းစန်းအေးမိသားစု အိရတနာရွှေဆိုင်၊ ပျဉ်းမနား။	၁၅၀၀၀
၃။	ဦးဇော်ဝင်း +ဒေါ်သန်းသန်းမြင့် သား မောင်ဟိန်းအောင်ဇော်၊ သမီး နှင်းယုဝေ၊ အိဖြိုးဖြိုးအောင်၊ သား မောင်နေဇော်ထွန်း၊ နှင်းရာဇာသံထည်ပစ္စည်းဆိုင်၊ ရှမ်းကန်မြောက် ပျဉ်းမနားမြို့။	၁၅၀၀၀
၄။	ဦးစံဝင်း +ဒေါ်ခင်သင်းဝေ၊ သမီး အေးသန္တာသင်း၊ လဲ့ရတနာဝင်း ရွှေရတနာရောင်းဝယ်ရေး၊ ပျဉ်းမနားမြို့။	၁၅၀၀၀
၅။	ဦးအောင်ခ +ဒေါ်ခင်ကြိုင် သား ကိုစိုးသန်း၊ မမြမြဝင်း ဒေါင်းမင်းဆီစက်၊ တပ်ကုန်းမြို့။	၁၅၀၀၀
၆။	ဦးသာရ +ဒေါ်စန်းရီ (ရွှေရတနာဆိုင်) [illegible] မိသားစု၊ ပျဉ်းမနားမြို့။	၁၅၀၀၀

၇။	ဦးသော်တာ +ဒေါ်ဌေးဌေးရီ သမီးနန္ဒာတိုး သား ကောင်းထက်သော်တာ၊ ငြိမ်းထက်သော်တာ၊ ဦးဘွားလမ်း၊ ရွှေချိုရပ်၊ ပျဉ်းမနားမြို့။	၁၅၀၀၀
၈။	ဦးတင်ထွန်း +ဒေါ်ကြည်ကြည် စာတိုက်ဟောင်းလမ်း၊ (၅)ရပ်ကွက် ဘိုကလေးမြို့။	၁၅၀၀၀
၉။	ဦးချိုဝင်း +ဒေါ်ကြေးမုံ ရန်နိုင်စားသောက်ဆိုင်၊ ဘီအိုစီရပ် ပျဉ်းမနားမြို့။	၁၁၀၀၀
၁၀။	ဒေါက်တာမောင်မောင်(အေးဆေးခန်း)+ ဒေါ်အေးအေးမြင့် (လှဝင်းစတိုး) ဗိုလ်ချုပ်လမ်း၊ ပျဉ်းမနားမြို့။	၁၁၀၀၀
၁၁။	ဦးဝင်းလွင် +ဒေါ်မြင့်စိန် ပီကင်းစားသောက်ဆိုင်၊ ပျဉ်းမနာမြို့။	၁၁၀၀၀
၁၂။	ဦးမြင့်ဦး +ဒေါ်မူမူအောင် အောင်ရတနာလျှာထိုးစက် ဗိုလ်ချုပ်လမ်း၊ ပျဉ်းမနားမြို့။	၁၁၀၀၀
၁၃။	ဦးသန်းမောင် +ဒေါ်တင်ရွှေ သား ကိုခင်ဇော်၊ မဝင်းရီ မြေး မောင်စိုးနိုင်ထွန်း မြန်မာ့ရတနာ ရွှေကုန်သည် ၄-ရပ်ကွက်၊ လယ်ဝေးမြို့။	၁၀၀၀၀

၁၄။ ဦးဗိုလ်ကေ +ဒေါ်စောမြိုင် သမီး ထွေး
ဦးမြသောင်း+ဒေါ်အေးမင်း မိသားစုရွှေဆိုင်
လယ်ဝေးမြို့။ ၁၀၀၀၀

၁၅။ ဦးညီညီ+ ဒေါ်အမာကြည် မိသားစု ဆင်ဖြူ-
တော်ဆေးလိပ်ခုံ၊ အမှတ် (၂) ရပ်ကွက်၊
လယ်ဝေးမြို့။ ၁၀၀၀၀

၁၆။ ဦးဇော်မင်း+ ဒေါ်ညိုညို သမီး မပြည့်ပြည့်ဖြိုး
မိသားစု သမ္မတကဖီး၊ လယ်ဝေးမြို့။ ၁၀၀၀၀

၁၇။ ဦးခင်မောင်ချစ်+ဒေါ်လှလှဗိုလ်၊ ဗိုလ်ရွှေဆိုင်
ဈေးကြီး၊ ပျဉ်းမနားမြို့။ ၁၀၀၀၀

၁၈။ ဦးဝင်းလွင်+ ဒေါ်နော်ထူး၊ သား ဖိုးခွား၊ သမီး
ထူးနော်ဟဲ မိသားစု၊ လမ်းပျဉ်းမနားရွာ၊
ပျဉ်းမနားမြို့။ ၁၀၀၀၀

၁၉။ ဦးဝင်းကျော်+ ဒေါ်မြင့်မြင့်ထွေး၊
ပြန်ကပြေးရွာ၊ ပျဉ်းမနားမြို့။ ၁၀၀၀၀

၂၀။ ဦးတင်ရွှေ+ဒေါ်မြင့်မြင့်ကြည်၊
လမ်းပျဉ်းမနားရွာ၊ ပျဉ်းမနားမြို့။ ၁၀၀၀၀

၂၁။ ဦးကျော်ဦး+ ဒေါ်ခင်မေဝင်း၊ ကေးလမ်း၊
ကျော်ညီနောင်ရပ်၊ ပျဉ်းမနားမြို့။ ၇၅၀၀

၂၂။ ဦးကျော်လွင်+ ဒေါ်တင်လှိုင်၊ သား-
ဦးမျိုးမြင့်အောင်၊သမီး- ဒေါ်မျိုးမြင့်စိန်၊
ဒေါ်မျိုးမြင့်ရီ၊ ဒေါက်တာ စိုးစိုး၊ မသိမ့်သိမ့်ငုံ၊
မင်္ဂလာရပ်၊ ပျဉ်းမနားမြို့။ ၇၅၀၀

၂၃။ ဦးကျော်ညွန့် + ဒေါ်ထွန်းကြည် (စန်းသီရိ-
ဆေးခန်း) ရွှေချိုရပ်၊ ပျဉ်းမနားမြို့။ ၅၀၀၀
၂၄။ ဦးလှမောင်+ ဒေါ်ပု၊ သား ကိုထွန်းထွန်းဦး (ခ)
ကိုဖိုးဝ၊ ထွန်းရတနာရွှေဆိုင် (၄) ရပ်ကွက်၊
လယ်ဝေးမြို့။ ၅၀၀၀
၂၅။ ဦးနုဆွေ+ဒေါ်စိုးစိုးမွန် သား-မောင်ဉာဏ်လင်းဦး
လျှပ်စစ်ပစ္စည်းဆိုင်၊ (၄) ရပ်ကွက်၊
လယ်ဝေးမြို့။ ၅၀၀၀
၂၆။ ဦးအောင်ကိုကို+ ဒေါ်အေးအေးမြိုင်၊ မြို့နယ်-
စခန်းမှူး၊ လယ်ဝေးမြို့။ ၅၀၀၀
၂၇။ ဦးကျော်ဝင်း+ဒေါ်ခင်ဆွေတင့်(သစ်ထုတ်လုပ်ရေး)
ရန်အောင် (၂)၊ ပျဉ်းမနားမြို့။ ၅၀၀၀
၂၈။ ဦးမြမောင် (သစ်ထုတ်လုပ်ရေး) ၅၀၀၀
၂၉။ ဦးပေါ်စံ၊ အမှတ် (၄) ရပ်ကွက်၊ လယ်ဝေးမြို့။ ၃၅၀၀
၃၀။ ဦးလှအောင်+ဒေါ်ခင်သိန်း၊ မင်္ဂလာရပ်၊
ပျဉ်းမနားမြို့။ ၃၀၀၀
၃၁။ ဦးအုန်းဆောင် သမီး-ကိုမောင်မောင်+ မအမာညို၊
သား-မောင်ဝင်းအောင်၊ ကျွန်းတက်ပွဲရွာ၊
လယ်ဝေးမြို့။ ၂၅၀၀
၃၂။ ဦးနီကယ်+ဒေါ်သန်းသန်းဌေး (၅) ရပ်ကွက်၊
လယ်ဝေးမြို့။ ၂၀၀၀
၃၃။ ဦးစန်းလွင်+ ဒေါ်စန်းစန်း၊ (၆) ရပ်ကွက်၊
လယ်ဝေးမြို့။ ၂၀၀၀

၃၄။ ဦးညွန့်လွင်+ ဒေါ်နီနီစံ၊ သား- ဇေယျာလွင်၊
ဝေမာလွင်၊ (၆) ရပ်ကွက်၊ လယ်ဝေးမြို့။ ၂၀၀၀

၃၅။ ဒေါက်တာဦးတင်မောင်အေး+ ဒေါ်သက်သက်မော်
အာယုဆေးခန်း၊ လယ်ဝေးမြို့။ ၁၅၀၀

၃၆။ ဒေါ်တင်ဝင်း အထက(၁) ပျဉ်းမနားမြို့။ ၁၀၀၀

၃၇။ ဦးသက်ဇော်မင်း သစ်တောဦးစီး၊ ဒေါ်လှဲ့လှဲ့ဝင်း
အထက (၁) ပျဉ်းမနားမြို့။ ၁၀၀၀

၃၈။ ဒေါ်မျိုးမြင့်ရီ ခေတ္တ-ရန်ကုန်။ ၅၀၀

၃၉။ ဦးတင်အေး+ဒေါ်နွဲ့နွဲ့အေး၊ ဝင်းမိုးစက်ပစ္စည်း
ရောင်းဝယ်ရေး၊ ပျဉ်းမနားမြို့။ ၅၀၀

၄၀။ ဦးဇော်သင်း (ဖွံ့ဖြိုးဘဏ်) လယ်ဝေးမြို့။ ၅၀၀

၄၁။ ဦးဝင်းမောင်+ ဒေါ်စိန်မြိုင်၊ ပျဉ်းမနားမြို့။ ၃၀၀

၄၂။ ဦးမြင့်စိုး + ဒေါ်တိုးတိုး၊ သားမောင်မျိုးဆွေ
ထန်းတပင်ရွာ၊ လယ်ဝေးမြို့။ ၁၀၀၀၀

၄၃။ ဦးသန်းမြင့် + ဒေါ်အဝေလွင်၊
အဝေရာရောင်းဝယ်ရေး ပျဉ်းမနားမြို့။ ၅၀၀၀

၄၄။ မိခင်ကြီး ဒေါ်ခင်လှနှင့် သားဗိုလ်ကြီးလင်းဦး
လက်ထောက်ညွှန်ကြားရေးမှူး၊ စည်ပင်သာယာရေးအဖွဲ့
ပျဉ်းမနားမြို့။ ၅၀၀၀

၄၅။ ဦးမျိုးတင့်ဆွေ(လ/ထ အင်ဂျင်နီယာ)
ဒေါ်ဖြူမ၊ သမီး မိုးမြစံ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊
သာစည်မြို့။ ၃၀၀၀

၄၆။ ဦးကြက်တော+ ဒေါ်တင်ရွှေ
ညောင်ကုန်းကျေးရွာ၊ ၃၀၀၀

၄၇။ ဦးဘိုဖြူ + ဒေါ်ရွှေတင်၊ ပျဉ်းမနား။ ၁၀၀၀

၄၈။ ဦးမြင့်ဦး+ ဒေါ်ခင်စန်းမြင့်၊ မူလတန်းကျောင်းအုပ်၊
အမှတ် (၁) အမက၊ လယ်ဝေးမြို့။ ၅၀၀

၄၉- ကြာပင်ရွာအလှူရှင်(၆၆)ဦး ---- ၅၁၅၆ ကျပ်

၅၀- ကလေးမုန့်တိုက်၊ တပ်ကုန်း ၃၀၀၀ ကျပ်

၅၁- ဦးအောင်မြင့် + ဒေါ်အေးမြိုင် ၂၀၀၀ ကျပ်

၃၄၆၈၅၆ ကျပ်

ပ.မ.ဆ.စ-၄၅/၃၀.၁၀.၉၉ (၁၀၀၀)လစ်သိုး(ပြင်ပ)